မြန်မာသင်တန်းသားများအတွက်

ကိုယ်တိုင်လေ့လာမှု အထောက်အကူပြု

한국어 1

ကိုရီးယားဘာသာစကား (၁)

고용노동부
အလုပ်သမားဝန်ကြီးဌာန

한국산업인력공단
ကိုရီးယားနိုင်ငံ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန

교재 길잡이 ဖတ်စာအုပ် လမ်းညွှန်

이 교재는 고용허가제 한국어능력시험을 대비하는 데 도움을 주기 위해 집필된 『한국어 표준교재 개정판』을 집에서 스스로 공부할 수 있도록 개발한 책입니다. 특히 미얀마 사람들이 한국어를 쉽고 재미있게 배울 수 있도록 현지의 언어 및 사회 · 문화적 환경에 맞추어 개발한 자가학습 교재입니다. 이러한 이유로 교재의 앞부분에는 한국어와 미얀마어의 차이점을 간략히 정리하여 제시하였습니다.

ဤ ဖတ်စာအုပ်သည် EPS-TOPIK စာမေးပွဲအတွက် ပြင်ဆင်ရာတွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ရေးသားထုတ်ဝေထားသော “ကိုရီးယားဘာသာစကား အခြေခံဖတ်စာအုပ်(ပြင်ဆင်ချက်)” ကို အခြေခံတွင် အခြေခံတိုင်းကိုယ်ကျ လေ့လာနိုင်စေရန် ဖြည့်စွက်ရေးသားထားသည့် စာအုပ်ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာလူမျိုးများ ကိုရီးယားဘာသာစကားကို အလွယ်တကူ စိတ်ဝင်စားဖွယ် သင်ယူနိုင်စေရန် မြန်မာဘာသာစကားနှင့် မြန်မာ့လူမှုပတ်ဝန်းကျင်၊ ယဉ်ကျေးမှုတို့နှင့် ကိုက်ညီအောင် ပြင်ဆင်ထားသည့် ကိုယ်တိုင်လေ့လာမှု အထောက်အကူပြု ဖတ်စာအုပ်ဖြစ်သည့်အလျောက် သင်ခန်းစာ၏ အရှေ့ပိုင်းတွင် ကိုရီးယားနှင့် မြန်မာဘာသာစကား၏ ခြားနားချက်များကို အကျဉ်းအားဖြင့် မိတ်ဆက်တင်ပြထားပါသည်။

이 교재는 현지에 한국어 교육기관과 한국어 교사가 충분하지 않다는 점을 감안하여 참고서의 역할을 하는 친절한 교재가 되도록 애를 썼습니다. 또한 한국어를 연습할 기회가 많지 않은 현지 환경을 고려하여 익힘책의 기능을 하도록 하였으며, 나아가 EPS-TOPIK을 준비할 수 있도록 구성하였습니다. 이렇게 구성된 교재는 가상의 교사를 설정하여 학습 안내를 하도록 하였습니다. 특히 ‘한글 익히기’ 단원과 과마다 수록되어 있는 문법 항목에 대한 설명은 미얀마어로 녹음을 하여 제시함으로써 이해를 돕고자 하였습니다. 부록에는 어휘 목록 및 동사와 형용사의 활용표를 제시하여 편리함을 더하고자 하였습니다.

ဤ ဖတ်စာအုပ်သည် မြန်မာနိုင်ငံတွင် ကိုရီးယား ဘာသာစကားသင်တန်းများနှင့် ကိုရီးယား ဆရာ/ဆရာမများ မလောက်ငှသည့် အခြေအနေများတွင် ကိုးကားစာအုပ်တစ်အုပ်အနေဖြင့် အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ရှင်းလင်းချက်များကို တတ်နိုင်သမျှ ပြည့်စုံအောင် ကြိုးပမ်းထားပါသည်။ ထို့အပြင် ကိုရီးယားဘာသာစကားကို လေ့ကျင့်ရန် အခွင့်မသာလှသော အခြေအနေများကို ထည့်သွင်းစဉ်းစား၍ လေ့ကျင့်ခန်းစာအုပ်တစ်ဖြစ်မှ တစ်ဆင့်တက်၍ EPS-TOPIK စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်နိုင်စေရန်လည်း ရည်ရွယ်ဖွဲ့စည်းထားပါသည်။ ဤ ဖတ်စာအုပ်တွင် ဆရာမမှ ဘေးတွင် ရှိနေသကဲ့သို့ ရေးသားထားပြီး အထူးသဖြင့် ‘အခြေခံစကားလုံးမိတ်ဆက်ခြင်း’အပိုင်းနှင့် ကျန်သင်ခန်းစာများရှိ သဒ္ဒါများတွင် ရှင်းလင်းချက်များကို မြန်မာဘာသာစကားဖြင့် အသံသွင်း၍ ပိုမိုနားလည်လွယ်ကူစေရန် ပြင်ဆင်ထားပါသည်။ နောက်ဆက်တွဲ ကဏ္ဍတွင်လည်း စကားလုံးများ၏ အဓိပ္ပါယ်များနှင့် ကြိယာများ၏ အသုံးပြုပုံများကို တင်ပြ၍ လွယ်ကူစွာ လေ့လာနိုင်စေရန် ကြိုးပမ်းထားပါသည်။



01 대화 စကားပြောစာပိုဒ်များ

본문의 내용을 쉽게 이해할 수 있도록 대화 앞에 대화의 상황을 설명하는 글을 제시하였습니다. 본문은 미얀마어로 번역하여 제시하였습니다. 학습자들이 본문을 이해하는 데 도움을 주기 위해 본문에 사용된 어휘 및 표현 중 설명이 필요하다고 생각되는 것을 골라 예문과 함께 미얀마어로 제시하였습니다. 본문 학습 후에는 스스로 본문에 대한 이해 정도를 측정할 수 있도록 내용 확인 문제를 제시하였습니다.

အပြန်အလှန် စကားပြောသည့် စာပိုဒ်များတွင် အကြောင်းအရာကို အလွယ်တကူ နားလည်နိုင်စေရန်အတွက် နောက်ခံအခြေအနေ ရှင်းလင်းချက်ကို ထည့်သွင်းထားပြီး စကားပြောဝါကျများကိုလည်း မြန်မာဘာသာဖြင့် ဘာသာပြန်ဆို၍ ကျောင်းသားများ စာပိုဒ်ကို အလွယ်တကူ နားလည်စေရန် စကားပြောတွင် ပါဝင်သော စကားလုံးများအနက် အချို့ကို ဥပမာနှင့်တကွ ရှင်းပြထားပြီး အကြောင်းအရာများကို သင်ယူပြီးသည့်အခါ မိမိကိုယ်ကို ပြန်လည်ဆန်းစစ်နိုင်စေရန်အတွက် လေ့ကျင့်ခန်း မေးခွန်းများကိုလည်း ထည့်သွင်းထားပါသည်။

02 어휘 ဝေါဟာရများ

교재에 제시된 어휘를 학습을 염두에 두고 어휘의 특성(유사한 의미군, 유의어, 반의어 등)을 고려하여 재배열한 후에 미얀마어와 함께 제시였습니다. 교재에 수록된 어휘 연습 문제 외에도 여백이 허락할 경우 추가로 문제를 실었습니다.

သင်ခန်းစာတွင် ပါဝင်သော စကားလုံးများကို အလွယ်တကူ သင်ယူနိုင်စေရန်အတွက် စကားလုံး၏
ထူးခြားချက်(အဓိပ္ပါယ် ဆက်စပ်မှု၊ ဆင်တူမှု၊ ခြားနားမှု စသည်)များကို
ထည့်သွင်းစဉ်းစား၍ စာလုံးစဉ် ပြန်စီကာ မြန်မာဘာသာဖြင့် ဖော်ပြထားပြီး
စာမျက်နှာအပိုများတွင် သင်ခန်းစာတွင် မပါရှိသေးသော စကားလုံးအချို့အတွက်
လေ့ကျင့်ခန်းများကိုလည်း ထည့်သွင်းထားပါသည်။



03 문법 သဒ္ဒါများ

문법은 표로 정리하여 제시함으로써 이해를 돕고자 하였습니다. 자가 학습의 능률을 높일 수 있도록 한국어와 미얀마어의 대조적 정보를 제공하였습니다. 목표 문법 항목을 예문과 함께 제시한 후 기 학습한 유사 문법 항목과 비교함으로써 두 문법 항목 간의 차이점을 이해하기 쉽도록 하였습니다. 또한 본 교재에는 같은 지면에 제시되어 있는 어휘와 문법 연습 문제를 해당 항목 후 바로 연습할 수 있도록 배치하였고 연습 문제를 추가로 구성하여 학습 내용을 내재화 할 수 있도록 하였습니다.

သဒ္ဒါများကို နားလည်ရ လွယ်ကူစေရန် သီးခြား ဖော်ပြထားပြီး ကိုယ်တိုင်လေ့လာသင်ယူရာတွင် အထောက်အကူဖြစ်စေရန် ကိုရီးယားနှင့် မြန်မာဘာသာစကား နှိုင်းယှဉ်ချက်များကိုလည်း ထည့်သွင်းထားပါသည်။ လေ့ကျင့်ရမည့် သဒ္ဒါများကို ဥပမာနှင့်တကွ ဖော်ပြထားပြီး ဆင်တူသဒ္ဒါများနှင့်လည်း နှိုင်းယှဉ်ပြသ၍ သဒ္ဒါနှစ်ခုအကြား ခြားနားချက်ကို သိသာမြင်သာအောင် ဖော်ပြထားပါသည်။ ထို့အပြင် ဤ ဖတ်စာအုပ်တွင် ဝေါဟာရနှင့် သဒ္ဒါ လေ့ကျင့်ခန်း မေးခွန်းများကို သက်ဆိုင်ရာ သင်ခန်းစာ၏ အောက်တွင် တစ်ဆက်တည်း လေ့ကျင့်နိုင်စေရန် ထည့်သွင်းပေးထားပြီး လေ့ကျင့်ခန်း မေးခွန်းများကိုလည်း ထပ်တိုးဖြည့်စွက်ထားခြင်းအားဖြင့် သင်ခန်းစာအကြောင်းအရာကို ရင်းနှီးကျွမ်းဝင်သွားစေရန် ပြင်ဆင်ပေးထားပါသည်။

04 활동 အသုံးချသင်ခန်းစာများ

자가 학습의 능률을 높일 수 있도록 미얀마어로 번역하여 제시하였고, 활동에 대한 〈내용 확인〉을 통해 스스로 학습 성취 여부를 판단할 수 있도록 하였습니다. 또한 여백이 허락할 경우 〈퀴즈〉를 통해 학습 동기를 유발하고 학습의 흥미를 유지할 수 있도록 하였습니다.

ကိုယ်တိုင်သင်ယူလေ့ကျင့်မှုကို အထောက်အကူပြုစေရန်အတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားပြီး လေ့ကျင့်မှုတိုင်းတွင် ပြန်လည်ဆန်းစစ်ခြင်းကဏ္ဍကို ထည့်သွင်း၍ မိမိ၏ နားလည်မှုကို တိုင်းတာနိုင်ရန် ပြင်ဆင်ထားပါသည်။ စာမျက်နှာအလွတ်များတွင် ဉာဏ်စမ်းမေးခွန်းများကို ဖြည့်စွက်၍ သင်ယူလိုစိတ်ကို ဖြစ်ပေါ်စေပြီး စိတ်ဝင်စားဖွယ် သင်ခန်းစာဖြစ်အောင် ပြင်ဆင်ထားပါသည်။



05 정보 · 문화 သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု

정확한 전달을 위해 정보 및 문화 내용을 미얀마어로 번역하여 제시하였습니다. 또한 〈내용 확인〉 문제를 통해 스스로 내용 이해 여부를 판단할 수 있도록 하였습니다.

နားလည်မှု မလွဲမှားစေရန်အတွက် သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုအကြောင်းအရာများကို ဘာသာပြန်ဆိုပေးထားပြီး ပြန်လည်ဆန်းစစ်ခြင်းမေးခွန်းများမှတစ်ဆင့် မိမိမှ မည်မျှ နားလည်ထားသည်ကို ဆန်းစစ်နိုင်စေရန် ပြင်ဆင်ထားပါသည်။

06 EPS-TOPIK

읽기와 듣기에서 다루고 있는 주제에 대해 간략히 미얀마어로 설명해 줌으로써 한국어 수준이 좀 부족하더라도 한국어를 혼자서 공부하는 데 어려움이 없도록 하고자 하였습니다. 듣기 대본을 한국어와 미얀마어로 제시해 줌은 물론 정답도 함께 제시해 줌으로써 학습의 효율성을 높이고자 하였습니다. 비슷한 유형의 다른 문제를 연습할 수 있도록 〈확장 연습〉을 제공해 줌으로써 학습 효과를 극대화하고자 하였습니다.

ဖတ်ခြင်းနှင့် နားထောင်ခြင်းတွင် ပါဝင်သော အကြောင်းအရာများကို မြန်မာဘာသာဖြင့် ဘာသာပြန်ဆို ပေးထားခြင်းအားဖြင့် ကိုရီးယားဘာသာစကားစွမ်းရည် မမြင့်လှသော ကျောင်းသားများအနေဖြင့် ကိုယ်ထူကိုယ်ထ စာလေ့လာနိုင်စေရန် ပြင်ဆင်ပေးထားပါသည်။ အသံဖိုင်ထဲမှ အကြောင်းအရာများကို ကိုရီးယား-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြ၍ အဖြေများကိုလည်း ပေးထားခြင်းအားဖြင့် သင်ယူနိုင်မှု အတိုင်းအတာကို မြှင့်တင်ထားပါသည်။ ဆင်တူမေးခွန်းများကိုလည်း လေ့ကျင့်နိုင်စေရန် ထပ်ဆောင်း လေ့ကျင့်ခန်းများကို ပြင်ဆင်ပေးထားပြီး လေ့လာမှုအကျိုးကျေးဇူးကို အမြင့်ဆုံးရောက်အောင် ကြိုးပမ်းထားပါသည်။



07 발음 အသံထွက်များ

교사가 없는 상황에서 발음 연습을 하는 데에는 한계가 있습니다. 따라서 혼자 듣고 따라 읽으면서 발음 연습을 할 수 있도록 하였습니다. 모음, 자음의 발음은 물론 한국어 음운 현상에 대해서도 다루었으며 모두 31개의 항목으로 나누어 구성하였습니다.

ဆရာမ မရှိဘဲ အသံထွက် လေ့ကျင့်ရသည်မှာ မလွယ်ကူလှပါ။ ထို့ကြောင့် တစ်ဦးတည်း နားထောင်ပြီး လိုက်ဆိုရင်း အသံထွက်ကို လေ့ကျင့်နိုင်အောင် ပြင်ဆင်ပေးထားပါသည်။ သရနှင့် ဗျည်းတို့၏ အသံထွက်များသာမက အသံကူးပြောင်းခြင်း ပုံစံများကိုလည်း ထည့်သွင်းပေးထားပြီး စုစုပေါင်း (၃၁)ပိုင်းဖြင့် ဖွဲ့စည်းထားပါသည်။

08 유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

한국 사람들이 일상생활에서 자주 사용하는 유용한 표현을 전형적인 상황 맥락에서의 대화문을 통해 번역문과 함께 곳곳에 제시하였습니다.

ကိုရီးယားလူမျိုးများ နေ့စဉ်လူနေမှုဘဝတွင် မကြာခဏ အသုံးပြုသော တွင်ကျယ်သည့် အသုံးအနှုန်းများကိုလည်း သိသာထင်ရှားသည့် အခြေအနေ/ဥပမာ/စကားပြောပုံစံများဖြင့် အလျဉ်းသင့်သလို ထည့်သွင်း၍ ဘာသာပြန်ဆိုပေးထားပါသည်။



듣기 파일 안내
အသံဖိုင် လမ်းညွှန်

Track 01 – Track 180	『한국어 표준교재』에 수록된 듣기 파일 "ကိုရီးယားဘာသာစကား အခြေခံဖတ်စာအုပ်"အသံဖိုင်
MK 1	인사말 နှုတ်ဆက်စကား
MK 2	미얀마어와 한국어 대조 မြန်မာ-ကိုရီးယား ဘာသာစကား နှိုင်းယှဉ်ချက်
K-1 – K-8	한글 익히기 I & II အခြေခံစကားလုံးများ လေ့လာခြင်း(ဝ+၂)
G06-1 – G50-2	각 과의 문법 포인트 강의 예 G30-1 → 30과의 문법 1에 대한 포인트 강의 သင်ခန်းစာ တစ်ခုချင်းစီအတွက် သဒ္ဒါရှင်းလင်းချက်များ E.g. G30-1 : အခန်း(၃၀)မှ သဒ္ဒါ(၁)အတွက် ရှင်းလင်းချက်
L-06 – L-58	각 과의 듣기 확장 연습 예 L-30 → 30과의 듣기 확장 연습 သင်ခန်းစာ တစ်ခုချင်းစီအတွက် (အကြား)ထပ်ဆောင်းလေ့ကျင့်ခန်း E.g. L-30 : အခန်း(၃၀)မှ (အကြား)ထပ်ဆောင်းလေ့ကျင့်ခန်း
P01 – P31	발음 연습 အသံထွက် လေ့ကျင့်ခန်း

Nongak
ကိုရီးယားရိုးရာဂီတတစ်မျိုး

목차 မာတိကာ

일러두기 သိမှတ်ဖွယ်ရာများ 2
목차 မာတိကာ 8
교재 구성표 သင်ခန်းစာ ဖွဲ့စည်းပုံဇယား 10
등장 인물 ပါဝင်သူများ 15
미얀마어와 한국어 대조 မြန်မာ-ကိုရီးယား ဘာသာစကား နှိုင်းယှဉ်ချက် 16

예비편 ပဏာမ သင်ခန်းစာ

1. 한글 익히기 I 22
   အခြေခံစကားလုံးများ လေ့လာခြင်း(၁)
2. 한글 익히기 II 38
   အခြေခံစကားလုံးများ လေ့လာခြင်း(၂)
3. 교실 한국어 60
   စာသင်ခန်းသုံး စကားများ
4. 안녕하세요 62
   မင်္ဂလာပါ။
5. 주말 잘 보내세요 64
   ပိတ်ရက်မှာ အေးအေးဆေးဆေး နားပါ။

기본 생활 နေ့စဉ်ဘဝ

6. 저는 투안입니다 66
   ကျွန်တော့်နာမည် ထူအန်းပါ။
7. 여기가 사무실이에요 78
   ဒါ ရုံးခန်းပါ။
8. 12시 30분에 점심을 먹어요 90
   ၁၂ ခွဲမှာ နေ့လယ်စာ စားတယ်။
9. 가족이 몇 명이에요? 102
   မိသားစုဝင် ဘယ်နယောက် ရှိလဲ။
10. 어제 도서관에서 한국어를 공부했어요 114
    မနေ့က စာကြည့်တိုက်မှာ ကိုရီးယားစာ လုပ်ခဲ့တယ်။
11. 사과 다섯 개 주세요 126
    ပန်းသီး ငါးလုံး ပေးပါ။
12. 병원 옆에 약국이 있어요 138
    ဆေးရုံဘေးမှာ ဆေးဆိုင်ရှိတယ်။
13. 시청 앞에서 일곱 시에 만나요 150
    ၇ နာရီ မြို့တော်ခန်းမ ရှေ့မှာ တွေ့မယ်။
14. 저는 비빔밥을 먹을래요 162
    ကျွန်တော်ကတော့ ထမင်းသုပ် စားမယ်။
15. 날씨가 맑아서 기분이 좋아요 174
    ရာသီဥတု သာယာလို့ စိတ်ပျော်တယ်။

일상 및 여가 생활 နေ့စဉ်ဘဝနှင့် အပန်းဖြေဘဝ

16. 시간이 있을 때 주로 테니스를 치러 가요 186
အချိန်ရတဲ့အခါ တင်းနစ်ရိုက်ဖို့ ပုံမှန် သွားပါတယ်။

17. 휴가 때 제주도에 다녀올 거예요 198
ပိတ်ရက်မှာ ဂျယ်ဂျူကျွန်းကို အလည်သွားမလို့ပါ။

18. 버스나 지하철을 타고 가요 210
ဘတ်စ်ကား ဒါမှမဟုတ် မြေအောက်ရထား စီးပြီး သွားပါတယ်။

19. 거기 한국가구지요? 222
ဟန်းဂု ပရိဘောဂကပါလားခင်ဗျာ။

20. 저는 설거지를 할게요 234
ကျွန်တော် ပန်းကန် ဆေးလိုက်မယ်။

21. 상 차리는 것을 도와줄까요? 246
ထမင်းဝိုင်း ပြင်တာ ကူပေးရမလား။

22. 무단횡단을 하면 안 돼요 258
စည်းမဲ့ကမ်းမဲ့ လမ်းဖြတ်မကူးပါနဲ့။

23. 어른께는 두 손으로 물건을 드려야 돼요 270
လူကြီးကိုဆိုရင် လက်နှစ်ဖက်နဲ့ ပစ္စည်းပေးရပါတယ်။

24. 한국 영화를 보면서 공부해요 282
ကိုရီးယားကား ကြည့်ရင်း စာလေ့လာတယ်။

25. 일요일마다 교회에 가요 294
တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်း သွားတယ်။

공공기관 ရုံးဌာန သွားရောက်ခြင်းများ

26. 밥을 먹은 후에 이 약을 드세요 306
ထမင်းစားပြီးနောက်မှ ဒီဆေးကို သောက်ပါ။

27. 어디가 아프십니까? 318
ဘယ်နေရာက နာတာလဲ။

28. 통장을 만들려고 왔어요 330
ဘဏ်စာအုပ် လုပ်ဖို့ လာတာပါ။

29. 필리핀으로 엽서를 보내고 싶은데요 342
ဖိလစ်ပိုင်သို့ ပို့စကတ် ပို့ချင်လို့ပါ။

30. 거기에서 태권도를 배울 수 있어요? 354
အဲဒီမှာ တိုက်ကွမ်ဒို သင်လို့ရလား။

부록 နောက်ဆက်တွဲ

어휘 색인 366
စကားလုံးနှင့် အဓိပ္ပါယ်များ

불규칙 용언 활용표 376
ခြွင်းချက်ရှိ ကြိယာစကားလုံးများ အသုံးပြုပုံ

1권 교재 구성표 သင်ခန်းစာ ဖွဲ့စည်းပုံဇယား

주제 အကြောင်းအရာ	과 အခန်း	제목 ခေါင်းစဉ်	기능/직무 구조 သင်ခန်းစာအကြောင်းအရာ	어휘 ဝေါဟာရ	문법 သဒ္ဒါ	정보/문화 သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု
예비편 ပြင်ဆင်ရေးအပိုင်း	1	한글 익히기 Ⅰ အခြေခံ စကားလုံးများလေ့လာခြင်း(၁)				
	2	한글 익히기 Ⅱ အခြေခံ စကားလုံးများလေ့လာခြင်း(၂)				
	3	교실 한국어 စာသင်ခန်းသုံးစကားများ				
	4	안녕하세요 မင်္ဂလာပါ။				
	5	주말 잘 보내세요 ပိတ်ရက်မှာ အေးအေးဆေးဆေး နားပါ။				
기본생활 အခြေခံ	6	저는 투안입니다 ကျွန်တော့်နာမည် ထူအန်းပါ။	자기소개하기 မိမိကိုယ်ကို မိတ်ဆက်ခြင်း	나라 နိုင်ငံ 직업 အလုပ်အကိုင်	입니다 입니까	인사 예절 နှုတ်ဆက်တဲ့ ယဉ်ကျေးမှု
	7	여기가 사무실이에요 ဒါ ရုံးခန်းပါ။	장소 및 물건 묻고 대답하기 နေရာနှင့် ပစ္စည်းအကြောင်း အမေးအဖြေ	장소 နေရာ 물건 ပစ္စည်း	이/가 이에요/예요	한국의 좌식 문화 ကြမ်းပြင်မှာ ထိုင်တဲ့ ဓလေ့ 생활필수품 လူနေမှုအသုံးအဆောင် ပစ္စည်းများ
	8	12시 30분에 점심을 먹어요 ၁၂ ခွဲမှာ နေ့လယ်စာ စားတယ်။	일과 시간 묻고 대답하기 နေ့စဉ်လှုပ်ရှားမှုနဲ့ အချိန်အကြောင်း အမေးအဖြေ	일과 နေ့စဉ်လှုပ်ရှားမှု 시간 အချိန်	-아요/어요 에(시간)	출근 시간을 지킵시다 အချိန်မှန်မှန် ရုံးတက်ကြစို့။
	9	가족이 몇 명이에요? မိသားစုဝင် ဘယ်နှယောက် ရှိလဲ။	가족에 대해 묻고 대답하기 မိသားစုအကြောင်း အမေးအဖြေ	가족 မိသားစု 외모와 성격 ရုပ်သွင်ပြင်နဲ့ စရိုက်လက္ခဏာ	하고 에(장소)	높임말과 반말 ယဉ်ကျေးတဲ့ အသုံးနဲ့ သူငယ်ချင်းအသုံး
	10	어제 도서관에서 한국어를 공부했어요 မနေ့က စာကြည့်တိုက်မှာ ကိုရီးယားစာ လုပ်ခဲ့တယ်။	날짜와 장소 묻고 대답하기 ရက်စွဲနှင့် နေရာ အမေးအဖြေ	날짜와 요일 ရက်စွဲနှင့် နေ့များ 장소 및 동작 နေရာနှင့် အပြုအမူ	-았/었- 에서	한국의 공휴일 အစိုးရရုံးပိတ်ရက်များ
	11	사과 다섯 개 주세요 ပန်းသီး ငါးလုံး ပေးပါ။	물품 구매하기 ပစ္စည်း ဝယ်ခြင်း	과일과 식료품 အသီးနှင့် စားသောက်ကုန်များ 화폐 및 물품 구매 ငွေကြေးနှင့် ပစ္စည်းဝယ်ယူခြင်း	주세요 -아/어 주세요	의류 အဝတ်အစားများ
	12	병원 옆에 약국이 있어요 ဆေးရုံဘေးမှာ ဆေးဆိုင်ရှိတယ်။	위치와 길 찾기 နေရာနှင့်လမ်းရှာခြင်း	이동 동사 ရွှေ့လျားမှုပြ ကြိယာများ 위치와 방향 နေရာနှင့် ဦးတည်ရာ	-(으)세요 (으)로	길거리 လမ်း
	13	시청 앞에서 일곱 시에 만나요 ဂုနာရီ မြို့တော်ခန်းမ ရှေ့မှာ တွေ့မယ်။	약속 시간과 장소를 정하기 တွေ့မယ့်အချိန်နဲ့ နေရာကို သတ်မှတ်ခြင်း	상태 1 အခြေအနေ(၁) 상태 2 အခြေအနေ(၂)	-고 싶다 -(으)ㄹ까요	한국 사람들이 인사로 하는 약속 ကိုရီးယားလူမျိုးတွေ နှုတ်ဆက်တဲ့သဘောနဲ့ ပြောတဲ့ ချိန်းဆိုခြင်း
	14	저는 비빔밥을 먹을래요 ကျွန်တော်ကတော့ ထမင်းသုပ်စားမယ်။	음식 주문하기 အစားအသောက် မှာခြင်း	식당 စားသောက်ဆိုင်များ 음식의 맛 အစားအသောက် အရသာ	-(으)ㄹ래요 안	음식 메뉴 အစားအသောက် မီနျူး
	15	날씨가 맑아서 기분이 좋아요 ရာသီဥတု သာယာလို့ စိတ်ပျော်တယ်။	날씨와 기분 이야기하기 ရာသီဥတုနှင့် ခံစားချက်အကြောင်း ပြောခြင်း	날씨와 계절 ရာသီဥတုနှင့် ဥတုရာသီ 기분과 감정 ခံစားမှုနှင့် ခံစားချက်	-네요 -아서/어서	한국의 사계절 ကိုရီးယားရဲ့ (၄)ရာသီ
	16	시간이 있을 때 주로 테니스를 치러 가요 အချိန်ရတဲ့အခါ တင်းနစ်ရိုက်ဖို့ ပုံမှန် သွားပါတယ်။	취미 이야기하기 ဝါသနာအကြောင်း ပြောခြင်း	취미 ဝါသနာ 운동 အားကစား	-(으)ㄹ 때 -(으)러 가다	취미 활동 프로그램 ဝါသနာနှင့် အပျော်တမ်း သင်တန်းများ
	17	휴가 때 제주도에 다녀올 거예요 ပိတ်ရက်မှာ ဂျယ်ဂျူကျွန်းကို အလည်သွားမလို့ပါ။	여행 경험 및 계획 이야기하기 ခရီးအတွေ့အကြုံနှင့် အစီအစဉ်အကြောင်း ပြောခြင်း	여행지 ခရီးသွားဒေသများ 여행 준비와 활동 ခရီးထွက်ရန် ပြင်ဆင်ခြင်းနှင့် လုပ်ဆောင်မှုများ	-아/어 보다 -(으)ㄹ 거예요	한국의 관광지 ကိုရီးယားရှိ လည်ပတ်စရာ နေရာများ

주제 အကြောင်းအရာ	과 အခန်း	제목 ခေါင်းစဉ်	기능/직무 구조 သင်ခန်းစာအကြောင်းအရာ	어휘 ဝေါဟာရ	문법 သဒ္ဒါ	정보/문화 သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု
일상 및 여가생활 ဝတ္ထုစုံနှင့် လွတ်လပ်ချိန်ဘဝ	18	버스나 지하철을 타고 가요 ဘတ်စ်ကား ဒါမှမဟုတ် မြေအောက်ရထား စီးပြီး သွားပါတယ်။	교통수단과 소요 시간 말하기 လမ်းပန်းဆက်သွယ်ရေးနှင့် ကြာချိန်အကြောင်း ပြောခြင်း	교통 လမ်းပန်းဆက်သွယ်ရေး 이동 သွားရေးလာရေး	(이)나 에서 까지	대중교통 이용 방법 အများသုံးယာဉ်များ အသုံးပြုနည်း
	19	거기 한국가구지요? ဟန်းဂု ပရိဘောဂကပါလားခင်ဗျာ။	전화하기 ဖုန်းခေါ်ဆိုခြင်း 인터넷에 대해 말하기 အင်တာနက်အကြောင်း ပြောဆိုခြင်း	전화 ဖုန်း 인터넷 အင်တာနက်	-지요 -고	생활에 유용한 전화번호 အသုံးဝင်သော ဖုန်းနံပါတ်များ
	20	저는 설거지를 할게요 ကျွန်တော် ပန်းကန်ဆေးလိုက်မယ်။	집안일 부탁하기 အိမ်အလုပ် အကူအညီတောင်းခြင်း 집안일 말하기 အိမ်အလုပ်အကြောင်း ပြောခြင်း	청소 သန့်ရှင်းရေး 집안일 အိမ်မှုကိစ္စများ	-(으)ㄹ게요 -는 것	쓰레기 종량제와 분리수거 အမှိုက်ခွဲခြားစွန့်ပစ်ခြင်း
	21	상 차리는 것을 도와줄까요? ထမင်းဝိုင်းပြင်တာ ကူပေးရမလား။	설명하기 ရှင်းပြခြင်း 허락 구하기 ခွင့်တောင်းခြင်း	약속 ချိန်းဆိုခြင်း 초대 ဖိတ်ကြားခြင်း	-는데/-(으)ㄴ데 -(으)ㄹ까요	집들이 선물 အိမ်တက်လက်ဆောင်
	22	무단횡단을 하면 안 돼요 စည်းမဲ့ကမ်းမဲ့ လမ်းဖြတ်မကူးပါနဲ့။	금지하기 တားမြစ်ခြင်း 이유 말하기 အကြောင်းရင်းပြောပြခြင်း	금지 တားမြစ်ချက်များ 하면 안 되는 행동 ရှောင်ရန်များ	-(으)면 안 되다 -(으)니까	공공장소 표지판 အများသုံးနေရာ အသိပေးဆိုင်းဘုတ်များ
	23	어른께는 두 손으로 물건을 드려야 돼요 လူကြီးကိုဆိုရင် လက်နှစ်ဖက်နဲ့ ပစ္စည်းပေးရပါတယ်။	높임말 말하기 ယဉ်ကျေးစွာ သုံးနှုန်းပြောဆိုခြင်း 조언하기 အကြံဉာဏ်ပေးခြင်း	어휘 높임 ယဉ်ကျေးသော စကားလုံးများ 생활 예절 ယဉ်ကျေးသော အမူအကျင့်များ	-(으)시- -아야/어야 되다/하다	한국인들에게 나이란? ကိုရီးယားလူမျိုးတွေအတွက် အသက်ဆိုတာ။
	24	한국 영화를 보면서 공부해요 ကိုရီးယားကား ကြည့်ရင်း စာလေ့လာတယ်။	공부 방법 말하기 စာလေ့လာနည်းအကြောင်း ပြောခြင်း 신청 방법 설명하기 လျှောက်ထားနည်း ရှင်းပြခြင်း	공부 စာလေ့လာခြင်း 교육 သင်တန်းများ	-(으)면서 -기 쉽다/어렵다	외국인 근로자 교육 프로그램 နိုင်ငံခြားသားအလုပ်သမား သင်တန်းများ
	25	일요일마다 교회에 가요 တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်း သွားတယ်။	빈도 표현하기 အကြိမ်အရေအတွက် ပြောခြင်း 소원 말하기 ဆန္ဒအကြောင်း ပြောခြင်း	종교 ဘာသာရေး 종교 활동 ဘာသာရေးလှုပ်ရှားမှုများ	마다 -았으면/었으면 좋겠다	종교 행사 ဘာသာရေး ပွဲတော်များ
공공기관 ပြည်သူ့ဝန်ဆောင်မှုဌာနများ	26	밥을 먹은 후에 이 약을 드세요 ထမင်းစားပြီး နောက်မှ ဒီဆေးကို သောက်ပါ။	순서 말하기 အလှည့်အကြောင်း ပြောခြင်း 금지하기 တားမြစ်ခြင်း	신체 ခန္ဓာကိုယ် 증상 ရောဂါလက္ခဏာများ	-(으)ㄴ 후에 -지 마세요	가정 비상약 အိမ်သုံး အရေးပေါ်ဆေး
	27	어디가 아프십니까? ဘယ်နေရာက နာတာလဲ။	조건 말하기 သတ်မှတ်ချက်အကြောင်း ပြောခြင်း 증상 묻고 대답하기 ရောဂါလက္ခဏာအကြောင်း အမေးအဖြေ	병원 ဆေးရုံ 치료 ဆေးကုသမှု	-(으)면 -ㅂ/습니까, -ㅂ/습니다	외국인근로자센터 진료 안내 နိုင်ငံခြားသား အလုပ်သမားစင်တာ ဆေးကုသမှု လမ်းညွှန်
	28	통장을 만들려고 왔어요 ဘဏ်စာအုပ်လုပ်ဖို့ လာတာပါ။	의도 말하기 ရည်ရွယ်ချက်ပြောခြင်း 방법 표현하기 နည်းလမ်းပြောခြင်း	은행 ဘဏ် 은행 업무/현금인출기 ဘဏ်လုပ်ငန်းများနှင့် ATM	-(으)려고 -(으)면 되다	외국인 근로자 전용 금융 서비스 နိုင်ငံခြားသားအလုပ်သမား သီးသန့် ဘဏ်ဝန်ဆောင်မှု
	29	필리핀으로 엽서를 보내고 싶은데요 ဖိလစ်ပိုင်သို့ ပို့စကတ် ပို့ချင်လို့ပါ။	편지 보내기 စာပို့ခြင်း 요청하기 တောင်းဆိုခြင်း	우편물 စာ 소포/택배 ပါဆယ်/ပစ္စည်း သယ်ယူပို့ဆောင်ခြင်း	(으)로 -(으)십시오	국제특급 우편 서비스 နိုင်ငံတကာ အမြန်ချောပို့ဝန်ဆောင်မှု
	30	거기에서 태권도를 배울 수 있어요? အဲဒီမှာ တိုက်ကွမ်ဒို သင်လို့ရလား။	이용 문의하기 အသုံးပြုနည်း မေးမြန်းခြင်း 교육 신청하기 သင်တန်းလျှောက်ထားခြင်း	교육 및 서비스 သင်တန်းများ၊ ဝန်ဆောင်မှုများ 외국인력 지원 센터 이용 နိုင်ငံခြားသား အလုပ်သမား ထောက်ပံ့ရေးစင်တာ အသုံးပြုခြင်း	-(으)ㄹ 수 있다/없다 -(으)려면	외국인 근로자를 위한 지원 기관 နိုင်ငံခြားသား အလုပ်သမား ထောက်ပံ့ရေး ရုံးဌာနများ

2권 교재 구성표 သင်ခန်းစာ ဖွဲ့စည်းပုံဇယား

주제 အကြောင်းအရာ	과 အခန်း	제목 ခေါင်းစဉ်	기능/직무 구조 သင်ခန်းစာအကြောင်းအရာ	어휘 ဝေါဟာရ	문법 သဒ္ဒါ	정보/문화 သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု
한국에 대한 이해 ကိုရီးယားနိုင်ငံအကြောင်း	31	우리 고향은 서울보다 공기가 맑아요 ကျွန်တော်တို့ ဇာတိမှာက ဆိုးလ်မှာထက် လေကောင်းလေသန့် ပိုရတယ်။	날씨 표현하기 ရာသီဥတုအကြောင်းပြောခြင်း 비교하기 နှိုင်းယှဉ်ခြင်း	날씨 ရာသီဥတု 도시의 특성 မြို့ပြရဲ့ထူးခြားချက်	-지만 보다	한국의 행정구역 အုပ်ချုပ်ရေးမြို့တော်များ
	32	복날에는 삼계탕을 먹어요 အပူဆုံးနေ့မှာ ဂျင်ဆင်းကြက်ပေါင်းစားပါတယ်။	한국의 음식 문화 알기 ကိုရီးယားရဲ့ အစားအသောက် ယဉ်ကျေးမှုကိုလေ့လာခြင်း 조리법 설명하기 ဟင်းချက်နည်းရှင်းပြခြင်း	계절 음식 ရာသီပေါ်စာ 재료 및 조리법 ပါဝင်ပစ္စည်းနှင့် ချက်ပြုတ်နည်း	-(으)ㄴ -아서/어서	특별한 날 먹는 음식 နေ့ထူးနေ့မြတ်မှာ စားတဲ့ အစားအစာများ
	33	송편을 만드는 체험도 할 수 있어요 ဆုံးဖြောင်း(ကောက်ညှင်းမုန့်) ကိုယ်တိုင် လုပ်ကြည့်လို့ရပါတယ်။	추측하기 မှန်းဆခြင်း 계획 말하기 အစီအစဉ်အကြောင်းပြောခြင်း	설날 ကိုရီးယားရိုးရာနှစ်ကူးနေ့ 추석 ကောက်သစ်စားပွဲနေ့	-겠- -는	한국의 명절 ကိုရီးယားရဲ့ ပွဲတော်များ
	34	아기 옷을 선물하는 게 어때요? ကလေးဝတ်အကျီ လက်ဆောင်ပေးရင် ဘယ်လို နေမလဲ။	추천하기 ထောက်ခံအားပေးခြင်း 순서 말하기 အလှည့်စဉ်ပြောခြင်း	특별한 날 နေ့ထူးနေ့မြတ် 결혼 문화 ထိမ်းမြားမင်္ဂလာ ယဉ်ကျေးမှု	-는 게 어때요 -고 나서	한국인의 경조사 သာရေးနာရေးများ
	35	한국 드라마가 재미있잖아요 ကိုရီးယားကားတွေက စိတ်ဝင်စားစရာ ကောင်းတယ်မဟုတ်လား။	이유 말하기 အကြောင်းရင်းပြောပြခြင်း 추측하기 မှန်းဆခြင်း	한류 ကိုရီးယားရေစီးကြောင်း K-POP & Drama 경제 및 산업 စီးပွားရေးနှင့် စက်မှုလုပ်ငန်း	-잖아요 -는/(으)ㄴ 것 같다	한류 여행 Korea Drama & K-POP ခရီး
직장문화 အလုပ်ခွင် ဘဝ်လေ့ထုံး	36	단정한 모습이 좋아 보여요 သပ်ရပ်သော အသွင်အပြင်ကကြည့်ကောင်းတယ်။	복장 설명하기 ဝတ်စုံရှင်းပြခြင်း 충고하기 အကြံဉာဏ်ပေးခြင်း	복장 အဝတ်အစား 태도 အပြုအမူ	-아/어 보이다 -게	작업 현장의 복장 အလုပ်ခွင်ဝတ်စုံ
	37	출입문을 꼭 닫읍시다 အဝင်အထွက်တံခါးကို ဆက်ဆက် ပိတ်ကြရအောင်။	기숙사 주의사항 알리기 အဆောင်တွင် သတိပြုရမည့် အချက်များ အသိပေးခြင်း	기숙사 အဆောင် 냉난방기 အဲကွန်း+ဘွိုင်လာ	-(으)ㅂ시다 -는 동안	한국의 주거 형태 ကိုရီးယားလူနေမှုဝေလေ့
	38	일할 맛이 나요 အလုပ်လုပ်ရကျိုးနပ်တယ်။	직장의 분위기 소개하기 အလုပ်ခွင်အနေအထား မိတ်ဆက်ခြင်း 동료와의 갈등 표현하기 လုပ်ဖော်ကိုင်ဖက်ကြားက ပဋိပက္ခအကြောင်းပြောခြင်း	직장의 분위기 အလုပ်ခွင်အနေအထား 동료와의 갈등 လုပ်ဖော်ကိုင်ဖက်ကြားက ပဋိပက္ခ	-는/-(으)ㄴ 편이다 -다고 하다	직장 내에서의 호칭 အလုပ်ခွင် အခေါ်အဝေါ်များ
	39	오늘 회식을 하자고 해요 ဒီနေ့ ကုမ္ပဏီညစာစားပွဲ လုပ်ရအောင်လို့ပြောတယ်။	회식 일정 공지하기 ကုမ္ပဏီညစာစားပွဲ အစီအစဉ် ကြေညာခြင်း 새 직원 소개하기 ဝန်ထမ်းသစ် မိတ်ဆက်ခြင်း	회식 ကုမ္ပဏီညစာစားပွဲ 직장에서의 모임 အလုပ်ခွင်မှ စုဝေးတွေ့ဆုံခြင်းများ	-자고 하다 -(으)라고 하다	한국의 회식 문화 ကိုရီးယားရဲ့ ကုမ္ပဏီညစာစားပွဲ ယဉ်ကျေးမှု
	40	불쾌감을 느꼈다면 그건 성희롱이에요 စိတ်ကျဉ်းကျပ်မှုကို ခံစားရတယ်ဆိုရင် အဲဒါ ကာမဆိုင်ရာအသား ယူပြောဆိုမှု မြောက်ပါတယ်။	성희롱 예방 조언하기 ကာမဆိုင်ရာအသား ယူပြောဆိုမှု ကြိုတင်ကာကွယ်နည်း အကြံပြုချက် 성추행에 대한 강의 듣기 ကာမဆိုင်ရာအသား ယူပြောဆိုမှု ပို့ချချက် နားထောင်ခြင်း	성희롱 ကာမဆိုင်ရာအသား ယူပြောဆိုမှု 성희롱 대처 방법 ကာမဆိုင်ရာ အသားယူ ပြောဆိုမှု ဖြေရှင်းနည်း	-냐고 하다 간접화법의 축약형	성희롱의 개념과 처벌 ကာမဆိုင်ရာအသား ယူပြောဆိုမှု အတိုင်းအတာနှင့် ပြစ်ဒဏ်များ
	41	드라이버로 해 보세요 ဝက်အူလှည့်နဲ့ လုပ်ကြည့်ပါ။	작업 도구 제안하기 ပစ္စည်းကိရိယာများ သုံးစေခြင်း 작업 상황 설명하기 အလုပ်ခွင်အခြေအနေရှင်းပြခြင်း	제조업 수공구 ကုန်ထုတ်လုပ်ငန်းသုံးပစ္စည်းများ 제조업 기계 ကုန်ထုတ်လုပ်ငန်းသုံး စက်များ	(으)로 -고 있다	작업에 필요한 도구 အလုပ်ခွင်တွင် လိုအပ်သော ပစ္စည်းကိရိယာများ
	42	이 기계 어떻게 작동하는지 알아요? ဒီစက်ကို ဘယ်လို ကိုင်ရလဲ သိလား။	기계 작동법 설명하기 စက်လည်ပတ်ပုံ ရှင်းပြခြင်း 작업 보고하기 အလုပ်အစီရင်ခံခြင်း	기계 작동 စက်လည်ပတ်ခြင်း 포장 작업 ပါကင်ပိတ်ခြင်း	-는지 알다/모르다 -(으)ㄹ 것 같다	안전한 도구 및 기계 사용법 စက်နှင့် ပစ္စည်းများ ဘေးကင်းစွာ အသုံးပြုနည်း

주제 အကြောင်းအရာ	과 အခန်း	제목 ခေါင်းစဉ်	기능/직무 구조 သင်ခန်းစာအကြောင်းအရာ	어휘 ဝေါဟာရ	문법 သဒ္ဒါ	정보/문화 သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု
직장생활 ဝင်ငွေရှာဖွေခြင်း	43	철근을 옮겨 놓으세요 ကွန်ကရစ်သံချောင်းကို ရွှေ့ထားပါ။	작업 지시하기 အလုပ်တာဝန်ညွှန်ကြားခြင်း 작업 확인하기 အလုပ်တာဝန် စစ်ဆေးခြင်း	건설 현장 ဆောက်လုပ်ရေးလုပ်ငန်းခွင် 유통업 포장 ပို့ဆောင်ရေးလုပ်ငန်း ပါကင်ထုပ်ခြင်း	-아/어 놓다 -지요	건설 현장의 중장비 ဆောက်လုပ်ရေးလုပ်ငန်းခွင် စက်ယန္တရားများ
	44	페인트 작업을 했거든요 ဆေးသုတ်ထားတာမို့ပါ။	작업장 환경 묘사하기 လုပ်ငန်းခွင်အခြေအနေ ပုံဖော်ပြခြင်း 정리 정돈 말하기 နေရာတကျထားရန် ပြောခြင်း	작업장 환경 အလုပ်ခွင်ပတ်ဝန်းကျင် အနေအထား 폐기물과 정리 도구 စွန့်ပစ်ပစ္စည်း သိမ်းဆည်းစက်	-거든요 -아지다/어지다	작업 도구 정리 정돈 အလုပ်ခွင်သုံး ကိရိယာများ နေရာတကျ ထားရှိခြင်း
	45	호미를 챙겼는데요 မြေဆွေးတံစဉ်ကို ယူလာပါတယ်။	작업 변경 요구하기 အလုပ်အပြောင်းအလဲ တောင်းဆိုခြင်း 작업 요청하기 အလုပ်တောင်းခံခြင်း	농업 1 စိုက်ပျိုးရေး ၁ 농업 2 စိုက်ပျိုးရေး ၂	-는데요 -기 전에	한국 농촌의 사계절 ကျေးလက်ရဲ့ လေးရာသီ
	46	더 신경 쓰도록 하자 ပို ဂရုစိုက်ကြရအောင်။	문제 원인 찾기 ပြဿနာစစ်မြစ်ရှာခြင်း 해결 방안 말하기 ဖြေရှင်းမည့်နည်းလမ်း အကြောင်းပြောခြင်း	축산업 မွေးမြူရေးလုပ်ငန်း 어업 ငါးဖမ်းလုပ်ငန်း	-도록 하다 -게 되다	축산업과 어업 현장의 직업 မွေးမြူရေးနှင့် ရေလုပ်ငန်း လုပ်ငန်းခွင်မှတာဝန်များ
	47	재고를 파악하는 것이 중요해요 ကုန်လက်ကျန် အခြေအနေကို သိဖို့ အရေးကြီးတယ်။	업무 관리하기 အလုပ်တာဝန် ကြီးကြပ်ခြင်း 업무 실수 말하기 အလုပ်ခွင်အမှားအယွင်း အကြောင်းပြောခြင်း	창고 관리 ဂိုဒေါင်ကြီးကြပ်ခြင်း 가구 제조 ပရိဘောဂ ထုတ်လုပ်ခြင်း	-는 것이 중요하다 -(으)ㄹ 것이다	직장에서의 칭찬 노하우 အလုပ်ခွင်တွင်း ချီးကျူးစကား ပြောခြင်း
	48	다치지 않도록 조심하세요 မထိခိုက်မိအောင်သတိထားပါ။	기계 작업 시 주의사항 말하기 စက်ကိုင်ချိန် သတိပြုရမည့်အချက်များ အကြောင်း ပြောခြင်း 위험 상황 대처하기 အန္တရာယ်အခြေအနေ ကိုင်တွယ်ဖြေရှင်းခြင်း	기계 작업 စက်ကိုင်ခြင်း 재해 ထိခိုက်မှုများ	-(으)ㄴ 적이 있다/없다 -지 않도록 조심하다	작업장 사고 အလုပ်ခွင် မတော်တဆမှု
	49	안전화를 안 신으면 다칠 수 있어요 လုံခြုံရေးဖိနပ် မစီးရင် အန္တရာယ်ရတတ်တယ်။	위험 상황 예방하기 အန္တရာယ် ကြိုတင်ကာကွယ်ခြင်း 위험 가능성 경고하기 အန္တရာယ်ရှိနိုင်မှု သတိပေးခြင်း	보호구 အကာအကွယ်ပစ္စည်းများ 작업장 사고 အလုပ်ခွင်မတော်တဆမှု	-(으)ㄹ 수 있다 -기 때문에	신체 기관과 보호구 ကိုယ်ခန္ဓာအစိတ်အပိုင်းများနှင့် အကာအကွယ်ပစ္စည်းများ
	50	열심히 해 준 덕분이에요 ကြိုးကြိုးစားစားလုပ်ပေးတဲ့ ကျေးဇူးကြောင့်ပါ။	업무 평가하기 အလုပ်ခွင်အကဲဖြတ်ခြင်း 건강 말하기 ကျန်းမာရေးအကြောင်းပြောခြင်း	안전 수칙 လုံခြုံရေးစည်းကမ်းများ 건강 증진 ကျန်းမာရေး ကောင်းလာခြင်း	-(으)ㄴ 덕분에 -기로 하다	건강을 위한 스트레칭 ကျန်းမာရေးအတွက် အကြောလျှော့ခြင်း
법령 및 제도 ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း	51	한국에 가서 일을 하고 싶은데요 ကိုရီးယားကို သွားပြီး အလုပ်လုပ်ချင်ပါတယ်။	고용허가제에 대해 묻고 답하기 EPS စနစ်အကြောင်း အမေးအဖြေ EPS-TOPIK에 대해 문의하기 EPS-TOPIK စာမေးပွဲအကြောင်း အမေးအဖြေ	고용허가제 EPS စနစ်အကြောင်း 한국어 능력시험 EPS-TOPIK စာမေးပွဲ	EPS-TOPIK 신청서 작성하기 EPS-TOPIK စာမေးပွဲဖောင် ဖြည့်ခြင်း	고용허가제 이해하기 EPS စနစ်အကြောင်း လေ့လာခြင်း
	52	근로 조건이 좋은 편이에요 လုပ်ငန်းခွင်အခြေအနေက ကောင်းတဲ့သဘောရှိတယ်။	근로계약서 내용 문의하기 အလုပ်စာချုပ်အကြောင်း မေးမြန်းခြင်း 근로 계약 체결하기 အလုပ်စာချုပ်ချုပ်ဆိုခြင်း	근로 조건 အလုပ်အချက်အလက်များ 취업 절차 အလုပ်ရှာခြင်း အဆင့်ဆင့်	표준근로계약서 작성하기 အလုပ်စာချုပ် ဖြည့်စွက်ခြင်း	표준근로계약서 အလုပ်စာချုပ်

주제 အကြောင်းအရာ	과 အခန်း	제목 ခေါင်းစဉ်	기능/직무 구조 သင်ခန်းစာအကြောင်းအရာ	어휘 ဝေါဟာရ	문법 သဒ္ဒါ	정보/문화 သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု
법령 및 제도 ဥပဒေနှင့် ဥက္ကဋ္ဌ	53	외국인 등록을 하러 가요 နိုင်ငံခြားသား မှတ်ပုံတင် လုပ်ဖို့ သွားမယ်။	입국 심사 받기 ပြည်ဝင်စစ်ဆေးမှုခံယူခြင်း 외국인 등록하기 နိုင်ငံခြားသားမှတ်ပုံတင်ခြင်း	입국 절차 ပြည်ဝင်လုပ်ငန်းစဉ်များ 외국인 등록 နိုင်ငံခြားသားမှတ်ပုံတင်ခြင်း	취업 교육 이해하기 အလုပ်ခွင်သင်တန်း အကြောင်း	외국인 등록 နိုင်ငံခြားသားမှတ်ပုံတင်ခြင်း
	54	보험금을 신청하려고요 အာမခံကြေးလျှောက်မလို့ပါ။	보험 가입하기 အာမခံထားခြင်း 보험금 청구하기 အာမခံကြေး တောင်းခံခြင်း	보험 가입 အာမခံထားခြင်း 보험금 청구 အာမခံကြေး တောင်းခံခြင်း	보험 안내 이해하기 အာမခံ လမ်းညွှန်များ လေ့လာခြင်း	외국인 근로자 보험 နိုင်ငံခြားသားအလုပ်သမား အာမခံ
	55	급여 명세서를 확인해 보세요 လစာပြေစာကို စစ်ကြည့်ပါ။	급여 명세서 확인하기 လစာပြေစာ စစ်ဆေးခြင်း 수당 확인하기 လုပ်အားခ စစ်ဆေးခြင်း	급여와 세금 လစာနှင့် အခွန်ငွေ 수당 လုပ်အားခ	급여 명세서 읽기 လစာပြေစာ ဖတ်ခြင်း	월급 လစာ
	56	이번 여름 휴가 계획은 세웠어? နွေရာသီပိတ်ရက်ရှည် အစီအစဉ်ဆွဲပြီးပြီလား။	휴가 알아보기 ပိတ်ရက်အကြောင်း လေ့လာခြင်း 병가 신청하기 ဆေးခွင့်တင်ခြင်း	휴가 ခွင့်ရက်ရှည် 병가 ဆေးခွင့်	휴가 신청서 이해하기 ခွင့်ရက်ရှည် လျှောက်ထားခြင်း	휴가에 대한 근로기준법의 이해 ပိတ်ရက်ဆိုင်ရာ အလုပ်သမားဥပဒေ အကြောင်း
	57	사업장을 변경하고 싶은데 အလုပ်ပြောင်းချင်လို့ပါ။	사업장 변경 절차 알아보기 အလုပ်ရုံ ပြောင်းခြင်း လုပ်ငန်းစဉ် လေ့လာခြင်း 일시 출국 절차 확인하기 ခေတ္တပြန်ခြင်း လုပ်ငန်းစဉ် လေ့လာခြင်း	사업장 변경 အလုပ်ရုံ ပြောင်းခြင်း 조기 귀국과 일시 출국 စောပြန်ခြင်းနှင့် ခေတ္တပြန်ခြင်း	재입국 허가 동의서 이해하기 ပြည်ပြန်ဝင်ခွင့် သဘောတူစာ အကြောင်း နားလည်ခြင်း	사업장 변경 အလုပ်ရုံ ပြောင်းခြင်း
	58	체류 기간을 연장한 후에 꼭 신고해야 해 နေထိုင်ခွင့်သက်တမ်း တိုးပြီးရင် ဆက်ဆက် အကြောင်းကြားရမယ်။	체류 연장 절차 알아보기 နေထိုင်ခွင့်သက်တမ်းတိုးခြင်း လုပ်ငန်းစဉ် မေးမြန်းခြင်း 체류 자격 변경 이해하기 နေထိုင်ခွင့်ဗီဇာအကြောင်း	체류 기간 연장 နေထိုင်ခွင့်သက်တမ်းတိုးခြင်း 체류 자격 နေထိုင်ခွင့်ဗီဇာ	체류 기간 연장 신청서 작성하기 နေထိုင်ခွင့် သက်တမ်းတိုး ဖောင် ဖြည့်ခြင်း	체류 기간 연장 신청 နေထိုင်ခွင့်သက်တမ်းတိုး လျှောက်ထားခြင်း
직장생활용어 အလုပ်ခွင်ဝေါဟာရ	59	산업 안전 I လုပ်ငန်းခွင်တွင်း ဘေးကင်း လုံခြုံမှု ၁	산업 안전표지 익히기 စက်မှုလုပ်ငန်းဆိုင်ရာ ဘေးကင်းရေးဆောင်ပုဒ်များ မှတ်သားခြင်း 제조업 관련 안전 수칙 익히기 ကုန်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာ လိုက်နာရန် စည်းမျဉ်းများ မှတ်သားခြင်း	산업 안전표지 စက်မှုလုပ်ငန်းဆိုင်ရာ ဘေးကင်းရေးဆောင်ပုဒ်များ 제조업 관련 안전 수칙 ကုန်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာ လိုက်နာရန် စည်းမျဉ်းများ		직업병 အလုပ်ရောဂါ
	60	산업 안전 II လုပ်ငန်းခွင်တွင်း ဘေးကင်း လုံခြုံမှု ၂	건축업 관련 안전 수칙 익히기 ကုန်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာ လိုက်နာရန် စည်းမျဉ်းများ	건축업 관련 안전 수칙 ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လိုက်နာရန် စည်းမျဉ်းများ မှတ်သားခြင်း		직업병 예방 အလုပ်ရောဂါ ကာကွယ်ရေး

등장 인물 ပါဝင်သူများ

선생님 ဆရာမ

리한 ရီဟန်
ပါကစ္စတန်

투안 ထူအန်း
ဗီယက်နမ်

바루 ဘာရူ
အင်ဒိုနီးရှား

아딧 အာဒစ်
ထိုင်း

카림 ခါရင်း
ဥဇဘက်ကစ္စတန်

바트 ဘာထု
မွန်ဂို

칸 ခန်း
ကမ္ဘောဒီးယား

타타 ထာထာ
အင်ဒိုနီးရှား

이반 အီဗန်
ဥဇဘက်ကစ္စတန်

인디카 အင်ဒီခါ
သီရိလင်္ကာ

리리 လီလီ
တရုတ်

수피카 ဆူဖီခါ
ထိုင်း

흐엉 ဟူအောင်း
ဗီယက်နမ်

모니카 မိုနီခါ
သီရိလင်္ကာ

수루 ဆူရူ
တရုတ်

박지훈 ဘတ်ဂျီဟွန်း
ကိုရီးယား

김건우 ဂင်ဂေါ်နူ
ကိုရီးယား

이미영 အီမီယောင်း
ကိုရီးယား

정소희 ဇျောင်ဆိုဟီး
ကိုရီးယား

이민우 အီမင်နူ
ကိုရီးယား

မြန်မာ-ကိုရီးယား ဘာသာစကား နှိုင်းယှဉ်ချက်

1 ဘာသာစကားအုပ်စု

MK 2

မြန်မာဘာသာစကားက တရုတ်-တိဘက် ဘာသာစကားအုပ်စုမှာ ပါဝင်ပြီး ကိုရီးယားဘာသာစကားကတော့ အာလ်တိုက်(Altaic)ဘာသာစကားအုပ်စုမှာ ပါဝင်ပါတယ်။ အခုလို ဘာသာစကားအုပ်စုချင်း မတူညီကြပေမဲ့ ကိုရီးယားနဲ့ မြန်မာဘာသာစကားမှာ ဆင်တူတဲ့ အချက်တွေ အလွန် များပါတယ်။

	ဘာသာစကားအုပ်စု	နီးစပ်သော ဘာသာစကားများ
M	တရုတ်-တိဘက်အုပ်စု	တိဘက်၊ လီဆူ၊ အာချန်း ဘာသာစကားများ
K	အာလ်တိုက်အုပ်စု	ဥဇဘက်ကစ္စတန်၊ ကာဂျစ္စတန်၊ တူရကီ ဘာသာစကားများ

2 အသံထွက်များ

1. သရသံနှင့် ဗျည်းသံများ

ကိုရီးယားဘာသာစကားမှာ မြန်မာလူမျိုးတွေ အသံထွက်ရခက်တဲ့ သရသံနဲ့ မြန်မာဘာသာစကားမှာ မရှိတဲ့ ဗျည်းသံတွေ ရှိပါတယ်။

သရ —[ㅡ] ရဲ့ အသံထွက်ကို မြန်မာဘာသာစကားနဲ့ တစ်ထပ်တည်းကျအောင် မဖော်ပြနိုင်ပါဘူး။ အနီးစပ်ဆုံး ရေးရင် [အွတ်]လို့ ရေးလို့တော့ ရပေမဲ့ ဒါဟာ —[ㅡ] ရဲ့ တကယ့် အသံအမှန်တော့ မဟုတ်ပါဘူး။ ဒါကြောင့်မို့ တကယ့် ကိုရီးယားအသံကို နားထောင်ပြီး ပါးစပ်ပုံစံကို တူအောင် လိုက်လုပ်ရင်း လေ့ကျင့်ရပါမယ်။

ဗျည်း ㄹ[r/l] ရဲ့ အသံထွက်ဟာလည်း မြန်မာစကားစစ်စစ်မှာတော့ မရှိပါဘူး။ သူ့ကို [ya]လို့ မဖတ်ရပါဘူး။ အင်္ဂလိပ်စကားရဲ့ [r]အသံ(ex:[ရိုမီယို/romeo]) သို့မဟုတ် ရခိုင်[Rakhai]ရဲ့ [ra]သံမျိုး ထွက်ပေးရပါတယ်။ သူကတော့ မြန်မာစကားမှာ မရှိပေမဲ့ မြန်မာတွေနဲ့ စိမ်းလှတဲ့ အသံမျိုးတော့ မဟုတ်တဲ့အတွက် အခက်အခဲတော့ မရှိပါဘူး။

2. အသတ်သံများ

(1) တစ်လုံးတည်း အသတ်များ

ကိုရီးယားနဲ့ မြန်မာဘာသာစကားတွေမှာ အသတ်သံ ထွက်ပုံချင်းလည်း အနည်းငယ် ကွာခြားပါတယ်။ မြန်မာဘာသာစကားမှာ နှာသံနဲ့ သံပြတ် အသံထွက်တွေကို ထွက်တဲ့အခါ အသံရဲ့ တည်နေရာနဲ့ ပါးစပ်ပုံစံက အရေးမကြီးတာမို့ အသံတူတာ၊ အသံခွဲရခက်တာမျိုးတွေ ရှိပါတယ်။ ဒါပေမဲ့ ကိုရီးယားဘာသာစကားမှာတော့ အသံထွက်တဲ့ နေရာနဲ့ ပါးစပ်ပုံစံက အရေးကြီးတာမို့ သတိထားပြီး လေ့ကျင့်ရပါမယ်။

နှာသံများ - 강[kaŋ], 간[kan], 감[kam] (မြန်မာမှာ - ကံ၊ ကန်၊ ကမ်[kan])

သံပြတ်အသံများ - 각[kak], 갇[kat], 갑[kap] (မြန်မာမှာ - ကက်[ket]၊ ကတ်=ကပ်[kat])

လျှာလိပ်သံ - 갈[kal] (မြန်မာဘာသာစကားတွင် မရှိသော်လည်း အင်္ဂလိပ်ဘာသာစကားမှ လျှာလိပ်သံကဲ့သို့ အသံထွက်လျှင် ရပါသည်။)

• ကိုရီးယားဘာသာစကားမှာလည်း အသံတူ အသတ်များ ရှိပါတယ်။

(ကိုရီးယား) 각, 갂, 갘 > [kak]
갇, 갓, 갖, 갗, 같, 갔 > [kat]
갑, 값 > [kap]

(မြန်မာ) ကတ်[kat]=ကပ်[kat]

(2) နှစ်လုံးတွဲ အသတ်များ

ကိုရီးယားနဲ့ မြန်မာဘာသာစကားဟာ နှစ်လုံးတွဲအသတ်တွေမှာလည်း အသံထွက်ပုံချင်း ကွာခြားပါတယ်။ ကိုရီးယားရဲ့ နှစ်လုံးတွဲအသတ်ကတော့ နှစ်ခုအနက်မှ တစ်ခုကိုပဲ အသံထွက်ရတာဖြစ်ပြီး မြန်မာစကားရဲ့ နှစ်လုံးတွဲအသတ်ကတော့ တစ်ခုက အသတ်၊ တစ်ခုက ဗျည်းဖြစ်ပါတယ်။

(ကိုရီးယား) - 값[kap]
(မြန်မာ) - တက္ကသိုလ်(တက်ကသိုလ်[tekkatho])

3. အသံကူးခြင်း

စကားသံများဟာ စကားလုံး တစ်လုံးထက် ပိုလာတဲ့အခါ အသံကူးတတ်ပါတယ်။ အသတ်ပါတဲ့ စကားလုံးရဲ့ အနောက်မှာ သရနဲ့ စတဲ့ စကားလုံး (ဗျည်းမဲ့သင်္ကေတ 'ㅇ') ရှိရင် ရှေ့က စကားလုံးရဲ့ အသတ်ဟာ နောက်က စကားလုံးရဲ့ ဗျည်းအဖြစ် အသံကူးသွားပါတယ်။

• 밥을 먹어요 [바블 머거요]
ဒီဝါကျမှာ (을 နဲ့ 어) ရဲ့ အရှေ့မှာ အသတ်တွေ ရှိတဲ့အတွက်ကြောင့် (블 နဲ့ 거) ဆိုပြီး အသံကူးသွားတာဖြစ်ပါတယ်။

4. အသံပြောင်းခြင်း

စကားသံများဟာ စကားလုံး တစ်လုံးထက် ပိုလာတဲ့အခါ အသံပြောင်းတတ်ပါတယ်။ ကိုရီးယားရဲ့ အသံပြောင်းခြင်း စည်းကမ်းတွေကတော့ အများကြီး ရှိပါတယ်။ အများအားဖြင့် ရှေ့က စကားလုံးရဲ့ အသတ်က နောက်က စကားလုံးရဲ့ ဗျည်း သို့မဟုတ် သရရဲ့ သက်ရောက်မှုကြောင့် ရှေ့က စကားလုံးရဲ့ အသံပြောင်းသွားတာမျိုး ဖြစ်ပါတယ်။

• 국내 kukne [kuŋnɛ], 막내 makne [maŋnɛ]
'ㄱ' အသတ်နောက်မှာ 'ㄴ' ဗျည်း ရှိရင် 'ㄱ' ဟာ 'ㅇ' သံဖြစ်သွားပါတယ်။ ဒါကို နာသံပြောင်းခြင်းလို့ ခေါ်ပါတယ်။

(ကိုရီးယားဘာသာစကားရဲ့ အသံကူးပြောင်းပုံ အသေးစိတ်ကို သင်ခန်းစာ တစ်ခန်းချင်းစီမှာ ထပ် ရှင်းပြပဲ့မယ်။)

3 သဒ္ဒါနှင့် အသုံးများ

1. ဝါကျစဉ်

(1) ကိုရီးယားနဲ့ မြန်မာဘာသာစကားဟာ ဝါကျစဉ်လည်း တူညီပါတယ်။ ကတ္တား+ကြိယာ+ကံ(SVO)ဝါကျစဉ်ဖြစ်တဲ့ တရုတ်နဲ့ အင်္ဂလိပ်ဘာသာစကားလိုမဟုတ်ဘဲ ကိုရီးယားနဲ့ မြန်မာဘာသာစကားဟာ ကတ္တား+ကံ+ကြိယာ(SOV) ဝါကျစဉ်ပုံစံဖြစ်ပါတယ်။

M	အမေက	ကော်ဖီကို	သောက်တယ်။
	ကတ္တား	ကံ	ကြိယာ
K	엄마가	커피를	마신다.
	ကတ္တား	ကံ	ကြိယာ

(2) ကိုရီးယားဘာသာစကားဟာ မြန်မာဘာသာစကားလိုပဲ ကြိယာရဲ့ အရှေ့မှာ ကြိယာဝိသေသနကို ထားရပါတယ်။

M	မြန်မြန် ပြေးတယ်။
K	빨리 달린다.

(3) ကိုရီးယားဘာသာစကားဟာ မြန်မာဘာသာစကားလိုပဲ နာမ်ရဲ့ အနောက်မှာ ဝိဘတ်လိုက်ပါတယ်။

M	ဆိုးလ် + ကို	→	ဆိုးလ်ကို
K	서울 + 에	→	서울에

(4) ကိုရီးယားဘာသာစကားဟာ မြန်မာဘာသာစကားလိုပဲ အကူကြိယာဟာ ပင်မကြိယာရဲ့ အနောက်မှာ နေရပါတယ်။

M	သွား + ရမယ်	→	သွားရမယ်
K	가 + -아/어야 한다	→	가야 한다

(5) ကိုရီးယားဘာသာစကားမှာ အငြင်းကို ပြချင်တဲ့အခါ မြန်မာဘာသာစကားလိုပဲ (မ+ကြိယာ+ဝါကျအဆုံးသတ်) ပုံစံရှိပါတယ်။ ဒါ့အပြင် မြန်မာမှာ မရှိတဲ့ (ကြိယာ+အငြင်း+ဝါကျအဆုံးသတ်)ပုံစံလည်း ရှိပါတယ်။

M	မ + စားဘူး	→	မစားဘူး
K	안 먹어요	→	안 먹어요
	먹 + 지 않아요	→	먹지 않아요

(6) မြန်မာစကားမှာ နာမ်ကို အထူးပြုတဲ့အခါ ရှေ့ကနေရော နောက်ကနေပါ စကားလုံးထည့်လို့ရပေမဲ့ ကိုရီးယားစကားမှာတော့ နာမ်ရဲ့ အရှေ့ကနေပဲ အထူးပြုလို့ရပါတယ်။

M	ကော်ဖီ + ပူပူ	→	ကော်ဖီပူပူ
	ပူတဲ့ + ကော်ဖီ	→	ပူတဲ့ ကော်ဖီ
K	따뜻한 커피	→	따뜻한 커피

2. လိပ်စာနှင့် ရက်စွဲ ရေးနည်း

(1) ကိုရီးယားနိုင်ငံမှာ လိပ်စာရေးတဲ့အခါ ကြီးစဉ်ငယ်လိုက် အစဉ်အတိုင်း ရေးရပါတယ်။

M	အမှတ် ၂၄၆၊ သမာဓိလမ်း၊ သီရိမင်္ဂလာရပ်၊ မော်လမြိုင်မြို့။
K	울산광역시 중구 종가로 345 한국산업인력공단 အူးလ်ဆန်းမြို့၊ ဂျွန်ဂူမြို့နယ်၊ ဂျုံဂါရိုလမ်း၊ အမှတ် ၃၄၅ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန

(2) မြန်မာဘာသာစကားမှာ (ရက်၊လ၊နှစ်)လို့ ရေးပေမဲ့ ကိုရီးယားဘာသာစကားမှာတော့ (နှစ်၊လ၊ရက်)လို့ပဲ ရေးပါတယ်။

M	၃၁ ရက်၊ ၁၀ လ၊ ၂၀၁၈ ခုနှစ်
K	2018년 10월 31일

3. အချိန်နှင့် ကာလ

မြန်မာစကားမှာ (ခဲ့တယ်/တယ်/မယ်)စတဲ့ စကားလုံးတွေနဲ့ အချိန်ကာလ(အတိတ်/ပစ္စုပ္ပန်/အနာဂတ်/ပြုနေမှု/ပြီးဆုံးမှု)ကို ဖော်ပြပါတယ်။ ဒါပေမဲ့ ကိုရီးယားဘာသာစကားလောက်တော့ အချိန်ကာလပြစကားလုံးတွေကို တိတိကျကျ တွင်တွင်ကျယ်ကျယ် အသုံးမပြုပါဘူး။

မြန်မာစကားနဲ့ ကိုရီးယားစကားရဲ့ အသိသာဆုံး ကွာခြားချက်ကတော့ ကြိယာနဲ့ တွဲဆက်ပုံ တွဲဆက်နည်းဖြစ်ပါတယ်။

M	စား + ခဲ့ + တယ်။	စား + နေ + တယ်။	စား + တယ်။	စား + မယ်။
K	먹 + 었 + 다	먹 + 고 있 + 다	먹 + 는 + 다	먹 + 겠 + 다

အပေါ်က ဥပမာကို ကြည့်မယ်ဆိုရင် (စားခဲ့တယ်)နဲ့(စားနေတယ်)ရဲ့ စကားဆက်အသုံးပြုပုံက ကိုရီးယားနဲ့ မြန်မာ အတူတူပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ (စားတယ်)နဲ့(စားမယ်)မှာကျတော့ မြန်မာစကားမှာ ဝါကျအဆုံးသတ် တစ်ခုတည်းနဲ့ အချိန်ကာလကို ဖော်ပြလို့ရပေမဲ့ ကိုရီးယားစကားမှာတော့ ကြိယာနဲ့ ဝါကျအဆုံးသတ်စကားလုံးရဲ့ ကြားမှာ ကာလပြစကားဆက်ကို မဖြစ်မနေ ထည့်ပေးရပါတယ်။

ဥပမာ 먹었다 ရဲ့ 었 ဟာဆိုရင် ဝါကျအဆုံးသတ်နဲ့ တွဲတဲ့ အတိတ်ကာလပြ စကားဆက်ပုံစံဖြစ်ပြီး သူ့ရှေ့က ကြိယာက အာသရလား အောသရလားဆိုတာကို ကြည့်ပြီးမှ တွဲဆက်ရတာဖြစ်ပါတယ်။
အဲဒီလိုပဲ။ ကိုရီးယားဘာသာစကားမှာ နာမ် သို့မဟုတ် ကြိယာကို စကားဆက် တစ်ခုနဲ့ တွဲဆက်တော့မယ်ဆိုရင် အမြဲတမ်း "ဗျည်း+သရအောက်မှာ အသတ်ပါခြင်း/မပါခြင်းနဲ့ ဗျည်းနဲ့ တွဲထားတဲ့ သရက ဘယ်လို သရလဲ"ဆိုတာကို ထည့်စဉ်းစားပေးရပါတယ်။

M	စားခဲ့သူ / သွားခဲ့သူ	စားတဲ့သူ / သွားတဲ့သူ	စားမယ့်သူ / သွားမယ့်သူ	စားနေတဲ့သူ / သွားနေတဲ့သူ
K	먹은 사람 / 간 사람	먹는 사람 / 가는 사람	먹을 사람 / 갈 사람	먹고 있는 사람 / 가고 있는 사람

အပေါ်က ဥပမာကတော့ နာမ်ကို အထူးပြုတဲ့ ကာလပြစကားဆက် အသုံးပြုပုံကို နှိုင်းယှဉ်ပြထားတာဖြစ်ပါတယ်။ အတိတ်ကာလနဲ့ အနာဂတ်ကာလပြ စကားလုံးတွေမှာ ကြည့်ရင် အသတ်ပါခြင်း မပါခြင်းအပေါ်မူတည်ပြီး အသုံးပြုတဲ့ ကာလပြစကားဆက်ပုံစံ ကွဲပြားတာ တွေ့နိုင်ပါတယ်။ မြန်မာစကားမှာတော့ အဲဒီလို ဗျည်းသရ ခွဲသုံးခြင်းမျိုး မရှိတာမို့ ဒါဟာလည်း သေချာ လေ့လာမှတ်သားရမယ့် အကြောင်းအရာတစ်ခုပဲ ဖြစ်ပါတယ်။

နောက်တစ်ချက် မတူတာက မြန်မာစကားမှာ စကားဆက်ကို သုံးပြီး နာမ်ကို အထူးပြုတဲ့အခါ ဝါကျအဆုံးသတ်ကို သံတိုပြောင်းပေးလိုက်ရုံပါပဲ။ ဥပမာ(စားတယ် → စားတဲ့သူ/စားမယ် → စားမယ့်သူ)။
ဒါပေမဲ့ ကိုရီးယားစကားမှာတော့ ဝါကျအဆုံးသတ်နဲ့ တွဲခဲ့တဲ့ စကားလုံးကို နာမ်ကို အထူးပြုတဲ့အခါမှာ စကားဆက်အနေနဲ့ ဆက်သုံးလို့ ရတာလည်း ရှိသလို မရတာလည်းရှိပါတယ်။

ဥပမာ(먹는다 → 먹는 사람 ✓), (먹었다 → 먹었 사람 X), (먹겠다 → 먹겠 사람 X), (먹고 있다 → 먹고 있 사람 X)

4. ယဉ်ကျေးသည့် အသုံးအနှုန်းများ

ကိုရီးယားဘာသာစကားမှာ ယဉ်ကျေးတဲ့ အသုံးနှင့် ပုံမှန်အသုံး၊ သူငယ်ချင်းသုံး စသည်ဖြင့် စကားပြောပုံစံများ ရှိပါတယ်။ မြန်မာစကားရဲ့ (ရှိသည်နှင့် ရှိပါသည်၊ စားသည်နှင့် သုံးဆောင်သည်)ကဲ့သို့သော အသုံးများဟာ ကိုရီးယားဘာသာစကားမှာ လွန်စွာ စုံလင်ကြွယ်ဝလှတဲ့အတွက် ကိုရီးယားဘာသာစကားရဲ့ အခက်ခဲဆုံး ကဏ္ဍလို့တောင် ဆိုကြပါတယ်။

M	ငါ အိမ်မှာ ရှိတယ်။(ရိုးရိုးဝါကျ) ကျွန်မ အိမ်မှာ ရှိပါတယ်။(ပိုယဉ်ကျေးတဲ့ ဝါကျ)
K	저는 집에 있습니다. 선생님께서 댁에 계십니다.

ကိုရီးယားစကားမှာ 저(ကျွန်တော်)ဆိုတာ မိမိကိုယ်ကို နှိမ့်ချတဲ့ အသုံးဖြစ်ပြီး 습니다(ပါတယ်။)ကလည်း ကိုယ့်ထက် ကြီးတဲ့ သူကို ပြောတဲ့အခါမှာ သုံးတဲ့ ဝါကျအဆုံးသတ်ပုံစံဖြစ်ပါတယ်။ အဲဒီလို မိမိကိုယ်ကို နှိမ့်ချပြောဆိုခြင်းအားဖြင့် ယဉ်ကျေးစေတဲ့ အသုံးမျိုးလည်း ရှိသလို နံပါတ်(၂)ဝါကျထဲကလို 께서(က)ဆိုတဲ့ ဝိဘတ်ကို အသုံးပြုပြီး တစ်ဖက်သားကို မြှင့်တင်ခြင်းအားဖြင့် စကားကို ယဉ်ကျေးစေတာမျိုးလည်း ရှိပါတယ်။ 댁(အိမ်)ဆိုတာကလည်း 집(အိမ်)ကို ပိုယဉ်ကျေးအောင် ပြောတာဖြစ်ပြီး 계시(ရှိ)ကလည်း 있(ရှိ)ကို ပိုယဉ်ကျေးအောင် သုံးတဲ့ စကားမျိုးဖြစ်ပါတယ်။ အဓိကအားဖြင့် မိမိကိုယ်ကို နှိမ့်ချတဲ့ ပုံစံနဲ့ တစ်ဖက်သားကို မြှင့်တင်တဲ့ ပုံစံဆိုပြီး ရှိတာမို့ ဒါတွေကို ကျွမ်းကျင်အောင် လေ့ကျင့်ဖို့ လိုပါတယ်။

01 한글 익히기 I

အခြေခံစကားလုံးများ လေ့လာခြင်း (၁)

1 한글 소개 ကိုရီးယားစကားလုံးများ မိတ်ဆက်

K-1

ကိုရီးယား စကားလုံးတွေကို (၁၄၄၃)ခုနှစ်၊ ဂျူဆောန်ခေတ်မှာ ဆဲဂျုံဘုရင်ကြီးက စတင်တီထွင်ခဲ့ပါတယ်။ အဲဒီ ကာလ မတိုင်ခင်က ကိုရီးယားလူမျိုးတွေဟာ ကိုရီးယားစကားကို စာနဲ့ ရေးသားဖော်ပြတဲ့အခါ တရုတ်စာလုံးတွေကို အသုံးပြုခဲ့ကြပါတယ်။ တရုတ်စာလုံးတွေဟာ အလွန်ပဲ ရှုပ်ထွေးခက်ခဲလှတာကြောင့်မို့ သာမန်ပြည်သူတွေ အလွယ်တကူ သင်ယူတတ်မြောက်နိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့် ဆဲဂျုံဘုရင်ကြီးက သာမန်ပြည်သူတွေ အလွယ်တကူ သင်ယူတတ်မြောက်နိုင်မယ့် ကိုရီးယားစကားလုံးတွေကို တီထွင်ဖန်တီးခဲ့တာ ဖြစ်ပါတယ်။

(1) သရတွေကို အခုလို ဖွဲ့စည်းထားတာဖြစ်ပါတယ်။

ㅣ + ㆍ =	ㅏ [a]
ㅣ + ㆍㆍ =	ㅑ [ja]
ㆍ + ㅡ =	ㅗ [o]
ㆍㆍ + ㅡ =	ㅛ [jo]

ဆဲဂျုံဘုရင်ကြီးဟာ လုံဝိုင်းသောကောင်းကင်၊ ပြန့်ပြူးသောမြေပြင်နှင့် မတ်မတ်ရပ်သော လူကို သင်္ကေတ ပြုတဲ့ သရ(၃)ခု(ㆍ, ㅡ, ㅣ)ကို အခြေခံပြီး 'ㅏ, ㅑ, ㅓ, ㅕ, ㅗ, ㅛ, ㅜ, ㅠ' သရတွေကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီ အခြေခံသရတွေကို ထပ်ဆင့် ပေါင်းစပ်ပြီး ကျန်သရများကို ဖန်တီးခဲ့တာဖြစ်ပါတယ်။

(2) ဗျည်းတွေကို အခုလို ဖွဲ့စည်းထားတာဖြစ်ပါတယ်။

အခြေခံဗျည်းတွေဖြစ်တဲ့ 'ㄱ, ㄴ, ㅁ, ㅅ, ㅇ' စတဲ့ စကားလုံးတွေဟာ အသံထွက်ရှိရာ အာခံတွင်း အတွင်းက အင်္ဂါအစိတ်အပိုင်းတွေရဲ့ ပုံသဏ္ဌာန်ကို ယူပြီး ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။

ㄱ	[k/g]	→ ㅋ	[k^h]
ㄷ	[t/d]	→ ㅌ	[t^h]
ㅂ	[p/b]	→ ㅍ	[p^h]
ㅈ	[ʧ/ʤ]	→ ㅊ	[$ʧ^h$]

အခြေခံဗျည်းမှာ ဆွဲချက် တစ်ချက် ထပ်ပေါင်းရင် အသံပိုပြင်းတဲ့ ဗျည်းများ 'ㅋ, ㅌ, ㅍ, ㅊ' ဖြစ်လာပါတယ်။

ㄱ [k/g]	→ ㄲ [k′]	ပုံစံတူ ဗျည်းနှစ်လုံးကို ကပ်ရေးရင် ပေါင်းစပ်ဗျည်းတွေ ရပါတယ်။ 'ㄲ, ㄸ, ㅃ, ㅆ, ㅉ'.
ㄷ [t/d]	→ ㄸ [t′]	
ㅂ [p/b]	→ ㅃ [p′]	
ㅅ [s]	→ ㅆ [s′]	
ㅈ [ʧ/ʤ]	→ ㅉ [ʧ′]	

(3) စကားလုံးများ - စကားလုံးတွေကို ဒီလို ဖွဲ့စည်းထားပါတယ်။

စကားလုံး တစ်လုံး ဖြစ်လာဖို့ ဗျည်းနဲ့ သရကို ပေါင်းရပါတယ်။ စကားလုံးတိုင်းမှာ အနည်းဆုံး ဗျည်းတစ်လုံးနဲ့ သရတစ်လုံး ပါဝင်ရပါတယ်။ ဗျည်းတစ်လုံးတည်းနဲ့ စကားလုံး မဖြစ်နိုင်သလို သရတစ်လုံးတည်းနဲ့လည်း စကားလုံး မဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့ ဗျည်းမရှိရင် ဗျည်းနေရာမှာ သုညကို သင်္ကေတပြုတဲ့ 'ㅇ' ကို ဗျည်းနေရာမှာ ထားရပါတယ်။ ဗျည်းကို ဗျည်းသရနဲ့ ဖွဲ့စည်းထားတဲ့ စကားလုံးရဲ့ အောက်မှာ အသတ်အနေနဲ့လည်း ထားရှိနိုင်ပါတယ်။

①	ဗျည်း + ဘေးသရ	CV	나
	ဗျည်း + အောက်သရ	C V	노
②	ဗျည်းမဲ့ + ဘေးသရ	(C)V	아
	ဗျည်းမဲ့ + အောက်သရ	(C) V	오
③	ဗျည်း + ဘေးသရ + အသတ်	CV C	밥
	ဗျည်း + အောက်သရ + အသတ်	C V C	문
④	ဗျည်းမဲ့ + ဘေးသရ + အသတ်	(C)V C	안
	ဗျည်းမဲ့ + အောက်သရ + အသတ်	(C) V C	웅

2 모음 1 သရများ(၁)

K-2

ကိုရီးယားဘာသာစကားမှာ သရ (၂၁)လုံး ရှိပါတယ်။ ဗျည်းဘေးမှာ ရေးရတဲ့ သရ (ㅣ, ㅏ, ㅑ, ㅓ, ㅕ) နဲ့ ဗျည်းအောက်မှာ ရေးရတဲ့ သရ (ㅡ, ㅗ, ㅛ, ㅜ, ㅠ) တို့ ဖြစ်ပါတယ်။

1. သရသံများ

သရသံတွေကို လေ့ကျင့်ကြည့်ကြရအောင်။ မှန်ကလေး တစ်ချပ်တော့ ယူထားရမယ်နော့။
သရသံကို သေချာနားထောင်ကြည့်ပြီး ပုံထဲက နှုတ်ခမ်းပုံစံမျိုးရအောင်
မှန်ကြည့်ရင်း လိုက်လုပ်ကြည့်ရမယ်နော်။ ဘေးသရတွေကို အရင် သင်ယူပြီးမှ အောက်သရတွေကို သင်ယူကြရအောင်။

ဘေးသရ		အောက်သရ	
ㅣ [i]		ㅡ [ɨ]	
ㅏ [a]		ㅗ [o]	
ㅑ [ja]	 [i] + [a]	ㅛ [jo]	[i] + [o]
ㅓ [ʌ]		ㅜ [u]	
ㅕ [jʌ]	 [i] + [ʌ]	ㅠ [ju]	 [i] + [u]

ဆက်လေ့ကျင့်ကြည့်ရအောင်။

(1) ‘ㅏ (အာ)’ ကို ဆိုကြည့်ပါ။ ပြီးရင် ‘ㅓ (အော)’ ကို ဆိုကြည့်ပါ။ ပါးစပ်ပုံစံ ပြောင်းသွားရဲ့လား။ ‘ㅏ (အာ)’ ကို ဆိုတဲ့အခါ နှုတ်ခမ်းကို ကျယ်ကျယ် ဟရပြီး ‘ㅓ (အော)’ ကို ဆိုတဲ့အခါ နှုတ်ခမ်းက အနည်းငယ် ပြန်ကျဉ်းသွားပါတယ်။ ပါးစပ်ပုံစံကို သတိထားရင်း ‘ㅏအာ’ နဲ့ ‘ㅓ (အော)’ ကို အကြိမ်ကြိမ် ရွတ်ဆိုကြည့်ပါ။

ㅏ [a]		ㅓ [ʌ]	

(2) ‘ㅜ (အူ)’ နဲ့ ‘ㅗ (အို)’ ကိုလည်း တွဲဆိုကြည့်ရအောင်။ ပါးစပ်ပုံစံ ဘာကွာသလဲ။ ‘ㅜ (အူ)’ကို ဆိုရင် နှုတ်ခမ်းက လုံးနေပြီး လျှာက အရှေ့ကို အနည်းငယ် ရွေ့သွားပေမဲ့ ‘ㅗ (အို)’ကို ဆိုရင်တော့ နှုတ်ခမ်းက နည်းနည်း ပိုပွင့်သွားပါတယ်။ ပါးစပ်ပုံစံကို သတိထားရင်း ‘ㅜ (အူ)’ နဲ့ ‘ㅗ (အို)’ကိုလည်း အကြိမ်ကြိမ် ရွတ်ဆိုကြည့်ပါဦး။

ㅜ [u]		ㅗ [o]	

(3) ‘ㅣ (အီ)’ နဲ့ ‘ㅡ (အွတ်)’ ကို ဆက်ဆိုကြည့်ရအောင်။ ပါးစပ်ပုံစံ ဘယ်လို ကွာခြားသလဲ။ ‘ㅡ (အွတ်)’ကို ဆိုတဲ့အခါထက် ‘ㅣ (အီ)’ ကို ဆိုတဲ့အခါမှာ လျှာက ရှေ့ကို ပို ထွက်လာတယ်မဟုတ်လား။ ‘ㅡ (အွတ်)’ သံကို ဆိုတဲ့အခါ လျှာကို လှုပ်ဖို့လည်း မလိုသလို နှုတ်ခမ်းကို ဝိုင်းစရာ၊ ဖွင့်စရာလည်း မလိုပါဘူး။ နှုတ်ခမ်းကို ဖြန့်၊ သွားကိုစေ့ပြီး ပါးစပ်ကို လေထွက်လို့ ရရုံလေး ဖွင့်ထားရင် ရပါပြီ။ ပါးစပ်ပုံစံကို သတိထားရင်း ‘ㅣ (အီ)’ နဲ့ ‘ㅡ (အွတ်)’ အသံကိုလည်း အကြိမ်ကြိမ် ရွတ်ဆိုကြည့်ပါဦး။

ㅣ [i]		ㅡ [ɨ]	

ပေါင်းစပ်သရတွေ ဆက်လေ့ကျင့်ကြည့်ရအောင်။ ဗျည်းရဲ့ ဘေးမှာ ရေးရတဲ့ သရ ‘ㅑ, ㅕ’ မှာရော၊ ဗျည်းရဲ့ အောက်မှာ ရေးရတဲ့ သရ ‘ㅛ, ㅠ’ တွေမှာ အလျားလိုက်ဆွဲရတဲ့ ဆွဲချက်အတိုလေးတွေ ရှိတယ်နော်။ အဲဒါတွေက ပေါင်းစပ်သရတွေ ဖြစ်ပါတယ်။

(1) ဆိုကြည့်ပါဦး။ ‘ㅑ (ယာ)’ ‘ㅕ (ယော)’

ပေါင်းစပ်သရ ‘ㅑ (ယာ)’ ဆိုတာ သရ ‘ㅣ (အီ)’ နဲ့ သရ ‘ㅏ (အာ)’ ကို ပေါင်းထားတာဖြစ်ပြီး ပေါင်းစပ်သရ ‘ㅕ (ယော)’ ဆိုတာ သရ ‘ㅣ (အီ)’ နဲ့ သရ ‘ㅓ (အော)’ ကို ပေါင်းထားတာ ဖြစ်ပါတယ်။ ‘ㅑ (ယာ)’ လို့ အသံထွက်တဲ့အခါမှာ ‘ㅣ (အီ)’ သံက တိုပြီး ‘ㅏ (အာ)’ သံက ပိုရှည်ပါတယ်။ ‘ㅕ (ယော)’ လို့ အသံထွက်တဲ့အခါမှာလည်း ‘ㅣ (အီ)’ သံက တိုပြီး ‘ㅓ (အော)’ သံက ရှည်ပါတယ်။ သရသံနှစ်ခုကို အတိုအရှည် တူအောင် အသံမထွက်ရပါဘူး။ နှစ်သံလို့ ထင်ရလောက်အောင် သက်သက်စီလည်း မထွက်ရပါဘူး။

ㅑ [ja]	 [i] + [a]	ㅕ [jʌ]	 [i] + [ʌ]

(2) ပေါင်းစပ်သရ ‘ㅛ (ယို)’ ဆိုတာ သရ ‘ㅣ (အီ)’ နဲ့ သရ ‘ㅗ (အို)’ ကို ပေါင်းထားတာဖြစ်ပြီး ပေါင်းစပ်သရ ‘ㅠ (ယူ)’ ဆိုတာ သရ ‘ㅣ (အီ)’ နဲ့ သရ ‘ㅜ (အူ)’ ကို ပေါင်းထားတာ ဖြစ်ပါတယ်။ ‘ㅛ (ယို)’ နဲ့ ‘ㅠ (ယူ)’ ကိုလည်း ဆိုကြည့်လိုက်ပါဦး။ ‘ㅛ (ယို)’ လို့ အသံထွက်တဲ့အခါ ‘ㅣ (အီ)’ သံက တိုပြီး ‘ㅗ (အို)’ သံက ပိုရှည်ပါတယ်။ ‘ㅠ (ယူ)’ လို့ အသံထွက်တဲ့အခါမှာလည်း ‘ㅣ (အီ)’ သံက တိုပြီး ‘ㅜ (အူ)’ သံက ရှည်ပါတယ်။ သရသံနှစ်ခုကို အတိုအရှည် တူအောင် အသံမထွက်ရပါဘူး။ နှစ်သံလို့ ထင်ရလောက်အောင် သက်သက်စီလည်း မထွက်ရပါဘူး။

ㅛ [jo]	 [i] + [o]	ㅠ [ju]	 [i] + [u]

2. သရ ရေးနည်း

သရတွေကို ဘယ်လို ရေးရမလဲ။ သရဆွဲချက်တွေကို ရေးဆွဲတဲ့အခါမှာ အပေါ်ကနေ အောက်၊ ဘယ်ကနေ ညာကို ရေးရပါတယ်။

အပေါ်ကနေ အောက်			ဘယ်ကနေ ညာ		
ㅣ [i]	 (○)	 (X)	ㅡ [ɨ]	 (○)	 (X)

ကဲ၊ စရေးကြည့်ကြရအောင်။ ဘေးသရကို ရေးတဲ့အခါ “မတ်မတ်ရပ်နေသော လူပုံစံ” ဒေါင်လိုက်ဆွဲချက်ကို ရှည်ရှည်လေးရေးပြီး ခါးလယ်က အလျားလိုက်ဆွဲချက်ကိုတော့ ခပ်တိုတိုပဲ ရေးရပါတယ်။ အောက်သရကို ရေးတဲ့အခါမှာတော့ “ပြန့်ပြူးသော မြေပြင်ပုံစံ” အလျားလိုက်ဆွဲချက်ကို ရှည်ရှည်လေးရေးပြီး အလယ်နားလောက်က ဒေါင်လိုက်ဆွဲချက်ကိုတော့ ခပ်တိုတိုပဲ ရေးရပါတယ်။ သရသံကို နားထောင်ရင်း လိုက်ဆိုပြီး အရေးလေ့ကျင့်ကြည့်ပါဦး။

သရ	ရေးနည်း	အရေးလေ့ကျင့်ရန်					
ㅣ [i]							
ㅏ [a]							
ㅑ [ja]							
ㅓ [ʌ]							
ㅕ [jʌ]							
ㅡ [ɨ]							
ㅗ [o]							
ㅛ [jo]							
ㅜ [u]							
ㅠ [ju]							

ရေးပြီးပြီလား။ သရသံတွေကို ထပ်နားထောင်ပြီး လိုက်ဆိုကြည့်လိုက်ပါဦး။

ဗျည်းနဲ့သရ ပေါင်းရင် စကားလုံး တစ်လုံးဖြစ်ပါတယ်။ ဒါကြောင့်မို့ ဗျည်းမရှိတဲ့ စကားလုံးဆိုရင် ဗျည်းနေရာမှာ 'ㅇ' ကို ထည့်ပေးရပါတယ်။ သူကတော့ အသံမရှိဘူးဆိုတဲ့ အဓိပ္ပါယ်ပါ။
ဘေးသရရဲ့ အရှေ့နေရာနဲ့ အောက်သရရဲ့ အပေါ်နေရာမှာ 'ㅇ'ကို ထည့်ပေးရပါတယ်။



သေချာ နားထောင်ပြီး ရေးရင်းနဲ့ လိုက်ဆိုပါ။

သရ	အသံထွက်	အရေးလေ့ကျင့်ရန်					
ㅣ	[i]	이	이	이			
ㅏ	[a]	아	아	아			
ㅑ	[ja]	야	야	야			
ㅓ	[ʌ]	어	어	어			
ㅕ	[jʌ]	여	여	여			
ㅡ	[ɨ]	으	으	으			
ㅗ	[o]	오	오	오			
ㅛ	[jo]	요	요	요			
ㅜ	[u]	우	우	우			
ㅠ	[ju]	유	유	유			

연습 လေ့ကျင့်ရန်

1. အောက်က သရတွေကို တစ်လုံးချင်း ဖတ်ကြည့်ပါ။ ပြီးရင် CD ထဲက အသံကို နားထောင်ပြီး ကိုယ်ဖတ်လိုက်တဲ့ အသံ မှန်မမှန် ပြန်စစ်ကြည့်ပါ။ ဖတ်လို့မရတာရှိရင် ပြန်နားထောင်ပြီး ထပ်ဆိုကြည့်ပါ။

(1) 아 어 오 우 으 (2) 오 아 어 우 이
(3) 야 여 요 유 (4) 요 야 여 유

2. သေချာ နားထောင်ပြီး အဖြေမှန်ကို ရွေးပါ။

(1) 아 오 (2) 우 으 (3) 어 오
(4) 야 아 (5) 오 요 (6) 여 유

3. သေချာ နားထောင်ပြီး စကားလုံးတွေကို အစဉ်လိုက် ချိတ်ဆက်ကြည့်ပါ။ ဘာပုံစံလေး ရမလဲကြည့်ရအောင်။

이 • • 우

아 • • 여

으 •

정답 2. (1) 아 (2) 우 (3) 오 (4) 야 (5) 요 (6) 유 3. ☆

4. သေချာ နားထောင်ပြီး လိုက်ရေးပါ။

(1) 2				
(2) 5				
(3)				
(4)				
(5)				
(6)				

ရေးပြီးရင် ပြန်နားထောင်ပြီး လိုက်ဆိုကြည့်ပါ။ သုံးကြိမ် လေ့ကျင့်ပါ။

정답 (1) 이 (2) 오 (3) 아이 (4) 오이 (5) 우유 (6) 여우

3 모음 2 သရများ (၂)

K-3

နောက်ထပ် သရတွေကို ဆက်ကြည့်ကြရအောင်။ CDကို နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

ㅐ [ɛ]	ㅏ + ㅣ	ㅘ [wa]	ㅗ + ㅏ	ㅚ [ø/we]	ㅗ + ㅣ
ㅔ [e]	ㅓ + ㅣ	ㅝ [wʌ]	ㅜ + ㅓ	ㅙ [wɛ]	ㅗ + ㅐ
ㅒ [jɛ]	ㅑ + ㅣ	ㅟ [y/wi]	ㅜ + ㅣ	ㅞ [we]	ㅜ + ㅔ
ㅖ [je]	ㅕ + ㅣ	ㅢ [ɨi]	ㅡ + ㅣ		

ဘေးသရတွေထဲက ‘ㅐ, ㅔ’ လိုမျိုး ဆွဲချက်အတိုလေး နှစ်ချက် ပါတဲ့ သရတွေနဲ့ ‘ㅘ, ㅝ’ လိုမျိုး အောက်သရနဲ့ဘေးသရကို ပေါင်းထားတဲ့ သရတွေက ပေါင်းစပ်သရတွေ ဖြစ်ပါတယ်။

ကဲ ဆက်ကြိုးစားလိုက်ကြရအောင်နော်။

(1) ‘ㅐ(အဲ)’ နဲ့ ‘ㅔ(အယ်)’ ကို ဆိုကြည့်ပါ။ အသံဆင်တယ်မဟုတ်လား။
ဒီ သရသံ နှစ်ခုကတော့ အရင်ကတော့ မတူတဲ့ အသံတွေပါ။ အခုနောက်ပိုင်းမှ ဆင်တူသွားတာပါ။
သရသံ နှစ်ခုကို မခွဲခြားတတ်လို့ စိတ်တော့ မပူပါနဲ့။ ကိုရီးယားတွေလည်း မခွဲတတ်ကြပါဘူး။

ㅐ	ㅔ
[ɛ]	[e]

(2) ‘ㅒ (ရဲ)’ နဲ့ ‘ㅖ (ရယ်)’ ကိုလည်း ဆိုကြည့်ပါဦး။ ဒီ သရ နှစ်ခုစလုံးဟာ အလျားလိုက်ဆွဲချက်အတိုလေး နှစ်ခုပါတဲ့ ပေါင်းစပ်သရတွေ ဖြစ်ပါတယ်။ ဒီ အသံ နှစ်သံကလည်း ဆင်တူပြီး အသံခွဲရခက်ပါတယ်။ အသံ မခွဲတတ်လို့ စိတ်မပူပါနဲ့။ အပေါ်က ‘ㅐ (အဲ)’ နဲ့ ‘ㅖ (အယ်)’ လိုပဲ၊ ကိုရီးယားလူမျိုးတွေကိုယ်တိုင်က ဒီအသံတွေကို ခွဲခြားပြီး မထွက်ကြတော့ပါဘူး။

ㅒ	ㅖ
[jɛ]	[je]

(3) ‘ㅚ (ဝယ်)’, ‘ㅙ (ဝယ်)’, ‘ㅞ (ဝယ်)’ ကို ဆိုကြည့်ပါ။ ဒီအသံ သုံးသံကလည်း ဆင်တူပါတယ်။ သူတို့ဟာ အောက်သရနဲ့ ဘေးသရတွေကို ထပ်ပေါင်းထားတာတွေဖြစ်ပါတယ်။

ㅚ	ㅙ	ㅞ
[we]	[wɛ]	[we]

(4) ‘ㅘ (ဝါ)’ နဲ့ ‘ㅝ (ဝေါ)’ ကိုလည်း အကြိမ်ကြိမ် ရွတ်ကြည့်ပါ။ ဒီသရတွေကလည်း အောက်သရနဲ့ ဘေးသရကို ပေါင်းထားတာဖြစ်ပါတယ်။

ㅘ	ㅝ
[wa]	[wʌ]

(5) ‘ㅟ (ဝီ)’ နဲ့ ‘ㅚ (ဝယ်)’ ကိုလည်း အကြိမ်ကြိမ် ရွတ်ကြည့်ပါ။ ဒီသရတွေကလည်း အောက်သရနဲ့ ဘေးသရကို ပေါင်းထားတာဖြစ်ပါတယ်။

ㅟ	ㅚ
[y/wi]	[ø/we]

(6) ‘ㅢ (အွီ)’ ကို ရွတ်ကြည့်ပါ။ ဒီအသံက ‘ㅡ (အွတ်)’ ကို ခပ်တိုတို အသံထွက်ပြီး ‘ㅣ (အီ)’ သံကို တစ်ဆက်တည်း အမြန် လိုက်ထွက်ရတာဖြစ်ပါတယ်။ ဒီအသံဟာလည်း အောက်သရနဲ့ ဘေးသရကို ပေါင်းထားတဲ့ သရသံဖြစ်ပါတယ်။

ㅢ
[ɨi]

အရေးလေ့ကျင့်လို့ ရပြီလား။ CDကို နားထောင်ပြီး ရေးရင်းနဲ့ လိုက်ဆိုပါ။

သရ	ရေးနည်း	အရေးလေ့ကျင့်ရန်					
ㅐ [ɛ]							
ㅔ [e]							
ㅒ [jɛ]							
ㅖ [je]							
ㅘ [wa]							
ㅝ [wʌ]							
ㅟ [y/wi]							
ㅚ [we]							
ㅙ [ø/we]							
ㅞ [we]							
ㅢ [ɨi]							

ရေးလို့ ပြီးပြီလား။ သေချာနားထောင်ပြီး လိုက်ဆိုကြည့်ပါဦး။

အောက်က အမှားမျိုး မရေးမိအောင် သတိထားပါ။

과 (○)	궈 (○)	귀 (○)	궤 (○)
괴 (X)	궈 (X)	뉴 (X)	궤 (X)

ရှေ့မှာ ပြောခဲ့သလိုပဲ။ စကားလုံးတိုင်းမှာ ဗျည်းနဲ့ သရ ရှိရပါတယ်။ ဒါကြောင့်မို့ ဗျည်းမရှိတဲ့ စကားလုံးဆိုရင် ဗျည်းနေရာမှာ 'ㅇ' ကို ရေးရပြီး သူ့မှာ ကိုယ်ပိုင်အသံရယ်လို့တော့ မရှိပါဘူး။ 'ㅇ' ကို ဘေးသရနဲ့ ရှေ့နေရာနဲ့ အောက်သရရဲ့ အပေါ်နေရာမှာ ထားပါတယ်။

သေချာ နားထောင်ပြီး 'ㅇ' နဲ့ သရကို တွဲရေးရင်းနဲ့ လိုက်ဆိုကြည့်ပါ။

သရ	အသံထွက်	အရေးလေ့ကျင့်ရန်					
ㅐ	[ɛ]	애	애	애			
ㅔ	[e]	에	에	에			
ㅒ	[jɛ]	얘	얘	얘			
ㅖ	[je]	예	예	예			
ㅘ	[wa]	와	와	와			
ㅝ	[wʌ]	워	워	워			
ㅟ	[y/wi]	위	위	위			
ㅚ	[ø/we]	외	외	외			
ㅙ	[wɛ]	왜	왜	왜			
ㅞ	[we]	웨	웨	웨			
ㅢ	[ɨi]	의	의	의			

연습 လေ့ကျင့်ရန်

1. အောက်က သရတွေကို တစ်လုံးချင်း ဖတ်ကြည့်ပါ။ ပြီးရင် CDကို နားထောင်ပြီး အမှန်အမှား စစ်ပါ။ မှားသွားတဲ့ စကားလုံးတွေကို ပြန်နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

(1) 애 예 와 워　　(2) 위 의 와 웨
(3) 워 에 예 의　　(4) 왜 와 에 예

2. သေချာ နားထောင်ပြီး အဖြေမှန်ကို ရွေးပါ။

(1) 애 예　　(2) 웨 워
(3) 위 의　　(4) 와 왜

3. သေချာ နားထောင်ပြီး စကားလုံးတွေကို အစဉ်လိုက် ချိတ်ဆက်ကြည့်ပါ။
ဘာပုံစံလေး ရမလဲကြည့်ရအောင်။

아이　　얘
와　　위
여우　　에　　의
왜　　오이　　우유

정답 2. (1) 애 (2) 웨 (3) 위 (4) 와 3. ☆ (위 → 여우 → 에 → 의 → 와 → 오이 → 위)

4. သေချာ နားထောင်ပြီး လိုက်ရေးပါ။

(1)				
(2)				
(3)				
(4)				
(5)				
(6)				

ရေးပြီးရင် ပြန်နားထောင်ပြီး လိုက်ဆိုကြည့်ပါ။ သုံးကြိမ် လေ့ကျင့်ပါ။

정답 (1) 예 (2) 와 (3) 왜 (4) 와요 (5) 위에 (6) 외워요

02 한글 익히기 II

အခြေခံစကားလုံးများ လေ့လာခြင်း (၂)

4 자음 1 ဗျည်းများ (၁)

K-4

ကိုရီးယားဘာသာစကားတွင် ဗျည်း(၁၉)လုံးရှိပြီး ဗျည်းများကို အာခံတွင်းအတွင်းရှိ အင်္ဂါအစိတ်အပိုင်းများ၏ ပုံစံကို နမူနာယူ၍ ဖန်တီးပြုလုပ်ထားပါသည်။ 'ㄱ' သည် လျှာအနောက်ခြမ်းက အာခေါင်ကို ပိတ်ထားသည့် ပုံစံဖြစ်ပြီး 'ㄴ' သည် အပေါ်သွားရင်းကို လျှာဖြင့် ထိထားသည့် ပုံစံဖြစ်သည်။ 'ㅁ' သည် နှုတ်ခမ်းပုံစံကို ယူထားခြင်းဖြစ်ပြီး 'ㅅ'သည် သွားပုံစံကို ယူထားခြင်းပုံစံဖြစ်သည်။ 'ㅇ' မှာမူ အသံထွက်ရှိရာ လည်ချောင်းဝ၏ ပုံစံဖြစ်သည်။

ကဲ အောက်က ဗျည်းတွေကို လေ့လာကြည့်ကြရအောင်။ CD ကို နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

자음 1 ဗျည်း (၁)				
ㄱ [k/g]	ㄴ [n]	ㄷ [t/d]	ㄹ [r/l]	ㅁ [m]
ㅂ [p/b]	ㅅ [s/ʃ]	ㅇ [ŋ]	ㅈ [ʧ/ʤ]	ㅎ [h]

လိုက်ဆိုလို့ ပြီးရင် နားထောင်ပြီး လိုက်ရေးကြည့်ရအောင်။

ဗျည်း	ရေးနည်း	အရေးလေ့ကျင့်ရန်					
ㄱ [k/g]	① ㄱ						
ㄴ [n]	① ㄴ						
ㄷ [t/d]	① ② ㄷ						
ㄹ [r/l]	① ② ③ ㄹ						
ㅁ [m]	② ① ㅁ ③						
ㅂ [p/b]	③ ① ㅂ ② ④						
ㅅ [s/ʃ]	① ㅅ ②						
ㅇ [ŋ]	① ㅇ						
ㅈ [ʧ/ʤ]	① ㅈ ②						
ㅎ [h]	① ② ㅎ ③						

ရေးလို့ ပြီးရင် တစ်ခေါက် ထပ်ပြီး နားထောင်ရင်း လိုက်ဆိုကြည့်ပါ။

'ㅇ' ဗျည်းက အသတ်နေရာမှာ ရှိရင် [ŋ/ng] အသံထွက်ပါတယ်။ စကားလုံး တစ်လုံး ဖြစ်လာဖို့ ဗျည်းနဲ့ သရ ရှိရတာမို့ ဘေးသရနဲ့ ဗျည်းကို တွဲရေးတဲ့အခါမှာ သရရဲ့ အရှေ့(ဘယ်ဘက်ခြမ်း)မှာ ဗျည်းကို ရေးရပြီး အောက်သရနဲ့ ဗျည်းကို တွဲရေးတဲ့အခါမှာတော့ သရရဲ့ အပေါ်မှာ ဗျည်းကို ရေးရပါတယ်။





ဗျည်းနဲ့ သရကို နားထောင်ရင်း တွဲရေးကြည့်ကြရအောင်။

(1)	ㄱ			→	가	(6)	ㅂ			→	보
(2)	ㄴ			→		(7)	ㅅ			→	
(3)	ㄷ	+	ㅏ	→		(8)	ㅇ	+	ㅗ	→	
(4)	ㄹ			→		(9)	ㅈ			→	
(5)	ㅁ			→		(10)	ㅎ			→	

ဗျည်းနဲ့ သရတွေကို ပေါင်းရေးကြည့်ကြရအောင်။ ဗျည်းကို အရင်ရေးပြီး ဘေးသရ သို့မဟုတ် အောက်သရကို ရေးပါ။ သေချာ ကြည့်ပြီး လိုက်ရေးပါ။

ဗျည်း \ သရ	ㅏ	ㅑ	ㅓ	ㅕ	ㅗ	ㅛ	ㅜ	ㅠ	ㅡ	ㅣ
ㄱ	가				고					
ㄴ		냐								
ㄷ			더							
ㄹ				려						
ㅁ					모					
ㅂ										
ㅅ										
ㅇ										
ㅈ										
ㅎ										

နားထောင်ပြီး လိုက်ဆိုကြည့်ရအောင်။ ရိုးရိုးသရနဲ့ ဗျည်းကို ပေါင်းထားတာတွေကိုပဲ အရင် ဆိုကြည့်ပါ။ အလျားလိုက် အရင် ဆိုကြည့်ရအောင်။ ပြီးရင် ဒေါင်လိုက် ဆက်ဆိုကြည့်ပါ။

가　　고

'ㄱ' ဗျည်းက ဘေးသရနဲ့ တွဲတဲ့အခါနဲ့ အောက်သရနဲ့ တွဲတဲ့အခါ ရေးနည်း နည်းနည်း ကွာပါတယ်။ နမူနာပုံကို ကြည့်ပြီး လိုက်ရေးကြည့်ပါ။

연습 လေ့ကျင့်ရန်

1. အောက်ပါတို့ကို တစ်ခုချင်း ဖတ်ကြည့်ပါ။ ပြီးရင် CD ကို နားထောင်ပြီး အမှားအမှန် စစ်ပါ။ မှားသွားတဲ့ စကားလုံးတွေကို ပြန်နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

(1) 가 다 마 사　(2) 바 나 라 자　(3) 후 주 수 부　(4) 로 도 노 고
(5) 너 러 저 허　(6) 규 류 슈 쥬　(7) 드 므 브 스　(8) 기 리 지 히

2. သေချာ နားထောင်ပြီး အဖြေမှန်ကို ရွေးပါ။

(1) 노래　모래　(2) 가수　다수　(3) 사요　자요
(4) 고리　도리　(5) 머리　허리　(6) 비누　부누

3. အောက်ပါ စကားလုံးများကို သေချာ နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

(1) 가수
အဆိုတော်

(2) 아기
ကလေး

(3) 네모
စတုဂံ

(4) 다리
ခြေထောက်

(5) 소리
အသံ

(6) 모자
ဦးထုပ်

(7) 아버지
အဖေ

(8) 사자
ခြင်္သေ့

(9) 새우
ပုဇွန်

4. သေချာ နားထောင်ပြီး လိုက်ရေးကြည့်ရအောင်။

(1)

(2)

(3)

(4)

(5)

(6)

ရေးပြီးရင် ပြန်နားထောင်ပြီး လိုက်ဆိုကြည့်ပါ။ သုံးကြိမ် လေ့ကျင့်ပါ။

정답 2. (1) 노래 (2) 가수 (3) 자요 (4) 고리 (5) 허리 (6) 비누
4. (1) 고기 (2) 나무 (3) 도로 (4) 모자 (5) 버스 (6) 바지

5 자음 2 ဗျည်းများ (၂)

K-5

အခြေခံဗျည်းများ 'ㄱ, ㄷ, ㅂ, ㅈ' မှာ ဆွဲချက်တစ်ချက် ထပ်တိုးလိုက်ရင် သံပြင်းဗျည်းများ 'ㅋ, ㅌ, ㅍ, ㅊ' ရပါတယ်။ 'ㅋ, ㅌ, ㅍ, ㅊ' ဗျည်းသံများဟာ 'ㄱ, ㄷ, ㅂ, ㅈ' ဗျည်းများထက် အသံပိုပြင်းပြီး လေသံပိုများပါတယ်။ CD ကို နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

ㄱ [k/g]	→	ㅋ [k^h]
ㄷ [t/d]		ㅌ [t^h]
ㅂ [p/b]		ㅍ [p^h]
ㅈ [ʧ/ʤ]		ㅊ [tʃ^h]

ထပ်လေ့ကျင့်ကြရအောင်။

(1) 'ㄱ' နဲ့ 'ㅋ' ကို တစ်လှည့်စီ ဆိုကြည့်ပါ။
(2) 'ㄷ' နဲ့ 'ㅌ' ကို တစ်လှည့်စီ ဆိုကြည့်ပါ။
(3) 'ㅂ' နဲ့ 'ㅍ' ကို တစ်လှည့်စီ ဆိုကြည့်ပါ။
(4) 'ㅈ' နဲ့ 'ㅊ' ကို တစ်လှည့်စီ ဆိုကြည့်ပါ။

လေအား မတူတာကို ခံစားမိပါသလား။

ဗျည်းသံတွေကို ထပ်နားထောင်ပြီး ရေးကြည့်ပါ။

ဗျည်း	ရေးနည်း	အရေးလေ့ကျင့်ရန်					
ㅋ [k^h]	① ② ㅋ						
ㅌ [t^h]	① ② ㅌ ③						
ㅍ [p^h]	① ② ㅍ ③ ④						
ㅊ [tʃ^h]	① ② ㅊ ③						

ရေးပြီးရင် နားထောင်ပြီး လိုက်ဆိုကြည့်ပါ။ ပြီးရင် သံပြင်းဗျည်းနဲ့ သရကို ပေါင်းပြီး ရေးကြည့်ရအောင်။

ရေးရင်းနဲ့ နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

(1)	ㅋ	+	ㅏ	→	카	(5)	ㅋ	+	ㅗ	→	코
(2)	ㅌ	+	ㅏ	→		(6)	ㅌ	+	ㅗ	→	
(3)	ㅍ	+	ㅏ	→		(7)	ㅍ	+	ㅗ	→	
(4)	ㅊ	+	ㅏ	→		(8)	ㅊ	+	ㅗ	→	

ဗျည်းနဲ့ သရတွေကို ပေါင်းရေးကြည့်ကြရအောင်။ ဗျည်းကို အရင်ရေးပြီး ဘေးသရ သို့မဟုတ် အောက်သရကို ရေးပါ။ သေချာ ကြည့်ပြီး လိုက်ရေးပါ။

ဗျည်း \ သရ	ㅏ	ㅓ	ㅗ	ㅜ	ㅡ	ㅣ	ㅐ	ㅔ
ㅋ	카		코			키		
ㅌ		터					태	
ㅍ			포			피		
ㅊ				추				

ပြီးပြီလား။ ဒါဆိုရင် နားထောင်ရင်း လိုက်ပြောကြည့်ရအောင်။ အရင်ဆုံး အလျားလိုက် ဖတ်ကြည့်ရအောင်။ ပြီးရင် ဒေါင်လိုက် ဖတ်ကြည့်ပါ။

연습 လေ့ကျင့်ခန်း

1. အောက်ပါတို့ကို ဖတ်ပါ။ ပြီးရင် CDကို နားထောင်ပြီး အမှန်အမှား စစ်ပါ။ မှားသွားတဲ့ စကားလုံးတွေကို ပြန်နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

   (1) 차 카 타 파　(2) 초 코 토 포　(3) 쿠 투 푸 추　(4) 티 치 키 티

2. သေချာ နားထောင်ပြီး အဖြေမှန်ကို ရွေးပါ။

   (1) 보도　포도　(2) 기자　기차　(3) 고　코
   (4) 타요　다요　(5) 치마　지마　(6) 스키　수키

3. သေချာ နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

(1) 치마
စကတ်

(2) 코
နှာခေါင်း

(3) 타조
ငှက်ကုလားအုတ်

(4) 포도
စပျစ်သီး

(5) 카메라
ကင်မရာ

(6) 스키
နှင်းလျှောစီးခြင်း

(7) 커피
ကော်ဖီ

(8) 기차
ရထား


(9) 피아노
စန္ဒရား

4. သေချာ နားထောင်ပြီး လိုက်ရေးကြည့်ရအောင်။

(1)

(2)

(3)

(4)

(5)

(6)

정답 2. (1) 포도 (2) 기차 (3) 코 (4) 타요 (5) 치마 (6) 스키
4. (1) 치즈 (2) 커피 (3) 기타 (4) 포크 (5) 고추 (6) 쿠키

ရေးပြီးရင် ပြန်နားထောင်ပြီး လိုက်ဆိုကြည့်ပါ။ သုံးကြိမ် လေ့ကျင့်ပါ။

6 자음 3 ဗျည်းများ (၃)

K-6

'ㄱ, ㄷ, ㅂ, ㅅ, ㅈ' ဗျည်းများကို နှစ်ကြိမ် ပူးကပ်ရေးရင် 'ㄲ, ㄸ, ㅃ, ㅆ, ㅉ' ဗျည်းများ ရပါတယ်။
'ㄲ, ㄸ, ㅃ, ㅆ, ㅉ' ဗျည်းများရဲ့ အသံထွက်ကတော့ အသံကြိုးကို တုန်ခါပြီး
အားနဲ့ ထွက်ရတာဖြစ်ပါတယ်။

CD ကို နားထောင်ပြီး လိုက်ဆိုပါ။

ㄱ [k/g]	→	ㄲ [k']
ㄷ [t/d]		ㄸ [t']
ㅂ [p/b]		ㅃ [p']
ㅅ [s]		ㅆ [s']
ㅈ [ʧ/ʤ]		ㅉ [ʧ']

အခုအချိန်ကစပြီး အခြေခံဗျည်း (ㄱ, ㄷ, ㅂ, ㅅ, ㅈ), သံပြင်းဗျည်း (ㅋ, ㅌ, ㅍ, ㅊ) နဲ့ နှစ်လုံးတွဲဗျည်း (ㄲ, ㄸ, ㅃ, ㅆ, ㅉ) တို့ကို ထပ်ဆိုပြီး လေ့ကျင့်ကြည့်ပါဦး။

ဗျည်း တစ်လုံးချင်းစီကို ရွတ်ကြည့်တဲ့အခါမှာ နှုတ်ခမ်းရှေ့မှာ လက်ဖဝါးကို ထောင်ထားပြီး
အသံတစ်ခုစီရဲ့ လေအားကို ခံစားကြည့်ပါ။

(1) 'ㅋ', 'ㄱ', 'ㄲ' ကို အစဉ်လိုက် ရွတ်ကြည့်ပါ။
(2) 'ㅌ', 'ㄷ', 'ㄸ' ကို အစဉ်လိုက် ရွတ်ကြည့်ပါ။
(3) 'ㅍ', 'ㅂ', 'ㅃ' ကို အစဉ်လိုက် ရွတ်ကြည့်ပါ။
(4) 'ㅅ', 'ㅆ' ကို အစဉ်လိုက် ရွတ်ကြည့်ပါ။
(5) 'ㅊ', 'ㅈ', 'ㅉ' ကို အစဉ်လိုက် ရွတ်ကြည့်ပါ။

သေချာ နားထောင်ပြီး လိုက်ရေးကြည့်ပါ။

ဗျည်း	ရေးနည်း	အရေးလေ့ကျင့်ရန်					
ㄲ [k´]	①② ㄲ						
ㄸ [t´]	①③ ②ㄸ④						
ㅃ [p´]	①② ③ㅃ⑦ ④⑤⑥⑧						
ㅆ [s´]	③ ①ㅆ④ ②						
ㅉ [ʧ´]	①③ ㅉ ② ④						

ရေးပြီးရင် သေချာ နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

ပြီးရင် ဗျည်းနဲ့ သရကို နားထောင်ရင်း လိုက်ဆိုရင်း လိုက်ရေးကြည့်ပါ။

(1)	ㄲ	+	ㅏ	→	까	(6)	ㄲ			→	꼬
(2)	ㄸ			→		(7)	ㄸ			→	
(3)	ㅃ			→		(8)	ㅃ	+	ㅗ	→	
(4)	ㅆ			→		(9)	ㅆ			→	
(5)	ㅉ			→		(10)	ㅉ			→	

ဗျည်းနဲ့ သရတွေကို ပေါင်းရေးကြည့်ပါ။

ဗျည်း \ သရ	ㅏ	ㅓ	ㅗ	ㅜ	ㅡ	ㅣ	ㅐ	ㅔ
ㄲ	까							께
ㄸ		떠					때	
ㅃ			뽀			삐		
ㅆ		써			쓰			
ㅉ				쭈			째	

ရေးပြီးရင် တစ်ခေါက် ထပ်ပြီး နားထောင်ရင်း လိုက်ဆိုကြည့်ပါ။ အလျားလိုက် အရင် ဆိုကြည့်ပါ။ ပြီးရင် ဒေါင်လိုက်ဆိုကြည့်ပါ။

연습 လေ့ကျင့်ခန်း

1. အောက်ပါတို့ကို ဖတ်ပါ။ ပြီးရင် CDကို နားထောင်ပြီး အမှန်အမှား စစ်ပါ။ မှားသွားတဲ့ စကားလုံးတွေကို ပြန်နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

   (1) 까 따 빠 싸 짜　(2) 꼬 또 뽀 쏘 쪼　(3) 꾸 뚜 뿌 쑤 쭈　(4) 끼 띠 삐 씨 찌

2. သေချာ နားထောင်ပြီး အဖြေမှန်ကို ရွေးပါ။

   (1) 가요　까요　(2) 차요　짜요　(3) 커요　꺼요
   (4) 사요　싸요　(5) 부리　뿌리　(6) 아파요　바빠요

3. သေချာ နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

(1) **까치**
ငှက်ကျား

(2) **어깨**
ပခုံး

(3) **귀뚜라미**
ပုရစ်

(4) **뿌리**
အမြစ်

(5) **아저씨**
ဦးလေးကြီး

(6) **찌개**
အရည်သောက်ဟင်း

4. သေချာနားထောင်ပြီး လိုက်ရေးပါ။ တစ်ခေါက် ထပ် နားထောင်ပြီး လိုက်ဆိုရင်း စစ်ကြည့်ပါ။

(1)

(2)

(3)

(4)

(5)

(6)

တစ်ခေါက် ထပ် နားထောင်ပြီး လိုက်ဆိုရင်း စစ်ကြည့်ပါ။

정답 2. (1) 가요 (2) 짜요 (3) 커요 (4) 싸요 (5) 뿌리 (6) 아파요
4. (1) 꼬리 (2) 토끼 (3) 짜다 (4) 뿌리 (5) 어깨 (6) 쓰다

7 받침 အသတ်များ

K-7

'အမျိုးသမီး' ဆိုတဲ့ မြန်မာစကားလုံးကို ရေးတဲ့အခါ သရတွေက ဗျည်းရဲ့ ဘေးနဲ့ အပေါ်မှာ ရှိပါတယ်။ ကိုရီးယားဘာသာစကားမှာတော့ '숙녀' ကို ရေးတဲ့အခါ ဗျည်းနဲ့ သရကို အရင်ရေးပြီး သူ့ရဲ့ အောက်မှာ နောက်ထပ် ဗျည်းတစ်လုံးကို ထပ်ရေးရပါတယ်။ အဲဒီလို ဗျည်းသရရဲ့အောက်မှာ ရေးတဲ့ ဗျည်းကို '받침(အသတ်)' လို့ ခေါ်ပါတယ်။

공 밥

အသတ်

ဗျည်း ၁၉ လုံးထဲက (ㄸ, ㅃ, ㅉ)ကတော့ အသတ်အဖြစ်နဲ့ အသုံးပြုလို့ မရတဲ့ ဗျည်းများ ဖြစ်ပါတယ်။ အသတ်သံတွေကတော့ စုစုပေါင်း (၇)လုံးပဲရှိပါတယ်။ အဲဒါတွေကတော့ (ㄱ, ㄴ, ㄷ, ㄹ, ㅁ, ㅂ, ㅇ) တွေပဲဖြစ်ပါတယ်။

အသတ်များ	အသံထွက်	ဥပမာ
ㄴ	[n]	안: [안]
ㅁ	[m]	암: [암]
ㅇ	[ŋ]	앙: [앙]
ㄹ	[l]	알: [알]
ㅂ, ㅍ	[p]	압, 앞: [압]
ㄱ, ㄲ, ㅋ	[k]	악, 앆, 앜: [악]
ㄷ, ㅌ, ㅅ, ㅆ, ㅈ, ㅊ, ㅎ	[t]	앋, 았, 앗, 았, 앚, 앛, 앟: [앋]

အသတ်သံတွေ လေ့ကျင့်ကြည့်ကြရအောင်။ သေချာ နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

나 [na]	마 [ma]	X	라 [ra]	바 [pa]	가 [ka]	다 [ta]
은 [ɨn]	음 [ɨm]	응 [ɨŋ]	을 [ɨl]	읍 [ɨp]	윽 [ɨk]	읃 [ɨt]

အဆင်ပြေရဲ့လား။ အသံထွက်ရတာ ခက်နေလား။

'밥' ဆိုတဲ့ စကားလုံးမှာ ဗျည်းနေရာနဲ့ အသတ်နေရာမှာ 'ㅂ'နှစ်ခါ ပါပါတယ်။ ဗျည်းနေရာက 'ㅂ'ကို ဖောက်ခွဲသံလို့ ခေါ်ပါတယ်။ အဆုတ်ထဲက လေကို နှုတ်ခမ်းကနေ ဖွင့်ဖောက်ထုတ်ရတာကြောင့်ဖြစ်ပါတယ်။ အသတ်နေရာက 'ㅂ'ကတော့ ပါးစပ်ပိတ်သံဖြစ်ပါတယ်။ ဥပမာ '읍'ကိုအသံထွက်တဲ့အခါလေကို ပါးစပ်ကနေ ပြန်ထွက်မသွားစေဘဲ ပိတ်ထားရသလိုပေါ့။ ဗျည်းချင်းတူပေမဲ့ နေရာအပေါ် မူတည်ပြီးအသံထွက်ပုံ ကွာခြားပါတယ်။

သေချာ နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

သရနဲ့ အသတ်ကို တွဲရေးကြည့်ကြရအောင်။ ဘေးသရနဲ့ပဲတွဲတွဲ၊ အောက်သရနဲ့ပဲတွဲတွဲ အသတ်ကိုစကားလုံးတစ်တွဲလုံးရဲ့ အောက်မှာ ရေးရပါတယ်။ ဘေးသရနဲ့ တွဲတဲ့ အသတ်တွေကို အရင် ရေးကြည့်ရအောင်။

CV C	ㅇㅣ	아
	ㅂ	ㄴ

아 + ㄴ	안						
야 + ㅁ	얌						
어 + ㅇ	엉						
여 + ㅂ	엽						
이 + ㄱ	익						

ပြီးရင်တော့ CDကို နားထောင်ပြီး တစ်ခုချင်း လိုက်ဆိုပါ။

သုညဗျည်းနဲ့ အောက်သရနဲ့ တွဲတဲ့ အသတ်တွေကို ရေးကြည့်ရအောင်။

C V C	요	우
	ㅇ	ㄴ

오 + ㄱ	옥							
요 + ㅁ	욤							
우 + ㅇ	웅							
유 + ㄴ	윤							
으 + ㅂ	읍							

ပြီးပြီလား။ ပြီးရင် CDကို နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

ဒီတစ်ခါတော့ ဗျည်း၊ ဝေးသရနဲ့ အသတ်ကို တွဲရေးကြည့်ရအောင်။

cv	ㅅ ㅏ	ㅈ ㅣ
c	ㄴ	ㅂ

ㅅ + ㅏ + ㄴ	산							
ㅈ + ㅣ + ㅂ	집							
ㅂ + ㅏ + ㅁ	밤							
ㄴ + ㅕ + ㅁ	념							
ㄱ + ㅕ + ㅇ	경							

တစ်ဆက်တည်းပဲ ဗျည်း၊ အောက်သရနဲ့ အသတ်ကို တွဲရေးကြည့်ရအောင်။

C	ㄱ	ㅁ
V	ㅗ	ㅜ
C	ㅁ	ㄹ

ㄱ + ㅗ + ㅁ	곰						
ㅁ + ㅜ + ㄹ	물						
ㄱ + ㅜ + ㄱ	국						
ㅈ + ㅡ + ㅂ	즙						
ㅂ + ㅗ + ㄴ	본						

ပြီးရင်တော့ CDကို နားထောင်ပြီး တစ်ခုချင်း လိုက်ဆိုပါ။

ကိုရီးယားစကားလုံးများမှာ နှစ်လုံးတွဲအသတ်တွေလည်း ရှိပါတယ်။
ဒါပေမဲ့ အသတ်သံကိုတော့ တစ်လုံးတည်းပဲ ထွက်ရပါတယ်။

값
[kap]

အောက်က စကားလုံးတွေကို ဖတ်ကြည့်ကြရအောင်။ CDကို နားထောင်ပြီး တစ်ခုချင်း လိုက်ဆိုပါ။

	여덟 [yʌdʌl]	**닭** [tak]	**몫** [mok]	
삶다 [samt'a]	**앉다** [ant'a]	**넓다** [nʌlt'a]	**맑다** [makt'a]	**젊다** [jʌmt'a]

ဘယ်လိုလဲ။ ခက်တဲ့ စကားလုံး ရှိရင် သေချာ ပြန်နားထောင်ပြီး ထပ်ဆိုကြည့်ပါ။

연습 လေ့ကျင့်ခန်း

1. သေချာ နားထောင်ပြီး အဖြေမှန်ကို ရွေးပါ။

(1) 곰 공　　(2) 달 답　　(3) 목 몸
(4) 방 발　　(5) 삼 산　　(6) 일 입

2. သေချာ နားထောင်ပြီး လိုက်ဆိုပါ။

(1) 눈 산 편지　　(2) 밤 마음 몸무게
(3) 공 양 강아지　　(4) 달 딸 일
(5) 집 잎 수업　　(6) 국 밖 부엌
(7) 옷 낮 꽃　　(8) 책 붓 아홉

3. သေချာ နားထောင်ပြီး ကြားရတဲ့ စကားလုံးကို ဝိုင်းပါ။

(1) 닭 (ㄹ, ㄱ)　　(2) 몫 (ㄱ, ㅅ)　　(3) 값 (ㅂ, ㅅ)
(4) 앉다 (ㄴ, ㅈ)　　(5) 삶 (ㄹ, ㅁ)　　(6) 넓다 (ㄹ, ㅂ)

4. သေချာ နားထောင်ပြီး လိုက်ရေးပါ။

(1)				
(2)				
(3)				
(4)				

(5)				
(6)				
(7)				
(8)				
(9)				
(10)				
(11)				
(12)				
(13)				
(14) 3				

정답 1. (1) 공 (2) 달 (3) 몸 (4) 방 (5) 산 (6) 입
3. (1) ㄱ (2) ㄱ (3) ㅂ (4) ㄴ (5) ㅁ (6) ㄹ
4. (1) 옷 (2) 양 (3) 집 (4) 입 (5) 일 (6) 잎 (7) 책 (8) 밖 (9) 구름 (10) 산 (11) 꽃 (12) 별 (13) 말 (14) 삼

ပြီးရင် စကားလုံး အားလုံးကို အသံထွက်ရင်း သုံးကြိမ်စီ ရေးပါ။

8 이어 읽기 အသံကူးခြင်း

K-8

အသတ်ပါတဲ့ စကားလုံးရဲ့ အနောက်မှာ သရနဲ့စတဲ့ စကားလုံး (ဗျည်းမဲ့သင်္ကေတ 'ㅇ') ရှိရင် ရှေ့က စကားလုံးရဲ့ အသတ်ဟာ နောက်က စကားလုံးရဲ့ ဗျည်းအဖြစ် အသံထွက်ရပါတယ်။

밥 을 → 바 블 을	[바블]
먹 어 요 → 머 거 요	[머거요]

CD ကို နားထောင်ပြီး လိုက်ဆိုကြည့်ပါ။
ရှေ့က စကားလုံးရဲ့ အသတ်က ဗျည်းနှစ်လုံးတွဲဖြစ်နေရင်တော့ ပထမအသတ်က ရှေ့စကားလုံးရဲ့ အသတ်သံဖြစ်ပြီး ဒုတိယအသတ်က နောက်စကားလုံးရဲ့ ဗျည်းဖြစ်ပါတယ်။ 'ㄹ' အသတ်က ဗျည်းနေရာကိုရောက်ရင် [r] သံထွက်ပါတယ်။

음악[으막]	한국어[한구거]	할아버지[하라버지]
집에[지베]	꽃이[꼬치]	이름이[이르미]
걸어요[거러요]	앉아요[안자요]	읽어요[일거요]

ကိုယ့်ဘာသာ တစ်ခေါက် ဖတ်ကြည့်ပါ။ ပြီးရင် ပြန်နားထောင်ပြီး စစ်ကြည့်ပါ။

연습 လေ့ကျင့်ခန်း

1. အောက်ပါတို့ကို ဖတ်ပါ။

(1) 물이	(2) 문을	(3) 앞에
(4) 닫아요	(5) 싶어요	(6) 있어요
(7) 깎아요	(8) 읽어요	(9) 앉아요

2. အောက်ပါ ဝါကျများကို ဖတ်ပါ။

(1) 창문을 닫으세요.	(2) 사진을 찍었어요.
(3) 책에 이름을 쓰세요.	(4) 물을 마시고 싶어요.
(5) 아침에 병원에 갔어요.	

စကားလုံးတွေကို အရေး လေ့ကျင့်ပါ။ ပြီးရင် အလျားလိုက် တစ်ခါ၊ ဒေါင်လိုက် တစ်ခါ အကြိမ်ကြိမ် ဖတ်ကြည့်ပါ။

သရ / ဗျည်း	ㅏ	ㅣ	ㅜ	ㅖ	ㅗ	ㅐ	ㅓ	ㅡ
ㄱ	가							
ㄴ		니						
ㄷ			두					
ㄹ				레				
ㅁ					모			
ㅂ						배		
ㅅ							서	
ㅇ								으
ㅈ								
ㅊ								
ㅋ								
ㅌ								
ㅍ								
ㅎ								
ㄲ								
ㄸ								
ㅃ								
ㅆ								
ㅉ								

03 교실 한국어

စာသင်ခန်းသုံး စကားများ

ဒီ သင်ခန်းစာမှာတော့ စာသင်ခန်းသုံး စကားများနဲ့ ပတ်သက်ပြီး လေ့ကျင့်သွားမှာ ဖြစ်ပါတယ်။ စာသင်ခန်းမှာ ရှိတဲ့ ပစ္စည်းတွေနဲ့ စာသင်ခန်းမှာ ပြောရတဲ့ စကားအသုံးအနှုန်းတွေကို ကြည့်ကြရအောင်။

Track 18

စာသင်ခန်းမှာ ဘယ်သူတွေ ရှိပါသလဲ။ ပြီးတော့ ဘာ ပစ္စည်းတွေ ရှိပါသလဲ။

선생님
ဆရာမ

학생
ကျောင်းသား

반 친구
(အတန်းထဲက)
သူငယ်ချင်း

칠판
ကျောက်သင်ပုန်း

책상
စာရေးစားပွဲ

의자
ကုလားထိုင်

책
စာအုပ်

공책
ဗလာစာအုပ်

연필
ခဲတံ

볼펜
ဘောပင်

지우개
ခဲဖျက်

필통
ခဲတံအိတ်

시계
နာရီ



달력
ပြက္ခဒိန်

창문
ပြတင်းပေါက်

문
တံခါး

Track 19

စာသင်ခန်းထဲမှာ မကြာခဏ ပြောတဲ့ စကားဆိုရင် ဘာတွေ ရှိမလဲ။ စဉ်းစားကြည့်ကြရအောင်။

책을 펴세요.
စာအုပ်ကို ဖွင့်ပါ။

책을 덮으세요.
စာအုပ်ကို ပိတ်ပါ။

보세요.
ကြည့်ပါ။

들으세요.
သေချာ နားထောင်ပါ။

따라하세요.
လိုက်ဆိုပါ။

읽으세요.
ဖတ်ပါ။

쓰세요.
ရေးပါ။

이야기하세요.
ပြောပါ။

대답하세요.
ဖြေပါ။

알겠어요?
နားလည်ပြီလား။

네, 알겠습니다.
ဟုတ်ကဲ့၊ နားလည်ပါပြီ။

아니요, 모르겠습니다.
ဟင့်အင်း၊ နားမလည်သေးပါဘူး။

질문 있어요?
မေးစရာ ရှိလား။

네, 질문 있습니다.
ဟုတ်ကဲ့၊ မေးစရာ ရှိပါတယ်။

아니요, 질문 없습니다.
ဟင့်အင်း၊ မေးစရာ မရှိပါဘူး။

04 안녕하세요

မင်္ဂလာပါ။

ဒီ သင်ခန်းစာမှာတော့ ကိုရီးယားလို နှုတ်ဆက်ပုံ အမျိုးမျိုးကို လေ့လာကြည့်ကြရအောင်။

Track 20

တစ်ယောက်နဲ့ တစ်ယောက် တွေ့ရင် ဘယ်လို နှုတ်ဆက်ကြမလဲ။

တစ်ယောက်နဲ့ တစ်ယောက် လမ်းခွဲကြတဲ့အခါ ဘယ်လို နှုတ်ဆက်ကြမလဲ။

ကျေးဇူးတင်တဲ့အခါနဲ့ တောင်းပန်တဲ့အခါမှာ ဒီလို ပြောရပါတယ်။

05 주말 잘 보내세요

ပိတ်ရက်မှာ အေးအေးဆေးဆေး နားပါ။

ဒီ သင်ခန်းစာမှာတော့ သင်ခန်းစာ(၄)က နှုတ်ဆက်စကားများရဲ့ နောက်ဆက်တွဲအားဖြင့် ကိုရီးယားယဉ်ကျေးမှုရဲ့ နှုတ်ဆက်နည်းများကို ထပ်ဆင့် လေ့လာသွားမှာ ဖြစ်ပါတယ်။

Track 21

မနက် အိပ်ရာထချိန်နဲ့ ညအိပ်ရာဝင်ချိန် နှုတ်ဆက်နည်းကို လေ့လာကြည့်ရအောင်။

အစာ မစားမီနဲ့ စားပြီးရင်လည်း အခုလို နှုတ်ဆက်ရပါတယ်။

ရက်သတ္တပတ် ကုန်ဆုံးချိန် လမ်းခွဲကြတဲ့အခါ ဘယ်လို နှုတ်ဆက်ကြမလဲ။

ဂုဏ်ပြုစကားကိုရော ဘယ်လို ပြောရမလဲ။

06 저는 투안입니다

ကျွန်တော်က ထူအန်းပါ။

학습 안내
သင်ရိုး အညွှန်း

- **သင်ခန်းစာ ရည်ရွယ်ချက်** မိမိကိုယ်ကို မိတ်ဆက်ခြင်း
- **သဒ္ဒါ** 입니다, 입니까
- **ဝေါဟာရ** နိုင်ငံအမည်များ ၊ အလုပ်အကိုင်
- **သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု** နှုတ်ဆက်ခြင်း

대화 1 စကားပြော ၁

Track 22

အောက်မှာ မင်းဆူနဲ့ ထူအန်းတို့ စကားပြောနေတာလေး ဖော်ပြထားပါတယ်။ သူတို့ နှစ်ယောက် တစ်ဦးနှင့် တစ်ဦး အပြန်အလှန် နှုတ်ဆက်နေပါတယ်။ အရင်ဆုံး သူတို့ ပြောတာကို နှစ်ခေါက် နားထောင်ပြီး လိုက်ဆိုကြည့်ရအောင်။

민수 안녕하세요.
မင်္ဂလာပါ။
저는 이민수입니다.
ကျွန်တော် အီမင်းဆူပါ။

투안 안녕하세요.
မင်္ဂလာပါ။
저는 투안입니다.
ကျွန်တော် ထူအန်းပါ။
저는 베트남 사람입니다.
ကျွန်တော်က

저 ကျွန်တော်၊ ကျွန်မ
ပြောသူက တဖတ်သားနှင့် စကားပြောချိန် မိမိကိုယ်ကို နှိမ့်ချပြောဆိုသော စကား
- 저는 이영진입니다. ကျွန်မ အီယောင်းဂျင်း ဖြစ်ပါတယ်။
- 저는 미얀마 사람입니다. ကျွန်တော်ကတော့ မြန်မာလူမျိုးပါ။

안녕하세요 မင်္ဂလာပါ
တခြားသူနှင့် တွေ့ဆုံနှုတ်ဆက်ချိန် အသုံးပြုသော အသုံးအနှုန်း
- 안녕하세요. 저는 이민수입니다. မင်္ဂလာပါ။ ကျွန်တော် အီမင်းဆူပါ။
- 안녕하세요. 만나서 반갑습니다. မင်္ဂလာပါ။ တွေ့ ရတာ ဝမ်းသာပါတယ်။

အသေအချာ နားထောင်ပြီး လိုက်ဆိုပြီးပြီလား။ အောက်က မေးခွန်းတွေ ဖြေပေးပါ။

1. 투안 씨는 누구와 인사를 했어요? ထူအန်းက ဘယ်သူနဲ့ နှုတ်ဆက်ခဲ့လဲ။
2. 투안 씨는 어느 나라 사람이에요? ထူအန်းက ဘာလူမျိုးလဲ။

정답 1. 민수 씨와 인사를 했어요. 2. 베트남 사람입니다.

어휘 1 ဝေါဟာရ ၁ — 나라 နိုင်ငံ

အောက်ပါ အလံများမှာ ကိုရီးယားသို့ အလုပ် လာလုပ်သူများရဲ့ နိုင်ငံအလံများ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ အလံများနဲ့ ပတ်သက်ပြီး သင်ယူကြရအောင်။

한국
တောင်ကိုရီးယား

미얀마
မြန်မာ

네팔
နီပေါ

동티모르
အရှေ့တီမော

몽골
မွန်ဂို

필리핀
ဖိလစ်ပိုင်

방글라데시
ဘင်္ဂလားဒေ့ရှ်

베트남
ဗီယက်နမ်

스리랑카
သီရိလင်္ကာ

우즈베키스탄
ဥဇဘက်ကစ္စတန်

중국
တရုတ်

캄보디아
ကမ္ဘောဒီးယား

키르기스스탄
ကာဂျစ္စတန်

태국
ထိုင်း

파키스탄
ပါကစ္စတန်

인도네시아
အင်ဒိုနီးရှား

Tip 입니다 ဖြစ်တယ်

မြန်မာစကားမှာ ကြိယာရဲ့ မူရင်းပုံစံကို ပြောတဲ့အခါ '-သည်' ကို သုံးပါတယ်။ ဥပမာ 'ဖြစ်သည်' 'ချစ်သည်' စသည်ဖြင့် ရှိပါတယ်။ အလားတူပဲ ကိုရီးယားစကားမှာလည်း ကြိယာရဲ့ မူရင်းပုံစံကို ပြောတဲ့အခါ '-다'ကို သုံးပါတယ်။ '이다' ဆိုရင် 'ဖြစ်သည်'ဆိုတဲ့ အဓိပ္ပါယ်ဖြစ်ပါတယ်။ 'ဖြစ်သည်'ဆိုတဲ့ စကားလုံးကို ဝါကျထဲမှာ သုံးချင်ရင် ဝါကျအဆုံးသတ်စကားလုံး '-တယ' နဲ့ တွဲပေးရပါတယ်။ အလားတူပဲ ကိုရီးယားစကားမှာလည်း စကားလုံးကို ဝါကျဖွဲ့ချင်ရင် ကြိယာနဲ့ ဝါကျအဆုံးသတ်စကားလုံးကို တွဲပေးရပါတယ်။

- ဥပမာ '이다 + ㅂ니다 = 입니다' : 이것은 펜입니다. ဒါက ဘောပင်ဖြစ်ပါတယ်။
- မေးခွန်းဝါကျဆိုရင် '이다 + ㅂ니까 = 입니까?' : 이것은 펜입니까? ဒါက ဘောပင်ဖြစ်ပါသလား။

문법 1 သဒ္ဒါ ၁ 입니다

G06-1

'입니다' ကိုတော့ နာမည်၊ နိုင်ငံသား၊ အလုပ်အကိုင် စသည်ဖြင့် မိမိကိုယ်ကို မိတ်ဆက်ရာတွင် သုံးပါသည်။ နားထောင်သူကို လေးစားသောအားဖြင့် သုံးသော ယဉ်ကျေးသည့် အသုံးအနှုန်းဖြစ်ပါသည်။

· 가: 한국 사람**입니다**. ကိုရီးယားလူမျိုး ဖြစ်ပါတယ်။ 나: 저는 민수**입니다**. ကျွန်တော်ကတော့ မင်းဆူပါ။

비교해 보세요 နှိုင်းယှဉ်ကြည့်ပါ။

✓ '입니다' နှင့် '이/가 아닙니다'

'입니다' ပြုသူ၏ ဖြစ်ခြင်း သို့မဟုတ် ဟုတ်မှန်ခြင်းကို ဖော်ပြရာတွင် အသုံးပြုသည်။ '아닙니다' သည် '입니다' နှင့် ဆန့်ကျင်စွာ မဟုတ်ကြောင်းကို ဖော်ပြသည်။ '아닙니다' သည် ကြီယာပုဒ်ဖြစ်သောကြောင့် အရေ့မှ နာမ်ပုဒ်များနှင့် ခွဲရေးသည်။

· 저는 한국 사람**입니다**.(O)
· 저는 한국 사람아닙니다.(X)
· 저는 한국 사람**이 아닙니다**.(O)

'입니다' ကို နားလည်ရင် အောက်ပါဝါကျများကို ဥပမာပေးထားတဲ့အတိုင်း ဖြည့်ပေးပါ။

1. 〈보기〉처럼 문장을 완성하세요. ဥပမာအတိုင်း ဝါကျများကို ဖြည့်ပေးပါ။

보기

투안

저는 투안입니다. ကျွန်တော် ထူအန်းပါ ။

1)
리한 _____.

2)
수피카 _____.

2. 〈보기〉처럼 문장을 완성하세요. ဥပမာအတိုင်း ဝါကျများကို ဖြည့်ပေးပါ။

보기

베트남

저는 베트남 사람입니다. ကျွန်တော် ဗီယက်နမ်လူမျိုးပါ။ .

1)
파키스탄 _____.

2)
태국 _____.

정답 1. 1) 저는 리한입니다 2) 저는 수피카입니다 2. 1) 저는 파키스탄 사람입니다 2) 저는 태국 사람입니다

대화 2 စကားပြော ၂

Track 23

ထူအန်းနဲ့ ဂျွန်ဂူဟာ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် နှုတ်ဆက်နေကြပါတယ်။ ပြီးတော့ သူတို့ရဲ့ နိုင်ငံနဲ့ အလုပ်အကိုင်အကြောင်း ပြောနေကြပါတယ်။ သူတို့ ဘယ်နိုင်ငံက လာတာလဲ။ အရင်ဆုံး နှစ်ခေါက် နားထောင်ကြည့်ရအောင်။

투안 저는 투안입니다.
ကျွန်တော် ထူအန်းပါ။

준구 어느 나라 사람입니까?
ဘယ်နိုင်ငံသားလဲ။

투안 베트남 사람입니다.
ဗီယက်နမ်လူမျိုးပါ။

준구 학생입니까?
ကျောင်းသားလား။

투안 아니요, 회사원입니다.
မဟုတ်ပါဘူး။ ကုမ္ပဏီဝန်ထမ်းပါ။

어느 ကျွန်တော်၊
ဘယ် N. အများအပြား ရှိသည့် အထဲမှ ရည်ရွယ်ဦးတည်ရာကို မေးသော အချိန်အသုံးပြုသည့် စကား

가: 어느 나라 사람입니까?
ဘယ်နိုင်ငံသားလဲ။

나: 한국 사람입니다.
ကိုရီးယားလူမျိုးပါ။

아니요 မဟုတ်ဘူး
ဖြစ်ရပ်တစ်ခုကို ငြင်းဆိုသော အဓိပ္ပါယ်ဖြင့် သုံးသည့် စကား။ လက်ခံသော အဓိပ္ပါယ်ဖြင့် သုံးချိန်တွင် '네' ကို အသုံးပြုသည်။

가: 러시아 사람입니까?
ရုရှား လူမျိုး ဖြစ်ပါသလား။

나: 아니요, 미얀마 사람입니다.
မဟုတ်ပါဘူး။ မြန်မာလူမျိုးပါ။

အခု သင့်ကိုယ်သင် ထူအန်းနဲ့ ဂျွန်ဂူတို့ နေရာမှာ ဝင်သရုပ်ဆောင်ပြီး လိုက်ပြောကြည့်ရအောင်။ သေချာ နားထောင်ပြီး လိုက်ဆိုပြီးပြီလား။ အောက်ပါ မေးခွန်းတွေ ဖြေကြည့်ရအောင်။

1. 투안 씨는 어느 나라 사람이에요? ထူအန်းက ဘယ်နိုင်ငံက လာတာလဲ။
2. 투안 씨의 직업은 뭐예요? ထူအန်းက ဘာလုပ်လဲ။

정답 1. 베트남 사람입니다. 2. 회사원입니다.

어휘 2 စကားပြော ၂ 직업 အလုပ်အကိုင်

အလုပ်အကိုင်နဲ့ ပတ်သက်တဲ့ ဝေါဟာရတွေ သင်ယူရအောင်။

학생
ကျောင်းသား

선생님
ဆရာမ

회사원
ကုမ္ပဏီဝန်ထမ်း

주부
အိမ်ရှင်မ

경찰관
ရဲသား

소방관
မီးသတ်သမား

공무원
အစိုးရဝန်ထမ်း

점원
အရောင်းစာရေး

의사
ဆရာဝန်

간호사
သူနာပြု

요리사
စားဖိုမှူး

운전기사
ဒရိုင်ဘာ

기술자
အင်ဂျင်နီယာ

목수
လက်သမား

농부
လယ်သမား

어부
တံငါသည်

အပေါ်က သင်ယူခဲ့တဲ့ ဝေါဟာရလေးတွေ ပြန်စဉ်းစားပြီး အောက်မှ မေးခွန်းတွေ ဖြေကြည့်ပါ။

1. 그림을 보고 〈보기〉처럼 알맞은 말을 연결하세요.
ဥပမာပေးထားတဲ့အတိုင်း ဝေါဟာရနဲ့ ကိုက်ညီတဲ့ ပုံကို တွဲပေးပါ။

보기

①

②

③

④

㉠ 주부　㉡ 의사　㉢ 학생　㉣ 경찰관　㉤ 회사원

정답 ① ㉢ ② ㉠ ③ ㉤ ④ ㉣

문법 2 သဒ္ဒါ ၂ 입니까

G06-2

'입니다' ကဲ့သို့ ယဉ်ကျေးမှုအသုံးအနှုန်းဖြစ်ပြီး မေးခွန်းပုံစံတွင် သုံးပါသည်။

· 가: 어느 나라 사람**입니까**? ဘာလူမျိုးလဲ။
  나: 저는 미얀마 사람입니다. ကျွန်တော်ကတော့ မြန်မာလူမျိုး ဖြစ်ပါတယ်။
· 가: 회사원**입니까**? ကုမ္ပဏီဝန်ထမ်းလား?
  나: 네, 회사원입니다. ဟုတ်ပါတယ်။

'입니까?' နှင့်အတူ ဥပမာအတိုင်း စာကြောင်းများကို ဖြည့်ပေးပါ။

2. 〈보기〉처럼 문장을 완성하세요. ဥပမာအတိုင်း စာကြောင်းများကို ဖြည့်ပေးပါ။

보기 학생 → 학생입니까? ကျောင်းသားလား။

1) 회사원 → _____?
2) 소방관 → _____?
3) 간호사 → _____?
4) 기술자 → _____?

정답 1) 회사원입니까 2) 소방관입니까 3) 간호사입니까 4) 기술자입니까

'입니까?' နှင့်အတူ ပုံအတိုင်း စာကြောင်းများကို ဖြည့်ပေးပါ။

1.
가: 중국 사람입니까?
나: 아니요, _____.

2.
가: 간호사 _____?
나: 아니요, _____.

3.
가: 요리사 _____?
나: 아니요, _____.

정답 1. 태국 사람입니다 2. 입니까, 의사입니다 3. 입니까, 기술자입니다

활동 အသုံးချသင်ခန်းစာများ

〈보기〉처럼 친구들과 이름, 국적, 직업을 묻고 대답해 보세요.
ဥပမာအတိုင်း သူငယ်ချင်းနဲ့အတူ သူတို့ နာမည်၊နိုင်ငံသားနဲ့ အလုပ်အကိုင်အကြောင်းကို မေးခွန်း မေးပြီး ဖြေကြည့်ရအောင်။

보기

투안 : 이름이 무엇입니까? နာမည် ဘယ်လို ခေါ်လဲ။
리한 : 리한입니다. ငါ ရီဟန်ပါ။
투안 : 어느 나라 사람입니까? ဘာလူမျိုးလဲ။
리한 : 파키스탄 사람입니다. ပါကစ္စတန်လူမျိုးပါ။
투안 : 회사원입니까? ကုမ္ပဏီဝန်ထမ်းလား။
리한 : 네, 회사원입니다. ဟုတ်ကဲ့၊ ကုမ္ပဏီဝန်ထမ်းပါ။

	이름 နာမည်	국적 နိုင်ငံသား	직업 အလုပ်အကိုင်
보기	리한 ရီဟန်	파키스탄 사람 ပါကစ္စတန်	회사원 ကုမ္ပဏီဝန်ထမ်း
1			
2			
3			
4			
5			

유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

처음 뵙겠습니다. တွေ့ရတာ ဝမ်းသာပါတယ်။

가: 만나서 반가워요. တွေ့ရတာ ဝမ်းသာပါတယ်။
나: 투안이라고 합니다. **처음 뵙겠습니다.** ထူအန်းလို့ ခေါ်ပါတယ်။ **တွေ့ရတာ ဝမ်းသာပါတယ်။**

정보 သတင်းအချက်အလက်

인사 예절 နှုတ်ဆက်ခြင်း

자신보다 나이가 많거나 지위가 높은 사람과 인사할 때

ကိုရီးယားများသည် မိမိထက် ရာထူးကြီးသော သို့မဟုတ် အသက်ကြီးသော သူများနှင့် နှုတ်ဆက်သည့်အခါ ခါးညွတ်ပြီး နှုတ်ဆက်ပါသည်။

처음 만나는 사람과 인사할 때

ပထမဆုံး တွေ့သူနှင့် နှုတ်ဆက်သည့်အခါ လက်ဆွဲ နှုတ်ဆက်ပါသည်။

직장 동료나 아는 사람과 인사할 때

ကိုရီးယားများသည် အလုပ်ခွင်တွင် လုပ်ဖော်ကိုင်ဖက် အသိများနှင့် နှုတ်ဆက်သည့်အချိန် ခေါင်းငုံ့နှုတ်ဆက်လေ့ရှိပါသည်။

자신보다 나이가 어리거나 친한 사람과 인사할 때

ကိုရီးယားများသည် အသိများ သို့မဟုတ် မိမိထက် ငယ်သူများနှင့် နှုတ်ဆက်သည့်ချိန်တွင် လက်ပြနှုတ်ဆက်လေ့ရှိပါသည်။

내용 확인 ဥာဏ်စမ်းမေးခွန်း

✚ 빈칸에 알맞은 말을 쓰세요. ကွက်လပ်တွင် သင့်တော်သော စကားလုံးကို ဖြည့်ပါ။

(1) 어른을 만나면 '　　'라고 인사합니다.
အသက်ကြီးသူ သို့မဟုတ် ရာထူးကြီးသူနှင့် တွေ့ဆုံသည့် အချိန် 'မင်္ဂလာပါ' ဟု နှုတ်ဆက်ပါသည်။

(2) 처음 만나는 사람에게는 '　　'라고 인사합니다.
ပထမဆုံးအကြိမ် တွေ့ဆုံလျှင် "တွေ့ရတာ ဝမ်းသာပါတယ်" ဟု နှုတ်ဆက်ပါသည်။

(3) 친구를 만나면 '　　'이라고 인사합니다.
သူငယ်ချင်းနှင့် တွေ့ဆုံချိန် 'ဟိုင်း' ဟု နှုတ်ဆက်ပါသည်။.

정답 (1) 안녕하세요 (2) 만나서 반갑습니다 (3) 안녕

EPS-TOPIK 듣기 EPS-TOPIK အကြား စာမေးပွဲ

မေးခွန်း ၁နဲ့ ၂မှာ နိုင်ငံသားလူမျိုးကို ရွေးချယ်တဲ့ မေးခွန်းများ ဖြစ်ပါတယ်။ သေချာ နားထောင်ပြီး ရွေးပေးပါ။

[1~3] 들은 것을 고르십시오. နားထောင်ပြီး အဖြေ ရွေးပေးပါ။

Track 24

1. ① 중국 ② 네팔 ③ 한국 ④ 몽골

2. ① 태국 ② 미얀마 ③ 베트남 ④ 필리핀

3. ① 동티모르 ② 스리랑카 ③ 캄보디아 ④ 파키스탄

မေးခွန်း ၄နဲ့ ၅မှာ အလုပ်အကိုင်နဲ့ ပတ်သက်သော မေးခွန်းများ ဖြစ်ပါတယ်။ နားမထောင်ခင် ပုံကို သေချာကြည့်ပြီး သင့်တော်သော အလုပ်အကိုင်ကို ရှာပေးပါ။

[4~5] 다음 그림을 보고 알맞은 것을 고르십시오. ပုံအတိုင်း သင့်တော်သော စာလုံးများကို ရွေးပေးပါ။

4. ① ② ③ ④

5. ① ② ③ ④

듣기 대본 စာသား

1. 여: 한국 ကိုရီးယား
2. 남: 미얀마 မြန်မာ
3. 여: 동티모르 အရှေ့တီမော
4. ① 남: 의사 ဆရာဝန်　② 남: 목수 လက်သမား
   ③ 남: 학생 ကျောင်းသား　④ 남: 주부 အိမ်ရှင်မ
5. ① 여: 회사원 ကုမ္ပဏီဝန်ထမ်း　② 여: 소방관 မီးသတ်သမား
   ③ 여: 요리사 စားဖိုမှူး　④ 여: 기술자 အင်ဂျင်နီယာ

정답 1. ③ 2. ② 3. ① 4. ① 5. ③

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန် L-06

1. 들은 것을 고르십시오. မေးခွန်းကို နားထောင်ပြီး အဖြေကို ရွေးပါ။

   ① 몽골　② 중국　③ 파키스탄　④ 인도네시아

2. 질문에 알맞은 대답을 고르십시오.
   မေးခွန်းနှင့် သင့်တော်သော အဖြေကို ရွေးပေးပါ။

   ① 네, 학생입니다.　② 아니요, 농부입니다.
   ③ 네, 베트남 사람입니다.　④ 아니요, 리한입니다.

확장 연습 듣기 대본 ထပ်ဆောင်း လေ့ကျင့်ရန် စာသား

1. 남: 몽골 မွန်ဂို
2. 남: 회사원입니까? ကုမ္ပဏီဝန်ထမ်းလား။

정답 1. ① 2. ②

EPS-TOPIK 읽기 EPS-TOPIK အဖတ် စာမေးပွဲ

မေးခွန်း ၁နဲ့ ၂မှာ အလုပ်အကိုင်နဲ့ ပတ်သက်တဲ့ စကားလုံးတွေ ဖြစ်ပါတယ်။ ပုံကို သေချာကြည့်ပြီး မှန်ကန်တဲ့ အလုပ်အကိုင်ကို ရွေးပေးပါ။

[1~2] 다음 그림을 보고 맞는 단어를 고르십시오. ပုံကို ကြည့်ပြီး သင့်တော်သော စကားလုံးကို ရွေးပေးပါ။

1.

① 회사원 ② 선생님
③ 경찰관 ④ 공무원

2.

① 점원 ② 어부
③ 목수 ④ 농부

မေးခွန်း ၃မှာ နိုင်ငံသားနဲ့ ပတ်သက်တဲ့ စကားလုံးကို ရွေးချယ်ပေးရမှာ ဖြစ်ပြီး မေးခွန်း ၄မှာ နာမည်နဲ့ ပတ်သက်ပြီး ရွေးပေးရမှာပါ။ မေးခွန်း ၅မှာ ဟုတ်ကဲ့ သို့မဟုတ် မဟုတ်ပါဘူး နဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီနေ့ လေ့လာသင်ယူခဲ့တာကို သေချာစဉ်းစားပြီး ဖြေကြည့်ရအောင်။

[3~5] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်တွင် အသင့်တော်ဆုံး စကားလုံးကို ရွေးပေးပါ။

3. 저는 베트남 _____ 입니다. ကျွန်တော် ဗီယက်နမ်လူမျိုးပါ။

① 몽골 ② 사람 ③ 인사 ④ 나라

4. 가: _____이 무엇입니까? နာမည် ဘယ်လိုခေါ်ပါသလဲ။
나: 리한입니다. ရီဟန်ပါ။

① 한국 ② 직업 ③ 이름 ④ 점원

5. 가: 학생입니까? ကျောင်းသားလား။
나: _____, 회사원입니다. မဟုတ်ပါဘူး။ ကုမ္ပဏီဝန်ထမ်းပါ။

① 네 ② 아니요 ③ 괜찮아요 ④ 감사합니다

정답 1. ② 2. ④ 3. ② 4. ③ 5. ②

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန်

[1~3] 다음 그림을 보고 맞는 문장을 고르십시오.
အောက်ပါ ပုံကို ကြည့်ပြီး သင့်တော်သော ဝါကျကို ရွေးပေးပါ။

1.

① 태국 사람입니다.
② 중국 사람입니다.
③ 미얀마 사람입니다.
④ 우즈베키스탄 사람입니다.

2.

① 가위입니다.
② 필통입니다.
③ 볼펜입니다.
④ 지갑입니다.

[3~4] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်တွင် အသင့်တော်ဆုံး အဖြေကို ရွေးထည့်ပေးပါ။

3.

가: _____?
나: 아니요, 간호사입니다. မဟုတ်ပါဘူး။ သူနာပြုပါ။

① 회사원입니까
② 리한 씨입니까
③ 한국 사람입니까
④ 어느 나라 사람입니까

4.

가: 안녕히 계세요. ခွင့်ပြုပါဦး။
나: _____.

① 안녕하세요
② 실례합니다
③ 안녕히 가세요
④ 처음 뵙겠습니다

정답 1. ③ 2. ① 3. ① 4. ③

발음 အသံထွက် P-01

သေချာ နားထောင်ပြီး လိုက်ဆိုပါ။

ကိုရီးယားဘာသာစကားမှာ သံတိုသရ (၈)လုံး (아, 이, 우, 애, 오, 에, 어, 으) ရှိပါတယ်။
လူငယ်အတော်များများကတော့ ဒီသရတွေထဲက 'ㅔ [e]' နဲ့ 'ㅐ [æ]' အသံကို ခွဲခြားပြီး မထွက်နိုင်ကြတော့ပါဘူး။

(1) 이, 에, 애, 아
(2) 우, 오, 어, 아, 우, 으
(3) 아이, 오이, 아우, 우애

07 여기가 사무실이에요

ဒါ ရုံးခန်းပါ။

학습 안내 သင်ရိုး အညွှန်း

- **သင်ခန်းစာ ရည်ရွယ်ချက်** နေရာနှင့် ပစ္စည်းများအကြောင်း အမေးအဖြေ
- **သဒ္ဒါ** 이/가, 이에요/예요
- **ဝေါဟာရ** နေရာ၊ ပစ္စည်း
- **သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု** ကိုရီးယားနိုင်ငံ၏ ကြမ်းခင်းပေါ် ထိုင်ခြင်း ယဉ်ကျေးမှုဓလေ့နှင့် လူနေမှုအသုံးအဆောင်ပစ္စည်းများ

대화 1 စကားပြော ၁

Track 25

အောက်တွင် မင်းဆူနဲ့ ထူအန်းတို့ စကားပြောတာကို ဖော်ပြထားပါတယ်။ မင်းဆူက ထူအန်းကို ကုမ္ပဏီမှ အိမ်သာနဲ့ ရုံးခန်းများ အကြောင်း ပြောပြနေတာပါ။ အရင်ဆုံး နှစ်ခေါက် နားထောင်ကြည့်ပြီး လိုက်ပြောကြည့်ရအောင်။

투안 여기가 사무실입니까?
ဒါ ရုံးခန်းလား။

민수 네, 사무실입니다.
ဟုတ်ကဲ့၊ ဒါ ရုံးခန်းပါ။

투안 화장실이 어디입니까?
အိမ်သာ ဘယ်မှာလဲ။

민수 저기입니다.
ဟိုမှာပါ။

여기 ဒီနေရာ၊ ဒီ
- 여기가 사무실입니다. ဒါ ရုံးခန်းပါ။
- 여기가 집입니다. ဒါ အိမ်ပါ။

어디 ဘယ်မှာ
- 사무실이 어디입니까? ရုံးခန်း ဘယ်မှာလဲ ။
- 저기가 어디입니까? အဲ့ဒါ ဘယ်နေရာလဲ။

အသေအချာ နားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းကို ဖြေပေးပါ။

1. 민수 씨는 무엇을 하고 있어요? မင်းဆူ ဘာလုပ်နေလဲ။
2. 두 사람은 지금 어디에 있어요? သူတို့ အခု ဘယ်မှာလဲ။

정답 1. 회사를 소개하고 있어요. 2. 사무실에 있어요.

어휘 1 ဝေါဟာရ ၁ 장소 နေရာ

အောက်တွင် နေရာများကို ဖော်ပြထားပါတယ်။ အရင်ဆုံး သင် သိသော ဝေါဟာရ ရှိလား ရှာကြည့်ပါ။ ပြီးနောက် ပုံကို ကြည့်ပြီး ကိုရီးယားလို ဘယ်လိုခေါ်လဲ လေ့လာရအောင်။

여기
ဒီမှာ

저기
ဟိုးမှာ

거기
အဲ့မှာ

어디
ဘယ်မှာ

회사
ကုမ္ပဏီ

사무실
ရုံးခန်း

화장실
အိမ်သာ

식당
စားသောက်ဆိုင်

집
အိမ်

기숙사
အဆောင်

세탁소
အဝတ်လျှော်ဆိုင်

미용실
အလှပြင်ဆိုင်

시장
ဈေး

마트
ကုန်စုံဆိုင်

편의점
၂၄နာရီ ကုန်စုံဆိုင်

슈퍼마켓
စူပါမားကတ်

အပေါ်မှ ဝေါဟာရများကို မကြည့်ဘဲ ဖြေကြည့်ပါ။

1. 그림을 보고 알맞은 단어를 연결하세요. ပုံနှင့် သင့်တော်သော ဝေါဟာရကို တွဲပေးပါ။

①

②

③

④

㉠ 회사　㉡ 사무실　㉢ 집　㉣ 화장실

정답 ① ㉢ ② ㉠ ③ ㉡ ④ ㉣

문법 1 သဒ္ဒါ ၁ 이/가

G07-1

'이/가' ကတော့ နာမ်ပုဒ်ကို အထောက်အကူပြုသော အသုံးအနှုန်းဖြစ်ပါသည်။ '이' ကို ဗျည်းအသတ်နှင့် ဆုံးပါက သုံးပြီး '가' ကိုတော့ သရနှင့် ဆုံးပါက အသုံးပြုသည်။

자음 (ဗျည်း) + 이	모음 (သရ) + 가
사무실이	여기가

· 여기**가** 사무실입니다. ဒီမှာက ရုံးခန်းပါ။

· 시장**이** 어디입니까? ဈေးက ဘယ်မှာလဲ။

비교해 보세요 နှိုင်းယှဉ်ကြည့်ပါ။

✓ '이/가' နှင့် '은/는'

'이/가' နှင့် '은/는' သည် ဝါကျ၏ ပြုသူနောက်တွင် အသုံးပြုသည်။ '이/가' ကို ပြုသူ၏ နောက်တွင်သာ အသုံးပြုနိုင်သော်လည်း '은/는' ကို ရည်ရွယ်ချက်ပြုပုဒ်၊ ကြိယာဝိသေသနပုဒ်တွင်လည်း သုံးနိုင်သည်။ ထို့ပြင် '은/는' သည် ယှဉ်တွဲပြုပုဒ် သို့မဟုတ် ဆိုလိုရင်းကို ဖော်ပြရာပေးနိုင်စွမ်းရှိသော်လည်း '이/가' မှာ ထိုကဲ့သို့သော နေရာတွင် မသုံးဘဲ အသစ် ဖြစ်ပျက်သော အကြောင်းအရာကို ဖော်ပြသည့် အခါတွင် သုံးသည်။

· 제 이름이 김민수입니다.(X)
· 제 이름**은** 김민수입니다.(O)
· 어떤 사람**이** 길을 물었습니다.(O)
· 어떤 사람은 길을 물었습니다.(X)

'이/가' နဲ့ ပတ်သက်ပြီး နားလည်ပြီလား။ ဒါဆို အောက်က ဝါကျများကို ဥပမာအတိုင်း ဖြည့်ကြည့်ပါ။

2. 〈보기〉처럼 '이/가'를 사용해서 문장을 완성하세요.
'이/가' ကို အသုံးပြုပြီး ဝါကျဖြည့်ပါ။

보기 화장실(이) 어디입니까? အိမ်သာ ဘယ်မှာလဲ။

1) 식당(　　) 어디입니까?
စားသောက်ဆိုင်က ဘယ်မှာလဲ။

2) 세탁소(　　) 어디입니까?
အဝတ်လျှော်ဆိုင် ဘယ်မှာလဲ။

3) 여기(　　) 시장입니다.
ဒီနေရာက ဈေးပါ။

4) 편의점(　　) 저기입니다.
ဟိုမှာ ၂၄နာရီဆိုင် ရှိတယ်။

정답 1) 이 2) 가 3) 가 4) 이

ထပ်ပြီး လေ့လာကြဦးမလား။ အောက်က ပုံကို ကြည့်ပြီး '이/가' ဖြည့်ပေးပါ။

1.

_____이/가 어디입니까?

2.

_____이/가 어디입니까?

정답 1. 시장이 2. 슈퍼마켓이

대화 2 စကားပြော ၂

Track 26

ရီဟန်နဲ့ ထူအန်းတို့ဟာ အဆောင်အခန်းမှာ ရှိတဲ့ ပစ္စည်းတွေ အကြောင်း ပြောနေကြတယ်။ အရင်ဆုံး ပြောတာကို နှစ်ခေါက် နားထောင်ပြီး လိုက်ဆိုကြည့်ရအောင်။

리한　여기가 기숙사예요.
ဒါ အဆောင်ပါ။
이건 기숙사 열쇠예요.
ဒီဟာကတော့ အခန်းသော့ပါ။

투안　감사합니다.
ကျေးဇူးတင်ပါတယ်။
그런데 저게 뭐예요?
ဒါနဲ့ ဟိုဟာက ဘာလဲ။

리한　가족사진이에요.
အဲ့ဒါ ကျွန်တော့် မိသားစုဓာတ်ပုံ

그런데 ဒါနဲ့
ဒုတိယဝါကျမှာ အကြောင်းအရာ ခေါင်းစဉ် ပြောင်းပြီး ပြောချင်တဲ့အခါ ဝါကျဆက်အနေနဲ့ သုံးပါတယ်။

· 가: 사무실이 어디예요?
ရုံးခန်း ဘယ်မှာလဲ။
나: 저기예요. 그런데 사무실에 왜 가요?
ဟိုမှာပါ။ ဒါနဲ့ ရုံးခန်းကို ဘာလို့ သွားတာလဲ။

뭐 ဘာ
무엇 အတိုကောက်
· 이름이 뭐예요?
နာမည် ဘယ်လိုခေါ်လဲ။
· 이게 뭐예요?
ဒီဟာ ဘာလဲ။

အခု ရီဟန်နဲ့ ထူအန်း နေရာမှာ ဝင်သရုပ်ဆောင်ပြီး လိုက်ပြောကြည့်ပါ။ သေချာနားထောင်ပြီး လိုက်ဆိုပြီးပြီလား။ ဒါဆို အောက်ပါ မေးခွန်းတွေ ဖြေကြည့်ပါ။

1. 리한 씨와 투안 씨는 어디에 있어요? ရီဟန်နဲ့ ထူအန်းတို့ ဘယ်မှာ ရှိနေလဲ။
2. 기숙사에 뭐가 있어요? အဆောင်မှာ ဘာရှိလဲ။

정답　1. 기숙사　2. 열쇠, 가족사진

Tip 줄임말 အတိုကောက် စကားလုံး

말하기에서는 줄임말을 많이 사용합니다.
စကားပြောချိန်တွင် အတိုကောက်စကားလုံးများကို အများအပြား သုံးသည်။

· 이것은 → 이건　　이것이 → 이게
· 저것은 → 저건　　저것이 → 저게
· 그것은 → 그건　　그것이 → 그게

어휘 2 စကားပြော ၂ 물건 ပစ္စည်းများ

ပစ္စည်းများနဲ့ ပတ်သက်တဲ့ စကားလုံးတွေကို လေ့လာကြရအောင်။

열쇠
သော့

가족사진
မိသားစုဓာတ်ပုံ

가방
အိတ်

지갑
ပိုက်ဆံအိတ်

여권
နိုင်ငံကူးလက်မှတ်

우산
ထီး

거울
မှန်

화장품
အလှကုန်

빗
ခေါင်းဘီး

헤어드라이어
လေမှုတ်စက်

베개
ခေါင်းအုံး

이불
စောင်

လေ့လာထားတဲ့ ဝေါဟာရတွေကို ပြန်စဉ်းစားပြီး အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

1. 그림을 보고 알맞은 단어를 연결하세요. ပုံကို ကြည့်ပြီး သင့်တော်သော စကားလုံးနှင့် ချိတ်ဆက်ပေးပါ။

①

②

③

④

㉠ 가방　㉡ 여권　㉢ 이불　㉣ 우산

정답 ① ㉢ ② ㉡ ③ ㉣ ④ ㉠

문법 2 သဒ္ဒါ ၂ 이에요/예요 G07-2

'이에요/예요' သည် ဖြစ်တယ်ဟု အဓိပ္ပါယ်ရသည်။ '이에요/예요' ကို ဝါကျအဆုံးသတ်အဖြစ် သုံးနိုင်သလို မေးခွန်း ဝါကျ အဆုံးသတ်အဖြစ်လည်း သုံးနိုင်သည်။ ပုံမှန် သမရိုးကျ စကားပြောတွင် အများဆုံး အသုံးပြုသည်။ '입니다' သည် '이에요' ကို ဗျည်းအသတ်နောက်နှင့် သုံးပြီး '예요' ကို သရနှင့် ဆုံးလျှင် သုံးသည်။

자음 (ဗျည်း) + **이에요**	모음 (သရ) + **예요**
가방**이에요**	베개**예요**

- 가: 여기가 어디**예요**? ဒီနေရာက ဘယ်နေရာပါလဲ။ 나: 기숙사**예요**. အဆောင်ပါ။
- 가: 어느 나라 사람**이에요**? ဘာလူမျိုးလဲ။ 나: 미얀마 사람**이에요**. မြန်မာလူမျိုးပါ။

비교해 보세요 နှိုင်းယှဉ်ကြည့်ပါ။

✓ '이에요/예요' နှင့် '입니다'

'이에요/예요' သည် ရင်းရင်းနှီးနှီး သက်တောင့်သက်သာ စကားပြောနိုင်သည့် အခြေအနေတွင် သုံးသည်။ '입니다' သည် အစည်းအဝေး သို့မဟုတ် စာတမ်းဖတ်ပွဲ စသော အခမ်းအနားနေရာများတွင် ယဉ်ကျေးမှုအရ သုံးနှုန်းသည်။

- 저는 이민수**예요**. ကျွန်တော် အီမင်းဆူပါ။
- 저는 이영진**이에요**. ကျွန်မ အီယောင်းဂျင်းပါ။
- 저는 이민수**입니다**. ကျွန်တော် အီမင်းဆူ ဖြစ်ပါတယ်။
- 저는 이영진**입니다**. ကျွန်မ အီယောင်းဂျင်း ဖြစ်ပါတယ်။

'이에요/예요' နဲ့ ပတ်သက်ပြီး နားလည်ပြီလား။ ဒါဆို အောက်က ဝါကျများကို ဥပမာအတိုင်း ဖြည့်ကြည့်ပါ။

2. 〈보기〉처럼 '이에요/예요'를 사용해서 대화를 완성하세요. ဝါကျများကို '이에요/예요' သုံး၍ ဖြည့် ကြည့်ပါ။

보기

가: 이게 뭐예요? ဒါက ဘာလဲ။
나: 화장품이에요. အလှပြင်ပစ္စည်းပါ။

1)
가: 이게 뭐예요?
나: _____.

2)
가: 이게 뭐예요?
나: _____.

3)
가: 저게 뭐예요?
나: _____.

4)
가: 저게 뭐예요?
나: _____.

정답 1) 여권이에요 2) 지갑이에요 3) 열쇠예요 4) 베개예요

유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

잘 부탁드립니다. လိုအပ်တာ ရှိရင် ကူညီပါ။

가: 안녕하세요? 처음 뵙겠습니다. မင်္ဂလာပါ။ တွေ့ရတာ ဝမ်းသာပါတယ်။
나: 안녕하세요? **잘 부탁드립니다.** မင်္ဂလာပါ။ **လိုအပ်တာ ရှိရင် ကူညီပါ။**

활동 အသုံးချသင်ခန်းစာများ

〈보기〉처럼 친구와 이야기해 보세요. ဥပမာအတိုင်း သူငယ်ချင်းနဲ့ ပြောကြည့်ပါ။

보기

가: 여기가 어디예요? ဒါ ဘယ်နေရာလဲ။
나: 교실이에요. စာသင်ခန်းပါ။
가: 이게 뭐예요? ဒီဟာ ဘာလဲ။
나: 컴퓨터예요. ကွန်ပျူတာပါ။

(1)



(2)

ပုံမှာ စာသင်ခန်းနဲ့ အိပ်ခန်းကို တွေ့ ရမှာပါ။ ပုံကို ကြည့်ပြီး အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

퀴즈 ဉာဏ်စမ်းမေးခွန်း

✚ 알맞은 말에 ✓하세요. မှန်သော အဖြေတွင် ✓ ခြစ်ပေးပါ။

☐ 시계예요.
☐ 텔레비전이에요.

☐ 책상이에요.
☐ 침대예요.

정답 1. 시계예요. 2. 침대예요.

한국의 좌식 문화 ကိုရီးယား၏ ကြမ်းခင်းပေါ် ထိုင်သော ယဉ်ကျေးမှု

한국은 바닥에 앉아서 생활하는 좌식 문화가 발달했습니다. 그래서 한국 사람들은 대부분 집에서 신발을 벗고 생활합니다. 그리고 신발을 벗고 들어가서 식사를 하는 식당도 있습니다.

ကိုရီးယားနိုင်ငံတွင် ကြမ်းပြင်ပေါ် ထိုင်သော ယဉ်ကျေးမှုဓလေ့ ရှိပါသည်။ ထို့ကြောင့် ကိုရီးယားလူမျိုး အများစုသည် အိမ်တွင် ဖိနပ်ချွတ်ပြီး နေလေ့ရှိပါသည်။ ထို့ပြင် ဖိနပ်ချွတ်ပြီး ဝင်ရောက်စားသောက်ရသော စားသောက်ဆိုင်များလည်း ရှိပါသည်။

생활필수품(세면도구) လူနေမှုအသုံးအဆောင်ပစ္စည်းများ (ရေချိုးခန်းသုံးပစ္စည်း)

린스 ဆံပင်ပျော့ဆေး
칫솔 သွားတိုက်ဆေး
면도기 အမွေးရိတ်ဓား
샴푸 ခေါင်းလျှော်ရည်
치약 သွားတိုက်ဆေး
휴지 အိမ်သာသုံးစက္ကူ
비누 ဆပ်ပြာ
수건 မျက်နှာသုတ်ပုဝါ
컵 ခွက်

EPS-TOPIK 듣기 EPS-TOPIK အကြား စာမေးပွဲ

မေးခွန်း ၁နဲ့ ၂မှာ နေရာနဲ့ ပတ်သက်သော ဝေါဟာရများကို ရွေးချယ်ပေးရမှာ ဖြစ်ပြီး မေးခွန်း ၃မှာ ပစ္စည်းများအမည်နဲ့ ပတ်သက်တာကို ရွေးပေးရမှာပါ။ သေသေချာချာ နားထောင်ပြီး မှန်ကန်တဲ့ အဖြေကို ရွေးပေးပါ။

[1~3] 들은 것을 고르십시오. နားထောင်ပြီး အဖြေ ရွေးပေးပါ။

Track 27

1. ① 여기 ② 저기 ③ 어디 ④ 거기

2. ① 회사 ② 식당 ③ 시장 ④ 마트

3. ① 열쇠 ② 가방 ③ 우산 ④ 베개

အောက်ပါ မေးခွန်းများမှ ပုံများကို သေချာ ကြည့်ပြီး မှန်ကန်သော စကားလုံးကို ရွေးချယ်ပါ။ မေးခွန်းများ နားမထောင်ခင် ပုံကို သေချာကြည့်ပါ။

[4~5] 다음 그림을 보고 알맞은 대답을 고르십시오.
ပုံကို ကြည့်ပြီး သင့်တော်သော အဖြေကို ရွေးပေးပါ။

4. ① ② ③ ④

5. ① ② ③ ④

듣기 대본 စာသား

1. 여: 여기 ဒီမှာ
2. 남: 시장 ဈေး
3. 여: 베개 ခေါင်းအုံး
4. ① 여: 사무실 ရုံး
   ② 여: 세탁소 အဝတ်လျှော်ဆိုင်
   ③ 여: 화장실 အိမ်သာ
   ④ 여: 기숙사 အဆောင်
5. ① 남: 지갑 ပိုက်ဆံအိတ်
   ② 남: 여권 နိုင်ငံကူးလက်မှတ်
   ③ 남: 이불 စောင်
   ④ 남: 거울 မှန်

정답 1. ① 2. ③ 3. ④ 4. ③ 5. ②

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန် L-07

1. 들은 것을 고르십시오. မေးခွန်းကို နားထောင်ပြီး အဖြေကို ရွေးပါ။

   ① 사진 ② 화장품 ③ 거울 ④ 여권

2. 질문을 듣고 알맞은 대답을 고르십시오.
   မေးခွန်းနှင့် သင့်တော်သော အဖြေကို ရွေးပေးပါ။

① 지갑이에요.
② 거울이에요.
③ 네, 지갑이에요.
④ 아니요, 거울이에요.

확장 연습 듣기 대본 ထပ်ဆောင်း လေ့ကျင့်ရန် စာသား

1. 남: 화장품 အလှကုန်
2. 남: 이게 뭐예요? ဒါ ဘာလဲ။

정답 1. ② 2. ①

유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

안부 전해 주세요. နှုတ်ဆက်တယ်လို့ ပြောပေးပါ။

가: 오랜만에 수피카 씨를 만나기로 했어요. ဆူဖီခါနဲ့ မတွေ့တာကြာလို့ တွေ့ဖို့ ပြောထားတယ်။
나: **안부 전해 주세요. ငါက နှုတ်ဆက်တယ်လို့ ပြောပေးပါ။**

EPS-TOPIK 읽기 EPS-TOPIK အဖတ် စာမေးပွဲ

မေးခွန်း ၁နဲ့ ၂က ပုံကို ကြည့်ပြီး မှန်ကန်တဲ့ အဖြေကို ရွေးပေးရမှာ ဖြစ်ပြီး မေးခွန်း ၃မှာလည်း အဖြေမှန်ကို ရွေးပေးရမှာပါ။ ပုံနဲ့ ကိုက်ညီသော အဖြေမှန်ကို ရွေးပေးပါ။

[1~3] 다음 그림을 보고 맞는 단어를 고르십시오.
ပုံကို ကြည့်ပြီး သင့်တော်သော စကားလုံးကို ရွေးပေးပါ။

1.

① 집 ② 시장
③ 회사 ④ 마트

2.

① 미용실 ② 편의점
③ 세탁소 ④ 슈퍼마켓

3.

① 이불 ② 우산
③ 열쇠 ④ 가방

မေးခွန်းကို နားထောင်ပြီး အောက်ပါ မေးခွန်းများကို ဖြေပါ။ လေ့လာသင်ယူထားသော စကားလုံးများကို ပြန်စဉ်းစားပြီး ဖြေကြည့်ပါ။

[4~5] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်တွင် အသင့်တော်ဆုံး စကားလုံးကို ရွေးဖြည့်ပေးပါ။

4. 가: 여기가 _____입니까? ဒါ ဘယ်နေရာလဲ။
나: 사무실입니다. ရုံးပါ။

① 언제 ② 누구 ③ 어디 ④ 무슨

5. 가: 저게 _____예요? ဟိုဟာက ဘာလဲ။
나: 가족사진이에요. မိသားစုဓာတ်ပုံပါ။

① 왜 ② 뭐 ③ 장소 ④ 나라

정답 1. ① 2. ③ 3. ② 4. ③ 5. ②

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန်

[1~3] 다음 그림을 보고 알맞은 단어를 고르십시오.
အောက်ပါ ပုံကို ကြည့်ပြီး သင့်တော်သော ဝေါဟာရကို ရွေးပေးပါ။

1.

① 마트예요.
② 세탁소예요.
③ 식당이에요.
④ 사무실이에요.

2.

① 회사예요.
② 기숙사예요.
③ 시장이에요.
④ 사무실이에요.

3.

① 열쇠예요.
② 베개예요.
③ 가방이에요.
④ 여권이에요.

[4~5] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်တွင် အသင့်တော်ဆုံး အဖြေကို ရွေးထည့်ပေးပါ။

4. 가: _____?
나: 기숙사예요. အဆောင်ပါ။

① 저기가 어디예요
② 이름이 뭐예요
③ 어디가 기숙사예요
④ 어느 나라 사람이에요

5. 가: 이게 _____예요? ဒီဟာက ဘာလဲ။
나: 가방이에요. အိတ်ပါ။

① 뭐
② 어디
③ 저기
④ 어느

6. 저는 매달 월급을 받으면 _____에 가서 적금을 넣습니다. 그리고 고향에 있는 가족에게 돈을 보내기도 합니다.
ကျွန်တော် လစဉ် လစာရရင် ဘဏ်ကို သွားပြီး ငွေစုပါတယ်။ ပြီးတော့ မွေးရပ်မြေမှာ ရှိတဲ့ မိသားစုဆီကို ငွေလွှဲပေးပါတယ်။

① 병원
② 서점
③ 공원
④ 은행

정답 1. ③ 2. ③ 3. ④ 4. ① 5. ① 6. ④

08 12시 30분에 점심을 먹어요

၁၂ခွဲမှာ နေ့လယ်စာ စားတယ်။

학습 안내 သင်ရိုး အညွှန်း

- **သင်ခန်းစာ ရည်ရွယ်ချက်** နေ့စဉ် လှုပ်ရှားမှု၊ အချိန်နှင့် ပတ်သက်သော အမေးအဖြေ
- **သဒ္ဒါ** -아요/어요, 에(အချိန်)
- **ဝေါဟာရ** နေ့စဉ်ဘဝ၊ အချိန်နှင့် ပတ်သက်သော အသုံးအနှုန်းများ
- **သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု** အလုပ်ကို အချိန်မှန် သွားရအောင်။

대화 1 စကားပြော ၁

Track 28

ဆူရှုနဲ့ ထူအန်းတို့ စကားပြောနေကြပါတယ်။ သူတို့နှစ်ယောက် အခု လုပ်နေတာတွေကို အပြန်အလှန် မေးနေကြတာပါ။ အရင်ဆုံး နှစ်ခေါက် နားထောင်ပြီး လိုက်ပြောကြည့်ရအောင်။

수루 투안 씨, 지금 뭐 해요?
ထူအန်း အခု ဘာလုပ်နေလဲ။

투안 텔레비전을 봐요.
တီဗီ ကြည့်နေတယ်။

수루 씨는 뭐 해요?
ဆူရှုရော ဘာလုပ်နေလဲ။

수루 저는 지금 요리해요.
ထမင်းဟင်း ချက်နေတယ်။

씨 ရှိ
မိသားစုနာမည် သို့မဟုတ် နာမည်နောက်တွင် သုံးပြီး ထိုသူကို လေးစားမှုဖြင့် ခေါ်ဆိုသော အသုံးအနှုန်း

- 이분은 마웅 씨예요. 미얀마 사람이에요.
  ဒီပုဂ္ဂိုလ်ကတော့ မောင်မောင် ဖြစ်ပါတယ်။ မြန်မာလူမျိုးပါ။
- 민수 씨, 지금 뭐 해요?
  မင်းဆူရှိ၊ အခု ဘာလုပ်နေလဲ။

을/를 ကို
နာမ်နှင့် အတူတကွ သုံးသည်။ ကြိယာရှေ့ တွင် ရှိပြီး စာကြောင်း၏ ရည်ရွယ်ချက်ကို ဖော်ပြပေးသည်။ ဗျည်းအက္ခရာဖြင့် ဆုံးသော နာမ်ကို '을' ၊ သရဖြင့် ဆုံးသော နာမ်ကို '를' ဖြင့်အတူတကွ အသုံးပြုသည်။ '하다' ကြိယာတွင် '을/를' ကို ဖယ်၍ အသုံးပြုနိုင်သည်။

- 저는 점심을 먹어요.
  ကျွန်မ နေ့လယ်စာကို စားနေတယ်။
- 수루 씨는 요리를 해요/요리해요.
  ဆူရှုရှိက ဟင်းကို ချက်နေတယ်၊ ဟင်းချက်တယ်။

အသေအချာ နားထောင်ပြီး လိုက်ဆိုပြီးပြီလား။ မေးခွန်းကို ဖြေကြည့်ပါ။

1. 투안 씨는 지금 뭐 해요? ထူအန်း ဘာလုပ်နေလဲ။
2. 수루 씨는 지금 뭐 해요? ဆူရှု ဘာလုပ်နေလဲ။

정답 1. 텔레비전을 봐요. 2. 요리해요.

어휘 1 ဝေါဟာရ ၁ 일과 နေ့စဉ်ဘဝ

ကိုရီးယား ကြိယာအသုံးအနှုန်းများကို အောက်မှာ ဖော်ပြထားပါတယ်။ ဘယ်လို စကားလုံး တွေလဲဆိုတာ မသိချင်ဘူးလား။

텔레비전을 보다
တီဗီကြည့်သည်။

장을 보다
ဈေးဝယ်ထွက်သည်။

일어나다
အိပ်ရာထသည်။

자다
အိပ်သည်။

쉬다
အနားယူသည်။

씻다
ဆေးသည်။

커피를 마시다
ကော်ဖီသောက်သည်။

아침/점심/저녁을 먹다
မနက်စာ၊ နေ့လယ်စာ၊ ညစာ

일하다
အလုပ်လုပ်သည်။

요리하다
ထမင်းဟင်းချက်သည်။

운동하다
အားကစား လုပ်သည်။

전화하다
ဖုန်းဆက်သည်။

회사에 가다
အလုပ်သွားသည်။

집에 오다
အိမ်ပြန်သည်။

အထက်မှ ဝေါဟာရများကို မကြည့်ဘဲ အောက်ပါ မေးခွန်းများကို ဖြေပါ။

1. 그림을 보고 알맞은 단어를 연결하세요. ပုံကို ကြည့်ပြီး သင့်တော်သော စကားလုံးနှင့် ချိတ်ဆက်ပေးပါ။

①

②

③

④

㉠ 자다　㉡ 운동하다　㉢ 요리하다　㉣ 점심을 먹다

정답 ① ㉡ ② ㉢ ③ ㉣ ④ ㉠

문법 1 သဒ္ဒါ ၁ –아요/어요

G08-1

'–아요/아요' မှာ ပုံမှန်စကား သို့မဟုတ် ယဉ်ကျေးသော အသုံးအနှုန်းအဖြစ် ကြီယာ သို့မဟုတ် ဂုဏ်ရည်ပြကြီယာ တွဲသုံးသော ဝါကျအဆုံးသတ်စကားလုံးဖြစ်ပါသည်။ 'ㅏ' သို့မဟုတ် 'ㅗ' နှင့် အဆုံးသတ်လျှင် '–아요' သုံး၍ အခြားသရဖြင့် အဆုံးသတ်လျှင် '–어요' ကို သုံးသည်။ '하다' ဖြင့်အဆုံးသတ်သော ကြီယာ သို့မဟုတ် နာမဝိသေသန ကိုတော့ '해요' အဖြစ် ပြောင်းသုံးသည်။ '–아요/어요?' ကို မေးခွန်းဝါကျတွေမှာလည်း သုံးနိုင်သည်။

ㅏ, ㅗ → **–아요**	ㅓ, ㅜ, ㅣ စသည်ဖြင့် → **–어요**	하다 → **해요**
가다 → 가요	먹다 → 먹어요	공부하다 → 공부해요
보다 → 봐요	읽다 → 읽어요	운동하다 → 운동해요

- 투안 씨는 커피를 **마셔요**. ထူအန်းက ကော်ဖီသောက်တယ်။
- 저는 지금 점심을 **먹어요**. ကျွန်တော် အခု နေ့လယ်စာ စားတယ်။
- 투안 씨는 텔레비전을 **봐요**. ထူအန်းက တီဗီကြည့်တယ်။
- 아침에 **운동해요**? မနက်ပိုင်းမှာ အားကစား လုပ်သလား။

'–아요/어요' ကို နားလည်ပြီဆိုရင် ဥပမာအတိုင်း ဝါကျတွေကို ဖြည့်ပေးပါ။

2. 그림을 보고 〈보기〉처럼 대화를 완성하세요. ဥပမာအတိုင်း ဝါကျတွေကို ဖြည့်ပေးပါ။

보기



씻다

가: 지금 뭐 해요? အခု ဘာလုပ်နေလဲ။
나: 씻어요. ခြေလက်မျက်နှာ ဆေးကြောနေတယ်။

1)

텔레비전을 보다

가: 지금 뭐 해요?
나: _____.

2)

커피를 마시다

가: 지금 뭐 해요?
나: _____.

3)

일하다

가: 지금 뭐 해요?
나: _____.

4)

운동하다

가: 지금 뭐 해요?
나: _____.

정답 1) 텔레비전을 봐요 2) 커피를 마셔요 3) 일해요 4) 운동해요

ထပ်ပြီးတော့ လေ့လာကြစို့။ အောက်ပါ ပုံများကို '–아요/어요' အသုံးပြုပြီး ဖြည့်ပေးပါ။

1.

가: 지금 뭐 해요?
나: _____.

2.

가: 지금 뭐 해요?
나: _____.

정답 1. 전화해요 2. 장을 봐요

대화 2 စကားပြော ၂

Track 29

ရီဟန်နဲ့ ထူအန်းဟာ အလုပ်ခန်းထဲက နာရီကို ကြည့်ပြီး စကားပြောနေကြတယ်။ သူတို့ ဘာတွေ ပြောနေကြလဲ နားထောင်ကြည့်ရအောင်။ အရင်ဆုံး စကားပြောနေတာကို နှစ်ခေါက် နားထောင်ပြီး လိုက်ဆိုကြည့်ပါ။

투안 지금 몇 시예요?
အခု ဘယ်နှနာရီလဲ။

리한 11시예요.
၁၁နာရီပါ။

투안 몇 시에 점심을 먹어요?
ဘယ်အချိန် နေ့လယ်စာ စားလဲ။

리한 12시 30분에 먹어요.
၁၂ခွဲမှာ နေ့လယ်စာ စားတယ်။

몇 ဘယ်နှ

· 몇 시예요?
ဘယ်နှနာရီလဲ။
· 몇 시에 회사에 가요?
ဘယ်နှနာရီမှာ ကုမ္ပဏီကို သွားလဲ။

시, 분 နာရီ၊ မိနစ်
အချိန်ကို ပြောသည့်အခါ အသုံးပြုသည်။

· 지금 12시예요.
အခု ၁၂နာရီပါ။
· 6시 30분에 집에 가요.
၆နာရီ မိနစ် ၃၀မှာ အိမ်ကို သွားတယ်။

ရီဟန်နဲ့ ထူအန်းအဖြစ် သရုပ်ဆောင်ပြီး လိုက်ပြောကြည့်ပါ။ ပြီးရင် အောက်ပါ မေးခွန်းကို ဖြေပေးပါ။

1. 지금 몇 시예요? ဘယ်အချိန်လဲ။
2. 리한 씨는 몇 시에 점심을 먹어요? ရီဟန်က ဘယ်အချိန်မှာ နေ့လယ်စာ စားလဲ။

정답 1. 11시예요. 2. 12시 30분에 먹어요.

Tip ○시 ○분 ○ နာရီ ○ မိနစ်

○시		
01:00	1시	한 시
02:00	2시	두 시
03:00	3시	세 시
04:00	4시	네 시
05:00	5시	다섯 시
06:00	6시	여섯 시
07:00	7시	일곱 시
08:00	8시	여덟 시
09:00	9시	아홉 시
10:00	10시	열 시
11:00	11시	열한 시
12:00	12시	열두 시

○분		
00:01	1분	일 분
00:02	2분	이 분
00:03	3분	삼 분
00:04	4분	사 분
00:05	5분	오 분
00:06	6분	육 분
00:07	7분	칠 분
00:08	8분	팔 분
00:09	9분	구 분
00:10	10분	십 분
00:20	20분	이십 분
00:30	30분	삼십 분
00:40	40분	사십 분
00:50	50분	오십 분
※ 1시간 = 60분(육십 분)		

어휘 2 စကားပြော ၂ 시간 အချိန်

အချိန်ပြ ဝေါဟာရများကို လေ့လာသင်ယူရအောင်။

지금
အခု



오늘
ဒီနေ့

어제
မနေ့

내일
မနက်ဖြန်

오전
မနက်ခင်း

오후
ညနေခင်း

낮
နေ့

밤
ည

새벽
အရုဏ်



아침
မနက်

점심
နေ့လယ်

저녁
ညနေ

လေ့လာထားတဲ့ ဝေါဟာရတွေကို စဉ်းစားပြီး အောက်ပါ မေးခွန်းများကို ဖြေပေးပါ။

1. 〈보기〉처럼 시계를 보고 문장이 맞으면 ○ 틀리면 ×로 표시하세요.
မှန်လျှင် O မှားလျှင် X လုပ်ပါ။

보기

지금은 밤입니다. (X) အခု ည ပါ။

1)

지금은 아침입니다. ( )

2)

지금은 오후입니다. ( )

3)

지금은 한 시입니다. ( )

4)

지금은 오전 열 시입니다. ( )

정답 1) O 2) X 3) O 4) X

문법 2 သဒ္ဒါ ၂ 에 G08-2

'에' ကို အချိန်ပြစကားလုံးနောက် သို့မဟုတ် နေရာပြစကားလုံးနောက်တွင် အသုံးပြုသည်။ နာမ်သည် ဗျည်းဖြင့် အဆုံးသတ်သည်ဖြစ်စေ သရဖြင့် အဆုံးသတ်သည်ဖြစ်စေ '에' ဟုသာ သုံးသည်။

- 가: 몇 시**에** 점심을 먹어요? ဘယ်နှနာရီ နေ့လယ်စာ စားပါသလဲ။
  나: 12시**에** 먹어요. ၁၂နာရီမှာ စားပါတယ်။
- 가: 언제 운동해요? အားကစား ဘယ်အချိန် လုပ်လဲ။
  나: 저녁**에** 운동해요. ညနေဖက် အားကစားလုပ်တယ်။

Tip **'언제'** '언제' ကိုတော့ အချိန်၊ နေ့ရက်၊ နေ့စွဲစသည် မေးသည့်နေရာမှာသုံးပါတယ်။

'에' နဲ့ ပတ်သက်ပြီး နားလည်ပြီဆိုရင် အောက်ပါ ဝါကျများကို ဥပမာအတိုင်း ဖြည့်ပေးပါ။

2. 그림을 보고 〈보기〉처럼 대화를 완성하세요.
ပုံကို ကြည့်ပြီး သင့်တော်သော စကားလုံးကို ရွေးပေးပါ။

보기

가: 언제 운동해요? ဘယ်အချိန် အားကစားလုပ်လဲ။
나: 아침에 운동해요. မနက်ခင်းမှာ အားကစားလုပ်တယ်။

1)
가: 언제 운동해요?
나: _____.

2)
가: 언제 커피를 마셔요?
나: _____.

3)

가: 몇 시에 저녁을 먹어요?
나: _____.

4)

가: 몇 시에 자요?
나: _____.

정답 1) 저녁에 운동해요 2) 오후에 커피를 마셔요 3) 7시에 저녁을 먹어요 4) 11시에 자요

활동 အသုံးချသင်ခန်းစာများ

몇 시에 무엇을 해요? 〈보기〉처럼 이야기해 보세요.
ဘယ်နှနာရီမှာ ဘာလုပ်လဲ။ ဥပမာအတိုင်း ဖြေဆိုကြည့်ပါ။

보기

가: 몇 시에 일어나요? ဘယ်အချိန်မှာ အိပ်ရာထလဲ။
나: 7시에 일어나요. ၇နာရီမှာ အိပ်ရာထတယ်။

	일과 နေ့စဉ် လှုပ်ရှားမှု	시간 အချိန်
1	일어나다 အိပ်ရာထသည်။	
2	아침을 먹다 မနက်စာ စားသည်။	
3	점심을 먹다 နေ့လည်စာ စားသည်။	
4	저녁을 먹다 ညစာ စားသည်။	
5	자다 အိပ်သည်။	

7:00 a.m

12:40 p.m

8:00 p.m

문화 ယဉ်ကျေးမှု

출근 시간을 지킵시다

အချိန်မှန် အလုပ်တက်ကြစို့။

출근 시간 10분 전에는 직장에 도착해야 합니다. 출근 시간이 9시라면 8시 50분쯤 도착해야 합니다. 그리고 일할 준비를 하는 것이 좋습니다.

အလုပ်ချိန် မတိုင်ခင် ဆယ်မိနစ်အလိုတွင် အလုပ်သို့ ရောက်ရှိရမည် ဖြစ်သည်။ အလုပ်စချိန်မနက် ၉ နာရီဆိုပါက ၈နာရီ ၅၀စ် ငါးဆယ်တွင် အလုပ်သို့ ရောက်ရပါမည်။ ထို့ပြင် အလုပ်အတွက် ကြိုတင် ပြင်ဆင်မှုများလည်း ပြုလုပ်ထားသင့်သည်။

대부분의 회사원들은 9시에 일을 시작합니다. 점심은 보통 12시에서 1시 사이에 먹습니다. 퇴근은 대부분 6시에 하지만, 야근을 하는 경우도 있습니다.

ရုံးဝန်ထမ်း အများစုသည် ၉ နာရီတွင် အလုပ် စတင်လုပ်ပါသည်။ နေ့လယ်စာကို ပုံမှန် နေ့လယ် ၁၂နာရီမှ ၁နာရီကြား စားပါသည်။ ရုံးဆင်းချိန်မှာ အများစု ၆နာရီ ဖြစ်သော်လည်း ညဆိုင်း ဆင်းရသော အခါလည်း ရှိတတ်ပါသည်။

내용 확인 ဉာဏ်စမ်းမေးခွန်း

✚ 빈칸에 알맞은 말을 쓰세요. ကွက်လပ်တွင် သင့်တော်သော စကားလုံးကို ဖြည့်ပေးပါ။

(1) 회사에 일하러 가는 것을 ＿＿이라고 합니다.
ကုမ္ပဏီသို့ အလုပ်လုပ်ရန် သွားခြင်းကို အလုပ်တက်ခြင်း

(2) 회사에서 일이 끝나고 집으로 돌아가는 것을 ＿＿이라고 합니다.
အလုပ်ပြီး၍ အိမ်သို့ ပြန်လာခြင်းကို အလုပ်ဆင်းခြင်းဟု ခေါ်သည်။

(3) 회사에 일이 많으면 늦게까지 ＿＿을 하기도 합니다.
ကုမ္ပဏီတွင် အလုပ်များပါက နောက်ကျတဲ့အထိ ညအချိန်ပိုဆင်းရပါသည်။

정답 (1) 출근 (2) 퇴근 (3) 야근

EPS-TOPIK 듣기 EPS-TOPIK အကြား စာမေးပွဲ

မေးခွန်း ၁မှ မေးခွန်း ၃အထိမှာ အချိန်နဲ့ ပတ်သက်သော စကားလုံးများကို နားထောင်ပြီး ရွေးပေးရမှာ ဖြစ်ပါတယ်။ သေချာစွာ နားထောင်ပြီး အဖြေမှန်ကို ရွေးပေးပါ။

[1~3] 들은 것을 고르십시오. နားထောင်ပြီး အဖြေ ရွေးပေးပါ။

Track 30

1. ① 06:00 ② 07:00 ③ 08:00 ④ 09:00

2. ① 10:40 ② 11:30 ③ 12:40 ④ 01:30

3. ① 03:15 a.m. ② 03:25 p.m. ③ 04:15 p.m. ④ 04:25 p.m.

အောက်ပါမေးခွန်းများမှ မေးခွန်းကို သေချာစွာ နားထောင်ပြီး သင့်တော်သော စကားလုံးကို ရွေးပေးရမှာ ဖြစ်ပါတယ်။

[4~5] 질문을 듣고 알맞은 대답을 고르십시오.
အသေအချာ နားထောင်ပြီး သင့်တော်သော အဖြေကို ရွေးပေးပါ။

4. ① 씻어요. ② 회사예요.
③ 오늘이에요. ④ 오전 10시예요.

5. ① 오늘 먹어요. ② 많이 먹어요.
③ 아침을 먹어요. ④ 12시에 먹어요.

듣기 대본 စာသား

1. 여: 아홉 시 ၉ နာရီပါ။
2. 남: 열한 시 삼십 분 ၁၁နာရီ ခွဲပါ။
3. 여: 오후 네 시 십오 분 ညနေ ၄နာရီ ၁၅မိနစ်
4. 남: 지금 뭐 해요? အခု ဘာလုပ်နေလဲ။
5. 여: 몇 시에 점심을 먹어요? နေ့လယ်စာ ဘယ်အချိန် စားလဲ။

정답 1. ④ 2. ② 3. ③ 4. ① 5. ④

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန် L-08

1. 들은 것을 고르십시오.
   မေးခွန်းကို နားထောင်ပြီး အဖြေကို ရွေးပါ။

   ① 7:00 ② 8:00 ③ 9:00 ④ 10:00

2. 질문을 듣고 알맞은 대답을 고르십시오.
   မေးခွန်းနှင့် သင့်တော်သော အဖြေကို ရွေးပေးပါ။

   ① 운동해요. ② 저녁이에요.
   ③ 네, 7시에 해요. ④ 아니요, 안 해요.

확장 연습 듣기 대본 ထပ်ဆောင်း လေ့ကျင့်ရန် စာသား

1. 남: 여덟 시예요. ရှစ်နာရီပါ။
2. 남: 저녁에 뭐 해요? ညနေ ဘာလုပ်လဲ။

정답 1. ② 2. ①

유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

통화 괜찮으세요? ဖုန်းပြောလို့ရလား။

가: 여보세요? 과장님, 지금 **통화 괜찮으세요?** ဟလို၊ ဆရာ။ အခု **ဖုန်းပြောလို့ရလား။**
나: 네, 괜찮아요. ဟုတ်ကဲ့။ ရပါတယ်။

မေးခွန်း ၁၌ ၃အထိ မှန်ကန်သော ကြိယာကို ရွေးပေးပါ။ ပုံနဲ့ ကိုက်ညီသော စကားလုံးကို ရွေးချယ်ပေးပါ။

[1~3] 다음 그림을 보고 맞는 문장을 고르십시오.
ပုံကို ကြည့်ပြီး သင့်တော်သော ဝါကျကို ရွေးပေးပါ။

1.

① 자요. ② 와요.
③ 일어나요. ④ 운동해요.

2.

① 쉬어요. ② 전화해요.
③ 회사에 가요. ④ 아침을 먹어요.

3.

① 장을 봐요. ② 커피를 마셔요.
③ 저녁을 먹어요. ④ 텔레비전을 봐요.

အောက်ပါ မေးခွန်းများမှာ အချိန်နဲ့ ပတ်သက်တာတွေပါ။ လေ့လာသင်ယူခဲ့တာတွေကို သေချာ ပြန်စဉ်းစားပြီး ဖြေဆိုကြည့်ပါ။

[4~5] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်တွင် အသင့်တော်ဆုံး စကားလုံးကို ရွေးဖြည့်ပေးပါ။

4. 가: 지금 _____ 시예요? အခု ဘယ်နှနာရီလဲ။
나: 오후 두 시예요. နေ့လယ် ၂နာရီပါ။

① 몇 ② 왜 ③ 누구 ④ 무슨

5. 가: _____ 운동해요? ဘယ်အချိန်မှာ လေ့ကျင့်ခန်း လုပ်လဲ။
나: 아침에 운동해요. မနက်ပိုင်းမှာ လုပ်ပါတယ်။

① 어디 ② 언제 ③ 무엇 ④ 시간

정답 1. ① 2. ③ 3. ④ 4. ① 5. ②

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန်

[1~3] 다음 그림을 보고 맞는 문장을 고르십시오.
အောက်ပါ ပုံကို ကြည့်ပြီး သင့်တော်သော ဝါကျကို ရွေးပေးပါ။

1.

① 다섯 시예요. ② 여섯 시예요.
③ 일곱 시예요. ④ 여덟 시예요.

2.

① 요리해요. ② 장을 봐요.
③ 저녁을 먹어요. ④ 커피를 마셔요.

3.

① 씻어요. ② 일어나요.
③ 회사에 가요. ④ 텔레비전을 봐요.

[4~6] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်တွင် အသင့်တော်ဆုံး အဖြေကို ရွေးထည့်ပေးပါ။

4. 저는 지하철을 타고 회사에 다닙니다. 그런데 출퇴근 시간에는 지하철에 사람이 너무 많아서 지하철을 타기가 _____.
ကျွန်တော် မြေအောက်ရထားစီးပြီး ရုံးတက်ပါတယ်။ ဒါပေမဲ့ ရုံးတက်ရုံးဆင်းချိန် မြေအောက်ရထားမှာ လူတွေ အရမ်းများလို့ ရထားစီးရတာ ပင်ပန်းတယ်။

① 빠릅니다 ② 쉽습니다 ③ 힘듭니다 ④ 편합니다

5. 저는 음악을 좋아합니다. 그래서 요즘 기타를 배우고 있습니다. 기타를 _____ 노래를 하면 기분이 정말 좋습니다.
ကျွန်မ သီချင်းတွေကို ကြိုက်ပါတယ်။ ဒါကြောင့် အခုတလော ဂစ်တာတီးသင်နေပါတယ်။ ဂီတာကို တီးပြီး သီချင်းဆိုနေရရင် အရမ်း ပျော်ပါတယ်။

① 치면서 ② 놀면서 ③ 그리면서 ④ 부르면서

6. 제 취미는 독서와 영화 감상입니다. 그래서 퇴근 후에 시간이 있으면 주로 책을 _____ 영화를 봅니다.
ကျွန်မရဲ့ ဝါသနာကတော့ စာဖတ်ခြင်းနဲ့ ရုပ်ရှင်ကြည့်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ရုံးဆင်း ပြီးရင် အချိန်ရှိရင် အများအားဖြင့် စာအုပ်ဖတ်တာပဲဖြစ်ဖြစ် ရုပ်ရှင်ကို ကြည့်ပါတယ်။

① 쓰거나 ② 읽거나 ③ 쓰니까 ④ 읽으니까

정답 1. ② 2. ③ 3. ① 4. ③ 5. ① 6. ②

09 가족이 몇 명이에요?

မိသားစု ဘယ်နှယောက် ရှိလဲ။

학습 안내 သင်ရိုး အညွှန်း

- **သင်ခန်းစာ ရည်ရွယ်ချက်** မိသားစုအကြောင်း အမေးအဖြေ
- **သဒ္ဒါ** ဂါ, ဂေ(နေရာ)
- **ဝေါဟာရ** မိသားစု၊ ရုပ်သွင်ပြင်လက္ခဏာ၊ အကျင့်စရိုက်
- **သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု** ယဉ်ကျေးသော အသုံးအနှုန်းများနှင့် ပုံမှန်စကားများ

대화 1 စကားပြော ၁

Track 31

အောက်တွင် ထူအန်းနဲ့ ရီဟန် စကားပြောနေတာကို ဖော်ပြထားပါတယ်။ သူတို့ဟာ မိသားစုဝင် ဘယ်နှယောက် ရှိလဲဆိုတာကို အပြန်အလှန် မေးနေကြတာ ဖြစ်တယ်။ အရင်ဆုံး နှစ်ခေါက် နားထောင်ပြီး လိုက်ဆိုကြည့်ရအောင်။

리한 투안 씨는 가족이 몇 명이에요?
ထူအန်းမှာ မိသားစုဝင် ဘယ်နှယောက် ရှိလဲ။

투안 어머니하고 형하고 저, 세 명이에요.
리한 씨는 가족이 몇 명이에요?
ကျွန်တော့်မှာ မိသားစုဝင် သုံးယောက် ရှိပါတယ်။ အမေ၊ အစ်ကိုနဲ့ ကျွန်တော်ပါ။ ရီဟန်ရော ဘယ်နှယောက် ရှိလဲ။

리한 네 명이에요. 저는 아버지하고 어머니하고 여동생이 있어요.
လေးယောက်ပါ။ ကျွန်တော့်မှာ အဖေ ပြီးတော့ အမေနဲ့ ညီမ ရှိပါတယ်။

명 ယောက်
လူဦးရေ အရေအတွက်ကို ပြသည့် အသုံးအနှုန်း
· 우리 가족은 세 명이에요.
ကျွန်တော်တို့ မိသားစုက သုံးယောက်ပါ။

있다 ရှိသည်။
있다(↔ 없다) ရှိသည်။ (↔ မရှိဘူး)
ပိုင်ဆိုင်မှုကို ပြသသည့် အဓိပ္ပါယ်ဖြင့် '(နာမ်)이/가 있다' ဟု အသုံးပြုသည်။ ဂျပန်းဖြင့် အဆုံးသတ်သော နာမ် နောက်တွင် '이', သရဖြင့် အဆုံးသတ်သော နာမ် နောက်တွင် '가' ကို သုံးသည်။
· 저는 우산이 있어요.
ကျွန်မမှာ ထီး ရှိတယ်။
· 사무실 열쇠가 있어요?
ရုံးခန်းသော့ ရှိလား။

သေချာ နားထောင်ပြီး လိုက်ဆိုကြည့်ပြီးပြီလား။ ဒါဆို အောက်မှ မေးခွန်းများကို ဖြေကြည့်ပါ။

1. 투안 씨 가족이 몇 명이에요? ထူအန်းမှာ မိသားစု ဘယ်နှယောက် ရှိလဲ။
2. 리한 씨는 동생이 있어요? ရီဟန်မှာ ညီမ ရှိလား။

정답 1. 세 명이에요. 2. 네, 여동생이 있어요.

어휘 1 ဝေါဟာရ ၁ 가족 မိသားစု

ကိုရီးယားတွင် မိသားစု အခေါ်အဝေါ်များမှာ ယောကျ်ားလေးနဲ့ မိန်းကလေးပေါ် မူတည်ပြီး ပြောင်းလဲပါတယ်။

있다 ရှိသည်
없다 မရှိသည်

- 저는 여동생이 **있어요**. ကျွန်တော့်မှာ ညီမ ရှိပါတယ်။
- 저는 여동생이 **없어요**. 누나가 **있어요**.
  ကျွန်တော့်မှာ ညီမ မရှိပါဘူး။ အစ်မ ရှိပါတယ်။

많다 များသည်
살다 နေသည်

- 저는 가족이 **많아요**. ကျွန်တော့်မှာ မိသားစုဝင် အများကြီးပဲ။
- 우리 가족은 베트남에 **살아요**.
  ကျွန်တော်တို့ မိသားစု ဗီယက်နမ်မှာ နေတယ်။



အထက်ရှိ မိသားစု အခေါ်အဝေါ်များကို မကြည့်ဘဲ အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

1. 그림에 맞는 단어를 〈보기〉에서 골라 넣으세요. ပုံကို ကြည့်ပြီး သင့်တော်သော စကားလုံးကို ရွေးပေးပါ။



보기 아버지 어머니 할머니 할아버지

정답 1) 할아버지 2) 할머니 3) 아버지 4) 어머니

문법 1 သဒ္ဒါ ၁ 하고

G09-1

'하고' 가 ပြုလုပ်သူမှ အတူတကွလုပ်ဆောင်သော အရာ၊ လူ စသည်တို့ကို တွဲဆက်ရာတွင် အသုံးပြုသည်။ စကားပြောတွင် အများဆုံး အသုံးပြုပြီး အရေးတွင် '와/과' ကို သုံးသည်။

- 가: 지금 뭐 해요? အခု ဘာလုပ်နေလဲ။
  나: 아침을 먹어요. 빵**하고** 과일을 먹어요. မနက်စာ စားနေတယ်။ ပေါင်မုန့်နဲ့ အသီးနဲ့ စားတယ်။
- 가: 지금 혼자 살아요? တစ်ယောက်ထဲ နေတာလား။
  나: 아니요, 부모님**하고** 같이 살아요. မဟုတ်ပါဘူး။ မိဘများနဲ့ အတူနေတယ်။

비교해 보세요 နှိုင်းယှဉ်ကြည့်ပါ။

✓ '하고' နှင့် '와/과'

'하고' နှင့် '와/과' ကို နာမ်နှစ်ခုကို ချိတ်ဆက်ပေးသည့် အခါတွင် သုံးသည်။ '하고' ကို စကားပြောပုံစံတွင် သုံးပြီး '와/과' ကို စာအရေးအသားတွင် ပို သုံးပါသည်။ ရိုးရိုးစကားပြောပုံစံမဟုတ်ဘဲ အခမ်းအနားတွင် မိန့်ခွန်းပြောသည့်အခါ ရှေ့ထွက်စကားပြောသည့်အခါမျိုးတွင် '와/과' ကို သုံးသည်။

'하고' ကို နားလည်ရင် အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

2. 〈보기〉처럼 대화를 완성하세요. ဥပမာအတိုင်း ဝါကျများကို ဖြည့်ပါ။

보기

남편, 딸

가: 가족이 몇 명이에요? မိသားစုဝင် ဘယ်နှယောက် ရှိလဲ။
나: 세 명이에요. 남편하고 딸이 있어요.
သုံးယောက် ရှိပါတယ်။ ခင်ပွန်းနဲ့ သမီး ရှိပါတယ်။

1)
아내, 아들
가: 가족이 몇 명이에요?
나: 세 명이에요. _____.

2)
아버지, 어머니
가: 가족이 몇 명이에요?
나: 세 명이에요. _____.

3)
할머니, 형
가: 가족이 몇 명이에요?
나: 세 명이에요. _____.

4)
아버지, 어머니, 누나
가: 가족이 몇 명이에요?
나: 네 명이에요. _____.

정답 1) 아내하고 아들이 있어요 2) 아버지하고 어머니가 있어요
3) 할머니하고 형이 있어요 4) 아버지하고 어머니하고 누나가 있어요

ထပ်ပြီး လေ့လာကြစို့။ '하고' ကို အသုံးပြုပြီး အောက်က ပုံတွေနဲ့ ကိုက်ညီသော ဝါကျကို တွဲပေးပါ။

1. _____.

2.
오빠

언니
_____.

정답 1. 열쇠하고 지갑이 있어요 2. 오빠하고 언니가 있어요

대화 2 စကားပြော ၂

Track 32

ထူအန်းနဲ့ ရီဟန်ဟာ သူတို့ မိသားစုဓာတ်ပုံ ကြည့်ပြီး စကားပြောနေကြပါတယ်။ ထူအန်းက ရီဟန်ရဲ့ ညီမအကြောင်း မေးနေတယ်။ အရင်ဆုံး နှစ်ခေါက် နားထောင်ပြီး လိုက်ဆိုကြည့်ရအောင်။

투안 이 사람이 리한 씨 여동생이에요?
ဒါ ရီဟန်ရဲ့ ညီမလား။

리한 네, 맞아요. 제 여동생이에요.
ဟုတ်တယ်။ ကျွန်တော့် ညီမပါ။

투안 여동생이 정말 예뻐요. 지금 몇 살이에요?
အရမ်း လှတာပဲ။ အသက် ဘယ်နှနှစ်လဲ။

리한 스무 살이에요.
အသက် နှစ်ဆယ်ပါ။

투안 여동생은 남자 친구가 있어요?
ညီမမှာ ရည်းစား ရှိလား။

리한 아니요, 없어요.
ဟင့်အင်း၊ မရှိပါဘူး။

이 ဒီ
စကားပြောသူ၏ အနီးအနားတွင် ရှိသော အရာ၊ လူကို ညွှန်ပြသော စကား

- 이 사람은 회사원이에요.
  ဒီလူက ကုမ္ပဏီဝန်ထမ်းပါ။
- 저는 이 책을 읽어요.
  ကျွန်တော် ဒီစာအုပ်ကို ဖတ်တယ်။

제 ကျွန်တော်၏ (ကျွန်တော့်)၊ ကျွန်မ၏ (ကျွန်မ)
နာမ် '저' နှင့် postposition '의' နှစ်ခု ပေါင်း၍ အတိုချုပ်ခေါ်ဆိုသော အသုံးအနှုန်းအဖြစ် ယဉ်ကျေးစွာ သုံးနှုန်းချိန် 'ငါ (ငါ့)' အစား 'ကျွန်တော်၏ (ကျွန်တော့်)၊ ကျွန်မ၏ (ကျွန်မ)' ကို သုံးသည်။

- 이게 제 가방이에요.
  ဒီဟာ ကျွန်မ လွယ်အိတ်ပါ။
- 제 여동생은 선생님이에요.
  ကျွန်တော့် ညီမက ဆရာမပါ။

သေချာ နားထောင်ပြီး လိုက်ဆိုပြီးပြီဆိုရင် မေးခွန်းများကို ဖြေကြည့်ပါ။

1. 리한 씨 여동생은 몇 살이에요? ရီဟန် ညီမ အသက် ဘယ်လောက်လဲ။
2. 리한 씨 여동생은 남자 친구가 있어요? ရီဟန် ညီမမှာ ရည်းစား ရှိလား။

정답 1. 스무 살이에요. 2. 아니요, 없어요.

Tip 나이를 묻고 대답하기 အသက်နှင့် ပတ်သက်သော အမေးအဖြေ

1) 투안: 민수 씨 아들은 몇 살이에요? မင်းဆူ သား အသက် ဘယ်နှနှစ်လဲ။
민수: 세 살이에요. သုံးနှစ်ပါ။

2) 투안: 민수 씨는 나이가 어떻게 되세요? မင်းဆူရော အသက် ဘယ်လောက်ရှိပြီလဲ။
민수: 서른 두 살이에요. ၃၂ နှစ်ပါ။

3) 투안: 아버지는 연세가 어떻게 되세요? အဖေ အသက် ဘယ်လောက်ရှိပြီလဲ။
민수: 예순 살이세요. အသက် ခြောက်ဆယ်ပါ။

အခြားသူ၏ အသက်ကို မေးသည့် အချိန်တွင် အသုံးအနှုန်းအမျိုးမျိုးကို ပြောင်းလဲ အသုံးပြုနိုင်ပါသည်။ "나이가 어떻게 되세요?", "연세가 어떻게 되세요?" မှာ မိမိထက် အသက်ကြီးသူအား မေးသည့် အချိန်တွင် သုံးပါသည်။ '연세' သည် "အသက်" ကို လေးစားမှုဖြင့် ခေါ်ဆိုသော စကားလုံး ဖြစ်ပါသည်။

어휘 2 စကားပြော ၂ 외모와 성격 အပြင်ပုံပန်းနှင့် အကျင့်စရိုက်

လူတစ်ယောက်၏ အပြင်ပုံပန်းနဲ့ အကျင့်စရိုက်နဲ့ ပတ်သက်တဲ့ စကားလုံးတွေကို လေ့လာသင်ယူရအောင်။

예쁘다 လှသည်

멋있다 ခန့် သည်၊ မိုက်သည်

키가 크다 မြင့်သည်

키가 작다 ပုသည်

날씬하다 ပိန်သည်

뚱뚱하다 ဝသည်

- 여동생이 정말 **예뻐요**.
  ညီမက တကယ် လှတယ်။
- 제 남자 친구가 **멋있어요**. ကျွန်မ ရည်းစားက ချောတယ်။
- 제 친구는 농구 선수예요. **키가 커요**.
  ငါ့သူငယ်ချင်းက ဘတ်စကတ်ဘောကစားသမားပါ။ အရပ်မြင့်တယ်။
- 이 아이는 다섯 살이에요. **키가 작아요**.
  ဒီကလေး ငါးနှစ်သားပါ။ အရပ်ပုတယ်။
- 이 여자는 키가 커요. 그리고 **날씬해요**.
  ဒီ မိန်းကလေး အရပ်မြင့်တယ်။ ပြီးတော့ ပိန်တယ်။
- 저는 조금 **뚱뚱해요**. 매일 운동을 해요.
  ကျွန်တော် နည်းနည်း ဝတယ်။ နေ့တိုင်း အားကစားလုပ်တယ်။

- 영화를 봐요. 아주 **재미있어요**.
  ရုပ်ရှင် ကြည့်တယ်။ အရမ်း စိတ်ဝင်စားစရာကောင်းတယ်။
- 수피카 씨는 **친절해요**. 할아버지를 도와줘요.
  ဆူဖီခါက အရမ်း သဘောကောင်းတယ်။ အဘိုးကို ကူညီတယ်။

재미있다
စိတ်ဝင်စားစရာ ကောင်းသည်

친절하다
သဘောကောင်းသည်

- 제 동생은 **똑똑해요**. 수학을 잘해요.
  ကျွန်မ မောင်လေး ဉာဏ်ကောင်းတယ်။ သချာ်တော်တယ်။
- 저는 **활발해요**. 운동을 좋아해요.
  ကျွန်တော် သွက်လက်တယ် အားကစားလုပ်ရတာ ကြိုက်တယ်။

똑똑하다
ဉာဏ်ကောင်းသည်

활발하다
သွက်လက်သည်

- 동생은 **얌전해요**. 책 읽기를 좋아해요.
  ညီလေးက တည်ငြိမ်တယ် စာအုပ် ဖတ်ရတာ ကြိုက်တယ်။
- 리한 씨는 낮에 일해요. 밤에 공부해요. 아주 **부지런해요**.
  ရီဟန်က နေ့ဖက် အလုပ်လုပ်တယ်။ ညဖက် စာလုပ်တယ်။
  အရမ်းဝီရိယရှိတယ်။

얌전하다
တည်ငြိမ်သည်

부지런하다
ဝီရိယ ရှိသည်

အထက်မှ ဝေါဟာရများကို ပြန်စဉ်းစားပြီး အောက်ပါ မေးခွန်းများကို ဖြေပါ။

1. 그림을 보고 알맞은 단어를 연결하세요. ပုံကို ကြည့်ပြီး သင့်တော်သော စကားလုံးကို ရွေးပေးပါ။

①

②

③

④

㉠ 예쁘다 ㉡ 멋있다 ㉢ 키가 크다 ㉣ 키가 작다

정답 ① ㉡ ② ㉢ ③ ㉣ ④ ㉠

문법 2 သဒ္ဒါ ၂ 에 G09-2

လူ၊ အရာဝတ္ထု၏ တည်နေရာကို ဖော်ပြသည့် အခါ '에' ကို နေရာပြနာမ် အနောက်တွင် သုံးပါသည်။ ထို့ပြင် လားရာ၊ ရည်ရွယ်ရာ အရပ်ကို ဖော်ပြချိန်တွင်လည်း '가다(သွားသည်)', '오다(လာသည်)', စသော ကြိယာများနှင့် အတူ သုံးပါသည်။

· 리한 씨는 지금 사무실**에** 있어요. ရီဟန် အခု ရုံးမှာ ရှိတယ်။
· 책이 책상 위**에** 있어요. စာအုပ်က စားပွဲပေါ်မှာ ရှိတယ်။
· 저는 내일 시장**에** 가요. မနက်ဖြန် ဈေးကို သွားမယ်။

비교해 보세요 နှိုင်းယှဉ်ကြည့်ပါ။

✓ နေရာ '에' နှင့် အချိန် '에'

'에'သည် နေရာပြပုဒ်အဖြစ် နာမ်၏ အနောက်တွင် သုံးပြီး လူ သို့မဟုတ် အရာဝတ္ထုပစ္စည်း တည်ရှိနေသော နေရာကို ဖော်ညွှန်းပေးသည်။ ထို့ ပြင် အချိန်၏ အနောက်တွင်လည်း သုံးပြီး လုပ်ဆောင်ချိန်၊ဖြစ်ပျက်ချိန်ကို ဖော်ပြပေးသည်။

· 식당**에** 사람이 많아요. စားသောက်ဆိုင်မှာ လူတွေ အများကြီးပဲ။(နေရာ)
· 여섯 시**에** 일이 끝나요. ၆ နာရီမှာ အလုပ် ပြီးတယ်။(အချိန်)

'에(နေရာ)' ကို နားလည်ပြီဆိုရင် အောက်ပါ ဝါကျများကို ဥပမာအတိုင်း ဖြည့်ပါ။

2. 그림을 보고 〈보기〉처럼 대화를 완성하세요. ဥပမာအတိုင်း ဝါကျများကို ဖြည့်စွက်ပါ။

보기

가: 투안 씨는 어디에 있어요? ထူအန်း ဘယ်မှာ ရှိလဲ။
나: 집에 있어요. အိမ်မှာ ရှိတယ်။

1)

가: 리한 씨는 어디에 있어요?
나: _____.

2)

가: 여동생은 어디에 있어요?
나: _____.

3)

가: 형은 어디에 살아요?
나: _____.

4)
가: 누나는 어디에 가요?
나: _____.

정답 1) 식당에 있어요 2) 한국에 있어요 3) 베트남에 살아요 4) 회사에 가요

유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

입이 짧아요. အစားအသောက် ဇီဇာကြောင်တယ်။

가: 리한 씨는 음식 갖고 고생하는 것 같아요. ရီဟန်က အစားအသောက်ကြောင့် ဒုက္ခရောက်တယ်နဲ့ တူတယ်။
나: 네, **입이 짧아요**. ဟုတ်တယ်၊ **အစားအသောက် ဇီဇာကြောင်လို့ပါ။**

활동 အသုံးချသင်ခန်းစာများ

가족에 대해서 〈보기〉처럼 이야기해 보세요.
ဥပမာ အတိုင်း မိသားစုအကြောင်း ပြောကြည့်ပါ။

보기

가: 가족이 몇 명이에요? မိသားစု ဘယ်နယောက်လဲ။
나: 아버지, 어머니, 저, 세 명이에요. အဖေ၊ အမေ၊ ကျွန်တော် သုံးယောက်ပါ။
가: 아버지는 어디에 살아요? အဖေက ဘယ်မှာ နေလဲ။
나: 베트남에 살아요. ဗီယက်နမ်မှာ နေပါတယ်။
가: 연세가 어떻게 되세요? အသက် ဘယ်လောက် ရှိပြီလဲ။
나: 일흔 살이세요. အသက် ၇၀ပါ။

မိသားစုဝင် ဘယ်နယောက်ရှိလဲ။ ဘယ်မှာ နေကြလဲ။ ပြီးတော့ မိဘတွေက အသက် ဘယ်လောက် ရှိပြီလဲ။ ဥပမာပေးထားတာကို ဖတ်ပြီး အောက်ပါ မေးခွန်းများကို ဖြေပါ။

퀴즈 ဥာဏ်စမ်းမေးခွန်း

✚ 알맞은 말에 ✓하세요. အဖြေမှန်ကို ✓ ခြစ်ပေးပါ။

(1) 가족이 모두
☐ 세 명이에요.
☐ 네 명이에요.

(2) 아버지는
☐ 베트남에
☐ 필리핀에
살아요.

(3) 아버지 연세는
☐ 60살이세요.
☐ 70살이세요.

정답 (1) 세 명이에요. (2) 베트남에 (3) 70살이세요.

문화 ယဉ်ကျေးမှု

높임말과 반말 အယဉ်သုံးစကားနှင့် တရင်းတနှီးသုံးစကား

높임말 အယဉ်သုံးစကား	반말 တရင်းတနှီးသုံးစကား

한국어에는 높임말과 반말이 있습니다. 보통 자신보다 나이가 많은 사람에게는 높임말을 사용합니다. 그리고 자신보다 나이가 어린 사람에게는 반말을 사용합니다. 하지만 자신보다 나이가 어려도 처음 만난 사람이나 별로 가깝지 않은 사람에게는 높임말을 사용하는 것이 좋습니다. 한편 자신보다 나이가 많아도 아주 가까운 사람에게는 반말을 사용하기도 합니다.

ကိုရီးယားတွင် အယဉ်သုံးစကားနှင့် တရင်းတနှီးသုံးစကားဆို၍ ရှိပါသည်။ အများအားဖြင့် မိမိထက် အသက်ကြီးသူအား စကားပြောသည့်အခါ အယဉ်သုံးစကားကို အသုံးပြုပါသည်။ ပြီးလျှင် မိမိထက် အသက်ငယ်သူအား တရင်းတနှီးသုံးစကားကို အသုံးပြုပါသည်။ သို့သော် မိမိထက် အသက်ငယ်သော်လည်း ပထမဆုံးအကြိမ် တွေ့ဆုံသူ သို့မဟုတ် မရင်းနှီးသော သူအား ပြောဆိုချိန်တွင်လည်း အယဉ်သုံးစကားဖြင့် သုံးသင့်ပါသည်။ မိမိထက် အသက်ကြီးသော်လည်း ရင်းနှီးသူဖြစ်ပါက တရင်းတနှီးသုံးစကား သုံးသည့်အခါလည်း ရှိပါသည်။

높임말 အယဉ်သုံးစကား	반말 တရင်းတနှီးသုံးစကား	မြန်မာဘာသာစကား
네/예	응	ဟုတ်ကဲ့
아니요	아니	မဟုတ်ဘူး
고마워요	고마워	ကျေးဇူးတင်ပါတယ်
미안해요	미안해	တောင်းပန်ပါတယ်
있어요	있어	ရှိတယ်
먹어요	먹어	စားတယ်
자요	자	အိပ်တယ်

내용 확인 ဉာဏ်စမ်းမေးခွန်း

✚ 빈칸에 알맞은 말을 쓰세요. ကွက်လပ်တွင် သင့်တော်သော စကားလုံးကို ဖြည့်ပါ။

(1) 한국어는 높임말하고 ＿＿이 있습니다.
ကိုရီးယားစကားမှာ အယဉ်သုံးစကားနှင့် တရင်းတနှီးသုံးစကား ရှိပါတယ်။

(2) '네/예'의 반말은 ＿＿입니다. '네/예' ရဲ့ တရင်းတနှီးသုံးစကားမှာ အင်း ဖြစ်ပါတယ်။

(3) '미안해'의 높임말은 ＿＿＿＿입니다. '미안해' ရဲ့ အယဉ်သုံးစကားမှာ ဝမ်းနည်းပါတယ် ဖြစ်ပါတယ်။

정답 (1) 반말 (2) 응 (3) 미안해요

EPS-TOPIK 듣기 EPS-TOPIK အကြား စာမေးပွဲ

မေးခွန်း ၁နဲ့ ၂မှာ လူငယ်ရေ အရေအတွက်နဲ့ ပတ်သက်သော မေးခွန်းများ ဖြစ်ပြီး မေးခွန်း ၃မှာ အသက်နှင့် ပတ်သက်သော မေးခွန်း ဖြစ်ပါတယ်။ သေချာစွာ နားထောင်ပြီး အဖြေမှန်ကို ရွေးချယ်ပေးပါ။

[1~3] 잘 듣고 내용과 관계있는 그림을 고르십시오.

Track 33

သေချာ နားထောင်ပြီး အကြောင်းအရာနှင့် ဆက်နွယ်သော ပုံကို ရွေးပေးပါ။

1. ① ② ③ ④

2. ① ② ③ ④

3. ① 12살 ② 22살 ③ 32살 ④ 42살

အောက်ပါ မေးခွန်းများအတွက် သင့်တော်သော အဖြေကို ရွေးပေးပါ။

[4~5] 질문을 듣고 알맞은 대답을 고르십시오.

မေးခွန်းကို နားထောင်ပြီး သင့်တော်သော အဖြေကို ရွေးပေးပါ။

4. ① 가족이에요.
② 네 명이에요.
③ 가족이 있어요.
④ 한국에 살아요.

5. ① 학교에 가요.
② 동생이 있어요.
③ 학교에 있어요.
④ 제 동생이에요.

듣기 대본 စာသား

1. 남: 네 명 လေးယောက်
2. 여: 다섯 명 ငါးယောက်
3. 남: 스물두 살 အသက် နှစ်ဆယ်
4. 여: 가족이 몇 명이에요? မိသားစု ဘယ်နှယောက်လဲ။
5. 남: 동생은 어디에 있어요? မောင်လေးက ဘယ်မှာလဲ။

정답 1. ④ 2. ① 3. ② 4. ② 5. ③

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန် L-09

1. 잘 듣고 내용과 관계있는 것을 고르십시오.
   မေးခွန်းကို နားထောင်ပြီး ဆက်နွယ်သော အဖြေကို ရွေးပါ။

   ① 2명 ② 3명 ③ 4명 ④ 5명

2. 질문을 듣고 알맞은 대답을 고르십시오.
   မေးခွန်းနှင့် သင့်တော်သော အဖြေကို ရွေးပေးပါ။

   ① 한국에 가요. ② 대학교에 다녀요
   ③ 한국에서 살아요. ④ 회사에서 일해요.

확장 연습 듣기 대본 ထပ်ဆောင်း လေ့ကျင့်ရန် စာသား

1. 남: 우리 가족은 네 명이에요. ကျွန်တော်တို့ မိသားစုဝင် လေးဦးပါ။
2. 남: 형은 지금 어디에 살아요? အစ်ကို ဘယ်မှာ နေလဲ။

정답 1. ③ 2. ③

유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

이따가 전화 드릴게요. ခဏနေ ဖုန်းပြန်ခေါ်ပါ့မယ်။

가: 여보세요? 리한 씨 바빠요? ဟလို၊ ရီဟန်၊ အလုပ်များနေလား။
나: 네, 좀 바빠요. **이따가 전화 드릴게요.** ဟုတ်ကဲ့၊ နည်းနည်း များပါတယ်။ **ခဏနေ ဖုန်းပြန်ခေါ်ပါ့မယ်။**

EPS-TOPIK 읽기 EPS-TOPIK အဖတ် စာမေးပွဲ

မေးခွန်း ၁မှာ မိသားစုဓာတ်ပုံကို ကြည့်ပြီး ကိုက်ညီသော ပါကျကို ရွေးချယ်ရမှာ ဖြစ်ပြီး မေးခွန်း ၂နဲ့ ၃မှာ အပြင်ပုံပန်းနဲ့ ပတ်သက်တဲ့ မေးခွန်းတွေ ဖြစ်ပါတယ်။ ပုံနှင့် ကိုက်ညီသော မှန်ကန်သော ပါကျကို ရွေးပေးပါ။

[1~3] 다음 그림을 보고 맞는 문장을 고르십시오.
ပုံကို ကြည့်ပြီး သင့်တော်သော ပါကျကို ရွေးပေးပါ။

1.

① 동생이 많아요.
② 아버지가 없어요.
③ 할머니가 있어요.
④ 가족이 세 명이에요.

2.

① 누나는 키가 커요.
② 누나는 회사에 가요.
③ 누나는 한국에 살아요.
④ 누나하고 형이 있어요.

3.

① 여동생이 없어요.
② 여동생이 예뻐요.
③ 여동생이 집에 없어요.
④ 여동생이 두 명이에요.

ခုထိ လေ့လာခဲ့သမျှကို ပြန်စဉ်းစားပြီး မေးခွန်းများကို ဖြေကြည့်ပါ။ မေးခွန်း ၄မှာ ဝေါဟာရမေးခွန်း ဖြစ်ပြီး မေးခွန်း ၅မှာ သဒ္ဒါမေးခွန်း ဖြစ်ပါတယ်။

[4~5] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်တွင် အသင့်တော်ဆုံး စကားလုံးကို ရွေးပေးပါ။

4. 가: 여동생이 있어요? ညီမ ရှိလား။
나: 아니요, _____. ဟင့်အင်း၊ မရှိပါဘူး။

① 예뻐요 ② 작아요 ③ 없어요 ④ 있어요

5. 가: 가족이 어디에 살아요? မိသားစုတွေ ဘယ်မှာ နေလဲ။
나: 아버지 _____ 어머니는 필리핀에 살아요.
အဖေနဲ့ အမေက ဖိလစ်ပိုင်မှာ နေပါတယ်။

① 가 ② 에 ③에서 ④ 하고

정답 1. ④ 2. ① 3. ② 4. ③ 5. ④

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန်

[1~2] 다음 그림을 보고 맞는 문장을 고르십시오.
အောက်ပါ ပုံကို ကြည့်ပြီး သင့်တော်သော ဝါကျကို ရွေးပေးပါ။

1.

① 언니는 회사에 가요.
② 언니는 경찰관이에요.
③ 언니는 회사에 있어요.
④ 언니하고 여동생이 있어요.

2.

① 사과를 깎고 있습니다.
② 사과를 먹고 있습니다.
③ 사과를 사고 있습니다.
④ 사과를 씻고 있습니다.

[3~4] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်တွင် အသင့်တော်ဆုံး အဖြေကို ရွေးထည့်ပေးပါ။

3.

가: _____?
나: 아니요, 없어요. မရှိပါဘူး။

① 누구예요
② 몇 살이에요
③ 누나가 있어요
④ 가족이 몇 명이에요

4.

가: 수피카 씨는 수루 씨하고 같이 살아요? ဆူဖီခါက ဆူရူနဲ့ အတူတူ နေလား။
나: 아니요, 수루 씨는 지금 기숙사 _____ 살아요.
မနေဘူး၊ ဆူရူက အခု အဆောင်မှာ နေတယ်။

① 가
② 에
③ 는
④ 하고

정답 1. ① 2. ② 3. ③ 4. ②

발음 အသံထွက် P-02

겹받침 နားထောင်ပြီး လိုက်ဆိုပါ။

ကိုရီးယားဘာသာစကားမှာ '야, 여, 요, 유, 예, 얘, 와, 워, 의, 위, 외, 왜, 웨' **ဆိုတဲ့ ပေါင်းစပ်သရသံ (၁၃)ခု ရှိပါတယ်။**

(1) 야, 여, 요, 유, 의, 위
(2) 와, 워, 외, 왜, 웨
(3) 우유, 여우, 이유, 예의

10 어제 도서관에서 한국어를 공부했어요

မနေ့က စာကြည့်တိုက်မှာ ကိုရီးယားစာ လုပ်ခဲ့တယ်။

학습 안내 သင်ရိုး အညွှန်း

- **သင်ခန်းစာ ရည်ရွယ်ချက်** အချိန်၊ နေရာနဲ့ ပတ်သက်ပြီး အမေးအဖြေ
- **သဒ္ဒါ** -ပြီ/ပြီ-, 에서(မှာ)
- **ဝေါဟာရ** နေ့ စွဲနှင့် ရက်များ၊ နေရာနှင့် ပြုလုပ်ဆောင်ရွက်မှုများ
- **သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု** ကိုရီးယားရှိ ရုံးပိတ်ရက်များ

대화 1 စကားပြော ၁

Track 34

ထူအန်းနဲ့ ဆူရူက တွေ့ဖို့ ပြောနေကြပါတယ်။ သူတို့ဟာ ကိုရီးယားကို ပထမဆုံး ရောက် လာတဲ့ အချိန်ကို အပြန်အလှန် မေးနေကြတယ်။ အရင်ဆုံး စကားပြောတာကို နှစ်ခေါက် နားထောင်ပြီး လိုက်ပြောကြည့်ရအောင်။

수루 투안 씨는 언제 한국에 왔어요?
ထူအန်း ဘယ်တုန်းက ကိုရီးယား လာခဲ့လဲ။

투안 올해 2월 10일에 한국에 왔어요.

수루 씨는 언제 한국에 왔어요?
ဒီနှစ် ဖေဖော်ဝါရီ ဆယ်ရက်နေ့ က လာခဲ့တယ်။
ဆူရူရော ဘယ်တုန်းက ကိုရီးယား လာခဲ့လဲ။

수루 저는 작년 7월에 왔어요.
ကျွန်တော် အရင်နှစ် ၇လပိုင်းတုန်းက လာခဲ့တယ်။

월 일 လ၊ ရက်
နေ့ ရက်ကို ဖော်ပြသော အသုံးအနှုန်းအဖြစ် လကို ဖော်ပြချိန်တွင် '월' ကို သုံးပြီး နေ့ ရက်ကို ဖော်ပြချိန်တွင် '일' ကို သုံးသည်။
- 오늘은 9월 7일이에요.
  ဒီနေ့ ၉လပိုင်း ၇ရက်နေ့။
- 저는 3월 1일부터 회사에 가요.
  ကျွန်တော် ၃လပိုင်း ၁ရက်နေ့ကစပြီး ကုမ္ပဏီ သွားတယ်။

언제 ဘယ်အချိန်၊ ဘယ်တုန်းက ဘယ်ချိန်၊ ဘယ်တော့
မေးခွန်းတွင် အသုံးပြုပြီး၊ အသေအချာ မသိသော ကာလအချိန်အခါကို မေးသော စကား
- 언제 한국어를 공부해요?
  ဘယ်အချိန်မှာ ကိုရီးယားစာလုပ်လဲ။
- 수루 씨는 언제 저녁을 먹어요?
  ဆူရူရဲ့က ဘယ်အချိန် ညနေစာ စားလဲ။

သေချာ နားထောင်ပြီး လိုက်ဆိုပြီးပြီလား။ မေးခွန်းတွေ ဖြေကြည့်ပါ။

1. 투안 씨는 언제 한국에 왔어요? ထူအန်း ကိုရီးယားကို ဘယ်အချိန်က လာခဲ့လဲ။
2. 수루 씨는 언제 한국에 왔어요? ဆူရူ ကိုရီးယားကို ဘယ်အချိန်က လာခဲ့လဲ။

정답 1. 2월 10일에 왔어요. 2. 작년 7월에 왔어요.

Tip 날짜 ရက်စွဲ ○월 ○일

○월	1월	2월	3월	4월	5월	6월	7월	8월	9월	10월	11월	12월
	일월	이월	삼월	사월	오월	**유월**	칠월	팔월	구월	**시월**	십일월	십이월

○일											
1일	2일	3일	4일	5일	6일	7일	8일	9일	10일	.....
일일	이일	삼일	사일	오일	육일	칠일	팔일	구일	십일	
21일	22일	23일	24일	25일	26일	27일	28일	29일	30일	31일
이십일일	이십이일	이십삼일	이십사일	이십오일	이십육일	이십칠일	이십팔일	이십구일	삼십일	삼십일일

어휘 1 ဝေါဟာရ ၁ 날짜와 요일 ရက်စွဲနှင့် နေ့ရက်

ဒီနေ့ ဘာရက်လဲ။ ဒီနေ့က ဘယ်နှရက်နေ့လဲ။ ရက်စွဲနဲ့ နေ့ရက်တွေကို ဘယ်လို ဖော်ပြလဲဆိုတာ လေ့လာကြရအောင်။

지난달 အရင်လ

이번 달 ဒီလ

다음 달 နောက်လ

어제 မနေ့က

오늘 ဒီနေ့

내일 မနက်ဖြန်

지난주 ပြီးခဲ့တဲ့ အပတ်

이번 주 ဒီအပတ်

다음 주 နောက်အပတ်

주중 ရုံးဖွင့်ရက်

주말 ရုံးပိတ်ရက်

작년 မနှစ်

올해 ဒီနှစ်

내년 နောက်နှစ်

အထက်မှ ဝေါဟာရများကို မကြည့်ဘဲ အောက်မှ မေးခွန်းများကို ဖြေကြည့်ပါ။

1. 그림을 보고 〈보기〉처럼 대화를 완성하세요. ပုံကို ကြည့်ပြီး ဥပမာအတိုင်း ဝါကျဆက်ပေးပါ။

보기

가: 오늘은 무슨 요일이에요? ဒီနေ့ ဘာနေ့လဲ။
나: 수요일이에요. ဗုဒ္ဓဟူးနေ့ပါ။

1) 가: 내일은 무슨 요일이에요?
나: _____.

2) 가: 어제는 무슨 요일이에요?
나: _____.

3) 가: 오늘은 몇 월 며칠이에요?
나: _____.

4) 가: 이번 주 토요일은 몇 월 며칠이에요?
나: _____.

정답 1) 목요일이에요 2) 화요일이에요 3) 삼월 십일이에요 4) 삼월 십삼일이에요

Tip 시간 부사 အချိန်ပြကြိယာဝိသေသန

အချိန်ပြနာမ် နောက်တွင် '에' ကို သုံးတယ်။ သို့သော် '어제' (မနေ့), '오늘' (ဒီနေ့), '내일' (မနက်ဖြန်), '올해' (ဒီနှစ်), '언제' (ဘယ်အချိန်) နောက်တွင် '에' မသုံးပါ။

문법 1 သဒ္ဒါ ၁ –았/었– G10-1

'–았/었–' ကို အတိတ်တွင် ဖြစ်ပျက်ခဲ့သော အခြေအနေ သို့မဟုတ် တစ်စုံတစ်ရာကို ဖော်ပြရာတွင် သုံးသည်။ သရ ' ㅏ ' နှင့် 'ㅗ'. ဖြင့် ဆုံးသော ကြိယာ သို့မဟုတ် နာမဝိသေသနကို '–았어요' နှင့် တွဲသုံးပြီး ကျန် စကားလုံးများကို '–았어요' နှင့် တွဲသုံးသည်။ '하다' နှင့် ဆုံးသော ကြိယာများကို '하였어요' ၏ အတိုကောက် အသုံးအနှုန်းဖြစ်သည့် '했어요' ဟု ပြောင်းသည်။

ㅏ, ㅗ → **–았어요**	ㅓ, ㅜ, ㅣ စသည်ဖြင့် → **–었어요**	하다 → **했어요**
가다 → 갔**어요** 보다 → 봤**어요**	먹다 → 먹**었어요** 읽다 → 읽**었어요**	공부하다 → 공부**했어요** 운동하다 → 운동**했어요**

- 친구하고 시장에 **갔어요**. သူငယ်ချင်းနဲ့ ဈေးကို သွားခဲ့တယ်။
- 식당에서 점심을 **먹었어요**. စားသောက်ဆိုင်မှာ နေ့လယ်စာ စားခဲ့တယ်။
- 기숙사에서 한국어를 **공부했어요**. အဆောင်မှာ ကိုရီးယားစာ လုပ်ခဲ့တယ်။

'–았/었–' ကို နားလည်ပြီဆိုရင် အောက်ပါ ဝါကျများကို ဥပမာအတိုင်း ဖြည့်ပါ။

2. 그림을 보고 〈보기〉처럼 대화를 완성하세요. ပုံကို ကြည့်ပြီး ဥပမာအတိုင်း ဝါကျ ဖြည့်စွက်ပေးပါ။

보기

운동하다

가: 어제 뭐 했어요? မနေ့က ဘာလုပ်ခဲ့လဲ။
나: 운동했어요. အားကစား လုပ်ခဲ့ပါတယ်။

1)
텔레비전을 보다
가: 어제 저녁에 뭐 했어요?
나: _____.

2)
친구를 만나다
가: 일요일에 뭐 했어요?
나: _____.

3)

저녁을 먹다
가: 친구하고 뭐 했어요?
나: _____.

4)
쉬다
가: 5월 5일에 뭐 했어요?
나: _____.

정답 1) 텔레비전을 봤어요 2) 친구를 만났어요 3) 저녁을 먹었어요 4) 쉬었어요

ထပ်ပြီး လေ့လာကြမလား။ အတိတ်ပြ ကြိယာကို သုံးပြီး အောက်ကပုံတွေမှာ ဝါကျ ဖြည့်ပေးပါ။

1.
어제 _____.

2.
주말에 _____.

정답 1. 커피를 마셨어요 2. 요리했어요

대화 2 စကားပြော ၂

Track 35

ရီဟန်နဲ့ ထူအန်းတို့ဟာ မနေ့က ဘာလုပ်ခဲ့တယ်ဆိုတဲ့ အကြောင်း ပြောနေပါတယ်။ မနေ့က သူတို့ ဘာလုပ်ခဲ့လဲ။ အရင်ဆုံး ပြောတာကို နှစ်ခေါက် နားထောင်ပြီး လိုက်ပြောကြည့်ရအောင်။

리한 투안 씨, 어제 뭐 했어요?
ထူအန်း မနေ့က ဘာလုပ်ခဲ့လဲ။

투안 친구하고 PC방에서 게임했어요. 리한 씨는 어제 뭐 했어요?
သူငယ်ချင်းနဲ့ ကွန်ပျူတာဆိုင်မှာ ဂိမ်းဆော့ခဲ့တယ်။ ရီဟန်ရော မနေ့က ဘာလုပ်ခဲ့လဲ။

리한 도서관에서 한국어를 공부했어요.
စာကြည့်တိုက်မှာ ကိုရီးယားစာ လုပ်ခဲ့တယ်။

하고 နှင့်အတူ
အပြုအမူ သို့မဟုတ် အလုပ် အတူတကွ လုပ်နေသော သူကို ရည်ညွှန်းပြီး '같이' နှင့်အတူတကွ အသုံးပြုသည်။
· 저는 리한 씨하고 한국어를 배워요.
ကျွန်မ ရီဟန်နှင့်အတူ ကိုရီးယားစာကို လေ့လာတယ်။
· 동생하고 같이 저녁을 먹어요.
မောင်လေးနှင့်အတူ ညနေစာ စားတယ်။

သေချာ နားထောင်ပြီး လိုက်ဆိုပြီးပြီလား။ အောက်ပါ မေးခွန်းများကို ဖြေပေးပါ။

1. 투안 씨는 어제 뭐 했어요? ထူအန်း မနေ့က ဘာလုပ်ခဲ့လဲ။
2. 리한 씨는 도서관에서 뭐 했어요? ရီဟန်ရော စာကြည့်တိုက်မှာ ဘာလုပ်ခဲ့လဲ။

정답 1. 친구하고 PC방에서 게임했어요. 2. 한국어를 공부했어요

Tip '하다' 동사 '하다' ကြိယာ

'게임을 했어요' ကို '게임했어요'. လို့ အတိုချုပ်ပြောလို့ ရတယ်။ ဒါက ကိုရီးယား ကြိယာ ဖွဲ့စည်းပုံမှာ သုံးနေကျပုံစံ ဖြစ်ပါတယ်။

· 공부를 하다 → 공부하다
· 노래를 하다 → 노래하다
· 전화를 하다 → 전화하다
· 요리를 하다 → 요리하다
· 운동을 하다 → 운동하다
· 쇼핑을 하다 → 쇼핑하다
· 게임을 하다 → 게임하다
· 일을 하다 → 일하다

'공부를 하다', '운동을 하다', '노래를 하다', '쇼핑을 하다', '요리를 하다', နဲ့ '게임을 하다' စသော ကြိယာပုံစံ {'နာမ် + 하다' (လုပ်သည်)} ရှိပါတယ်။ '공부를 하다' ကို '공부하다' အဖြစ် နာမ်နောက်မှ '을/를' ကို ဖယ်ပြီးတော့လည်း အသုံးပြုနိုင်ပါတယ်။

어휘 2 စကားပြော ၂ 장소와 동작 နေရာနှင့် လှုပ်ရှားမှု

အောက်က နေရာများမှာ ဘာလုပ်လဲဆိုတာ လေ့လာကြရအောင်။

공원
ပန်းခြံ

커피숍
ကော်ဖီဆိုင်

서점
စာအုပ်ဆိုင်

도서관
စာကြည့်တိုက်

백화점
ကုန်တိုက်

노래방
ကာရာအိုကေဆိုင်

PC방
အင်တာနက်ဆိုင်

영화관(극장)
ရုပ်ရှင်ရုံ

산책하다
လမ်းလျှောက်သည်

친구를 만나다
သူငယ်ချင်းနဲ့ တွေ့သည်

책을 읽다
စာအုပ် ဖတ်သည်

한국어를 공부하다
ကိုရီးယားစာ လုပ်သည်

- **공원**에서 **산책해요.**
  ပန်းခြံထဲမှာ လမ်းလျှောက်တယ်။
- **커피숍**에서 **친구를 만나요. 커피를 마셔요.**
  ကော်ဖီဆိုင်မှာ သူငယ်ချင်းနဲ့ တွေ့တယ်။ကော်ဖီသောက်တယ်။
- **서점**에서 **책을 사요.**
  စာအုပ်ဆိုင်မှာ စာအုပ် ဝယ်တယ်။
- **도서관**에서 **책을 읽어요. 한국어를 공부해요.**
  စာကြည့်တိုက်မှာ စာအုပ်ဖတ်တယ်။ကိုရီးယားစာလုပ်တယ်။
- **백화점**에서 **쇼핑해요.**
  ကုန်တိုက်မှာ ရှော့ပင် ထွက်တယ်။
- **노래방**에서 **노래해요.**
  ကာရာအိုကေဆိုင်မှာ သီချင်းဆိုတယ်။
- **PC방**에서 **게임해요.**
  အင်တာနက်ဆိုင်မှာ ဂိမ်းဆော့တယ်။
- **영화관**에서 **영화를 봐요.**
  ရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်တယ်။
- **기숙사**에서 **음식을 만들어요.**
  အဆောင်မှာ ထမင်းဟင်းချက်တယ်။

쇼핑하다
ရှော့ပင် ထွက်သည်

노래하다
သီချင်းဆိုသည်

게임하다
ဂိမ်းဆော့သည်



영화를 보다
ရုပ်ရှင်ကြည့်သည်

음식을 만들다
ထမင်းဟင်းချက်သည်

အထက်မှ ဝေါဟာရတွေကို မကြည့်ဘဲ မေးခွန်း ဖြေကြည့်ပါ။

1. 그림을 보고 알맞은 단어를 연결하세요. ပုံကို ကြည့်ပြီး သင့်တော်သော စကားလုံးနဲ့ ချိတ်ဆက်ပေးပါ။

①

②

③

④

㉠ 노래방　㉡ 커피숍　㉢ 백화점　㉣ 영화관

정답 ① ㉡ ② ㉠ ③ ㉣ ④ ㉢

문법 2 သဒ္ဒါ ၂ 에서 G10-2

'에서' သည် လှုပ်ရှားဆောင်ရွက်မှု ပြုလုပ်နေသည့် နေရာကို ဖော်ပြရာတွင် အသုံးပြုသည်။ အချိန်ပြနာမ်နောက်တွင် အသုံးပြုသည်။

- 가: 어디**에서** 한국어를 공부해요? ဘယ်မှာ ကိုရီးယားစာကို လုပ်ခဲ့လဲ။
  나: 도서관**에서** 공부해요. စာကြည့်တိုက်မှာ စာလုပ်တယ်။
- 가: 어디**에서** 친구를 만났어요? သူငယ်ချင်းနဲ့ ဘယ်မှာ တွေ့ခဲ့လဲ။
  나: 영화관**에서** 만났어요. ရုပ်ရှင်ရုံမှာ တွေ့ခဲ့တယ်။
- 가: 백화점**에서** 쇼핑했어요? ကုန်တိုက်မှာ ရှော့ပင်ထွက်ခဲ့လား။
  나: 아니요, 시장**에서** 쇼핑했어요. ဟင့်အင်း၊ ဈေးမှာ ရှော့ပင်ထွက်ခဲ့တာ။

비교해 보세요 နှိုင်းယှဉ်ကြည့်ပါ။

✓ နေရာပြပုဒ်များ '에' နှင့် '에서'

'에'နှင့် '에서'သည် နေရာပြနာမ်၏ အနောက်တွင် အသုံးပြုသည်။ '에'သည် လူ သို့မဟုတ် ပစ္စည်းက တည်ရှိနေသော နေရာကို ဖော်ပြပေး၍ '에서'သည် အပြုအမူ သို့မဟုတ် လှုပ်ရှားမှုက ဖြစ်ပေါ်နေသော နေရာကို ဖော်ပြပေးသည်။

- 투안 씨는 한국**에** 있어요. (O)
- 투안 씨가 운동장에 축구를 해요. (X)

투안 씨는 한국**에서** 있어요. (X)
투안 씨가 운동장**에서** 축구를 해요. (O)

2. 그림을 보고 〈보기〉처럼 대화를 완성하세요. ပုံကို ကြည့်ပြီး ဥပမာအတိုင်း ဝါကျဆက်ပါ။

보기

가: 어제 뭐 했어요? မနေ့က ဘာလုပ်ခဲ့လဲ။
나: 공원에서 산책했어요. ပန်းခြံထဲ လမ်းလျှောက်ခဲ့တယ်။

1)
가: 어제 뭐 했어요?
나: _____.

2)
가: 어제 뭐 했어요?
나: _____.

3)
가: 어제 뭐 했어요?
나: _____.

4)
가: 어제 뭐 했어요?
나: _____.

정답 1) 도서관에서 한국어를 공부했어요 2) 백화점에서 쇼핑했어요
3) 영화관에서 영화를 봤어요 4) 커피숍에서 친구를 만났어요

유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

마음에 들어요. သဘောကျတယ်။

가: 이 잠바 어때요? ဒီဂျာကင်အကျီ ဘယ်လိုလဲ။
나: **마음에 들어요. သဘောကျတယ်။**

활동 အသုံးချသင်ခန်းစာများ

이번 달에 어디에서 무엇을 했어요? 달력을 보면서 친구에게 이야기해 주세요.
ဒီလ ဘယ်မှာ ဘာလုပ်ခဲ့လဲ။ ပြက္ခဒိန်ကို ကြည့်ပြီး သူငယ်ချင်းနဲ့ ပြောကြည့်ပါ။

အပေါ်က ပြက္ခဒိန်ကို ကြည့်ပြီး အောက်က မေးခွန်းများကို ဖြေပါ။

✚ 알맞은 말에 ✓하세요. အဖြေမှန်ကို ✓ ခြစ်ပါ။

1. 내일은 5월 17일이에요. မနက်ဖြန် မေလ ၁၇ရက်နေ့ပါ။ ☐ 네 ☐ 아니요
2. 이번 주 토요일에 영화를 봐요. ဒီအပတ် စနေနေ့မှာ ရုပ်ရှင် ရုပ်ရှင်ကြည့်မယ်။ ☐ 네 ☐ 아니요
3. 주말에 백화점에서 쇼핑했어요. စနေ တနင်္ဂနွေ ကုန်တိုက်မှာ ရှော့ပင်ထွက်တယ်။ ☐ 네 ☐ 아니요
4. 다음 주 화요일은 5월 21일이에요. နောက်အပတ် အင်္ဂါနေ့က မေလ ၂၁ရက်နေ့ပါ။ ☐ 네 ☐ 아니요

정답 1. 네 2. 아니요 3. 아니요 4. 네

퀴즈 ဉာဏ်စမ်းမေးခွန်း

✚ 다음 단어를 보고 생각나는 장소가 어디예요?
အောက်မှ စကားလုံးများကို ကြည့်ရင် ဘယ်နေရာကို စဉ်းစားမိလဲ။

나무 — 벤치 — 운동 — 산책 — ?

정답 공원

한국의 공휴일 ကိုရီးယားနိုင်ငံ၏ အစိုးရ ရုံးပိတ်ရက်များ

신정

설날

3.1절

근로자의 날

어린이날

석가탄신일

현충일

광복절

추석

개천절

한글날

크리스마스

- 신정 နှစ်ကူးနေ့
  နှစ်သစ်၏ ပထမဆုံးရက်

- 설날 ကိုရီးယားနိုးရာ နှစ်သစ်ကူးရက်
  ကိုရီးယား၏ ကိုယ်စားပြုပွဲတော်များအနက် တစ်ခုဖြစ်ပြီး ဆွေမျိုးသားချင်း မိသားစုဝင်များ အတူတကွ ဘိုးဘွားမိဘကို ကန်တော့သည့် နေ့ရက်။

- 삼일절 တော်လှန်ရေးနေ့
  ဂျပန်ကိုလိုနီ လက်အောက်မှ လွတ်မြောက်ရန် စတင် တော်လှန်သော မတ်လ ၁ရက်နေ့ ကို အမှတ်ရသော အထိမ်းအမှတ်နေ့

- 근로자의 날 အလုပ်သမားများနေ့
  အလုပ်သမားများအား အလုပ်ခွင်တွင် အားဖြစ်စေရန် အားပေးသော နေ့

- 어린이날 ကလေးများနေ့
  ကလေးငယ်များ ပျော်ရွှင်စွာ ကြီးပြင်းစေရန်အတွက် သတ်မှတ်ထားသော နေ့

- 석가탄신일 ဗုဒ္ဓဘုရား မွေးနေ့
  မြတ်စွာဘုရား မွေးဖွားသော နေ့

- 현충일 အာဇာနည်နေ့
  တိုင်းပြည်အတွက် အသက်ပေးဆပ်ခဲ့သော စစ်သားများနှင့် ရဲဘော်များကို အမှတ်တရ ဂုဏ်ပြုသော အထိမ်းအမှတ် နေ့

- 광복절 လွတ်လပ်ရေးနေ့
  ဂျပန်ကိုလိုနီ လက်အောက်မှ လွတ်မြောက်ပြီး လွတ်လပ်ရေးရသော အထိမ်းအမှတ်အဖြစ် သတ်မှတ်ထားသော နေ့

- 추석 ကောက်သစ်စားပွဲ
  ကိုရီးယား၏ ကိုယ်စားပြုပွဲတော်များအနက် တစ်ခုဖြစ်ပြီး ရိုးရာပြက္ခဒိန်၏ ၈လပိုင်း ၁၅ရက်နေ့ဖြစ်ပါသည်။ ကိုရီးယားလူမျိုးများသည် ကောက်ညှင်းမုန့်များ ပြုလုပ်ခြင်း၊ ဆွေမျိုးသားချင်းများဆီ အလည်အပတ် သွားရောက်ကြခြင်းများ ပြုလုပ်ကြသည်။

- 개천절 နိုင်ငံတော် တည်ထောင်သော အထိမ်းအမှတ် နေ့
  တိုင်းပြည် စတင်တည်ထောင်မှု အထိမ်းအမှတ်အဖြစ် သတ်မှတ်ထားသော နေ့

- 한글날 ကိုရီးယားအက္ခရာနေ့
  ကိုရီးယားအက္ခရာ တီထွင်ခဲ့သော ဆဲဂျုံဘုရင်ကြီးအား ဂုဏ်ပြုသော အထိမ်းအမှတ်နေ့

- 크리스마스 ခရစ်စမတ်နေ့
  ခရစ်တော် မွေးဖွားခြင်းကို ဂုဏ်ပြုသော နေ့

သေချာစွာ နားထောင်ပြီး မှန်ကန်သော နေ့စွဲကို ရွေးပါ။

[1~3] 들은 것을 고르십시오. နားထောင်ပြီး အဖြေ ရွေးပေးပါ။

Track 36

1. ① 1월 2일 ② 1월 12일 ③ 2월 21일 ④ 2월 22일

2. ① 3월 10일 ② 3월 20일 ③ 4월 10일 ④ 4월 20일

3. ① 11월 15일 ② 11월 25일 ③ 12월 15일 ④ 12월 25일

မေးခွန်းအတွက် အဖြေမှန်ကို ရွေးချယ်ပေးပါ။ နားမထောင်မီ မေးခွန်းကို သေချာစွာ ဖတ်ပါ။

[4~5] 질문을 듣고 알맞은 대답을 고르십시오. မေးခွန်းကို နားထောင်ပြီး သင့်တော်သော အဖြေကို ရွေးပေးပါ။

4. ① 작년에 왔어요.
② 베트남에서 왔어요.
③ 동생이 한국에 왔어요.
④ 친구하고 한국에 왔어요.

5. ① 도서관이 커요.
② 도서관에 가요.
③ 도서관에 없어요.
④ 도서관에서 공부했어요.

듣기 대본 စာသား

1. 여: 일월 십이일 ဇန်နဝါရီလ ဆယ့်တစ်ရက်နေ့
2. 남: 사월 십일 ဧပြီလ ဆယ်ရက်နေ့
3. 여: 십이월 이십오일 ဒီဇင်ဘာလ နှစ်ဆယ့်ငါးရက်နေ့
4. 남: 언제 한국에 왔어요? ဘယ်တုန်းက ကိုရီးယား လာခဲ့လဲ။
5. 여: 어제 뭐 했어요? မနေ့က ဘာလုပ်ခဲ့လဲ။

정답 1. ② 2. ③ 3. ④ 4. ① 5. ④

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန် L-10

1. 들은 것을 고르십시오. မေးခွန်းကို နားထောင်ပြီး အဖြေကို ရွေးပါ။

① 6월 11일에 왔어요.
② 7월 11일에 왔어요.
③ 6월 12일에 갔어요.
④ 7월 12일에 갔어요.

2. 질문을 듣고 알맞은 대답을 고르십시오.
မေးခွန်းနှင့် သင့်တော်သော အဖြေကို ရွေးပေးပါ။

① 가방을 샀어요.
② 지난주에 갔어요.
③ 친구하고 쇼핑했어요.
④ 백화점에서 쇼핑했어요.

확장 연습 듣기 대본 ထပ်ဆောင်း လေ့ကျင့်ရန် စာသား

1. 남: 6월 12일에 갔어요. ဇွန်လ ၁၂ရက်နေ့က သွားခဲ့တယ်။
2. 남: 어제 어디에서 쇼핑했어요? မနေ့က ဘယ်မှာ ရှော့ပင် လုပ်ခဲ့လဲ။

정답 1. ③ 2. ④

유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

제 생각에도 그래요. ကျွန်တော်လည်း အဲ့လိုပဲ ထင်တယ်။

가: 회식도 회사 생활에 중요한 것 같아요.
အပြင်မှာ စားပွဲလုပ်တာလည်း ကုမ္ပဏီအလုပ်မှာ အရေးပါတယ်လို့ ထင်ပါတယ်။
나: 제 생각에도 그래요. ကျွန်တော်လည်း အဲ့လိုပဲ ထင်တယ်။

EPS-TOPIK 읽기 EPS-TOPIK အဖတ် စာမေးပွဲ

မေးခွန်း ၁မှာ နေရာများနဲ့ ပတ်သက်တာ ဖြစ်ပြီး မေးခွန်း ၂နဲ့ ၃မှာ အပြုအမူများနဲ့ ပတ်သက်တာ ဖြစ်ပါတယ်။ ပုံနဲ့ သင့်တော်တဲ့ အဖြေမှန်ကို ရွေးပေးပါ။

[1~3] 다음 그림을 보고 맞는 단어나 문장을 고르십시오.
ပုံကို ကြည့်ပြီး သင့်တော်သော စကားလုံး သို့မဟုတ် ဝါကျကို ရွေးပေးပါ။

1.

① 커피숍 ② 도서관
③ 노래방 ④ 백화점

2.

① 쇼핑해요. ② 노래해요.
③ 공부해요. ④ 게임해요.

3.

① 책을 읽어요. ② 영화를 봐요.
③ 친구를 만나요. ④ 음식을 만들어요.

ကွက်လပ်များတွင် သင့်တော်သော အဖြေကို ရွေးဖြည့်ပေးပါ။ အခုထိ လေ့လာခဲ့သမျှကို ပြန်စဉ်းစားပြီး ဖြေကြည့်ပါ။

[4~5] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်တွင် အသင့်တော်ဆုံးသော စကားလုံးကို ရွေးထည့်ပေးပါ။

4. 가: _____ 한국에 왔어요? ဘယ်တုန်းက ကိုရီးယားကို လာခဲ့လဲ။
나: 작년 7월에 왔어요. အရင်နှစ် ဂုလိုင်းက လာခဲ့တယ်။

① 누가 ② 어디 ③ 무슨 ④ 언제

5. 가: 어제 뭐 했어요? မနေ့က ဘာလုပ်ခဲ့လဲ။
나: 극장에서 영화를 _____. ရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်ခဲ့တယ်။

① 갔어요 ② 봤어요 ③ 쇼핑했어요 ④ 산책했어요

정답 1. ① 2. ② 3. ③ 4. ④ 5. ②

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန်

[1~2] 다음 그림을 보고 맞는 문장을 고르십시오.
အောက်ပါ ပုံကို ကြည့်ပြီး သင့်တော်သော ဝါကျကို ရွေးပေးပါ။

1.

① 회사 ② 공원
③ 시장 ④ 식당

2.

① 장을 봐요. ② 커피를 마셔요.
③ 점심을 먹어요. ④ 음식을 만들어요.

[3~4] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်တွင် အသင့်တော်ဆုံး အဖြေကို ရွေးထည့်ပေးပါ။

3. 월요일부터 금요일까지 회사에서 일을 해요. _____에는 집에서 쉬어요.
တနလ်ာနေ့ကစပြီး သောကြာနေ့အထိ ကုမ္ပဏီမှာ အလုပ်လုပ်တယ်။ စနေ တနင်္ဂနွေတော့ အိမ်မှာ နားတယ်။

① 주중 ② 주말
③ 내일 ④ 오후

4. 가: 어디에서 운동을 했어요? ဘယ်မှာ အားကစား လုပ်ခဲ့လဲ။
나: _____.

① 공원에서 했어요 ② 운동이 재미있어요
③ 어제 운동을 했어요 ④ 친구하고 운동했어요

정답 1. ② 2. ④ 3. ② 4. ①

발음 အသံထွက် P-03

သေချာ နားထောင်ပြီး လိုက်ဆိုပါ။

ကိုရီးယားဘာသာစကားမှာ သံပြေ၊ သံပြင်း၊ သံပြတ် စတဲ့ အသံတွေ ရှိပါတယ်။ ကိုရီးယားလူမျိုးတွေကတော့ ဒီလိုအသံတွေ (ㅂ, ㅍ, ㅃ ([p, p', p^h]) ကို ကောင်းကောင်း ခွဲတတ်ပေမဲ့ နိုင်ငံခြားသား အတော်များများကတော့ မခွဲခြားနိုင်ကြပါဘူး။ ㄷ, ㄸ, ㅌ ([t, t', t^h]) ㅈ, ㅉ, ㅊ ([ʧ, ʧ', ʧ^h]) စတဲ့ အသံတွေလည်း အလားတူပဲဖြစ်ပါတယ်။

(1) ㅂ, ㅃ, ㅍ : ㄷ, ㄸ, ㅌ : ㄱ, ㄲ, ㅋ : ㅈ, ㅉ, ㅊ
(2) 바, 빠, 파 : 다, 따, 타: 가, 까, 카 : 자, 짜, 차
(3) 보, 뽀, 포 : 도, 또, 토 : 고, 꼬, 코 : 조, 쪼, 초
(4) 사자, 기차, 커피, 포도, 도토리, 토끼, 코끼리

11 사과 다섯 개 주세요

ပန်းသီး ငါးလုံး ပေးပါ။

학습 안내 သင်ရိုး အညွှန်း

- **သင်ခန်းစာ ရည်ရွယ်ချက်** ဝေးဝယ်ခြင်း
- **သဒ္ဒါ** 주세요, -아/어 주세요
- **ဝေါဟာရ** အသီး၊ အစားအစာ၊ ငွေကြေးနှင့် ဝယ်ယူခြင်းအကြောင်း
- **သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု** အဝတ်အစား

대화 1 စကားပြော ၁

Track 37

အောက်တွင် သစ်သီးဆိုင်မှာ ပြောတဲ့ စကားပြောဖြစ်ပါတယ်။ ထူအန်းက ဆိုင်ရှင်ကို ပန်းသီး ဘယ်လောက်လဲလို့ မေးနေပါတယ်။ အရင်ဆုံး စကားပြောတာကို နှစ်ခေါက် နားထောင်ပြီး လိုက်ပြောကြည့်ရအောင်။

주인 어서 오세요.
ကြိုဆိုပါတယ်။

투안 안녕하세요?
မင်္ဂလာပါ။

이 사과 얼마예요?
ဒီ ပန်းသီး ဘယ်လောက်လဲ။

주인 이천 원이에요.
ဝမ် ၂၀၀၀ပါ။

투안 다섯 개 주세요.
ငါးလုံး ပေးပါ။

어서 오세요 ကြွပါ
ဆိုင်ဖြစ်စေ၊ အိမ်သို့ဖြစ်စေ လာသောသူကို ကြိုဆိုသော စကားဖြစ်ပါသည်၊

원 ဝမ်
ကိုရီးယား ငွေကြေး(ယူနစ်)
'၁၀၀ ဝမ်'ကို '백 원 [배권]' ၊ '၁၀၀၀ ဝမ်'ကို '천 원 [처눤]'၊ '၁၀,၀၀၀ ဝမ်'ကို '만 원 [마눤]', '၁၀၀,၀၀၀ ဝမ်' ကို 'သိန်း ဆယ် [십마눤]' ဟု ခေါ်သည်။

သေသေချာချာ နားထောင်ပြီး လိုက်ပြောကြည့်ပါ။ ပြီးရင် အောက်ပါ မေးခွန်းများကို ဖြေပါ။

1. 사과가 얼마예요? ပန်းသီးက ဘယ်လောက်လဲ။
2. 투안 씨는 사과를 몇 개 샀어요? ထူအန်းက ပန်းသီး ဘယ်နှလုံး ဝယ်ခဲ့လဲ။

정답 1. 이천 원이에요. 2. 다섯 개 샀어요.

Tip 단위 명사 1 ယူနစ်အကြောင်း ၁

대상에 따라서 세는 단위 명사가 달라집니다. နာမ်ပေါ် မူတည်ပြီး ယူနစ် အခေါ်အဝေါ် ပြောင်းလဲပါတယ်။

- 사과, 오렌지, 우유 (ပန်းသီး၊ လိမ္မော်သီး၊ နွားနို့) : 개 လုံး၊ ခု (한 개, 두 개 , 세 개 , …)
- 포도, 바나나, 꽃 (စပျစ်သီး၊ ငှက်ပျောသီး၊ ပန်း) : 송이 ဖီး၊ ခိုင် (한 송이, 두 송이 , 세 송이 , …)
- 수박, 배추 (ဖရဲသီး၊ မုန်ညင်းဖျို) : 통 လုံး၊ ထုပ် (한 통, 두 통, 세 통, …)
- 물, 맥주 (ရေ၊ ဘီယာ) : 병 ပုလင်း (한 병, 두 병, …)
- 커피, 주스 (ကော်ဖီ၊ ဖျော်ရည်) : 잔 ခွက် (한 잔, 두 잔, …)
- 밥, 국, 반찬 (ထမင်း၊ ဟင်းရည်၊ အရံဟင်း) : 그릇 ပန်းကန် (한 그릇 , 두 그릇, …)

어휘 1 ဝေါဟာရ ၁ 과일과 식료품 သစ်သီးနှင့် စားသောက်ကုန်

သင်ကြိုက်တဲ့ အသီးနဲ့ ဖျော်ရည်ကို ပြောပြပါ။ အောက်မှာ ဖော်ပြထားတဲ့ အသီးနဲ့ စားသောက်ကုန် ဝေါဟာရလေးတွေကို သင်ယူကြရအောင်။



사과
ပန်းသီး



오렌지
လိမ္မော်သီး

포도
စပျစ်သီး

수박
ဖရဲသီး

물
ရေ

주스
ဖျော်ရည်



우유
နွားနို့



빵
ပေါင်မုန့်

라면
ခေါက်ဆွဲ

과자
သွားရေစာ

초콜릿
ချောကလက်

아이스크림
ရေခဲမုန့်

အထက်မှ ဝေါဟာရများကို မကြည့်ဘဲ မေးခွန်းကို ဖြေကြည့်ပါ။

1. 그림을 보고 알맞은 단어를 연결하세요. ပုံကို ကြည့်ပြီး သင့်တော်သော ဝေါဟာရဖြင့် တွဲပေးပါ။

①

②

③

④

㉠ 물　㉡ 빵　㉢ 사과　㉣ 포도

정답 ① ㉢ ② ㉣ ③ ㉠ ④ ㉡

문법 1 သဒ္ဒါ ၁ 주세요

G11-1

'주세요' 를 နာမ်နဲ့ တွဲပြီး ယဉ်ကျေးစွာ တောင်းဆိုသည့် အခါ သို့မဟုတ် ယဉ်ကျေးစွာ ညွှန်ကြားသည့်အခါတွင် သုံးသည်။ ဈေးရောင်းဈေးဝယ် အသုံးအနှုန်းတွင် အသုံးများသည်။

- 가: 뭘 드릴까요? ဘာ အလိုရှိပါသလဲ။
  나: 커피 두 잔 **주세요**. ကော်ဖီ ၂ခွက်ပေးပါ။
- 가: 오렌지 얼마예요? လိမ္မော်သီး ဘယ်လောက်လဲ။
  나: 한 개에 천 원이에요. တစ်လုံး တစ်ထောင်ပါ။
  가: 그럼, 오렌지 다섯 개 **주세요**. ဒါဆို လိမ္မော်သီး ငါးလုံးပေးပါ။

'주세요' ကို နားလည်ပြီဆိုရင် အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

2. 그림을 보고 〈보기〉처럼 문장을 완성하세요. ပုံကို ကြည့်ပြီး ဥပမာအတိုင်း ဝါကျဆက်ပါ။

보기

가: 뭘 드릴까요? ဘာ အလိုရှိပါသလဲ။
나: 사과 다섯 개 주세요. ပန်းသီး ငါးလုံး ပေးပါ။

1)
가: 뭘 드릴까요?
나: _____.

2)
가: 뭘 드릴까요?
나: _____.

3)
가: 뭘 드릴까요?
나: _____.

4)
가: 뭘 드릴까요?
나: _____.

정답 1) 사과 두 개 주세요 2) 오렌지 두 개 주세요 3) 빵 네 개 주세요 4) 우유 한 개 주세요

대화 2 စကားပြော ၂

Track 38

အောက်တွင် ဖိနပ်ဆိုင်မှာ ဈေးအရောင်းအဝယ် လုပ်နေပုံကို ဖော်ပြထားတယ်။ ရီဟန်က ဝေါ့ကင်းရှူးကို ဘယ်လောက်နဲ့ ပေးဝယ်ခဲ့လဲ။ အရင်ဆုံး စကားပြောတာက နှစ်ခေါက် နားထောင်ပြီး လိုက်ပြောကြည့်ရအောင်။

리한 사장님, 이 운동화 얼마예요?
ဒီ ဝေါ့ကင်းရှူး ဘယ်လောက်လဲ။

주인 오만 오천 원이에요.
ငါးသောင်း ငါးထောင်ပါ။

리한 오만 오천 원요? 좀 비싸요.
ဝမ်း ငါးသောင်းငါးထောင်တောင်။
ဈေး နည်းနည်းကြီးတယ် ။
깎아 주세요.
လျှော့ပေးပါ။

주인 그래요? 알았어요. 오만 원 주세요.
ဟုတ်လား၊ အိုကေပါ၊ ငါးသောင်းပဲ ပေးပါ။

그래요? တကယ်လား။
တစ်ဖက်သား၏ စကားအပေါ် အံ့အားသင့်မှု သို့မဟုတ် အနည်းငယ် ထိတ်လန့်မှုကို ဖော်ပြသော စကားဖြစ်သည်။

· 가: 오늘 저녁에 회식이 있습니다.
ဒီနေ့ ညနေ ကုမ္ပဏီ ညစာစားပွဲ ရှိတယ်။
나: 그래요? 저는 약속이 있어요.
တကယ်လား။ ကျွန်တော် ချိန်းထားတာ ရှိတယ်။

좀 နည်းနည်း၊ အနည်းငယ်
'조금' နှင့် '좀' သည် အဓိပ္ပါယ်တူပါသည်။ သို့ သော် တခြားလူအား အကူအညီတောင်းသော အခြေအနေ သို့မဟုတ် ထောက်ခံမှုကို တောင်းဆိုသော အခြေအနေတွင် ညင်သာပြေပြစ်သော အသုံးအနှုန်းဖြင့် '조금'ကို မသုံးဘဲ '좀' ကို သုံးသည်။

· 동생은 키가 좀 작아요.
မောင်လေးက အရပ် နည်းနည်း ပုတယ်။
· 빵하고 우유 좀 주세요.
ပေါင်မုန့်နဲ့ နွားနို့ နည်းနည်း ပေးပါ။

သေချာ နားထောင်ပြီး လိုက်ပြောကြည့်ပြီးရင် မေးခွန်းတွေ ဖြေကြည့်ပါ။

1. 이 운동화는 얼마예요? ဒီ ဝေါ့ကင်းရှူးက ဘယ်လောက်လဲ။
2. 리한 씨는 얼마를 주고 샀어요? ရီဟန်က ဘယ်လောက်ပေးပြီး ဝယ်ခဲ့လဲ။

정답 1. 오만 오천 원이에요. 2. 오만 원을 주고 샀어요.

Tip 단위 명사 2 ယူနစ်အကြောင်း ၂

· 정장 (အနောက်တိုင်းဝတ်စုံ), 한복 (ကိုရီးယားဝတ်စုံ) : 벌 စုံ (한 벌, 두 벌, 세 벌, …)
· 운동화 (ဝေါ့ကင်းရှူး), 장갑 (လက်အိတ်), 양말 (ခြေအိတ်) : 켤레 ရံစုံ (한 켤레, 두 켤레, 세 켤레, …)
· 텔레비전 (TV), 냉장고 (ရေခဲသေတ္တာ), 자동차 (ကား) : 대 စီး/လုံး (한 대, 두 대, 세 대, …)
· 사람 (လူ), 어린이 (ကလေး), 학생 (ကျောင်းသား), 친구 (သူငယ်ချင်း) : 명 ယောက် (한 명, 두 명, 세 명, …)
· 할아버지 (အဘိုး), 할머니 (အဖွား), 손님 (ဧည့်ဝယ်သူ) : 분 ယောက (한 분, 두 분, 세 분, …)
· 고양이 (ကြောင်), 강아지 (ခွေး), 생선 (ငါး) : 마리 ကောင် (한 마리, 두 마리, 세 마리, …)

တခြားယူနစ်တွေကတော့ …. '장' ကို ဓါတ်ပုံ၊ တံဆိပ်ခေါင်းနဲ့ ကတ်များ ရေတွက်ရာတွင် သုံးသည်။ '권' ကို စာအုပ်၊ အဘိဓာန်နဲ့ မဂ္ဂဇင်းများ ရေတွက်ရာတွင် သုံးသည်။ '자루' ကို ခဲတံများ ရေတွက်တဲ့ အခါ၊ '그루' ကို သစ်ပင်များ ရေတွက်တဲ့ အခါ သုံးသည်။

어휘 2 စကားပြော ၂ 화폐와 물품 구매 ပိုက်ဆံနှင့် ပစ္စည်း ဝယ်ခြင်း

ပစ္စည်းကို ဘာနဲ့ ဝယ်လဲ။ ပစ္စည်းဝယ်တဲ့ခါ သုံးတဲ့ အသုံးအနှုန်းတွေကို သင်ယူကြရအောင်။

돈(현금)
ပိုက်ဆံ ၊ ငွေ

동전
အကြွေစေ့

지폐
ငွေစက္ကူ

신용카드
အကြွေးဝယ်ကတ်

값(가격)
ဈေးနှုန်း

싸다
ဈေးသက်သာသည်

비싸다
ဈေးကြီးသည်

(값을) 깎다
ဈေးဆစ်သည်

넣다
ထည့်သည်

싸다(포장하다)
ထုပ်ပိုးသည်

바꾸다(교환하다)
လဲလှယ်သည်

환불하다
ငွေပြန်အမ်းသည်

အထက်မှ ဝေါဟာရများကို ပြန်စဉ်းစားပြီး မေးခွန်းဖြေကြည့်ရအောင်။

1. 그림을 보고 알맞은 단어를 연결하세요. ပုံကို ကြည့်ပြီး ဥပမာအတိုင်း ဝါကျဆက်ပါ။

①

②

③

④

㉠ 값　㉡ 동전　㉢ 지폐　㉣ 신용카드

정답 ① ㉡ ② ㉢ ③ ㉣ ④ ㉠

문법 2 သဒ္ဒါ ၂ –아/어 주세요

G11-2

ကြိယာနဲ့ တွဲသုံးပြီး မိမိမှ တစ်ဖက်သားကို တစ်စုံတစ်ခု လုပ်ပေးရန် ယဉ်ကျေးစွာ တောင်းဆိုချိန်တွင် သုံးသည်။

ㅏ, ㅗ → **–아 주세요**	ㅏ, ㅜ, ㅣ စသည်ဖြင့် → **–어 주세요**	하다 → **해 주세요**
닫다 → 닫**아 주세요**	읽다 → 읽**어 주세요**	요리하다 → 요리**해 주세요**

'–아/어 드릴까요?' ကို မိမိမှ တစ်ဖက်သားကို အကူအညီ ကမ်းလှမ်းချိန်တွင် သုံးသည်။ ထိုအခါ တစ်ဖက်သားမှ '–아/어 주세요' ဖြင့် ပြန်၍ ဖြေကြားသည်။

- 너무 더워요. 창문을 좀 **열어 주세요**. အရမ်းပူတယ်။ ပြတင်းပေါက် ကျေးဇူးပြုပြီး ဖွင့်ပေးပါ။
- 이 빵을 봉투에 좀 **넣어 주세요**. ကျေးဇူးပြုပြီး ဒီပေါင်မုန့်ကို အိတ်ထဲ ထည့်ပေးပါ။
- 가: 가방을 들어 드릴까요? အိတ်သယ်ပေးရမလား။
  나: 네, **들어 주세요**. 고맙습니다. ဟုတ်ကဲ့။ သယ်ပေးပါ။ ကျေးဇူးတင်ပါတယ်။

'–아/어 주세요' ကို နားလည်ပြီဆိုရင် အောက်ပါ မေးခွန်းကို ဖြေကြည့်ပါ။

2. 〈보기〉처럼 '–아/어 주세요'를 사용해서 문장을 완성하세요.
'-아/어 주세요' ကို သုံးပြီး ပါကျဆက်ပေးပါ။

보기

운동화를 환불하다 → 운동화를 환불해 주세요.
ဝေါ်ကင်းရှူး ငွေပြန်အမ်းပေးသည်။ → ဝေါ်ကင်းရှူး ငွေပြန်အမ်းပေးပါ။

1) 봉투에 넣다 → 봉투에 _____.
2) 이 빵을 포장하다 → 이 빵을 _____.
3) 이 우유를 바꾸다 → 이 우유를 _____.
4) 아침에 전화하다 → 아침에 _____.
5) 음식을 만들다 → 음식을 _____.

정답 1) 넣어 주세요 2) 포장해 주세요 3) 바꿔 주세요 4) 전화해 주세요 5) 만들어 주세요

유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

주말 잘 지내셨어요? စနေ တနင်္ဂနွေမှာ ပျော်ခဲ့လား။

가: **주말 잘 지내셨어요? စနေ တနင်္ဂနွေမှာ ပျော်ခဲ့လား။**
나: 네, 고향 친구를 만나서 재미있게 놀았어요. ဟုတ်ကဲ့။ ဇာတိမြေက သူငယ်ချင်းတွေနဲ့ တွေ့ပြီး လျှောက်လည်ခဲ့တယ်။

활동 အသုံးချသင်ခန်းစာများ

〈보기〉처럼 친구와 이야기해 보세요. ဥပမာအတိုင်း သူငယ်ချင်းနဲ့ ပြောကြည့်ကြည့်ပါ။

보기

주인: 어서 오세요. ကြိုဆိုပါတယ်။
손님: 사과 있어요? ပန်းသီး ရှိလား။
주인: 네, 있어요. ဟုတ်ကဲ့ ရှိပါတယ်။
손님: 얼마예요? ဘယ်လောက်လဲ။
주인: 천 원이에요. တစ်ထောင်ပါ။
손님: 다섯 개 주세요. ငါးလုံး ပေးပါ။

ဥပမာပေးထားတာကို နားလည်ပါသလား။ အောက်ပါ မေးခွန်းများကို သေချာစွာ ဖြေဆိုပါ။

✚ 알맞은 말에 ✓하세요. သင့်တော်သော စကားလုံးကို အမှန်ခြစ်ပေးပါ။

(1) 무엇을 샀어요?
ဘာ ဝယ်ခဲ့လဲ။

☐ 수박
ဖရဲသီး

☐ 사과
ပန်းသီး

(2) 한 개에 얼마예요?
ဘယ်လောက်လဲ။

☐ 1,000원
၁၀၀၀(ဝမ်)

☐ 2,000원
၂၀၀၀(ဝမ်)

(3) 몇 개를 샀어요?
ဘယ်နှလုံး ဝယ်ခဲ့လဲ။

☐ 4개
၄လုံး

☐ 5개
၅လုံး

정답 (1) 사과 (2) 1,000원 (3) 5개

퀴즈 ဉာဏ်စမ်းမေးခွန်း

✚ 이것은 무엇일까요? ဒါ ဘာလဲ။

① 겉은 초록색이에요. အပြင်က အစိမ်းရောင်ပါ။
② 안은 빨간색이에요. အတွင်းက အနီရောင်ပါ။
③ 줄무늬가 있어요. အစင်းကြောင်းတွေ ရှိပါတယ်။
④ 여름 과일이에요. နွေရာသီ အသီးဖြစ်ပါတယ်။

정답 수박

의류

အဝတ်အစား

치마
စကတ်

바지
ဘောင်းဘီ

티셔츠
တီရှပ်

잠바
ဂျာကင်အင်္ကျီ

입다 ဝတ်သည်

운동화
ဝေ့ကင်းရှူး

구두
ရှူးဖိနပ်

슬리퍼
ကွင်းထိုးဖိနပ်

장화
ဘိုဖိနပ်အရှည်

신다 စီးသည်

양말
ခြေအိတ်

신다

장갑
လက်အိတ်

끼다



목도리
မာဖလာ

하다

모자
ဦးထုပ်

쓰다

넥타이
လည်စီး

매다

가방
အိတ်

메다

안경
မျက်မှန်

쓰다

선글라스
နေကာမျက်မှန်

쓰다

EPS-TOPIK 듣기 EPS-TOPIK အကြား စာမေးပွဲ

မေးခွန်း ၁နဲ့ ၂မှာ သစ်သီးနဲ့ စားသောက်ကုန်တွေနဲ့ ပတ်သက်တဲ့ ဝေါဟာရမေးခွန်းတွေပါ။ မေးခွန်း ၃ကတော့ ခေါက်ဆွဲထုပ် အရေအတွက်နဲ့ ပတ်သက်တဲ့ မေးခွန်းပါ။ သေချာစွာ နားထောင်ပြီး ဆက်စပ်မှုရှိတဲ့ ပုံကို ရွေးပေးပါ။

[1~3] 잘 듣고 내용과 관계있는 그림을 고르십시오.
သေချာစွာ နားထောင်ပြီး ဆက်စပ်မှုရှိသော ပုံကို ရွေးပေးပါ။

Track 39

1. ① ② ③ ④

2. ① ② ③ ④

3. ① ② ③ ④

အောက်ပါ မေးခွန်းများကို ဖြေပေးပါ။ မေးခွန်းကို နားမထောင်မီ ဝါကျကို သေချာစွာ ဖတ်ပါ။

[4~5] 질문을 듣고 알맞은 대답을 고르십시오.
မေးခွန်းကို နားထောင်ပြီး သင့်တော်သော အဖြေကို ရွေးပေးပါ။

4. ① 사과예요.
② 5개 주세요.
③ 1000원이에요.
④ 사과가 많아요.

5. ① 우유예요.
② 우유 주세요.
③ 여기 있어요.
④ 여기에서 마셔요.

듣기 대본 စာသား

1. 남: 수박 ဖရဲသီး
2. 여: 물 ရေ
3. 남: 라면 두 개 ခေါက်ဆွဲ ၂ထုပ်
4. 여: 이 사과 얼마예요? ဒီ ပန်းသီး ဘယ်လောက်လဲ။
5. 남: 뭘 드릴까요? ဘာ အလိုရှိပါသလဲ။

정답 1. ④ 2. ① 3. ② 4. ③ 5. ②

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန် L-11

1. 잘 듣고 내용과 관계있는 그림을 고르십시오.
   မေးခွန်းကို နားထောင်ပြီး ဆက်နွယ်မှု ရှိသော ပုံကို ရွေးပါ။

①

②

③

④

2. 질문을 듣고 알맞은 대답을 고르십시오.
   မေးခွန်းနှင့် သင့်တော်သော အဖြေကို ရွေးပေးပါ။

① 네, 넣어 주세요.
② 네, 봉투에 넣었어요.
③ 아니요, 깎아 주세요.
④ 아니요, 봉투가 싸요.

확장 연습 듣기 대본 ထပ်ဆောင်း လေ့ကျင့်ရန် စာသား

1. 남: 사과 두 개하고 주스 세 잔 주세요. ပန်းသီး ၂လုံးနှင့် ဖျော်ရည် သုံးခွက် ပေးပါ။
2. 남: 봉투에 넣어 드릴까요? အိတ်နဲ့ ထည့်ပေးရမလား။

정답 1. ④ 2. ①

EPS-TOPIK 읽기 EPS-TOPIK အဖတ် စာမေးပွဲ

မေးခွန်း ၁ကတော့ ပိုက်ဆံနဲ့ ပတ်သက်တဲ့ စကားလုံးတွေကို ရွေးပေးရမှာပါ။ မေးခွန်း ၂မှာတော့ သစ်သီးနဲ့ ပတ်သက်တဲ့ ဝေါဟာရတွေကို ရွေးပေးရမှာ ဖြစ်ပါတယ်။ မေးခွန်း ၃ကတော့ ပုံနဲ့ သင့်တော်တဲ့ စကားလုံးကို ရွေးပေးရမှာပါ။

[1~3] 다음 그림을 보고 맞는 단어나 문장을 고르십시오.
ပုံကို ကြည့်ပြီး သင့်တော်တဲ့ စကားလုံး သို့မဟုတ် ဝါကျကို ရွေးပေးပါ။

1.

① 돈 ② 물
③ 주스 ④ 카드

2.

① 포도 ② 수박
③ 사과 ④ 오렌지

3.

① 싸요. ② 비싸요.
③ 있어요. ④ 없어요.

ဈေးဝယ်တဲ့ အခါ သုံးသော အသုံးအနှုန်းများနဲ့ ပတ်သက်တဲ့ မေးခွန်းများ ဖြစ်ပါတယ်။ မဖြေခင် လေ့လာထားတာတွေ ပြန်စဉ်းစားပြီးမှ ဖြေပါ။

[4~5] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်တွင် အသင့်တော်ဆုံးသော စကားလုံးကို ရွေးဖြည့်ပါ။

4. 가: 이 오렌지 _____예요? ဒီ လိမ္မော်သီး ဘယ်လောက်လဲ။
나: 이천 원이에요. ဝမ် ၂၀၀၀ပါ။

① 얼마 ② 누구 ③ 어디 ④ 언제

5. 가: 이 운동화는 오만 오천 원이에요. ဒီ ဝေါ်ကင်းရှူး ငါးသောင်းငါးထောင်ပါ။
나: 좀 비싸요. _____. နည်းနည်း ဈေးကြီးတယ်။ လျှော့ပေးပါ။
가: 알았어요. 오만 원 주세요. ကောင်းပြီ။ ငါးသောင်းပဲ ပေးပါ။

① 넣어 주세요 ② 바꿔 주세요 ③ 깎아 주세요 ④ 포장해 주세요

정답 1. ① 2. ③ 3. ② 4. ① 5. ③

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန်

[1~2] 다음 그림을 보고 맞는 표현을 고르십시오.
အောက်ပါ ပုံကို ကြည့်ပြီး သင့်တော်သော ဝါကျကို ရွေးပေးပါ။

1.

① 지갑 ② 통장
③ 현금 ④ 카드

2.

① 수박이 한 통 있어요. ② 수박이 두 통 있어요.
③ 수박이 한 병 있어요. ④ 수박이 두 병 있어요.

[3~5] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်တွင် အသင့်တော်ဆုံး အဖြေကို ရွေးထည့်ပေးပါ။

3.

가: 약국이 어디에 있어요? ဆေးဆိုင် ဘယ်မှာ ရှိလဲ။
나: _____.

① 병원 옆에 있어요 ② 병원 앞에 있어요
③ 은행 옆에 있어요 ④ 우체국 뒤에 있어요

4.

가: 이 옷이 좀 작아요. ဒီအင်္ကျီ နည်းနည်း သေးတယ်။
나: 그럼 바꿔 드릴까요? ဒါဆို လဲပေးရမလား။
가: 네, _____.

① 넣어 주세요 ② 교환해 주세요
③ 환불해 주세요 ④ 포장해 주세요

5.

가: 어서 오세요. 뭘 드릴까요? ကြိုဆိုပါတယ်။ ဘာ အလိုရှိပါသလဲ။
나: 이 오렌지 얼마예요? ဒီ လိမ္မော်သီး ဘယ်လောက်လဲ။
가: 그건 천 원이고 이건 천오백 원이에요.
အဲဒါက တစ်ထောင်ဖြစ်ပြီးတော့ ဒီဟာက ထောင့်ငါးရာ ဝမ်ဖြစ်ပါတယ်။
나: 그럼, _____

① 모두 얼마예요? ② 몇 개 드릴까요?
③ 이거 다섯 개 주세요. ④ 사과 다섯 개 주세요.

정답 1. ③ 2. ② 3. ① 4. ② 5. ③

12 병원 옆에 약국이 있어요

ဆေးရုံဘေးမှာ ဆေးဆိုင် ရှိတယ်။

학습 안내 သင်ရိုး အညွှန်း

- **သင်ခန်းစာ ရည်ရွယ်ချက်** နေရာနှင့် လမ်းရှာခြင်း။
- **သဒ္ဒါ** -(으)세요, (으)로
- **ဝေါဟာရ** ရွှေ့လျားမှုပြ ကြိယာများ၊ တည်နေရာနှင့် ဦးတည်ရာများ
- **သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု** လမ်း။

대화 1 စကားပြော ၁

Track 40

ထူအန်းက ဘဏ်ရဲ့နေရာကိုမေးနေတယ်။ အရင်ဆုံး သူတို့ ပြောတာကို နှစ်ခေါက် နားထောင်ပြီး လိုက်ပြောကြည့်ရအောင်။

투안 이 건물에 은행이 있어요?
ဒီအဆောက်အဦမှာ ဘဏ်ရှိလား။

여자 네, 있어요.
ဟုတ်ကဲ့၊ ရှိပါတယ်။

투안 은행이 어디에 있어요?
ဘဏ်က ဘယ်မှာ ရှိတာလဲ။

여자 지하 1층에 있어요.
မြေအောက် ၁လွှာမှာရှိပါတယ်။
지하로 내려가세요.
မြေအောက်သို့ ဆင်းသွားပါ။

지하 မြေအောက်

· 은행이 지하에 있어요?
ဘဏ်ကမြေအောက်မှာ ရှိတယ်။

· 식당이 지하 1층에 있어요?
စားသောက်ဆိုင်က မြေအောက် ၁လွှာမှာ ရှိလား။

N이/가 어디에 있어요?
N က ဘယ်မှာ ရှိသလဲ။

အရပ်မျက်နှာကိုမေးတဲ့အခါသုံးတယ်။ 'N이 어디에 있어요?' ကတော့ နာမ်ရဲ့နောက်ဆုံးစာလုံးမှာ အသတ်ပါရင် သုံးပြီး 'N가 어디에 있어요?' ကတော့ နာမ်ရဲ့ နောက်ဆုံးစာလုံးမှာ အသတ်မပါရင် သုံးတယ်။

· 병원이 어디에 있어요?
ဆေးရုံက ဘယ်မှာ ရှိလဲ။

သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 투안 씨는 어디에 가요? ထူအန်းက ဘယ်ကို သွားလဲ။
2. 은행이 어디에 있어요? ဘဏ်က ဘယ်မှာ ရှိတာလဲ။

정답 1. 은행에 가요. 2. 지하에 있어요./지하 1층에 있어요.

어휘 1 ဝေါဟာရ ၁ 이동 동사 ရွှေ့လျားမှုပြ ကြိယာများ

ကိုရီးယားလို ရွှေ့လျားမှုပြကြိယာတွေကိုလေ့လာကြည့်ရအောင်။

내려가다
ဆင်းသွားသည်။

내려오다
ဆင်းလာသည်။



올라가다
တက်သွားသည်။

올라오다
တက်လာသည်။

나가다
ထွက်သွားသည်။

나오다
ထွက်လာသည်။

들어가다
ဝင်သွားသည်။

들어오다
ဝင်လာသည်။

돌아가다
ပြန်သွားသည်။

돌아오다
ပြန်လာသည်။

- 옥상에 **올라가면** 카페가 있어요.
  လေသာဆောင်ကို တက်သွားရင် ကဖီး ရှိတယ်။
- 잠깐 **나가** 주세요. ခဏလောက် ထွက်သွားပေးပါ။
- 내일 고향에 **돌아가요**.
  မနက်ဖြန် မွေးရပ်မြေကို ပြန်သွားမယ်။
- 3월에 동생이 미국에서 **돌아와요**.
  ၃လပိုင်းမှာ ညီမလေးက အမေရိကားမှ ပြန်လာမယ်။

အပေါ်ကဝေါဟာရတွေကို မကြည့်ဘဲအောက်ပါစာကြောင်းများကိုဖြည့်စွက်ပါ။

1. 그림을 보고 알맞은 단어를 연결하세요. ပုံကို ကြည့်ပြီး ကိုက်ညီသော ဝေါဟာရနှင့် ဆက်ပေးပါ။

①

②

③

④

㉠ 나가다　㉡ 들어가다　㉢ 내려가다　㉣ 올라가다

정답 ① ㉢ ② ㉣ ③ ㉠ ④ ㉡

문법 1 သဒ္ဒါ ၁ –(으)세요 G12-1

တစ်စုံတစ်ယောက်ကို အမိန့်ပေးတာပဲဖြစ်ဖြစ် တစ်ခုခုကို တောင်းဆိုတဲ့အခါမှာ သုံးပါတယ်။ ကြိယာနဲ့ပဲ တွဲသုံးလို့ရပါတယ်။

자음 (ဗျည်း) → –으세요	모음 (သရ), 자음 (ဗျည်း) 'ㄹ' → –세요
읽다 → 읽**으세요**	기다리다 → 기다리**세요** 만들다 → 만드**세요**

· 여기에 **앉으세요**. ဒီမှာ ထိုင်ပါ။
· 투안 씨, 빨리 **오세요**. မောင်မောင်၊ မြန်မြန် လာပါ။
· 잠깐만 **기다리세요**. ခဏလေးပဲ စောင့်ပါ။

비교해 보세요 နှိုင်းယှဉ်ကြည့်ပါ။

✓ '–(으)세요' နှင့် '–아/어 주세요'

'–(으)세요' vs. '–아/어 주세요' (ကြိယာ) 'ပါ'။ (ကြိယာ) 'ပေးပါ' ကတော့ တစ်ခုခုကို တောင်းဆိုတာ၊ အမိန့်ပေးတဲ့အခါမှာ သုံးပါတယ်။ '–(으)세요' (ကြိယာ) 'ပါ' ကတော့ တစ်ခုခုကို အမိန့်ပေးတဲ့ အခါမှာ အသုံးများပြီး၊ '–아/어 주세요' ကတော့ တစ်ခုခုကို တောင်းဆိုတဲ့ အခါမှာ သုံးပါတယ်။

· 창문을 **닫으세요**. (အမိန့်)
· 창문을 **닫아 주세요**. (တောင်းဆို)

'–(으)세요' ရဲ့ အသုံးကို နားလည်ရင် ဥပမာဝါကျတွေကို ပြီးအောင် ရေးဖြည့်ကြည့်ရအောင်။

2. 그림을 보고 〈보기〉처럼 '–(으)세요'를 사용해서 대화를 완성하세요.
ပုံကို ကြည့်ပြီး ဥပမာထဲကအတိုင်း '-(으)세요' ကို သုံးပြီး ဝါကျကို အဆုံးသတ်ပါ။

보기
가: 이 건물에 약국이 있어요?
ဒီ အဆောက်အဦမှာ ဆေးဆိုင်ရှိလား။
나: 지하 1층에 있어요.
မြေအောက် ၁လွှာမှာ ရှိတယ်။
저쪽으로 내려가세요.
ဟိုဘက်ကနေ ဆင်းသွားပါ။

1) 가: 이 건물에 은행이 있어요?
나: 네, 2층에 있어요.
저 계단으로 _____.

2) 가: 이 건물에 편의점이 있어요?
나: 네, 3층에 있어요.
3층으로 _____.

3) 가: 이 건물에 우체국이 있어요?
나: 우체국은 밖에 있어요.
밖으로 _____.

정답 1) 올라가세요 2) 올라가세요 3) 나가세요

대화 2 စကားပြော ၂

Track 41

ဆူရူက ဆေးဆိုင်ရှာနေတယ်။ အရင်ဆုံး သူတို့ ပြောတာကို နှစ်ခေါက် နားထောင်ပြီး လိုက်ပြောကြည့်ရအောင်။

수루 이 근처에 약국이 있어요?
ဒီ အနီးအနားမှာ ဆေးဆိုင်ရှိလား။

남자 네, 있어요.
ဟုတ်ကဲ့၊ ရှိပါတယ်။

수루 약국이 어디에 있어요?
ဆေးဆိုင်က ဘယ်မှာ ရှိတာလဲ၊

남자 저 사거리에서 오른쪽으로 가세요.
ဟို လမ်းလေးခွဆုံမှ ညာဘက်သို့ သွားပါ။
그러면 병원 옆에 약국이 있어요.
အဲဒါဆိုရင် ဆေးရုံဘေးမှာ ဆေးဆိုင် ရှိတယ်။

근처 အနီးအနား

- 우리 집 근처에 은행이 있어요.
  ငါတို့ အိမ် နားမှာ ဘဏ်ရှိတယ်။
- 영화관 근처에서 친구를 만났어요.
  ရုပ်ရှင်ရုံနားမှာ သူငယ်ချင်းကို တွေ့ခဲ့တယ်။

그러면 အဲဒါဆိုရင်
အဲဒါဆိုရင် ရှေ့ဝါကျက နောက်ဝါကျရဲ့ အကြောင်းပြချက်ဖြစ်ခြင်းကို ဖော်ပြတဲ့အခါမှာ သုံးတယ်။

- 1층으로 내려오세요. 그러면 식당이 있어요.
  ၁လွှာသို့ ဆင်းလာပါ။ အဲဒါဆို စားသောက်ဆိုင် ရှိတယ်။

သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 수루 씨는 어디에 가요? ဆူရူက ဘယ်ကို သွားလဲ။
2. 약국은 어디에 있어요? ဆေးဆိုင်က ဘယ်မှာ ရှိတာလဲ။

정답 1. 약국에 가요. 2. 병원 옆에 있어요.

Tip 표지판 ဆိုင်းဘုတ်

앞으로 가세요.
ရှေ့သို့ သွားပါ။

뒤로 가세요.
နောက်သို့ သွားပါ။

오른쪽으로 가세요.
ညာဘက်သို့ သွားပါ။

왼쪽으로 가세요.
ဘယ်ဘက်သို့ သွားပါ

위로 올라가세요.
အပေါ်သို့ တက်လာပါ။

아래로 내려가세요.
အောက်သို့ ဆင်းသွားပါ။

어휘 2 စကားပြော ၂ 위치와 방향 နေရာနှင့် လားရာ

နေရာနှင့် အရပ်မျက်နှာနဲ့ ပတ်သက်သော ဝေါဟာရများကိုရှာကြည့်ရအောင်။

위
အပေါ်

아래
အောက်

앞
ရှေ့

뒤
နောက်

안
အထဲ/အတွင်း

밖
အပြင်

오른쪽
ညာဘက်

왼쪽
ဘယ်ဘက်

건너편(맞은편)
လမ်း တစ်ဖက်ခြမ်း
(မျက်နှာချင်းဆိုင်ဘက်ခြမ်း)

옆
ဘေး

사이
အကြား

가운데(중간)
အလယ်(စပ်ကြား)

သင်ယူထားသော ဝေါဟာရတွေကို ပြန်စဉ်းစားပြီး အောက်ပါမေးခွန်းများ ဖြေဆိုပါ။

1. 그림을 보고 〈보기〉처럼 문장을 완성하세요. ပုံကို ကြည့်ပြီး(ဥပမာ)လိုမျိုး စာကြောင်းဖြည့်စွက်ပါ။

보기

가방이 의자 위에 있어요. လွယ်အိတ်က ထိုင်ခုံ အပေါ်မှာ ရှိတယ်။

1)

차가 회사 _____에 있어요.

2)

차가 회사 _____에 있어요.

3)

약국이 백화점 _____에 있어요.

4)

약국이 식당 _____에 있어요.

정답 1) 앞 2) 뒤 3) 안 4) 옆/오른쪽

문법 2 သဒ္ဒါ ၂ (으)로 G12-2

'(으)로' သို့ နာမ်နဲ့ တွဲပြီး ရွှေ့လျားမှုရဲ့ ဦးတည်ရာ၊ ပန်းတိုင်ကိုဖော်ပြတယ်။

자음 (ဗျည်း) → **으로**	모음 (သရ), 자음 (ဗျည်း) 'ㄹ' → **로**
한국 → 한국**으로**	위 → 위**로** 서울 → 서울**로**

· 가: 화장실이 어디에 있어요? အိမ်သာ ဘယ်မှာ ရှိလဲ။
나: 사무실 옆에 있어요. **오른쪽으로** 가세요. ရုံးခန်း ဘေးမှာ ရှိတယ်။ ညာဘက်သို့ သွားပါ။
· 가: 약국이 어디에 있어요? ဆေးဆိုင် ဘယ်မှာ ရှိလဲ။
나: 2층에 있어요. **위로** 올라가세요. ၂ လွှာမှာ ရှိတယ်။ အပေါ်သို့ တက်သွားပါ။

'(으)로' ရဲ့ အသုံးကို နားလည်ရင် ဥပမာဝါကျတွေကို ပြီးအောင် ရေးဖြည့်ကြည့်ရအောင်။

2. 그림을 보고 〈보기〉처럼 '(으)로'를 사용해서 문장을 완성하세요.
ပုံကို ကြည့်ပြီး (ဥပမာ)လိုမျိုး '(으)로' ကို သုံးပြီး စာကြောင်း ဖြည့်စွက်ပါ။

보기

앞으로 가세요. ရှေ့သို့သွားပါ။

1) _____ 가세요.

2) _____ 가세요.

3) _____ 가세요.

4) _____ 올라가세요.

5) _____ 내려가세요.

정답 1) 뒤로 2) 오른쪽으로 3) 왼쪽으로 4) 위로 5) 아래로

유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

먼저 들어가세요. အရင်ပြန်နှင့်ပါ။

가: 퇴근 시간인데 집에 안 가요? အလုပ်ပြန်ချိန် ရောက်နေပြီကို အိမ် မပြန်သေးဘူးလား။
나: 네, **먼저 들어가세요.** 저는 공구 정리 좀 하고 들어갈게요.
ဟုတ်ကဲ့။ **အရင်ပြန်နှင့်ပါ။** ကျွန်တော်ကတော့ ပစ္စည်းလေးတွေ နည်းနည်း သိမ်းပြီးမှ ပြန်ပါ့မယ်။

활동 အသုံးချသင်ခန်းစာများ

그림을 보고 〈보기〉처럼 친구와 이야기해 보세요.
ပုံကို ကြည့်ပြီး(ဥပမာ)လိုမျိုး သူငယ်ချင်းနှင့် စကားပြောကြည့်ပါ။

보기

가: 약국이 어디에 있어요? ဆေးဆိုင်က ဘယ်မှာ ရှိလဲ။
나: 이 사거리에서 오른쪽으로 가세요. ဒီ လမ်းလေးခွဆုံမှ ညာဘက်သို့ သွားပါ။
그러면 병원 옆에 약국이 있어요.
အဲဒါဆိုရင် ဆေးရုံဘေးမှာ ဆေးဆိုင် ရှိတယ်။



လမ်းပြမြေပုံကိုကြည့်ပြီး မေးခွန်းလေးတွေ ဖြေပါ။

✚ 알맞은 말에 ✓하세요. မှန်ကန်သော စကားမှာ အမှန်ခြစ် ခြစ်ပေးပါ။

(1) 은행 옆에	☐ 약국이 있어요.	☐ 우체국이 있어요.
(2) 약국 옆에	☐ 병원이 있어요.	☐ 마트가 있어요.
(3) 병원 건너편에	☐ 은행이 있어요.	☐ 학교가 있어요.

정답 (1) 우체국이 있어요. (2) 병원이 있어요. (3) 은행이 있어요.

길거리

လမ်းများ


육교
ကုန်းကျော်တံတား
이정표
လမ်းညွှန်ဆိုင်းဘုတ်
신호등
မီးပွိုင့်
역삼사거리
횡단보도
လူကူးမျဉ်းကြား
길
လမ်း
도로
လမ်းမကြီး
골목
လမ်းကြား

EPS-TOPIK 듣기 EPS-TOPIK အကြား စာမေးပွဲ

မေးခွန်း ၁နဲ့ ၂ က နေရာနဲ့ သက်ဆိုင်တဲ့ ဝေါဟာရတွေကို ရွေးရမှာဖြစ်ပါတယ်။ မေးခွန်း ၃ကတော့ လှုပ်ရှားမှုဆိုင်ရာ ကြိယာကို ရွေးရမှာဖြစ်ပါတယ်။သေချာနားထောင်ပြီးအဖြေမှန် ရွေးပါ။

[1~3] 들은 것을 고르십시오. ကြားလိုက်တာကို ရွေးပါ။

Track 42

1. ① 위 ② 옆 ③ 안 ④ 앞

2. ① 사이 ② 왼쪽 ③ 아래 ④ 중간

3. ① 내려가세요 ② 돌아가세요 ③ 올라가세요 ④ 들어가세요

အောက်က ပုစ္ဆာတွေအတွက် မေးခွန်းကို နားထောင်ပြီး အဖြေမှန်ကို ရွေးပေးရမှာပါ။ စကားပြောကို နားမထောင်ခင် ရွေးဖို့ ပေးထားတာတွေကို အရင် ဖတ်ကြည့်ပါ။

[4~5] 이야기를 듣고 질문에 알맞은 대답을 고르십시오.
အကြောင်းအရာကို နားထောင်ပြီး မေးခွန်းနဲ့ ကိုက်ညီသော အဖြေမှန်ကို ရွေးပါ။

4. 은행은 어디에 있습니까? ဘဏ်က ဘယ်မှာ ရှိတာလဲ။
① 1층 ② 2층
③ 지하 1층 ④ 지하 2층

5. 약국은 어디에 있습니까? ဆေးခန်းက ဘယ်မှာ ရှိတာလဲ။
① 병원 뒤 ② 병원 옆
③ 병원 안 ④ 병원 위

듣기 대본 စာသား

1. 여: 앞 အရှေ့
2. 남: 왼쪽 ဘယ်ဘက်
3. 여: 들어가세요. ဝင်သွားပါ။
4. 남: 은행이 어디에 있어요? ဘဏ်က ဘယ်မှာရှိတာလဲ။
   여: 지하 1층에 있어요. မြေညီထပ်မှာရှိတယ်။
5. 남: 약국이 어디에 있어요? ဆေးဆိုင်က ဘယ်မှာ ရှိတာလဲ။
   여: 병원 옆에 있어요. ဆေးရုံ ဘေးမှာ ရှိတယ်။

정답 1. ④ 2. ② 3. ④ 4. ③ 5. ②

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန် L-12

1. 들은 것을 고르십시오. ကြားတာကို ရွေးပါ။

   ① 내려가세요. ② 들어가세요. ③ 돌아가세요. ④ 올라가세요.

2. 우체국은 어디에 있습니까? 맞는 것을 고르십시오.
   စာတိုက်က ဘယ်မှာ ရှိတာလဲ။ မှန်တာကိုရွေးပါ။

   ① 경찰서 뒤에 있어요. ② 경찰서 앞에 있어요.
   ③ 경찰서 옆에 있어요. ④ 경찰서 안에 있어요.

확장 연습 듣기 대본 ထပ်ဆောင်း လေ့ကျင့်ရန် စာသား

1. 남: 올라가세요. တက်သွားပါ။
2. 남: 우체국이 어디에 있어요? စာတိုက်က ဘယ်မှာ ရှိတာလဲ။
   여: 경찰서 뒤에 있어요. ရဲစခန်း နောက်မှာ ရှိတယ်။

정답 1. ④ 2. ①

유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

덕분이에요. ကျေးဇူးကြောင့်ပါ။

가: 일을 아주 잘 하네요. အလုပ် အရမ်း ကောင်တယ်နော်။
나: 과장님 **덕분이에요.** ဌာနမှူး**ကျေးဇူးကြောင့်ပါ။**

မေးခွန်း ၁၈နေ ၃၇တော့ ပုံကိုကြည့်ပြီး စာကြောင်းနဲ့ သင့်တော်သော အဖြေကိုရွေးပေးရမှာဖြစ်ပါတယ်။ ပုံအတွက် အဖြေမှန်ကိုရွေးပါ။

[1~3] 다음 그림을 보고 알맞은 문장을 고르십시오.
အောက်ပါ ပုံကို ကြည့်ပြီး မှန်တဲ့ စာကြောင်းကို ရွေးပါ။

1.

① 뒤로 가세요.
② 앞으로 가세요.
③ 옆으로 가세요.
④ 사이로 가세요.

2.

① 가운데로 가세요.
② 왼쪽으로 가세요.
③ 오른쪽으로 가세요.
④ 건너편으로 가세요.

3.

① 위로 올라가세요.
② 위로 내려가세요.
③ 아래로 올라가세요.
④ 아래로 내려가세요.

မေးခွန်း ၄နဲ့ ၅ကတော့ ပုံကိုကြည့်ပြီး အဖြေမှန်ရွေးပေးရမှာ ဖြစ်ပါတယ်။ သင်ယူထားတာတွေကို ပြန်လည်စဉ်းစားပြီး မေးခွန်းများ ဖြေပါ။

[4~5] 다음 그림을 보고 빈칸에 들어갈 가장 알맞은 것을 고르십시오.
အောက်ပါ ပုံကိုကြည့်ပြီး ကွက်လပ်ထဲ ဖြည့်ရန် အသင့်တော်ဆုံးကို ရွေးပါ။

4.

가: 식당이 어디에 있어요? စားသောက်ဆိုင် ဘယ်မှာ ရှိလဲ။
나: _____.

① 1층에 있어요
② 2층에 있어요
③ 지하 1층에 있어요
④ 지하 2층에 있어요

5.

가: 이 건물에 우체국이 있어요? ဒီအဆောက်အဦမှာ စာတိုက် ရှိလား။
나: _____.

① 네, 있어요. 1층에 있어요
② 네, 없어요. 건물 안에 있어요
③ 아니요, 있어요. 1층에 있어요
④ 아니요, 없어요. 건물 밖에 있어요

정답 1. ② 2. ③ 3. ④ 4. ③ 5. ④

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန်

[1~2] 다음 그림을 보고 맞는 표현을 고르십시오.
အောက်ပါ ပုံကို ကြည့်ပြီး သင့်တော်သော ဝါကျကို ရွေးပေးပါ။

1.

① 뒤로 가세요.
② 왼쪽으로 가세요.
③ 앞으로 가세요.
④ 오른쪽으로 가세요.

2.

① 올라가세요.
② 내려가세요.
③ 옆으로 가세요.
④ 앞으로 가세요.

[3~5] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်တွင် အသင့်တော်ဆုံး အဖြေကို ရွေးထည့်ပေးပါ။

3. 가: 서점이 어디에 있어요? စာအုပ်ဆိုင်က ဘယ်မှာ ရှိလဲ။
나: _____.

① 꽃집 옆에 있어요
② 편의점 옆에 있어요
③ 빵집 뒤에 있어요
④ 우체국 아래에 있어요

4. 어제 시장에서 운동화를 샀어요. 그런데 조금 비싸서 값을 _____.
မနေ့က ဈေးမှ အားကစား ဖိနပ် ဝယ်ခဲ့တယ်။ ဒါပေမဲ့ နည်းနည်း ဈေးကြီးလို့ ဈေး ဆစ်ခဲ့တယ်။

① 줬어요
② 깎았어요
③ 넣었어요
④ 바꿨어요

5. 제가 살고 있는 기숙사는 _____이/가 참 좋습니다. 기숙사 내에 세탁실도 있고 방마다 샤워실도 있습니다.
ကျွန်တော် နေနေတဲ့အဆောင်ကတော့ ရှုခင်းက အရမ်းလှတယ်။ အဆောင်အတွင်းမှာ အဝတ်လျှော်ခန်းလည်းရှိပြီး အခန်းတိုင်းမှာရေချိုးခန်းလည်း ရှိတယ်။

① 경치
② 이웃
③ 시설
④ 교통

정답 1. ② 2. ① 3. ① 4. ② 5. ③

13 시청 앞에서 일곱 시에 만나요

မြို့တော်ခန်းမ ရှေ့မှာ ၇ နာရီ တွေ့မယ်။

학습 안내 သင်ရိုး အညွှန်း

- **သင်ခန်းစာ ရည်ရွယ်ချက်** တွေ့မယ့်အချိန်နဲ့ နေရာကို သတ်မှတ်ခြင်း။
- **သဒ္ဒါ** -고 싶다, -(으)ㄹ까요
- **ဝေါဟာရ** အခြေအနေ ၁၊ အခြေအနေ ၂
- **သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု** ကိုရီးယားလူမျိုးတွေ နှုတ်ဆက်တဲ့ သဘောနဲ့ပြောသော ချိန်းဆိုခြင်း။

대화 1 စကားပြော ၁

Track 43

ထူအန်းနှင့် ဆူရူက တွေ့ဖို့ ချိန်းဆိုနေကြတယ်။ အရင်ဆုံး သူတို့ ပြောတာကို နှစ်ခေါက် နားထောင်ပြီး လိုက်ပြောကြည့်ရအောင်။

투안 수루 씨, 내일 시간 있어요?
ဆူရူ၊ မနက်ဖြန် အချိန်ရှိလား။

수루 네, 시간 괜찮아요. 그런데 왜요?
ဟုတ်ကဲ့ အချိန်ရပါတယ်။ ဒါနဲ့ ဘာဖြစ်လို့လဲဟင်။

그런데 왜요? ဒါနဲ့ ဘာဖြစ်လို့လဲ။
တစ်စုံတစ်ယောက်ရဲ့မေးခွန်းကိုဖြေပြီး ဘာကြောင့်မေးသလဲကို သိချင်ရင်သုံးတယ်။။
· 내일은 바빠요. 그런데 왜요?
မနက်ဖြန်တော့ မအားဘူး။ ဒါနဲ့ ဘာဖြစ်လို့လဲ။

투안 우리 같이 영화 볼까요?
ငါတို့ အတူတူ ရုပ်ရှင်သွားကြည့်မလား။

수루 좋아요. 같이 영화 봐요.
အိုကေလေ၊ အတူတူ ရုပ်ရှင် ကြည့်မယ်။

무슨 N ဘာ နာမ်
N ရဲ့ အရှေ့မှာ ထားပြီး ဘာ N လဲလို့ မေးတဲ့အခါမှာ သုံးတယ်။
· 무슨 음식을 잘 만들어요?
ဘာအစားအစာကို ကောင်းကောင်း ပြုလုပ်တတ်လဲ။

무슨 영화 볼까요?
ဘာရုပ်ရှင် ကြည့်မလဲ။

투안 다 좋아요. 수루 씨는 뭐 보고 싶어요?
အကုန်ကြိုက်တယ်။ ဆူရူကော ဘာကြည့်ချင်လဲ။

수루 코미디 영화를 보고 싶어요.
ဟာသရုပ်ရှင် ကြည့်ချင်တယ်။

သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 수루 씨는 내일 시간이 있어요? ဆူရူက မနက်ဖြန် အချိန်ရှိလား။
2. 투안 씨는 내일 뭐 해요? ထူအန်းက မနက်ဖြန် ဘာလုပ်မလဲ။

정답 1. 네, 시간이 있어요./네, 시간이 괜찮아요. 2. 수루 씨하고 같이 영화를 봐요.

어휘 1 ဝေါဟာရ ၁ 상태 1 အခြေအနေ ၁

အခြေအနေကို ဖော်ပြသော ကြိယာဝိသေသနများကို လေ့လာကြည့်ရအောင်။

시간(이) 있다
အချိန်ရှိသည်။

시간(이) 없다
အချိန် မရှိပါ။

약속(이) 있다
ချိန်းထားတာ ရှိသည်။

약속(이) 없다
ချိန်းထားတာ မရှိပါ။



일이 많다
အလုပ်များသည်။

일이 적다
အလုပ်ပါးသည်။

바쁘다
အလုပ်များသည်။

한가하다
အားလပ်သည်။

재미있다
စိတ်ဝင်စားစရာကောင်းသည်။

재미없다
စိတ်ဝင်စားစရာမကောင်းပါ။

좋다
ကောင်းသည်။

괜찮다
အဆင်ပြေသည်။

အပေါ်က ဝေါဟာရတွေကို မကြည့်ဘဲ အောက်ပါ စာကြောင်းများကို ဖြည့်စွက်ပါ။

1. 그림을 보고 알맞은 단어를 연결하세요.
ပုံကို ကြည့်ပြီး ကိုက်ညီသော ဝေါဟာရနဲ့ တွဲဆက်ပေးပါ။

①

②

③

④

㉠ 재미있다　㉡ 재미없다　㉢ 바쁘다　㉣ 한가하다

정답 ① ㉢ ② ㉣ ③ ㉠ ④ ㉡

문법 1 သဒ္ဒါ ၁ –고 싶다

G13-1

ကြိယာနဲ့တွဲပြီး ပြောသူရဲ့ရည်မှန်းရာ၊ မျှော်လင့်ချက်ကို ဖော်ပြတဲ့အခါ သုံးသော အသုံးဖြစ်ပါတယ်။ အမေး ပုံစံနဲ့ဆိုလည်း နားထောင်သူရဲ့အလိုဆန္ဒကို မေးတဲ့အခါ သုံးပါတယ်။ ကြိယာမှာ အသတ်ပါပါ မပါပါအပြောင်းအလဲ မရှိ '–고 싶다' ပဲ အတူတူ သုံးပါတယ်။

- 영화를 **보고 싶어요**. ရုပ်ရှင် ကြည့်ချင်တယ်။
- 가: 뭐 **먹고 싶어요**? ဘာ စားချင်လဲ။
  나: 비빔밥을 **먹고 싶어요**. ထမင်းသုပ် စားချင်တယ်။

'–고 싶다' ရဲ့ အသုံးကို နားလည်ရင် ဥပမာဝါကျတွေကို ပြီးအောင် ရေးဖြည့်ကြည့်ရအောင်။

2. 그림을 보고 〈보기〉처럼 '–고 싶다'를 사용해서 대화를 완성하세요.
'-고 싶다' ကို သုံးပြီး ဥပမာ ပေးထားသလို စကားပြောများကို ဖြည့်စွက်ပေးပါ။.

보기



가: 뭐 하고 싶어요? ဘာလုပ်ချင်လဲ။
나: 영화를 보고 싶어요. ရုပ်ရှင်ကြည့်ချင်တယ်။

1)
가: 뭐 하고 싶어요?
나: _____.

2)
가: 뭐 하고 싶어요?
나: _____.

3)
가: 뭐 하고 싶어요?
나: _____.

4)
가: 뭐 하고 싶어요?
나: _____.

정답 1) 노래하고 싶어요 2) 산책하고 싶어요 3) 쇼핑하고 싶어요 4) 커피를 마시고 싶어요

유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

내일 뵙겠습니다. မနက်ဖြန်တွေ့ပါမယ်။

가: 지금 퇴근하세요? 조심해서 가요. အခု ရုံးဆင်းပြီးလား။ သတိထားပြီးသွားပါ။
나: 네, 반장님. **내일 뵙겠습니다.** ဟုတ်ကဲ့၊ ခေါင်းဆောင်။ **မနက်ဖြန် တွေ့ပါမယ်။**

대화 2 စကားပြော ၂

Track 44

ထူအန်းနဲ့ ဆူရူတို့ ချိန်းဆိုမှုလုပ်နေတယ်။ အရင်ဆုံး သူတို့ ပြောတာကို နှစ်ခေါက် နားထောင်ပြီး လိုက်ပြောကြည့်ရအောင်။

투안 우리 내일 어디에서 만날까요?
ငါတို့ မနက်ဖြန် ဘယ်နေရာမှာ တွေ့မလဲ။

수루 시청 앞 어때요?
မြို့တော်ခန်းမရှေ့ ဘယ်လိုလဲ။

투안 좋아요. 그러면 여섯 시쯤 만날까요?
ကောင်းတယ်။ အဲဒါဆို ၆နာရီလောက်တွေ့မလား။

수루 여섯 시는 좀 빨라요.
၆နာရီတော့ နည်းနည်း စောတယ်။
일곱 시에 괜찮아요?
၇နာရီ အဆင်ပြေလား။

투안 네, 괜찮아요. ဟုတ်ကဲ့၊ အဆင်ပြေတယ်။
그럼 내일 시청 앞에서 일곱 시에 봐요.
ဒါဆို မနက်ဖြန် မြို့တော်ခန်းမ ရှေ့မှာ ၇နာရီ တွေ့မယ်။

어때요? ဘယ်လိုလဲ။

တစ်စုံတစ်ယောက်ရဲ့အခြေအနေ၊ အကြံဉာဏ်ကိုမေးတဲ့အခါသုံးတယ်။

- 이 구두 어때요?
  ဒီ ရှူးဖိနပ် ဘယ်လိုလဲ။
- 내일 여섯 시 어때요?
  မနက်ဖြန် ၆နာရီ ဘယ်လိုလဲ။

N쯤 N လောက်

N နဲ့ တွဲသုံးပြီး (လောက်)ဆိုတဲ့ အဓိပ္ပါယ် ရှိသည်။

- 주말쯤 만나서 같이 영화 볼까요?
  စနေတနင်္ဂနွေလောက် တွေ့ပြီး အတူ ရုပ်ရှင် ကြည့်ကြမလား။
- 12월 말쯤 고향으로 돌아가려고 해요.
  ၁၂ လဝိုင်း အကုန်လောက် ဇာတိကို ပြန်မလို့ပါ။

သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 투안 씨하고 수루 씨는 어디에서 만나요? ထူအန်းနဲ့ ဆူရူတို့ ဘယ်မှာ တွေ့မှာလဲ။
2. 두 사람은 몇 시에 만나요? ၂ယောက်က ဘယ်နာရီမှာ တွေ့မှာလဲ။

정답 1. 시청 앞에서 만나요. 2. 일곱 시에 만나요.

Tip 관공서 အစိုးရရုံးဌာန

도청
ပြည်နယ်ရုံး

시청
မြို့တော်ခန်းမ/မြို့တော်ဝန်ရုံး

구청
မြို့နယ်ရုံး

경찰서
ရဲစခန်း

소방서
မီးသတ်ဌာန

출입국관리사무소
လူဝင်မှုကြီးကြပ်ရေးရုံး

보건소
ကျန်းမာရေးရုံး

주민센터
ရပ်ကွက်ရုံး

어휘 2 စကားပြော ၂ 상태 2 အခြေအနေ ၂

တချို့သော ဂုဏ်ရည်ပြကြိယာတွေ ဘာကိုညွှန်ပြလဲဆိုတာ ကြည့်ရအောင်။

빠르다(이르다)
မြန်သည်။(စောသည်)

늦다
နောက်ကျသည်။

가깝다
နီးကပ်သည်။

멀다
ဝေးသည်။



같다
တူသည်။



다르다
မတူညီကွဲပြားခြားနားသည်။

간단하다
ရိုးရှင်းသည်။

복잡하다
ရှုပ်ထွေးသည်။

편하다
သက်တောင့်သက်သာရှိသည်။

불편하다
ကသိကအောက်ဖြစ်သည်။
နေရခက်သည်။

가능하다
ဖြစ်နိုင်သည်။

불가능하다
မဖြစ်နိုင်သည်။

'ㄹ' ဖြင့် ဆုံးသော ကြိယာစကားလုံးများ

စာလုံး၏အဆုံးသတ်က 'ㄹ' ဖြစ်နေပြီးအနောက်မှာသရနဲ့တွေ့ရင် '으' ပြုတ်သွားပြီး 'ㄹ' ကိုပေါင်းထည့်ရတယ်။

예) 빠르(다) + 아요 = 빨라요
이르(다) + 어요 = 일러요

သင်ယူထားသော ဝေါဟာရများကို ပြန်လည်စဉ်းစားပြီး မေးခွန်းများကို ဖြေကြည့်ပါ။

1. 그림을 보고 알맞은 단어를 연결하세요.
ပုံကိုကြည့်ပြီး ကိုက်ညီသော စာလုံးနဲ့ ဆက်ပေးပါ။

①

②

③

④

㉠ 멀다　㉡ 같다　㉢ 다르다　㉣ 가깝다

정답 ① ㉣ ② ㉠ ③ ㉡ ④ ㉢

문법 2 သဒ္ဒါ ၂ –(으)ㄹ까요 G13-2

ကြိယာနဲ့ တွဲပြီးတော့ တစ်ဖက်သူကို တစ်ခုခုကို အကြံပြုတာပဲဖြစ်ဖြစ် အတူလုပ်ကြဖို့ တိုက်တွန်းတဲ့အခါ သုံးပါတယ်။

자음 (ဗျည်း) → **–을까요**	모음 (သရ), 자음 (ဗျည်း) 'ㄹ' → **–ㄹ까요**
읽다 → 읽**을까요**	사다 → **살까요** 만들다 → 만**들까요**

· 가: 몇 시에 **만날까요**? ဘယ်နှနာရီမှာ တွေ့မလဲ။
나: 7시에 만나요. ၇နာရီမှာ တွေ့မယ်။

· 가: 내일 같이 점심 **먹을까요**? မနက်ဖြန် အတူတူ နေ့လယ်စာ စားမလား။
나: 좋아요. 같이 점심 먹어요. ကောင်းသားပဲ၊ အတူတူ နေ့လယ်စာ စားမယ်။

비교해 보세요 နှိုင်းယှဉ်ကြည့်ပါ။

✓ **'–(으)ㄹ까요' နှင့် '–(으)ㄹ래요(14과)'**

'–(으)ㄹ래요' နဲ့ '–(으)ㄹ까요' က နားထောင်သူရဲ့ ဆန္ဒကို မေးတဲ့အခါမှာ သုံးပါတယ်။ '–(으)ㄹ래요' ကတော့ ကိုယ့်ထက်ကြီးသူကို မေးလို့ မရပါဘူး။ '–(으)ㄹ까요' ကတော့ ရင်းနှီးတဲ့ ကိုယ့်ထက်အကြီးကိုတော့ မေးလို့ရပါတယ်။

· 부장님, 몇 시에 갈래요?(X)

· 부장님, 몇 시에 **갈까요**?(O)

'–(으)ㄹ까요' ရဲ့ အသုံးကို နားလည်ရင် ဥပမာဝါကျတွေကို ပြီးအောင် ရေးဖြည့်ကြည့်ရအောင်။

2. 〈보기〉처럼 '–(으)ㄹ까요'를 사용해서 대화를 완성하세요.
'–(으)ㄹ까요'ကို သုံးပြီး ဥပမာလိုမျိုး စကားပြောကို ဖြည့်စွက်ပါ။.

보기

가: 오늘 같이 점심 먹을까요? ဒီနေ့ အတူတူ နေ့လယ်စာ စားမလား။
나: 좋아요. 같이 점심 먹어요. ကောင်းတယ်။ အတူတူ နေ့လယ်စာ စားမယ်။

1) 가: 저녁에 같이 _____?
나: 좋아요. 같이 영화 봐요.

2) 가: 오늘 몇 시에 _____?
나: 7시 어때요?

3) 가: 지금 같이 커피 한잔 _____?
나: 미안해요. 지금 너무 바빠요.

4) 가: 우리 내일 뭐 _____?
나: 같이 운동해요.

정답 1) 영화 볼까요 2) 만날까요 3) 마실까요 4) 할까요

နည်းနည်း ထပ်လေ့လာကြည့်ကြမလား။ '–(으)ㄹ까요'? ကို သုံးပြီး စာကြောင်းများကို ဖြည့်စွက်ပါ။

1. 가: 저녁에 같이 시내에 _____?
나: 좋아요. 같이 시내에 가요.

2. 가: 주말에 같이 한국어를 _____?
나: 좋아요. 같이 공부해요.

정답 1. 갈까요 2. 공부할까요

활동 အသုံးချသင်ခန်းစာများ

〈보기〉처럼 친구와 이야기해 보세요. ဥပမာလိုမျိုး သူငယ်ချင်းနဲ့ စကားပြောကြည့်ပါ။.

보기

가: 리한 씨, 우리 같이 극장에 갈까요?
ရီဟန်၊ ငါတို့ အတူတူ ရုပ်ရှင်ရုံသွားမလား။
나: 좋아요. 같이 가요.
ကောင်းတယ် အတူတူ သွားမယ်။
가: 극장에서 무슨 영화를 볼까요?
ရုပ်ရှင်ရုံမှာ ဘာရုပ်ရှင်ကြည့်မလဲ။
나: 코미디 영화 어때요?
ဟာသရုပ်ရှင် ဘယ်လိုလဲ။
가: 좋아요. 그러면 몇 시에 만날까요?
ကောင်းတယ်။ အဲဒါဆို ဘယ်နှနာရီမှာ တွေ့မလဲ။
나: 저녁 7시에 만나요.
ညနေ ၇နာရီမှာ တွေ့မယ်။
가: 어디에서 만날까요?
ဘယ်မှာ ဆုံမလဲ။
나: 회사 앞에서 만나요.
ကုမ္ပဏီရှေ့မှာ ဆုံမယ်။

	보기 리한 씨	_____ 씨
어디에 가요? ဘယ်သွားမလို့လဲ။	극장 ရုပ်ရှင်ရုံမှာ	
뭐 해요? ဘာလုပ်မှာလဲ။	코미디 영화를 봐요. ဟာသရုပ်ရှင် ကြည့်မှာ။	
언제 만나요? ဘယ်တော့ တွေ့မှာလဲ။	저녁 7시 ညနေ ၇နာရီ။	
어디에서 만나요? ဘယ်မှာတွေ့မှာလဲ။	회사 앞 ကုမ္ပဏီရှေ့	

အပေါ်ကဥပမာကိုကြည့်ပြီး အောက်ပါမေးခွန်းများဖြေပါ။

✚ 알맞은 말에 ✓하세요. မှန်ကန်သော စကားမှာ အမှန်ခြစ် ခြစ်ပေးပါ။

(1) 리한 씨는 ☐ 공포 영화를 봅니다. ☐ 코미디 영화를 봅니다.

(2) 리한 씨는 ☐ 극장 앞에서 친구를 만납니다. ☐ 회사 앞에서 친구를 만납니다.

(3) 리한 씨는 일곱 시에 ☐ 영화를 봅니다. ☐ 친구를 만납니다.

정답 (1) 코미디 영화를 봅니다. (2) 회사 앞에서 친구를 만납니다. (3) 친구를 만납니다.

한국 사람들이 인사로 하는 약속

ကိုရီးယား လူမျိုးများ နှုတ်ဆက်စကားအနေနဲ့ သုံးသောချိန်းဆိုမှု

한국 사람들은 헤어질 때 “다음에 밥 한번 같이 먹어요.”, “술 한잔 같이 해요.”라는 인사를 하기도 합니다. 특히 헤어질 때 “연락할게.”라는 말도 자주 하는데, 이런 말들은 약속이라기보다는 헤어지기 아쉬워서 하는 말인 경우가 많습니다. 구체적으로 날짜와 시간을 약속하지 않을 경우에는 가벼운 인사로 생각하는 것이 좋습니다. 만약에 한국사람들이 “언제든지 연락하세요.”라고 말했더라도 너무 이른 시간이나 늦은 시간, 그리고 식사 시간이나 휴식 시간에는 연락을 피하는 것이 좋습니다. 또한 “언제든지 놀러 오세요.”라고 말했더라도 전화로 미리 약속을 하고 만나러 가는 것이 좋습니다.

ကိုရီးယားလူမျိုးများကတော့ ခွဲခွာတဲ့အခါ “နောက်ကျရင် ထမင်း တစ်ခါလောက် အတူတူ စားကြမယ်။ တစ်ခါလောက် အတူတူ သောက်ကြမယ်။” စသည်ဖြင့် နှုတ်ဆက်ကြတာလည်း ရှိပါတယ်။ အထူးသဖြင့် ခွဲခွာတဲ့အခါ “ဖုန်းဆက်လိုက်မယ်။”ဆိုတဲ့ စကားကိုလည်း မကြာမကြာ သုံးပေမဲ့ ဒီလို စကားတွေက ချိန်းဆိုတယ်ဆိုတာထက် ခွဲခွာရတာ စိတ်မကောင်းလို့ ပြောတဲ့ စကားတွေပဲ ဖြစ်ပါတယ်။ အသေးစိတ်အနေနဲ့ နေ့ရက်နဲ့ အချိန်ကို အတိအကျ ကတိပြုတာမျိုး မဟုတ်ရင် ပေါ့ပေါ့ပါးပါး နှုတ်ဆက်တာပဲလို့ သိထားသင့်ပါတယ်။ အကယ်၍ ကိုရီးယားလူမျိုးတွေက “အချိန်မရွေး အဆက်အသွယ်လုပ်ပါ”ဆိုပြီး ပြောခဲ့ရင်လည်း အရမ်းစောစော/အရမ်းနောက်ကျတဲ့အချိန် နောက်ပြီး ထမင်းစားချိန်/နားချိန်တွေမှာ အဆက်အသွယ်လုပ်တာမျိုးကို ရှောင်ကျဉ်ပေးသင့်ပါတယ်။ နောက်ပြီး “အချိန်မရွေး လာလည်ပါ”ဆိုပြီး ပြောရင်လည်း ဖုန်းဆက်ပြီး အရင် ချိန်းပြီးမှ တွေ့ဖို့ သွားတာက ကောင်းပါတယ်။

EPS-TOPIK 듣기 EPS-TOPIK အကြား စာမေးပွဲ

မေးခွန်း ၁နဲ့ ၂ကတော့ အဖြေမှန်ရွေးရမှာ ဖြစ်ပါတယ်။ သေချာနားထောင်ပြီး အဖြေမှန်ရွေးပါ။

[1~2] 들은 것을 고르십시오. ကြားလိုက်တာကို ရွေးပါ။

Track 45

1. ① 내일 ② 영화 ③ 시간 ④ 극장

2. ① 도청 ② 시장 ③ 구청 ④ 시청

အောက်ပါမေးခွန်းတွေကိုဖြေရန် အကြောင်းအရာကိုနားထောင်ပြီး အဖြေမှန်ကိုရွေးပါ။
နားမထောင်ခင်မှာ မေးခွန်းတွေကို ကြိုဖတ်ထားပါ။

[3~5] 이야기를 듣고 질문에 알맞은 대답을 고르십시오.
အကြောင်းအရာကို နားထောင်ပြီး မေးခွန်းနဲ့ ကိုက်ညီသော အဖြေကိုရွေးပါ။

3. 두 사람은 내일 같이 무엇을 봅니까? သူတို့ နှစ်ယောက်က မနက်ဖြန် အတူတူ ဘာကို ကြည့်မှာလဲ။
① 책 ② 사진
③ 영화 ④ 드라마

4. 두 사람은 내일 어디에서 만납니까? သူတို့ နှစ်ယောက်က မနက်ဖြန် ဘယ်မှာ တွေ့မှာလဲ။
① 극장 앞 ② 회사 앞
③ 백화점 앞 ④ 도서관 앞

5. 두 사람은 내일 몇 시에 만납니까? သူတို့ နှစ်ယောက်က မနက်ဖြန် ဘယ်နှနာရီမှာ တွေ့မှာလဲ။
① 6시 ② 7시
③ 8시 ④ 9시

듣기 대본 စာသား

1. 남: 영화 ရုပ်ရှင်
2. 여: 시청 မြို့တော်ခန်းမ
3. 남: 우리 내일 같이 영화 볼까요? ငါတို့ မနက်ဖြန် အတူတူ ရုပ်ရှင် ကြည့်မလား။
   여: 좋아요. 같이 봐요. ကောင်းတယ်။ အတူတူ ကြည့်မယ်။
4. 남: 우리 내일 어디에서 만날까요? ငါတို့ မနက်ဖြန် ဘယ်မှာတွေ့မလဲ။
   여: 백화점 앞에서 볼까요? ကုန်တိုက် ရှေ့မှာ တွေ့မလား။
   남: 좋아요. 거기에서 만나요. ကောင်းတယ်။ အဲဒီမှာ တွေ့မယ်။
5. 남: 내일 7시에 만날까요? မနက်ဖြန် ၇နာရီမှာ တွေ့မလား။
   여: 7시는 좀 힘들어요. 8시는 어때요? ၇နာရီတော့ နည်းနည်း ခဲယဉ်းမယ်။
   남: 좋아요. 그럼 8시에 만나요. ကောင်းပြီလေ၊ အဲဒါဆို ၈နာရီမှာ တွေ့မယ်။

정답 1. ② 2. ④ 3. ③ 4. ③ 5. ③

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန် L-13

1. 들은 것을 고르십시오. ကြားလိုက်တာကို ရွေးပါ။

   ① 같습니다　② 가능합니다　③ 가깝습니다　④ 간단합니다

2. 대화를 듣고 질문에 알맞은 것을 고르십시오.
   စကားပြောကို နားထောင်ပြီး မေးခွန်းနဲ့ ကိုက်ညီတာကို ရွေးပါ။

   두 사람은 어디에서 만납니까? သူတို့နှစ်ယောက်က ဘယ်မှာ တွေ့မှာလဲ။

   ① 은행 앞에서 만납니다.　② 회사 앞에서 만납니다.
   ③ 시청 앞에서 만납니다.　④ 병원 앞에서 만납니다.

확장 연습 듣기 대본 ထပ်ဆောင်း လေ့ကျင့်ရန် စာသား

1. 남: 간단합니다. ရိုးရှင်းပါတယ်။
2. 남: 은행 앞에서 만날까요? ဘဏ်အရှေ့မှာ တွေ့မလား။
   여: 아니요, 시청 앞에서 만나요. ဟင့်အင်း၊ မြို့တော်ခန်းမရှေ့မှာ တွေ့မယ်။

정답 1. ④ 2. ③

EPS-TOPIK 읽기 EPS-TOPIK အဖတ် စာမေးပွဲ

မေးခွန်း ၁နဲ့ ၂ကတော့ စကားပြောကို ဖတ်ပြီး သင့်တော်သောအဖြေကိုရွေးရမှာဖြစ်ပါတယ်။
သင်ထားတာတွေကိုပြန်စဉ်းစားပြီး မေးခွန်းများဖြေပါ။

[1~2] 다음 질문에 답하십시오. အောက်ပါမေးခွန်းများဖြေပါ။

1. 두 사람은 지금 무엇을 하고 있습니까? သူတို့ နှစ်ယောက်က အခု ဘာကို လုပ်နေတာလဲ။

가: 우리 내일 같이 저녁 먹을까요? ငါတို့ မနက်ဖြန် အတူတူ ညနေစာ စားမလား။
나: 좋아요. 같이 저녁 먹어요. ကောင်းတယ်။ အတူတူ ညနေစာ စားမယ်။

① 식사 ② 운동 ③ 약속 ④ 쇼핑

2. 두 사람은 오늘 같이 무엇을 합니까? သူတို့ နှစ်ယောက် ဒီနေ့ အတူတူ ဘာကို လုပ်မှာလဲ။

가: 우리 오늘 뭐 할까요? 같이 영화 볼까요?
ငါတို့ ဒီနေ့ ဘာလုပ်မလဲ။ အတူတူ ရုပ်ရှင် ကြည့်မလား။
나: 산책 어때요? 공원에서 같이 산책하고 싶어요.
လမ်းလျှောက်ထွက်တာ ဘယ်လိုလဲ။ ပန်းခြံမှာ အတူတူ လမ်းလျှောက်ချင်တယ်။
가: 그래요? 좋아요. 그럼 산책해요.
ဟုတ်လား။ ကောင်းပြီလေ၊ အဲဒါဆို လမ်းလျှောက်ထွက်မယ်။

① 책을 봅니다. ② 산책을 합니다. ③ 영화를 봅니다. ④ 게임을 합니다.

မေးခွန်း ၃ကနေ ၅ကတော့ အဖြေမှန်ရွေးပြီး ကွက်လပ်ဖြည့်မေးခွန်းဖြစ်ပါတယ်။သင်ထားတာတွေ
ကိုပြန်စဉ်းစားပြီး မေးခွန်းများဖြေပါ။

[3~5] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်ထဲဖြည့်ရန် အသင့်တော်ဆုံးကိုရွေးပါ။

3. 수루 씨, 오늘 저녁에 _____ 있어요? ဆူရူ၊ ဒီနေ့ ညနေ အချိန်ရှိလား။

① 시간 ② 생일 ③ 날짜 ④ 주말

4. 우리 _____ 영화를 볼까요? 코미디 영화 어때요?
ငါတို့ ဘယ်လို ရုပ်ရှင်ကြည့်မလဲ။ ဟာသကား ဘယ်လိုလဲ။

① 언제 ② 무슨 ③ 누구 ④ 무엇

5. 저는 내일 친구하고 같이 영화를 _____.
ကျွန်တော်ကတော့ မနက်ဖြန် သူငယ်ချင်းနှင့် အတူ ရုပ်ရှင်ကြည့်ချင်တယ်။

① 보세요 ② 봤어요 ③ 봐 주세요 ④ 보고 싶어요

정답 1. ③ 2. ② 3. ① 4. ② 5. ④

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန်

[1~3] 빈칸에 들어갈 알맞은 말을 고르십시오.
ကွက်လပ်ထဲ ဖြည့်ရန် သင့်တော်သော စကားကို ရွေးပါ။

1.

가: 식당이 어디에 있어요?
ထမင်းစားခန်းက ဘယ်မှာ ရှိလဲ။
나: _____.

〈기숙사 층별 안내〉 အဆောင် အလွှာလိုက် လမ်းညွှန်

2층 အလွှာ	방 အခန်း, 휴게실 နားနေခန်း
1층 အလွှာ	샤워실 ရေချိုးခန်း, 세탁실 အဝတ် လျှော် ခန်း
지하 မြေအောက်	주차장 ကားပါကင် 식당 ထမင်းစားခန်း

① 지하로 내려가세요
② 2층으로 올라가세요
③ 세탁실 옆에 있어요
④ 휴게실 앞에 있어요

2.

오늘 은행에 가서 _____을 하려고 합니다. 백 달러를 모두 한국 돈으로 바꾸고 싶습니다.
ဒီနေ့ ဘဏ်သို့ သွားပြီး ငွေလဲ မလို့ပါ။ ဒေါ်လာ ၁၀၀ကို အကုန် ကိုရီးယားငွေနဲ့ လဲချင်တယ်။

① 환불
② 환전
③ 확인
④ 계산

3.

이번 휴가에는 _____을/를 하려고 합니다. 제주도에 가서 구경도 하고 맛있는 음식도 먹을 것입니다.
ဒီတစ်ခေါက် ပိတ်ရက်မှာ ခရီး သွားမလို့ပါ။ ဂျယ်ဂျူးကျွန်းသို့ သွားပြီး လျှောက်လည်းလည်မယ်၊ ပြီးတော့ အရသာရှိတဲ့ အစားအစာတွေလည်း စားမယ်။

① 운동
② 여행
③ 쇼핑
④ 요리

정답 1. ① 2. ② 3. ②

발음 အသံထွက် P-04

သေချာ နားထောင်ပြီး လိုက်ဆိုပါ။

ကိုရီးယားဘာသာစကားမှာ 'ㄴ', 'ㅁ', 'ㅇ' ဆိုတဲ့ နာသံတွေရှိပါတယ်။ အဲဒီ (၃)ခုထဲက 'ㅇ' ကတော့ အသတ်နေရာမှာပဲ နာသံကို ဖြစ်စေနိုင်ပါတယ်။

(1) 나, 니, 누, 네, 노
(2) 누구, 누나, 나비, 나무, 노래
(3) 모두, 머리, 모자, 매미, 미나리
(4) 강, 공, 상, 방, 가방

14 저는 비빔밥을 먹을래요

ကျွန်တော်ကတော့ ထမင်းသုပ်စားမယ်။

학습 안내 သင်ရိုး အညွှန်း

- **သင်ခန်းစာ ရည်ရွယ်ချက်** အစားအသောက် မှာခြင်း။
- **သဒ္ဒါ** -(으)ㄹ래요, 안
- **ဝေါဟာရ** စားသောက်ဆိုင်များ၊ အစားအသောက် အရသာ။
- **သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု** အစားအသောက် မိန့်ကြားခြင်း။

대화 1 စကားပြော ၁

Track 46

ထူအန်းနဲ့ ရီဟန်က စားသောက်ဆိုင်မှာ အစားအသောက်မှာနေတယ်။ အရင်ဆုံး သူတို့ ပြောတာကို နှစ်ခေါက် နားထောင်ပြီး လိုက်ပြောကြည့်ရအောင်။

종업원 어서 오세요. 몇 분이세요?
ကြိုဆိုပါတယ်။ ဘယ်နှဦးလဲ။

투 안 두 명이요. 자리 있어요?
နှစ်ယောက်ပါ။ နေရာရှိလား။

종업원 네, 있어요. 이쪽으로 앉으세요.
ဟုတ်ကဲ့၊ ရှိပါတယ်။ ဒီဘက်မှာ ထိုင်ပါ။

뭐 드릴까요?
ဘာမှာမလဲ။

리 한 저는 비빔밥 먹을래요.
ကျွန်တော်ကတော့ ထမင်းသုပ် စားမယ်။

투안 씨는 뭐 먹을래요?
ထူအန်းကော ဘာစားမလဲ။

투 안 저는 김치찌개 먹을래요.
ကျွန်တော်ကတော့ ဂင်ချီ ဟင်းရည် စားမယ်။

리 한 그럼 여기 비빔밥하고 김치찌개 주세요.
ဒါဆို ဒီကို ထမင်းသုပ်နဲ့ ဂင်ချီ ဟင်းရည် ပေးပါ။

분 ဦး / ပုဂ္ဂိုလ်
လူဦးရေကို ယဉ်ကျေးစွာ မေးတဲ့အခါ သုံးတယ်။
· 저 분이 우리 사장님이세요.
ဟို ပုဂ္ဂိုလ်ကတော့ ငါတို့ သူဌေးဖြစ်ပါတယ်။

뭐 드릴까요?
ဘာ ပေးရမလဲ။(ဘာမှာမလဲ။)
စားသောက်ဆိုင် သို့မဟုတ် ကော်ဖီဆိုင်တွေမှာ ဆိုင်ဝန်ထမ်းက အော်ဒါလက်ခံတဲ့အခါ စားသုံးသူကို မေးတဲ့ စကား ဖြစ်ပါတယ်။ အများအားဖြင့် တစ်ဖက်သူရဲ့ ဆန္ဒကို မေးတဲ့အခါမှာလည်း သုံးပါတယ်။
· 손님, 뭐 드릴까요?
ဧည့်သည်၊ ဘာပေးရမလဲ။

သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 리한 씨는 무엇을 주문해요? ရီဟန်က ဘာကို မှာလဲ။
2. 투안 씨는 무엇을 주문해요? ထူအန်းက ဘာကို မှာလဲ။

정답 1. 비빔밥을 주문해요. 2. 김치찌개를 주문해요.

어휘 1 ဝေါဟာရ ၁ 식당 စားသောက်ဆိုင်။

စားသောက်ဆိုင်မှာ စားသောက်ခြင်းနဲ့ ပတ်သက်သော ဝေါဟာရတွေကို သင်သိပါသလား။
အဲဒါတွေကို အတူတူလေ့လာကြည့်ရအောင်။

자리가 있다
နေရာ ရှိသည်။

자리가 없다
နေရာမရှိပါ။

메뉴판
မီနျူးစာရွက်

메뉴
မီနျူး

밥
ထမင်း

반찬
အရံဟင်း။

숟가락
ဇွန်း



젓가락
တူ

앉다
ထိုင်သည်။

고르다
ရွေးချယ်သည်။

시키다(주문하다)
(အော်ဒါ)မှာသည်။

배달하다
ပို့သည်။

အပေါ်ကဝေါဟာရတွေကို မကြည့်ဘဲ အောက်ပါစာကြောင်းများကိုဖြည့်စွက်ပါ။

1. 그림을 보고 알맞은 단어를 연결하세요.
ပုံကိုကြည့်ပြီး ကိုက်ညီသော စာလုံးနဲ့ ဆက်ပေးပါ။

①

②

③

④

㉠ 밥　㉡ 반찬　㉢ 숟가락　㉣ 젓가락

정답 ① ㉡ ② ㉠ ③ ㉣ ④ ㉢

문법 1 သဒ္ဒါ ၁ –(으)ㄹ래요

G14-1

'–(으)ㄹ래요' က ကြိယာကို ပြုလုပ်တဲ့သူက တတိယလူဖြစ်တဲ့ ဝါကျမျိုးမှာ သုံးလို့ မရပါဘူး။ ပြောသူရဲ့ ဆန္ဒကို ဖော်ပြတဲ့အခါမှာ '–(으)ㄹ래요' ကို သုံးပြီး မျှော်လင့်ချက်ကို ဖော်ပြတဲ့အခါမှာ '–고 싶다' ကို သုံးပါတယ်။ '–(으)ㄹ래요' က ဖြစ်နိုင်ချေ ရှိတဲ့ စကားမှာပဲ သုံးပြီး '–고 싶다' ကတော့ မဖြစ်နိုင်တဲ့ မျှော်လင့်ချက်မှာလည်း သုံးလို့ရပါတယ်။

자음 (ဗျည်း) → **–을래요**	모음 (သရ), 자음 (ဗျည်း) 'ㄹ'→ **–ㄹ래요**
읽다 → 읽**을래요**	가다 → **갈래요**　　놀다 → **놀래요**

· 가: 주말에 우리 같이 **놀래요**? ပိတ်ရက်မှာ ငါတို့ အတူ လျှောက်လည်မလား။
나: 좋아요. 같이 놀아요. ကောင်းပြီလေ၊ အတူလျှောက်လည်မယ်။
· 가: 내일 같이 운동**할래요**? မနက်ဖြန် အတူတူ အားကစား လုပ်ကြမလား။
나: 저는 집에서 **쉴래요**. ကျွန်တော်ကတော့ အိမ်မှာ အနားယူမယ်။

비교해 보세요 နှိုင်းယှဉ်ကြည့်ပါ။

✓ '–(으)ㄹ래요' နှင့် '–고 싶다'

'–(으)ㄹ래요' က ကြိယာကို ပြုလုပ်တဲ့သူက တတိယလူဖြစ်တဲ့ ဝါကျမျိုးမှာ သုံးလို့ မရပါဘူး။ ပြောသူရဲ့ ဆန္ဒကို ဖော်ပြတဲ့အခါမှာ '–(으)ㄹ래요' ကို သုံးပြီး မျှော်လင့်ချက်ကို ဖော်ပြတဲ့အခါမှာ '–고 싶다' ကို သုံးပါတယ်။ '–(으)ㄹ래요' က ဖြစ်နိုင်ချေ ရှိတဲ့ စကားမှာပဲ သုံးပြီး '–고 싶다' ကတော့ မဖြစ်နိုင်တဲ့ မျှော်လင့်ချက်မှာလည်း သုံးလို့ရပါတယ်။

· 하늘을 날래요.(X)　　· 하늘을 **날고 싶어요**.(O)

'–(으)ㄹ래요' ရဲ့ အသုံးကို နားလည်ရင် ဥပမာဝါကျတွေကို ပြီးအောင် ရေးဖြည့်ကြည့် ရအောင်။

2. 그림을 보고 〈보기〉처럼 '–(으)ㄹ래요'를 사용해서 대화를 완성하세요.
ပုံကို ကြည့်ပြီး (ဥပမာ)လိုမျိုး '-(으)ㄹ래요' ကို သုံးပြီးစကားပြောကို ဖြည့်စွက်ပါ။

보기

가: 뭐 먹을래요? ဘာစားမလဲ။
나: 저는 비빔밥 먹을래요. ကျွန်တော်ကတော့ ထမင်းသုပ် စားမယ်။

1)
가: _____?
나: _____.

2)
가: _____?
나: _____.

3)
가: _____?
나: _____.

4)
가: _____?
나: _____.

정답 1) 가: 뭐 먹을래요 나: 저는 라면 먹을래요　3) 가: 뭐 할래요 나: 저는 영화 볼래요
2) 가: 뭐 마실래요 나: 저는 커피 마실래요　4) 가: 뭐 할래요 나: 저는 집에서 쉴래요

대화 2 စကားပြော ၂

Track 47

ရီဟန်နှင့် ထူအန်းက သူတို့ကြိုက်သော အစားအသောက်နှင့် အရသာအကြောင်းပြောနေကြတယ်။
အရင်ဆုံး သူတို့ ပြောတာကို နှစ်ခေါက် နားထောင်ပြီး လိုက်ပြောကြည့်ရအောင်။

리한 투안 씨는 김치찌개를 좋아해요?
ထူအန်းက ဂင်ချီ ဟင်းရည်ကို ကြိုက်လား။

투안 네, 정말 좋아해요.
ဟုတ်ကဲ့၊ တကယ် ကြိုက်တယ်။

리한 김치찌개가 안 매워요?
ဂင်ချီ ဟင်းရည်က မစပ်ဘူးလား။

투안 조금 매워요. 하지만 맛있어요.
နည်းနည်း စပ်တယ်။ ဒါပေမဲ့ အရသာရှိတယ်။

리한 씨는 김치찌개 좋아해요?
ရီဟန်ကော ဂင်ချီ ဟင်းရည် ကြိုက်လား။

리한 아니요, 전 안 좋아해요.
ဟင့်အင်း၊ ကျွန်တော် မကြိုက်ဘူး။

조금 နည်းနည်း
'좀' နဲ့လည်း ပြောင်းသုံးလို့ရပါတယ်။
· 오늘은 조금 바빠요.
ဒီနေ့တော့နည်းနည်း အလုပ်များတယ်။
· 제 동생은 키가 조금 작아요.
ကျွန်တော့်ညီက နည်းနည်း အရပ်ပုတယ်။.

하지만 ဒါပေမဲ့
ရှေ့ဝါကျနဲ့ နောက်ဝါကျက အကြောင်းအရာတွေ ဆန့်ကျင်ဘက်ဖြစ်နေတဲ့အခါမှာ သုံးတယ်။
· 이 건물에 약국은 있어요. 하지만 편의점은 없어요.
အဆောက်အဦမှာ ဆေးဆိုင်ရှိတယ်။ ဒါပေမဲ့ ၂၄နာရီဆိုင်တော့ မရှိဘူး။

သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 누가 김치찌개를 좋아해요? ဘယ်သူက ဂင်ချီ ဟင်းရည်ကို ကြိုက်တာလဲ။
2. 김치찌개 맛이 어때요? ဂင်ချီ ဟင်းရည် အရသာဘယ်လိုလဲ။

정답 1. 투안 씨가 김치찌개를 좋아해요. 2. 조금 매워요. 하지만 맛있어요.

Tip 음식 단위 명사 အစားအသောက်အသုံးအနှုန်းများ

어휘 2 စကားပြော ၂ 음식의 맛 အစားအသောက်အရသာ

အစားအသောက်ရဲ့ အရသာနဲ့ သက်ဆိုင်သော ဝေါဟာရများကို ရှာကြည့်ရအောင်။

맛있다
အရသာရှိသည်။

맛없다
အရသာ မရှိပါ။



맵다
စပ်သည်။

달다
ချိုသည်။

짜다
ငန်သည်။

싱겁다
ပေါ့သည်။

쓰다
ခါးသည်။

시다
ချဉ်သည်။

- 비빔밥이 정말 **맛있어요**. ထမင်းသုပ် တကယ်အရသာရှိတယ်။
- 떡볶이가 조금 **매워요**. 하지만 **맛있어요**. တော့ပို့ကီက နည်းနည်း စပ်တယ် ။ဒါပေမဲ့ အရသာရှိတယ်။
- 음식이 **짜요**. 음식이 **짜면** 건강에 나빠요.
  အစားအသောက်က ငန်တယ်။ အစားအသောက်က ငန်ရင် ကျန်းမာရေးအတွက် မကောင်းဘူး။
- 이 오렌지는 너무 **시어요**. ဒီလိမ္မော်သီးကတော့ အရမ်းချဉ်တယ်။

'ㅂ' ဖြင့်ဆုံးသော ကြိယာစကားလုံးများ

'ㅂ' အသတ်ကအနောက်မှာ သရနဲ့တွေ့ရင် 'ㅂ' ဇ ပျောက်သွားပြီး 'ㅜ' ဇ ပြောင်း သွားတယ်။
예) 맵(다) + 어요 = 매워요, 싱겁(다) + 어요 = 싱거워요

ပုံမှန်အသုံးမဟုတ်သော 'ㅂ' အသတ်နဲ့နာမဝိသေသနစကားဆက်ဆိုရင် '맵다 (매워요) စပ်သည်', '싱겁다 (싱거워요) ပေါ့ သည်။' '춥다 (추워요) အေးသည်။' '무겁다 (무거워요) လေးသည်။' '가볍다 (가벼워요) ပေါ့ပါးသည်။' '쉽다 (쉬워요) လွယ်ကူသည်။' '어렵다 (어려워요) ခက်ခဲသည်။' '가깝다 (가까워요)နီးသည်။'

သင်ယူထားသော ဝေါဟာရများကို ပြန်လည်စဉ်းစားပြီး မေးခွန်းများကို ဖြေကြည့်ပါ။

1. 그림을 보고 알맞은 단어를 연결하세요. ပုံကိုကြည့်ပြီး ကိုက်ညီသော စာလုံးနဲ့ဆက်ပေးပါ။

①

②

③

④

㉠ 짜다　㉡ 맵다　㉢ 달다　㉣ 싱겁다

정답 ① ㉠ ② ㉢ ③ ㉡ ④ ㉣

문법 2 သဒ္ဒါ ၂ 안 G14-2

'안' နဲ့ '못' ကတော့ ကြိယာရဲ့ ရှေ့မှာ ထားသုံးတယ်။ '안' ကတော့ ရိုးရိုးရှင်းရှင်း အငြင်းနဲ့ ကံ ပြုသူရဲ့ စိတ်အတိုင်းငြင်းတာဖြစ်ပေမဲ့၊ '못' ကတော့ ကံ ပြုသူရဲ့ အရည်အချင်းက မပြည့်စုံတာပဲဖြစ်ဖြစ်၊ တခြားအကြောင်းကြောင့် မလုပ်နိုင်တာကိုဖော်ပြတယ်။ '못' ကတော့ ဂုဏ်ရည်ပြကြိယာရဲ့ ရှေ့မှာ သုံးလို့ မရပါ။

· 가: 아침 먹었어요? မနက်စာ စားခဲ့လား။
  나: 아니요, **안** 먹었어요. ဟင့်အင်း၊ မစားခဲ့ဘူး။
· 가: 어제 운동했어요? မနေ့က အားကစားလုပ်ခဲ့လား။
ခရစ်စမတ်ကတော့ ကက်သလစ်နဲ့ ခရစ်ယာန် ဘာသာရဲ့ အကြီးဆုံး ပွဲတော်ထဲကတစ်ခုအနေနဲ့ ယေရှုခရစ်တော် မွေးတဲ့နေ့ကို အမှတ်ရတဲ့နေ့ဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာတော့ ဘာသာမဲ့တွေလည်း ခရစ်စမတ်ကို ပျော်ပွဲရွှင်ပွဲလိုမျိုးနဲ့ပျော်ကြပါတယ်။ ၁၂လပိုင်း ရောက်ရင် လူတွေက ခရစ်စမတ် သစ်ပင်ကို ပြုလုပ်ပြီး အချင်းချင်း ကဒ်လေးတွေ ပေးကြပါတယ်။ နောက်ပြီး ကလေးတွေကို ခရစ်စမတ် လက်ဆောင်လည်းပေးပါတယ်။ နောက်ပြီး ကလေးတွေကို ခရစ်စမတ် လက်ဆောင်လည်းပေးပါတယ်။

부활절 ယေရှုခရစ်တော် အသက် ပြန်ရှင်လာသော အမှတ်တရနေ့ ပွဲတော်

부활절은 예수님이 부활하신 것을 기념하는 날입니다. 천주교나 기독교 신자들은 이날 달걀에 예쁜 그림을 그려서 서로 나누어 먹습니다. 달걀은 새로운 생명이 태어나는 것을 의미하기 때문에 부활절에 달걀을 먹기 시작했다고 합니다.

ဒီပွဲကတော့ ယေရှုခရစ်တော် အသက်ပြန်ဝင်လာသောနေ့ကို အမှတ်ရတဲ့နေ့ဖြစ်ပါတယ်။ ကက်သလစ်နဲ့ ခရစ်ယာန် ယုံကြည်ကိုးကွယ်သူတွေကတော့ အဲဒီနေ့မှာ ကြက်ဥလေးတွေကို ပုံလှလှလေးတွေခြယ်ပြီး အချင်းချင်းဖလှယ်ပြီးစားပါတယ်။ ကြက်ဥကတော့ အသစ်ပြန်လည် မွေးဖွားလာခြင်းကို အဓိပ္ပါယ်ဆောင်တဲ့အတွက် အဲဒီပွဲကစပြီး ကြက်ဥ စားခဲ့ကြတယ်လို့ ဆိုကြပါတယ်။

라마단 အစာရှောင်ပွဲ

라마단은 아랍어로 '더운 달'이라는 뜻으로 이슬람에서는 9번째 달인 9월을 말합니다. 이슬람교에서는 9월을 '코란'이 내려진 신성한 달로 여기는데 한 달 동안 해가 떠 있는 낮 시간에는 음식과 물을 먹지 못합니다. 그리고 이 기간에는 코란을 읽고 특별 예배를 하는 등 절제를 해야 합니다.

အစာရှောင်ပွဲကတော့ အာရပ်ဘာသာနဲ့ဆို ပူသောလမင်း ဆိုတဲ့ အဓိပ္ပါယ်နဲ့ အစွလာမ်မှာတော့ ၉ကြိမ်မြောက်လ ၉လပိုင်းကို ဆိုလိုပါတယ်။ အစွလာမ်မှာတော့ ၉လပိုင်းကို ကိုရမ်ကျမ်းစာအရ သန့်ရှင်းစင်ကြယ်သော လမင်းလို့ မှတ်ယူထားပြီး ၁လလုံး နေမင်းရှိနေသောအချိန်မှာ အစားအသောက်နှင့် ရေကို မသုံးဆောင်ပါဘူး။ နောက်ပြီး အဲဒီကာလအတွင်းမှာ ကိုရမ်ကျမ်းစာကို ဖတ်ပြီး အထူးဝတ်ပြုပွဲစတာတွေကို လုပ်ရပါတယ်။

EPS-TOPIK 듣기 EPS-TOPIK အကြား စာမေးပွဲ

မေးခွန်း ၁၀နေ ၃၀တော့ ပုံကိုကြည့်ပြီး အဖြေမှန်ရွေးရမှာဖြစ်ပါတယ်။ နားမထောင်ခင်မှာ မေးခွန်းကို အရင်ဆုံးဖတ်ထားပါ။

[1~3] 다음 그림을 보고 알맞은 대답을 고르십시오.
အောက်ပါ ပုံကို ကြည့်ပြီး အဖြေမှန်ကို ရွေးပါ။

Track 81

1.

이 사람은 어디에 다닙니까? ဒီလူ ဘယ်မှာ ဘုရားကျောင်းတက်လဲ။

① ② ③ ④

2.

이 사람은 무엇을 합니까? ဒီလူ ဘာလုပ်နေလဲ။

① ② ③ ④

3.

이 사람은 누구입니까? ဒီလူ ဘယ်လူလဲ။

① ② ③ ④

စကားပြောကို နားထောင်ပြီး အဖြေမှန်ကို ရွေးရမှာ ဖြစ်ပါတယ်။ စကားပြောကို နားမထောင်ခင်မှာ အရင်ဆုံး မေးခွန်းများကို ဖတ်ကြည့်ထားပါ။

[4~5] 질문을 듣고 알맞은 대답을 고르십시오.
နားထောင်ပြီး အဖြေမှန်ရွေးပါ။

4. ① 일요일마다 가요.
② 오늘은 일요일이에요.
③ 주말에는 집에서 쉬어요.
④ 성당에서 미사를 드려요.

5. ① 성경을 읽으세요.
② 저는 불교 신자예요.
③ 저는 매일 기도해요.
④ 성지 순례를 갔다 왔어요.

듣기 대본 စာသား

1. ① 남: 절에 다닙니다. ဘုန်းကြီးကျောင်းသွားပါတယ်။
   ② 남: 성당에 다닙니다. ဘုရားကျောင်းသွားပါတယ်။
   ③ 남: 교회에 다닙니다. ခရစ်ယာန် ဘုရားကျောင်း သွားပါတယ်။
   ④ 남: 이슬람 사원에 다닙니다. ဗလီတက်ပါတယ်။
2. ① 여: 기도를 합니다. (ခရစ်ယာန်)ဝတ်ပြုဆုတောင်းသည်
   ② 여: 코란을 읽습니다. ကိုရမ်ကျမ်းစာ ဖတ်သည်။
   ③ 여: 찬송가를 부릅니다. ဘုရားသီချင်းဆိုသည်။
   ④ 여: 성지 순례를 갑니다. ဘုရားဖူးထွက်သည်။
3. ① 남: 스님입니다. ဘုန်းကြီးဖြစ်ပါတယ်။
   ② 남: 신부님입니다. ကတ်သလစ်ဘုန်းကြီးဖြစ်ပါတယ်။
   ③ 남: 목사님입니다. ခရစ်ယာန် ဘုန်းကြီး ဖြစ်ပါတယ်။
   ④ 남: 이맘입니다. အစ္စလာမ် ဘုန်းကြီး ဖြစ်ပါတယ်။
4. 남: 모니카 씨는 언제 성당에 가요? မိုနီခါက ဘယ်အချိန် ဘုရားကျောင်း သွားလဲ။
5. 여: 민수 씨는 종교가 뭐예요? မင်ဆူက ဘယ်ဘာသာ ကိုးကွယ်လဲ။

정답 1. ② 2. ① 3. ① 4. ① 5. ②

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန် L-25

1. 다음을 듣고 이어지는 말로 알맞은 것을 고르십시오.
   အောက်ပါတို့ကို နားထောင်ပြီး နောက်မှာ ဆက်လာမယ့် စကားအနေနဲ့ သင့်တော်တာကို ရွေးပါ။

① 맞아요. 힘들었어요.
② 그래요? 보고싶겠어요.
③ 그래요? 재미있겠어요.
④ 맞아요. 아주 좋았어요.

확장 연습 듣기 대본 ထပ်ဆောင်း လေ့ကျင့်ရန် စာသား

1. 여: 이번 주부터 주말마다 기타를 배우기로 했어요.
   ဒီအပတ်က စပြီး စနေ၊ တနင်္ဂနွေ ပိတ်ရက်တိုင်း ဂစ်တာတီး သင်ဖို့ ဆုံးဖြတ်ပြီးပြီ။

정답 1. ③

EPS-TOPIK 읽기 EPS-TOPIK အဖတ် စာမေးပွဲ

မေးခွန်း ၁ နဲ့ ၂ကတော့ ပုံကြည့်ပြီး စာကြောင်းမှန်ရွေးရသော မေးခွန်းဖြစ်ပါတယ်။
သင်ထားသောစာလုံးများနှင့် အဖြေမှန်ရွေးပါ။

[1~2] 다음 그림을 보고 알맞은 문장을 고르십시오. ပုံကိုကြည့်ပြီးစာကြောင်းမှန်ရွေးပါ။

1.

① 절입니다.
② 성당입니다.
③ 사원입니다.
④ 교회입니다.

2.

① 헌금을 내고 있습니다.
② 성경을 읽고 있습니다.
③ 예불을 드리고 있습니다.
④ 찬송가를 부르고 있습니다.

ဒီမှာ ဘာသာရေး လူပ်ရှားမှုဆိုင်ရာ အကြောင်းအရာများပေးထားပါတယ်။ လေ့လာထားသော
သဒ္ဒါနှင့် ဝေါဟာရများကို အသုံးချပြီး မေးခွန်းများ ဖြေပါ။

[3~5] 다음 질문에 답하십시오. အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။

3. 이 사람은 종교가 무엇입니까? သူ ကိုးကွယ်တဲ့ ဘာသာက ဘာလဲ။

아딧 씨는 인도네시아 사람입니다. 하루에 5번씩 기도를 드립니다. 시간이 나면 이태원에 있는 사원에 갑니다. 코란을 열심히 읽고 공부합니다.
အာဒစ်ကတော့ အင်ဒိုနီးရှားလူမျိုး ဖြစ်ပါတယ်။ တစ်နေ့ငါးကြိမ် ဆုတောင်းမှု ပြုပါတယ်။ အချိန်ရရင်
အီထယ်ဝမ်မှာရှိတဲ့ ဘုရားကျောင်းသို့သွားပါတယ်။ ကိုရမ်ကျမ်းစာကို ကြိုးကြိုးစားစားဖတ်ပြီး လေ့လာပါတယ်။

① 불교　② 기독교　③ 천주교　④ 이슬람교

4. 이 사람이 교회에서 하지 않는 것을 고르십시오. သူ ခရစ်ယာန် ဘုရားကျောင်းမှာ မလုပ်တဲ့ အရာကို ရွေးပါ။

수피카 씨는 일요일마다 교회에 갑니다. 하나님께 기도를 드리고 성경을 읽습니다. 목사님의 말씀을 듣고 찬송가도 부릅니다. 예배가 끝나면 교회 친구들과 점심을 먹습니다.
ဆူဖီခါကတော့ တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းသို့ သွားပါတယ်။ ဘုရားသခင်ထံ ဆုတောင်းပြီး
ဘုရားစာရွတ်ပါတယ်။ ခရစ်ယာန် ဘုန်းကြီးရဲ့ စကားကိုနားထောင်ပြီး ဘုရားသီချင်းလည်း သီဆိုပါတယ်။
ဆုတောင်းဝတ်ပြုပြီးရင် ဘုရားကျောင်း သူငယ်ချင်းများနဲ့ နေ့လယ်စာ စားပါတယ်။

① 기도를 합니다.　② 성경을 읽습니다.　③ 찬송가를 부릅니다.　④ 성지 순례를 갑니다.

5. 이 사람에 대한 설명으로 알맞지 않은 것을 고르십시오.
ဒီလူနဲ့ ပတ်သက်ပြီး ရှင်းပြထားတဲ့ အထဲက မမှန်တာကို ရွေးပါ။

저는 불교 신자입니다. 절에 자주 가지는 못하지만 기도를 하고 싶을 때 가까운 절에 가서 예불을 드립니다. 지난 주말에도 기도를 하러 절에 갔습니다. 고향에 계신 아버지가 조금 편찮으신데 빨리 건강해지셨으면 좋겠습니다.
ကျွန်တော်ကတော့ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သူဖြစ်ပါတယ်။ ဘုန်းကြီးကျောင်းသို့ ခဏခဏ
မသွားဖြစ်ပေမဲ့ ဆုတောင်းချင်တဲ့ အခါတော့ နီးစပ်ရာဘုန်းကြီးကျောင်းသို့ သွားပြီး ဆုတောင်းပါတယ်။ ပြီးခဲ့တဲ့
စနေ၊တနင်္ဂနွေပိတ်ရက်ကလည်း ဆုတောင်းဖို့ ဘုန်းကြီးကျောင်းကို သွားခဲ့ပါတယ်၊ ဇာတိမှာ ရှိတဲ့ အဖေ
သိပ်နေမကောင်းလို့.မြန်မြန် နေကောင်းစေချင်ပါတယ်။

① 자주 절에 갑니다.　② 부처님을 믿습니다.
③ 아버지가 편찮으십니다.　④ 지난 주말에 절에 가서 기도를 했습니다.

정답 1. ③ 2. ④ 3. ④ 4. ④ 5. ①

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန်

[1~3] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်ထဲ ဖြည့်ရန် အသင့်တော်ဆုံးကို ရွေးပါ။

1. 요즘 미용 기술을 배우고 있습니다. 자격증을 _____ 미용실에서 일하고 싶습니다.
အခုတလော အလှပြင် ပညာကို သင်ယူနေပါတယ်။ သင်တန်းလက်မှတ် ရရင် အလှပြင်ဆိုင်မှာ အလုပ်လုပ်ချင်ပါတယ်။

① 사면 ② 따면
③ 들으면 ④ 신청하면

2. 출근 시간에는 버스보다 지하철을 이용하는 것이 더 _____. 거리에 자동차가 많아서 길이 막히기 때문입니다.
ရုံးတက်ချိန်မှာတော့ ဘတ်စ်ကားထက် မြေအောက်ရထားကို သုံးတာက ပိုပြီး မြန်ပါတယ်။ လမ်းမှာ ကားတွေများလို့ လမ်းပိတ်တဲ့အတွက်ကြောင့်ပါ။

① 비쌉니다 ② 빠릅니다
③ 춥습니다 ④ 바쁩니다

3. 우리 고향은 여름에 35도까지 기온이 _____ 습도는 낮은 편입니다. 그래서 생각보다 덥지 않습니다.
ငါတို့ မွေးရပ်မြေကတော့ နွေဘက်မှာ ၃၅ဒီဂရီအထိ အပူချိန် တက်လာပေမယ့် စိုထိုင်းဆကတော့ နည်းသလိုရှိပါတယ်။ ဒါကြောင့် ထင်သလောက် မပူဘူး။

① 늘어나지만 ② 올라가려면
③ 늘어나려면 ④ 올라가지만

정답 1. ② 2. ② 3. ④

발음 အသံထွက် P-12

သေချာ နားထောင်ပြီး လိုက်ဆိုပါ။

အသတ်ရှိတဲ့ စကားလုံးရဲ့ အနောက်မှာ ဗျည်းမဲ့ စကားလုံး ရှိရင် အဲဒီ အသတ်ဟာ နောက်က စကားလုံးရဲ့ ဗျည်းနေရာကို ဝင်သွားပြီး အသံထွက်ပါတယ်။

(1) 음악, 녹음, 한국어
(2) 옷이, 꽃을, 낮에
(3) 꽃이 피었어요. / 음악이 재미있어요. / 책을 사요.

26 밥을 먹은 후에 이 약을 드세요

ကိုရီးယားကား ကြည့်ရင်း စာလေ့လာတယ်။

학습 안내 သင်ရိုး အညွှန်း

- **သင်ခန်းစာ ရည်ရွယ်ချက်** ရှေ့နောက် အလှည့်အကြောင်း ပြောခြင်း၊ တားမြစ်ခြင်း။
- **သဒ္ဒါ** -(으)ㄴ 후에, -지 마세요
- **ဝေါဟာရ** ခန္ဓာကိုယ် အစိတ်အပိုင်း၊ ရောဂါလက္ခဏာ။
- **သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု** ရှေးဦးသူနာပြု ကိရိယာအစုံ

대화 1 စကားပြော ၁

Track 82

ဘာရူက ဘာကြောင့်ဆေးခန်းသွားတာလဲ။အပြန်အလှန်စကားပြောကို အရင်ဆုံးနားထောင်ပြီး လိုက်ဆိုပါ။

약사 어떻게 오셨어요? ဘာကူညီပေးရမလဲ။

바루 머리가 아파서 왔어요.
ခေါင်းကိုက်လို့ လာခဲ့တာပါ။

약사 언제부터 아프셨어요?
ဘယ်အချိန်ကတည်းက ကိုက်တာလဲ။

바루 어젯밤부터요.
어제 저녁에 회식이 있어서 술을 좀 마셨어요.
မနေ့ညကတည်းက။ မနေ့က ညနေကုမ္ပဏီ ညစာစားပွဲ ရှိလို့
အရက်နည်းနည်းသောက်လိုက်တယ်။

약사 아, 술 때문에 그런 것 같네요.
밥을 먹은 후에 이 약을 드세요.
အာ၊ အရက်ကြောင့် ဖြစ်တာထင်တယ်။ ထမင်း
စားပြီး ဒီဆေးသောက်ပါ။

바루 네, 감사합니다. အိုကေ၊ ကျေးဇူးတင်ပါတယ်။

부터 မှစပြီး/ကတည်းက
- 아침부터 배가 아파요.
  မနက်ကတည်းက
  ဗိုက်အောင့်တယ်။
- 내일부터 다른 공장에서 일해요.
  မနက်ဖြန်မှ စပြီး တစ်ခြား
  စက်ရုံမှာ အလုပ်လုပ်မယ်။

때문에 ကြောင့်
နာမ်အနောက်မှာဆို '때문에'
တန်းပြီးလိုက်တယ်။
- 비 때문에 길이 복잡해요.
  မိုးကြောင့် လမ်းကြပ်တယ်။
- 일 때문에 바빠요.
  အလုပ်ကြောင့် မအားရဘူး။

သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 바루 씨는 왜 약국에 갔어요? ဘာရူက ဘာဖြစ်လို့ ဆေးဆိုင်သွားတာလဲ။
2. 바루 씨는 언제부터 아팠어요? ဘာရူက ဘယ်အချိန်ကတည်းက နေလို့မကောင်းတာလဲ။

정답 1. 머리가 아파서 갔어요. 2. 어젯밤부터 아팠어요.

어휘 1 ဝေါဟာရ ၁ 신체 ခန္ဓာကိုယ်အစိတ်အပိုင်း

ခန္ဓာကိုယ်အစိတ်အပိုင်းနဲ့ ပတ်သက်သောဝေါဟာရတွေကြည့်ရအောင်။



အပေါ်က ဝေါဟာရတွေကို မကြည့်ဘဲ ကွက်လပ်ဖြည့်ပါ။

1. 그림에 맞는 표현을 〈보기〉에서 골라 넣으세요.
ပုံနဲ့ ကိုက်ညီသော စာလုံးကို (ဥပမာ)ထဲက ရွေးပြီးထည့်ပါ။

보기
머리
눈
코
배
귀
다리
팔
어깨
목
발



정답 1) 머리 2) 눈 3) 코 4) 귀 5) 목 6) 어깨 7) 팔 8) 배 9) 다리 10) 발

문법 1 သဒ္ဒါ ၁ –(으)ㄴ 후에 G26-1

ဒီသဒ္ဒါကတော့ တစ်စုံတစ်ခုကို လုပ်ပြီးတဲ့နောက်ကိုဖော် ပြတဲ့အခါ သုံးတယ်။ ကြိယာနဲ့ပဲ တွဲသုံးလို့ရတယ်။

자음 (ဗျည်း) → **–은 후에**	모음 (သရ), 자음 (ဗျည်း) 'ㄹ' → **–ㄴ 후에**
먹다 → 먹**은 후에**	보다 → 본 **후에** 만들다 → 만든 **후에**

· 가: 언제 영화 보러 갈 거예요? ဘယ်တော့ ရုပ်ရှင်သွားကြည့်မလဲ။
나: 일이 **끝난 후에** 가려고 해요. အလုပ်ဆင်းပြီးနောက်မှ သွားမလို့။

· 가: 이 약은 언제 먹어야 돼요? ဒီ ဆေးက ဘယ်တော့ သောက်ရမှာလဲ။
나: 밥을 **먹은 후에** 드세요. ထမင်း စားပြီးနောက်မှ သောက်ပါ။

'후에' ကိုနာမ်နဲ့ တွဲပြီးလည်း 'N + 후에' ဆိုပြီး သုံးလို့ရပါတယ်။

· **식사 후에** 다시 회의를 하겠습니다. စားပြီးနောက်မှ အစည်းအဝေး ပြန်လုပ်ပါ့မယ်။
· **퇴근 후에** 뭐 할 거예요? အလုပ်ဆင်းပြီးနောက် ဘာလုပ်မှာလဲ။

대조적 정보 နှိုင်းယှဉ်ချက်

'–(으)ㄴ 후에' -ပြီးနောက်မှာ'ဆိုတဲ့ ပုံစံမှာလည်း '–(으)ㄴ' ဆိုတဲ့ စကားဆက် ထည့်ရခြင်းက မြန်မာစကားနဲ့ ကွာခြားပါတယ်။ အသတ်ပါခြင်း မပါခြင်းကလည်း အမြဲ သတိပြုရမယ့် အချက်တစ်ခုပါပဲ။

· 서울에 **도착한 후에** 전화해 줘요. ဆိုးလ်ကို ရောက်ပြီးရင် ဖုန်းဆက်ပါ။
· 점심을 **먹은 후에** 다시 일합시다. နေ့လယ်စာ စားပြီးရင် ထပ်ပြီး အလုပ်လုပ်ကြစို့။

'–(으)ㄴ 후에' နားလည်ပြီလား။ သင့်တော်သော အဖြေကိုရွေးပြီးကွက်လပ်ဖြည့်ပါ။

2. 대화에 맞는 대답을 고르세요. စကားပြောအတွက်သင့်တော်သော အဖြေကိုရွေးပါ။

1) 쇼핑하다 → 영화를 보다

가: 우리 주말에 뭐 할까요? ငါတို့ ပိတ်ရက်မှာ ဘာလုပ်ကြမလဲ။
나: _____.

① 쇼핑을 한 후에 영화를 봐요
② 영화를 본 후에 쇼핑을 해요

2) 밥을 먹다 → 약을 먹다

가: 이 약은 어떻게 먹어야 돼요? ဒီ ဆေးက ဘယ်လိုသောက်ရတာလဲ။
나: _____.

① 밥을 먹은 후에 드세요
② 약을 먹은 후에 밥을 드세요

정답 1) ① 2) ①

대화 2 စကားပြော ၂

Track 83

မိုနီခါ ဆေးဆိုင်ကိုသွားခဲ့တယ်။ သူမ ဘာကြောင့် သွားခဲ့တာလဲ။ စကားပြောကို နှစ်ခေါက် နားထောင်ပြီး လိုက်ဆိုပါ။

약 사 어디가 불편하세요?
ဘယ်နေရာက မသက်မသာဖြစ်နေပါသလဲ။

모니카 오늘 아침부터 배가 아프고 설사를 해요.
ဒီနေ့ မနက်ကတည်းက ဗိုက်က အောင့်ပြီး ဝမ်းသွားနေတယ်။

약 사 아침에 뭘 드셨어요?
မနက်က ဘာသုံးဆောင်ခဲ့လဲ။

모니카 빵하고 우유를 먹었는데 우유 맛이 좀 이상했어요.
ပေါင်မုန့်နဲ့ နွားနို့ သောက်ခဲ့ပေမယ့် နွားနို့ အရသာကနည်းနည်း ထူးဆန်းနေတယ်။

약 사 그럼 이 약을 드세요. 그리고 오늘은 유제품은 먹지 마세요.
ဒါဆို ဒီဆေး သောက်ပါ။ နောက်ပြီး ဒီနေ့တော့ နို့ထွက်အစားအသောက်တွေ မစားပါနဲ့။

모니카 네, 알겠습니다.
ဟုတ်ကဲ့၊ သိပါပြီ။

뭘 ဘာကို
뭐 + 를 = 뭐를 = 뭘
· 주말에 뭘 했어요?
ပိတ်ရက်မှာ ဘာကို လုပ်ခဲ့လဲ။
· 뭘 먹고 싶어요?
ဘာကို စားချင်လဲ။

그리고 နောက်ပြီး
ဝါကျ နှစ်ကြောင်းကို အစဉ်လိုက် ဆက်သွယ်တဲ့အခါ သုံးပါတယ်။
· 저는 빵을 좋아해요. 그리고 라면도 좋아해요.
ကျွန်မပေါင်မုန့် ကြိုက်တယ်။ နောက်ပြီး ခေါက်ဆွဲပြုတ်လည်း ကြိုက်တယ်။.

သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 모니카 씨는 아침에 뭘 먹었어요? မိုနီခါ မနက်က ဘာစားခဲ့လဲ။
2. 모니카 씨는 언제부터 배가 아팠어요? မိုနီခါ ဘယ်အချိန်ကတည်းက ဗိုက်အောင့်နေတာလဲ။

정답 1. 빵하고 우유를 먹었어요. 2. 아침부터 배가 아팠어요.

어휘 2 စကားပြော ၂ — 증상 ရောဂါလက္ခဏာများ

ရောဂါလက္ခဏာနဲ့ ပတ်သက်သော အသုံးအနှုန်းတွေကို ကြည့်ရအောင်။

감기에 걸리다
အအေးမိသည်။

열이 나다
ကိုယ်ပူသည်။

기침을 하다
ချောင်းဆိုးသည်။

콧물이 나다
နှာရည်ယိုသည်။

배탈이 나다
ဝိုက်ရစ်နာသည်။

설사를 하다
ဝမ်းလျှောသည်။

소화가 안 되다
အစာမကြေဖြစ်သည်။

토하다
အန်သည်။

손을 베다
လက်ကိုရှသည်။

손을 데다
လက်အပူလောင်သည်။

발목을 삐다
ခြေဆစ်လွဲသည်။

다리가 부러지다
ခြေထောက်ကျိုးသည်။

သင်ထားသော စာလုံးတွေနဲ့ ဖြေကြည့်ပါ။

1. 그림을 보고 알맞은 말을 연결하세요. ပုံကိုကြည့်ပြီးကိုက်ညီသောစကားနဲ့တွဲပေးပါ။

①

②

③

④

⑤

㉠ 소화가 안 되다　㉡ 손을 데다　㉢ 기침을 하다　㉣ 열이 나다　㉤ 발목을 삐다

정답 ① ㉡ ② ㉣ ③ ㉠ ④ ㉤ ⑤ ㉢

문법 2 သဒ္ဒါ ၂ –지 마세요

G26-2

ဒီအသုံးကတော့ နားထောင်သူကို တားမြစ်တဲ့အခါမှာ သုံးတဲ့ အသုံးဖြစ်ပါတယ်။ တစ်စုံတစ်ဦးဖ်အပြုအမူကို တားမြစ်သော သဒ္ဒါအသုံးဖြစ်သည့်အတွက် ကြိယာနဲ့ပဲတွဲသုံးပါတယ်။

· 가: 열이 많이 나니까 오늘은 밖에 **나가지 마세요.**
ကိုယ် အရမ်း ပူနေလို့ ဒီနေ့တော့ အပြင် မထွက်ပါနဲ့။
나: 네, 알겠습니다. ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ။
· 가: 소화가 안 되고 계속 토해요. အစာမကြေပဲ ဆက်တိုက် အန်တယ်။
나: 이 약을 드세요. 그리고 오늘은 밥을 **먹지 마세요.**
ဒီဆေးသောက်ပါ။ နောက်ပြီး ဒီနေ့တော့ ထမင်းမစားပါနဲ့။

'–지 마세요' ရဲ့ အသုံးကို နားလည်သွားရင် ဥပမာ ဝါကျတွေကို ပြီးအောင် ဖြည့်ကြည့်ရအောင်။

2. 대화를 읽고 맞는 대답을 고르세요. စကားပြောကို ဖတ်ပြီး မှန်ကန်သော အဖြေကို ရွေးပါ။

1) 가: 발목을 삐었어요. ခြေဆစ်လွဲသွားတယ်။
나: _____.

① 많이 걷지 마세요 ② 밥을 먹지 마세요

2) 가: 열이 나고 콧물이 많이 나요. ကိုယ်ပူပြီး နှာချေည် အများကြီး ယိုတယ်။
나: _____.

① 오늘은 밖에 나가지 마세요 ② 오늘은 기침을 하지 마세요

정답 1) ① 2) ①

ထပ်ဆောင်းလေ့လာကြည့်ရအောင်။ '–지 마세요' ကို သုံးပြီး ကွက်လပ် ဖြည့်ပါ။

1. 가: 빵하고 우유를 먹었는데 배가 아파요.
나: 이 약을 드세요. 그리고 오늘은 우유를 _____.

2. 가: 출퇴근 시간에는 택시비가 너무 많이 나와요.
나: 맞아요. 출퇴근 시간에는 택시를 _____.

정답 1. 드시지 마세요 2. 타지 마세요

활동 အသုံးချသင်ခန်းစာများ

약국에서 〈보기〉처럼 이야기해 보세요. ဆေးဆိုင်မှာ (ဥပမာ) ပေးထားသလိုမျိုး ပြောကြည့်ပါ။

보기

밖에 나가다
အပြင်ထွက်သည်။

열이 많이 나다 ကိုယ်အရမ်းပူတယ်။

환자: 열이 많이 나요.
လူနာ: ကိုယ်အရမ်း ပူတယ်။
약사: 밥을 먹은 후에 이 약을 드세요.
그리고 오늘은 밖에 나가지 마세요.
ဆေးဆိုင်: ထမင်းစားပြီး နောက်မှ ဒီ ဆေးကို သောက်ပါ။
နောက်ပြီး ဒီနေ့ အပြင် မထွက်ပါနဲ့။

1)

밥을 먹다
ထမင်း စားသည်။t

계속 토하다 ဆက်တိုက်အန်သည်။

2)

요리를 하다
ဟင်းချက်သည်။

손을 데었다 လက်အပူလောင်သည်။

3)

아이스크림을 먹다
ရေခဲမုန့်ကို စားသည်။

계속 설사를 하다 ဆက်တိုက် ဝမ်းလျှောသည်။

4)

많이 걷다
လမ်းအများကြီး လျှောက်သည်။

발목을 삐었다 ခြေဆစ်လွဲသွားတယ်။

정답
1) 환자: 계속 토해요.
약사: 밥을 먹은 후에 이 약을 드세요. 그리고 오늘은 밥을 먹지 마세요.
2) 환자: 손을 데었어요.
약사: 밥을 먹은 후에 이 약을 드세요. 그리고 오늘은 요리를 하지 마세요.
3) 환자: 계속 설사를 해요.
약사: 밥을 먹은 후에 이 약을 드세요. 그리고 오늘은 아이스크림을 먹지 마세요.
4) 환자: 발목을 삐었어요.
약사: 밥을 먹은 후에 이 약을 드세요. 그리고 오늘은 많이 걷지 마세요.

가정 비상약

အိမ်တွင်းသုံးအရေပေါ်ဆေး

✚구급함 ဆေးသေတ္တာ



✚약국이 문을 닫으면? ဆေးဆိုင် တံခါးပိတ်ရင်?

늦은 밤이나 공휴일에 갑자기 약을 사야 하는데 약국이 문을 닫았으면 편의점에서도 가정 비상약을 살 수 있습니다. 편의점에는 감기약, 소화제, 진통제, 해열제, 파스, 연고와 같은 약이 있습니다.

ညကြီးမင်းကြီး၊ အစိုးရရုံးပိတ်ရက်မှာ ရုတ်တရက် ဆေးဝယ်ရမှာဖြစ်ပေမယ့် ဆေးဆိုင် ပိတ်ထားခဲ့ရင် ၂၄နာရီဆိုင်မှာပဲဖြစ်ဖြစ် အရေးပေါ်သုံးဆေးကို ဝယ်လို့ရပါတယ်။ ၂၄နာရီဆိုင်မှာတော့ အအေးမိပျောက်ဆေး၊ အစာကြေဆေး၊ အပူကျဆေး၊ ခါးကပ်ပလာစတာ၊ လိမ်းဆေးလို ဆေးမျိုးတွေ ရှိပါတယ်။

감기약
အအေးမိပျောက်ဆေး

소화제
အစာကြေဆေး

진통제
အကိုက်အခဲပျောက်ဆေး

해열제
အပူကျဆေး

EPS-TOPIK 듣기 EPS-TOPIK အကြား စာမေးပွဲ

မေးခွန်း ၁ကနေ ၃ကတော့ ပုံကိုကြည့်ပြီး အဖြေမှန်ရွေးရမှာဖြစ်ပါတယ်။ နားမထောင်ခင်မှာ မေးခွန်းကို အရင်ဆုံးဖတ်ထားပါ။

[1~3] 다음 그림을 보고 알맞은 대답을 고르십시오.
အောက်ပါ ပုံကို ကြည့်ပြီး အဖြေမှန်ကို ရွေးပါ။

Track 84

1.

이 사람은 어디가 아픕니까? ဒီ လူက ဘယ်နေရာ နာတာလဲ။

① ② ③ ④

2.

이 사람의 증상은 어떻습니까? ဒီ လူရဲ့ရောဂါလက္ခဏာက ဘယ်လိုလဲ၊

① ② ③ ④

3.

이 사람은 어디를 다쳤습니까? ဒီလူ ဘယ်နေရာထိခိုက်မိတာလဲ။

① ② ③ ④

စကားပြောကို နားထောင်ပြီး အဖြေမှန်ကိုရွေးရမှာပါ။ နားမထောင်ခင်မှာ မေးခွန်းကို အရင်ဆုံး ဖတ်ထားပါ။

[4~5] 하나의 이야기를 듣고 두 개의 질문에 대답하십시오.
အကြောင်းအရာ တစ်ခုကို နားထောင်ပြီး မေးခွန်း ၂ခုဖြေပါ။

4. 여기는 어디입니까? ဒီနေရာက ဘယ်နေရာလဲ။

① 약국 ② 식당
③ 은행 ④ 백화점

5. 남자는 어디가 아픕니까? ယောကျ်ားလေးက ဘယ်နေရာက နေမကောင်းဖြစ်တာလဲ။

① 콧물이 많이 납니다. ② 머리가 아프고 열이 납니다.
③ 아침부터 소화가 안 됩니다. ④ 밥을 먹은 후에 설사를 했습니다.

듣기 대본 စာသား

1. ① 남: 팔이 아픕니다. လက်မောင်းအောင့်သည်။
   ② 남: 이가 아픕니다. သွားနာသည်။
   ③ 남: 머리가 아픕니다. ခေါင်းကိုက်သည်။
   ④ 남: 다리가 아픕니다. ခြေထောက် နာသည်။
2. ① 여: 토를 합니다. အန်သည်။
   ② 여: 콧물이 납니다. နှာရည်ယိုသည်။
   ③ 여: 기침을 합니다. ချောင်းဆိုးသည်။
   ④ 여: 설사를 합니다. ဝမ်းလျှောသည်။
3. ① 남: 손을 데었습니다. လက်အပူလောင်သည်။
   ② 남: 손을 베었습니다. လက်ရှသည်။
   ③ 남: 발목을 삐었습니다. ခြေထောက်ခေါက်သည်။
   ④ 남: 다리가 부러졌습니다. ခြေထောက်ကျိုးသည်။

4-5. 여: 어서 오세요. 어떻게 오셨어요? ကြိုဆိုပါတယ်။ ဘာကိစ္စနဲ့ လာတာလဲရှင်။
남: 열이 나고 머리가 아파요. ကိုယ်ပူပြီး ခေါင်းကိုက်တယ်။
여: 언제부터 열이 났어요? ဘယ်အချိန်ကတည်းက ကိုယ်ပူတာလဲ။
남: 아침부터 그랬어요. မနက်ကတည်းက ပူတာ။
여: 여기 약을 드릴게요. 밥을 먹은 후에 드세요. ဒီမှာ ဆေးပေးလိုက်မယ်။ ထမင်း စားပြီးမှ သောက်ပါ။
남: 네, 알겠습니다. ဟုတ်ကဲ့ သိပါပြီ။

정답 1. ② 2. ② 3. ① 4. ① 5. ②

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန် L-26

1.

다음 그림을 보고 질문에 알맞은 대답을 고르십시오.
ပုံကိုကြည့်ပြီး မေးခွန်းနဲ့ ကိုက်ညီသော အဖြေကို ရွေးပါ။

여기는 어디입니까? ဒီဟာ ဘယ်နေရာလဲ။

① ② ③ ④

2. 다음을 듣고 이어지는 말로 알맞은 것을 고르십시오.
နားထောင်ပြီး နောက်ဆက်လာမယ့် စကားအနေနဲ့ သင့်တော်တာကို ရွေးပါ။

① 아니요, 목도 아파요.
② 네, 어제부터 아팠어요.
③ 아니요, 약만 드시면 돼요.
④ 네, 오늘은 집에서 쉬세요.

확장 연습 듣기 대본 ထပ်ဆောင်း လေ့ကျင့်ရန် စာသား

1. ① 남: 약국입니다. ဆေးဆိုင်ဖြစ်ပါသည်။
   ② 남: 학교입니다. ကျောင်းဖြစ်ပါသည်။
   ③ 남: 병원입니다. ဆေးရုံဖြစ်ပါသည်။.
   ④ 남: 은행입니다. ဘဏ်ဖြစ်ပါသည်။
2. 남: 주사도 맞아야 해요? ဆေးထိုးခံရမှာလား။

정답 1. ③ 2. ③

EPS-TOPIK 읽기 EPS-TOPIK အဖတ် စာမေးပွဲ

မေးခွန်း ၁ကနေ ၃ကတော့ ပုံကိုကြည့်ပြီး အဖြေမှန်ရွေးရမှာဖြစ်ပါတယ်။ သင်ယူထားသော စာလုံးတွေနဲ့ အသုံးတွေကို အသုံးချပြီး ဖြေကြည့်ပါ။

[1~3] 빈칸에 들어갈 가장 알맞은 것을 고르십시오. ကွက်လပ်ထဲ ဖြည့်ရန် အသင့်တော်ဆုံးကို ရွေးပါ။

1. 가: 리리 씨, 얼굴이 많이 안 좋아요. လီလီ၊ မျက်နှာက အရမ်း မကောင်းဘူး။
나: _____에 걸렸어요. 목도 아프고 열도 나요.
အအေး မိသွားတယ်။ လည်ချောင်းလည်း နာပြီး ကိုယ်လည်းပူတယ်။

① 콧물 ② 기침 ③ 감기 ④ 배탈

2. 가: 리한 씨, 제가 손을 베었는데 혹시 _____ 있어요?
ရီဟန်၊ ငါ လက်ရှသွားလို့ ဟိုလေ လိမ်းဆေးလေးများ ရှိမလား။
나: 네, 잠깐만 기다리세요. ဟုတ်ကဲ့၊ ခဏလေး စောင့်ပါ။

① 파스 ② 연고 ③ 소화제 ④ 해열제

3. 가: _____?
나: 아침부터 계속 설사를 해요. မနက်ကတည်းက ဆက်တိုက် ဝမ်းသွားတယ်။

① 누가 아파요 ② 어디가 아프세요
③ 약국이 어디에 있어요 ④ 이 약은 어떻게 먹어야 돼요

မေးခွန်း ၄ကတော့ ဆေးစာဖြစ်ပြီး ၅ကတော့ စာပိုဒ်ဖြစ်ပါတယ်။ သင်ထားတာတွေကို အသုံးချပြီး ဖတ်ပြီး ဖြေပါ။ I

[4~5] 다음 질문에 답하십시오.
အောက်ပါ မေးခွန်းများ ဖြေဆိုပါ။

4. 김지수 씨는 하루에 약을 몇 번 먹어야 합니까?
ဂင်ဂျီဆုက တစ်နေ့မှာ ဆေး ဘယ်နှကြိမ်သောက်ရလဲ။

① 한 번
② 두 번
③ 세 번
④ 네 번

내복약 သောက်ဆေး

김 지 수 님
ဂင်ဂျီဆ

용법 : ဆေးသောက်ရန် အညွှန်း

하루 3 회 2 일분
တစ်နေ့ ၃ကြိမ်၊ ၂ရက်စာ

매 식후 30 분 복용
အစာစားပြီး မိနစ် ၃၀ ခြားပြီး သောက်ရန်

1 회 1 포씩 복용
တစ်ခါသောက် တစ်ထုတ်

2014 년 6 월 12일
၂၀၁၄ ခုနှစ်၊ ဇွန်လ (၆)ရက်

5. 읽은 내용과 같은 것을 고르십시오. ဖတ်ထားတဲ့ အကြောင်းအရာနဲ့ တူတာကို ရွေးပါ။

반장님, 모니카예요. 오늘 너무 아파서 회사에 못 갑니다. 어제 저녁부터 배가 아프고 계속 설사를 했어요. 어제 약국에서 약을 사 먹었는데 아직도 아파요. 오늘 아침에는 열도 나서 오늘은 쉬려고 해요. 죄송합니다.
ခေါင်းဆောင်၊ မိုနီခါပါ။ ဒီနေ့ အရမ်းနေမကောင်းဖြစ်နေလို့ အလုပ် မလာနိုင်ဘူး။ မနေ့က ညနေကစပြီး ဗိုက်က အောင့်ပြီး ဆက်တိုက် ဝမ်းသွားနေတယ်။ မနေ့က ဆေးဆိုင်မှ ဆေး ဝယ်သောက်ထားပေမဲ့ အခုထိ မသက်သာသေးဘူး။ ဒီနေ့ မနက်မှာ ကိုယ်ပူလာလို့ ဒီနေ့တော့ နားမလားလို့ပါ။ အားနာပါတယ်။

① 모니카 씨는 지금 아프지 않습니다. ② 모니카 씨는 오늘 회사에 갈 것입니다.
③ 모니카 씨는 어제 약국에 못 갔습니다. ④ 모니카 씨는 어제 저녁부터 배가 아팠습니다.

정답 1. ③ 2. ② 3. ② 4. ③ 5. ④

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန်

[1~2] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်ထဲ ဖြည့်ရန် အသင့်တော်ဆုံး အဖြေကိုရွေးပါ။

1. 스트레스가 심하면 잠을 잘 못 자거나 두통이 생길 수 있습니다. 그래서 쌓인 스트레스는 꼭 _____ 합니다.
စိတ်ဖိစီးမှုများလာရင် မအိပ်နိုင်တာဖြစ်စေ ခေါင်းကိုက်တာမျိုးဖြစ်တတ်ပါတယ်။ ဒါကြောင့် ပုံနေသော စိတ်ဖိစီးမှုတွေကို မဖြစ်မနေ ဖြေဖျောက်ရပါမယ်။

① 받고 ② 풀고 ③ 받아야 ④ 풀어야

2. 어젯밤에 갑자기 배가 너무 아팠습니다. 병원이 문을 닫은 시간이라서 같이 사는 친구와 급하게 _____로 갔습니다.
မနေ့ ညက ရုတ်တရက်ကြီး ဗိုက်ကအရမ်းအောင့်ခဲ့တယ်။ ဆေးရုံတံခါးပိတ်ချိန်ဖြစ်တဲ့အတွက် အတူနေတဲ့ သူငယ်ချင်းနဲ့ အရေးပေါ်ကို သွားခဲ့တယ်။

① 상담실 ② 사무실 ③ 응급실 ④ 휴게실

3. 다음 약 봉투에 대한 설명으로 맞는 것은 무엇입니까?
အောက်ပါ စာအိတ်နဲ့ ပတ်သက်ပြီးရှင်းလင်းချက်အနေနဲ့ မှန်တာကဘာလဲ။



① 세 번 먹을 약이 들어 있습니다.
② 저녁에 먹는 약은 따로 있습니다.
③ 밥을 먹고 바로 약을 먹어야 합니다.
④ 이 약은 하루에 세 번씩 먹어야 합니다.

정답 1. ④ 2. ③ 3. ④

27 어디가 아프십니까?

ဘယ်နေရာက နေလို့မကောင်းတာလဲ။

학습 안내
သင်ရိုး အညွှန်း

- **သင်ခန်းစာ ရည်ရွယ်ချက်** ရောဂါအခြေအနေပြောခြင်း
  ရောဂါလက္ခဏာအကြောင်းအမေးအဖြေ
- **သဒ္ဒါ** -(으)면, -ㅂ/습니까, -ㅂ/습니다
- **ဝေါဟာရ** ဆေးရုံ၊ ဆေးကုသမှု
- **သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု**
  အလုပ်သမားစင်တာ ဆေးကုသမှု လမ်းညွှန်

대화 1 စကားပြော ၁

Track 85

အောက်ပါ စကားများကတော့ ရီဟန် နှင့်ထူအန်းတို့နှစ်ယောက်ရဲ့အပြန်အလှန်စကားများဖြစ်ပါတယ်။ အရင်ဆုံး သူတို့ ပြောတာကို နှစ်ခေါက် နားထောင်ပါ။

리한 투안 씨, 걷는 게 왜 그래요?
ထူအန်း၊ လမ်းလျှောက်တာ ဘယ်လိုဖြစ်တာလဲ။

투 안 발목이 좀 아파요.
ခြေကျင်းဝတ်က နည်းနည်း နာတယ်။

리 한 발목을 삔 거 아니에요?
빨리 병원에 가 보세요.
ခြေထောက်ခေါက်တာမဟုတ်ဘူးလား။
မြန်မြန်ဆေးရုံ သွားပြပါ။

투 안 이 근처에 병원이 있어요?
ဒီ အနီးအနားမှာ ဆေးရုံ ရှိလား။

리 한 지하철역 근처에 정형외과가 있어요.
မြေအောက်ရထားဘူတာ အနီးမှာ အရိုးအထူးကုဌာန ရှိတယ်။

투 안 내일 아침에도 아프면 가 볼게요. 고마워요.
မနက်ဖြန်မနက်အထိ နာနေရင် သွားကြည့်မယ်။ ကျေးဇူးပဲနော်။

게
것이 = 게 (ကြီယာ)(ကြီယာ)
"ရတာ"ဟာများသောအားဖြင့် စကားပြောမှာအသုံးပြုတယ်။
· 한국 음식을 만드는 게 힘들어요.
ကိုရီးယား အစားအစာကို ပြုလုပ်ရတာ ခဲယဉ်းတယ်။
· 물을 많이 마시는 게 건강에 좋아요.
ရေကိုအများကြီး သောက်တာ ကျန်းမာရေးအတွက် ကောင်းတယ်။

근처에 အနီးအနားမှာ
· 우리 집 근처에 식당이 많아요.
ငါတို့ အိမ်နားမှာ စားသောက်ဆိုင် များတယ်။
· 회사 근처에 은행이 있어요?
ကုမ္ပဏီနားမှာ ဘဏ်ရှိလား။

သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 투안 씨는 어디가 아파요? ထူအန်း ဘယ်နေရာက နာတာလဲ။
2. 정형외과가 어디에 있어요? အရိုးအထူးကုဌာနက ဘယ်မှာရှိတာလဲ။

정답 1. 발목이 아파요. 2. 지하철역 근처에 있어요.

어휘 1 ဝေါဟာရ ၁ 병원 ဆေးရုံ

ဆေးရုံနဲ့ ပတ်သက်တဲ့ ဝေါဟာရတွေ ရှာဖွေကြည့်ရအောင်။

내과
ကိုယ်တွင်းရောဂါကုဌာန/
ဆေးဝါးကုသမှုဌာန

정형외과
အရိုးအထူးကုဌာန

치과
သွားနှင့်ခံတွင်းဌာန

안과
မျက်စိအထူးကုဌာန

이비인후과
နားနှာခေါင်းလည်ချောင်း
ဌာန

피부과
အရေပြားအထူးကုဌာန

산부인과
သားဖွားမီးယပ်ဌာန

소아과
ကလေးအထူးကုဌာန

အပေါ်ကဝေါဟာရတွေကို မကြည့်ဘဲ ဖြေကြည့်ပါ။

1. 그림을 보고 알맞은 표현을 연결하세요. ပုံကိုကြည့်ပြီးသင့်တော်သော အသုံးအနှုန်းနဲ့ တွဲပါ။

① • • ㉠ 정형외과

② • • ㉡ 산부인과

③ • • ㉢ 이비인후과

④ • • ㉣ 치과

정답 ① ㉢ ② ㉣ ③ ㉡ ④ ㉠

문법 1 သဒ္ဒါ ၁ –(으)면 G27-1

ဒီသဒ္ဒါကတော့ အခြေအနေကိုဖော်ပြသော စကားဆက်ဖြစ်ပါတယ်။ သူကတော့ ပြု/ဖြစ်ခြင်းပြ ကြိယာ၊ ဂုဏ်ရည်ပြကြိယာ နှစ်မျိုးလုံးနှင့် တွဲသုံးနိုင်သည်။

ဗျည်း → –으면	သရ, ဗျည်း 'ㄹ' → –면
읽다 → 읽**으면**	만나다 → 만**나면** 살다 → 살**면**

· 가: 머리가 좀 아프네요. ခေါင်း နည်းနည်း ကိုက်နေတယ်။
  나: 많이 **아프면** 일찍 들어가서 쉬세요. အရမ်း ကိုက်နေရင် စောစော ပြန်နားပါ။
· 가: 시간이 **있으면** 같이 영화 보러 갈래요? အချိန် ရှိရင် အတူ ရုပ်ရှင် ကြည့်ဖို့ သွားမလား။
  나: 좋아요. 요즘 무슨 영화가 재미있어요? ကောင်းသားပဲ။ အခုတလော ဘာ ရုပ်ရှင်က ကောင်းသလဲ။

'ㅂ' အသတ်ဖြင့် ဆုံးသော '춥다 (အေးသည်)', '덥다 (ပူသည်)', '맵다 (စပ်သည်)' တို့နှင့် တွဲသုံးတဲ့ အခါကျရင်တော '추우면, 더우면, 매우면' ကဲ့သို့ ပုံစုံပြောင်းသုံးရတယ်။

· **더우면** 에어컨을 켜세요. ပူရင် အဲရားကွန်း ဖွင့်ပါ။
· 음식이 **매우면** 말씀하세요. အစားအသောက် စပ်ရင် ပြောပါ။
· 가: 사무실이 춥네요. ရုံးခန်းက အေးတယ်နော်။
  나: **추우면** 문을 닫을까요? အေးရင် တံခါးပိတ်လိုက်ရမလား။

'–(으)면' ရဲ့ အသုံးကို နားလည်ရင် ဥပမာဝါကျတွေကို ပြီးအောင် ဖြည့်ကြည့်ရအောင်။

2. 빈칸에 맞는 표현을 〈보기〉에서 골라 '–(으)면'을 사용해서 문장을 완성하세요.
'–(으)면' သုံး၍ ပေးထားသော ဥပမာတွေထဲက မှန်သော အသုံးအနှုန်းကို ရွေးပြီး ကွက်လပ်ဖြည့်ပါ။.

1) 감기에 _____ 내과에 가 보세요.

2) 얼굴에 뭐가 _____ 피부과에 가 보세요.

3) 다리가 _____ 정형외과에 가야 해요.

보기 나다 걸리다 부러지다

정답 1) 걸리면 2) 나면 3) 부러지면

유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

아무거나 잘 먹어요. ဘာဖြစ်ဖြစ် ကောင်းကောင်းစားတယ်။

가: 좋아하는 한국 음식이 뭐예요? ကြိုက်နှစ်သက်တဲ့ ကိုရီးယားအစားအစာက ဘာလဲ။
나: 아무거나 잘 먹어요. ဘာဖြစ်ဖြစ် ကောင်းကောင်းစားတယ်။

대화 2 စကားပြော ၂

Track 86

ထူအန်း ဆေးရုံသွားခဲ့တယ်။ အရင်ဆုံး ထူအန်းနဲ့ ဆရာဝန်နဲ့ ပြောတဲ့ စကားတွေကို နှစ်ကြိမ်နားထောင်ပါ။

의 사 어디가 아프십니까?
ဘယ်နေရာကနာတာလဲ။(ဘာဖြစ်တာလဲ။)

투 안 어제 계단에서 넘어져서 발목을 다쳤어요.
မနေ့က လှေကားကနေ ပြုတ်ကျပြီး ခြေကျင်းဝတ်ကို ထိခိုက်မိတယ်။

의 사 어디 봅시다. 여기를 누르면 어떻습니까?
ကြည့်ရအောင်၊ ဒီနေရာကို နှိပ်ရင် ဘယ်လိုနေလဲ။

투 안 아, 너무 아파요.
အား၊ အရမ်း နာတယ်။

의 사 발목을 삐었네요. 먹는 약과 파스를 처방해 드리겠습니다. 그런데 발목을 삐었을 때는 많이 걷지 말고 앉아서 쉬어야 합니다. 그리고 찜질을 해 주는 것이 좋습니다.
ခြေဆစ်လွဲသွားတာပါ။ သောက်ဆေးနဲ့ ကပ်ဆေးပလာစတာ ပေးလိုက်မယ်။ ဒါနဲ့ ခြေဆစ်လွဲနေချိန်မှာ လမ်းအများကြီး မလျှောက်ဘဲ ထိုင်ပြီး နားရပါမယ်။ နောက်ပြီး ကြပ်ထုပ်လည်း ထိုးပေးရင် ကောင်းတယ်။

투 안 네, 알겠습니다.
အိုကေ၊ သိပါပြီ။

어디 봅시다 မှန်းစမ်း

ကြည့်ရအောင်။တစ်စုံတစ်ခုကို မျက်လုံးနဲ့ ကြည့်ပြီး စစ်ရမယ့် အနေအထားမှာ သုံးတယ်။

- 어디 봅시다. 열이 많이 나네요.
  ကြည့်ရအောင်၊ ကိုယ်တွေအရမ်းပူနေတာပဲ။
- 어디 봅시다. 그림을 참 잘 그렸네요.
  မှန်းစမ်းကြည့်ရအောင်၊ ပုံကောင်းကောင်း ဆွဲတတ်တာပဲ။

그런데 ဒါနဲ့ စကားမစပ်

အနောက်က အကြောင်းအရာကို ပြောင်းပြောချင်တဲ့အခါ သုံးတယ်။

- 리한 씨, 어제 도와줘서 고마워요. 그런데 리한 씨 동생은 요즘 뭐 해요?
  ရီဟန်၊ မနေ့က ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ရီဟန့်ညီလေးကော အခုတလော ဘာတွေ လုပ်နေလဲ။
- 나는 늦게 잠을 자요. 그런데 내 방 친구는 일찍 자요.
  ငါကတော့ နောက်ကျမှ အိပ်တယ်။ ဒါနဲ့ ငါ့ အခန်း ဖော်ကတော့ စောစော အိပ်တယ်။

ထူအန်းနဲ့ ဆရာဝန်နဲ့ ပြောတဲ့ စကားတွေကို နားထောင်ပါ။ သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 투안 씨는 왜 발목을 다쳤어요? ထူအန်းက ဘာကြောင့် ခြေထောက် ထိခိုက်မိတာလဲ။
2. 발목이 다쳤을 때에는 어떻게 해야 해요? ခြေကျင်းဝတ် ထိခိုက်မိတဲ့အခါ ဘယ်လိုလုပ်ရမလဲ။

정답 1. 계단에서 넘어져서 발목을 다쳤어요.
2. 많이 걷지 말고 앉아서 쉬어야 해요.

어휘 2 စကားပြော ၂ 치료 ဆေးကုသမှု

ဆေးကုသမှုဆိုင်ရာ အသုံးအနှုန်းများကို ရှာကြည့်ရအောင်။

치료를 하다
ဆေးကုသည်။

주사를 맞다
ဆေးထိုးသည်။

수술하다
ခွဲစိတ်သည်။

약을 먹다
ဆေးသောက်သည်။

소독을 하다
ပိုးသတ်သည်။

연고를 바르다
လိမ်းဆေးလိမ်းသည်။

밴드를 붙이다
ပလာစတာကပ်သည်။

파스를 붙이다
ကပ်ဆေးပလာစတာ ကပ်သည်။

찜질을 하다
ရေခဲအိတ်၊ ရေနွေးအိတ်ကပ်သည်။

붕대를 감다
ပတ်တီးစည်းသည်။

주무르다
နှိပ်သည်။



깁스를 하다
ကျောက်ပတ်တီးစည်းသည်။

အပေါ်ကဝေါဟာရတွေကို မကြည့်ဘဲ ဖြေကြည့်ပါ။

1. 그림에 맞는 표현을 〈보기〉에서 골라 넣으세요. ပုံနဲ့ ကိုက်ညီသော အသုံးကို(ဥပမာ)ထဲက ရွေးပြီး ထည့်ပါ။

1)

2)

3)

4)

5)

6)

보기 소독을 하다 붕대를 감다 주사를 맞다 찜질을 하다 주무르다 파스를 붙이다

정답 1) 소독을 하다 2) 붕대를 감다 3) 주사를 맞다 4) 파스를 붙이다 5) 찜질을 하다 6) 주무르다

문법 2 သဒ္ဒါ ၂ -ㅂ/습니까, -ㅂ/습니다 G27-2

ကြီယာ သို့မဟုတ် ဂုဏ်ရည်ပြကြီယာနဲ့ တွဲပြီး ဝါကျအဆုံးသတ်အနေနဲ့ သုံးတဲ့ ယဉ်ကျေးတဲ့ အသုံးဖြစ်ပါတယ်။ အစည်းအဝေး သို့မဟုတ် လူအများရှေ့မှာ ပြောဆိုတဲ့အခါ၊ သတင်းပို့တဲ့အခါ စသည်ဖြင့် အများနဲ့ သက်ဆိုင်တဲ့ နေရာတွေမှာ မေးမြန်း/ရှင်းပြတဲ့အခါ သုံးပါတယ်။

자음 (ဗျည်း) → **-습니까, -습니다**	모음 (သရ), 자음 (ဗျည်း) 'ㄹ' → **-ㅂ니까, -ㅂ니다**
먹다 → 먹**습니까**? 먹**습니다**	만나다 → 만**납니까**? 만**납니다** 만들다 → 만**듭니까**? 만**듭니다**

- 가: 어떻게 **오셨습니까**? ဘာကိစ္စနဲ့ လာပါသလဲ၊(ဘာကူညီပေးရမလဲ)။
  나: 감기에 걸려서 **왔습니다**. အအေးမိသွားလို့ လာခဲ့ပါတယ်။
- 지금부터 다음 회의 일정을 **말씀드리겠습니다**.
  အခုချိန်ကစပြီး နောက်အစည်းအဝေး အချိန်ဇယားကို တင်ပြပါ့မယ်။

နာမ်နဲ့ တွဲသုံးလို့လဲရတယ်။ နာမ်နဲ့ တွဲသုံးတဲ့အခါ နောက်မှာ ဖြစ်သည် ဆိုတာတော့ ထည့်ပေးရမယ်။ 'N+**입니다**'.

- 저분이 우리 **사장님입니다**. ထိုသူသည် ငါတို့ သူဌေးဖြစ်ပါတယ်။
- 제 고향은 **양곤입니다**. ကျွန်တော့် ဇာတိကတော့ ရန်ကုန် ဖြစ်ပါတယ်။

대조적 정보 နှိုင်းယှဉ်ချက်

'-ㅂ/습니까' & '-ㅂ/습니다' ကတော့ အသတ်ပါခြင်း မပါခြင်းအပေါ် မူတည်ပြီး ခွဲခြားသုံးရခြင်းက မြန်မာစကားနဲ့ အကြီးမားဆုံး ကွာခြားချက်ကြီးပါပဲ။ မေးခွန်းအဆုံးသတ်နဲ့ ရိုးရိုးဝါကျ အဆုံးသတ် မတူကြတာကတော့ မြန်မာစကားမှာလည်း ရှိပါတယ်။

'-ㅂ/습니까, -ㅂ/습니다' ရဲ့ အသုံးကို နားလည်ရင် ဥပမာဝါကျတွေကို ပြီးအောင် ဖြည့်ကြည့်ပါ။

2. 대화를 읽고 맞는 답을 고르세요. စကားပြောကို ဖတ်ပြီး အဖြေမှန်ရွေးပါ။

1) 가: 어떻게 오셨습니까? ဘာကိစ္စနဲ့လာပါသလဲ။
나: _____.

① 주사를 맞았습니다 ② 배가 아프고 설사를 합니다

2) 가: 발목을 삐면 어떻게 해야 합니까? ခြေဆစ်လွဲသွားရင် ဘာလုပ်ရမလဲ။
나: _____.

① 이비인후과에 가야 합니다 ② 정형외과에 가 보는 게 좋습니다

정답 1) ② 2) ②

활동 အသုံးချသင်ခန်းစာများ

1. 〈보기〉처럼 이야기해 보세요. ဥပမာလိုမျိုး စကားပြောကြည့်ပါ။

보기



가: 목이 아프면 어디에 가야 합니까?
လည်ချောင်း နာရင် ဘယ်ကို သွားရမလဲ။
나: 이비인후과에 가야 합니다.
နား၊ နာခေါင်း၊ လည်ချောင်းဌာနကို သွားရမယ်။

1)

ကိုယ်တွင်းရောဂါကုဌာန/ဆေးဝါးကုသမှုဌာန

2)

အရိုးအထူးကုဌာန

3)

မျက်စိအထူးကုဌာန

4)

အရေပြားအထူးကုဌာန

정답 1) 가: 배가 아프면 어디에 가야 합니까?
나: 내과에 가야 합니다.
2) 가: 다리가 부러지면 어디에 가야 합니까?
나: 정형외과에 가야 합니다.
3) 가: 눈이 아프면 어디에 가야 합니까?
나: 안과에 가야 합니다.
4) 가: 얼굴에 뭐가 나면 어디에 가야 합니까?
나: 피부과에 가야 합니다.

외국인 근로자 센터 진료 안내

နိုင်ငံခြားသားအလုပ်သမားစင်တာ ဆေးကုသပေးခြင်း လမ်းညွှန်

서울 시내 외국인 근로자 센터에서도 외국인 근로자를 위한 의료 서비스를 제공하고 있습니다. 서울 시내에 위치한 7개의 외국인 근로자 센터에서는 내과, 이비인후과, 치과뿐만 아니라 한방진료나 종합검진까지 가능합니다. 외국인 근로자라면 누구나 외국인 근로자 센터의 의료 서비스를 이용할 수 있습니다.

ဆိုးလ်မြို့က နိုင်ငံခြားသားအလုပ်သမားစင်တာမှာလည်း နိုင်ငံခြားသားအလုပ်သမားအတွက် ကျန်းမာရေးဝန်ဆောင်မှုများ လုပ်ပေးနေပါသည်။ ဆိုးလ်မြို့ထဲမှာ ရှိတဲ့ နိုင်ငံခြားသား အလုပ်သမားစင်တာ ဂုခုမှာတော့ ကိုယ်တွင်းရောဂါကုဌာန/ဆေးဝါးကုသမှုဌာန၊ နား၊ နာခေါင်း၊ လည်ချောင်း၊ သွားနှင့် ခံတွင်း သာမက တိုင်းရင်းဆေး၊ အနောက်တိုင်းဆေး ပေါင်းပြီး ကုသမှုများ၊ အထွေထွေကျန်းမာရေး ဆေးစစ်မှုခြင်းများပါ လုပ်နိုင်ပါသည်။ နိုင်ငံခြားသား အလုပ်သမား မည်သူမဆို စင်တာ၏ ကျန်းမာရေး ဝန်ဆောင်မှုကို ခံစားခွင့် ရှိပါသည်။

센터명 စင်တာ နာမည်	위치 နေရာ	진료일 ဆေးကုသရက်	의료지원 내용 ဆေးဘက်ဆိုင်ရာအထောက်အပံ့	시설 ဝန်ဆောင်မှုဆိုင်ရာ
성동	성동구 홍익동 147-22	매월 둘째, 넷째 일요일	내과, 치과 무료진료 수시 종합검진, 독감백신접종	단독시설
금천	금천구 가산동 144-3	수시	보건소, 병원 연계 여성외국인 부인과 검진, 위생교육 및 위생용품, 구충제 지원	가산종합 사회복지관 내
은평	은평구 녹번동 산28-6	수시	긴급 의료기관에 통역활동가 대동 지원, 건강검진 등 자원단체연계 진료 지원	녹번종합 사회복지관 내
강동	강동구 성내동 508-1	수시	유방암 검진, 건강검진	성내종합 사회복지관 내
성북	성북구 하월곡동 222-5	매월 둘째, 넷째 일요일	한방진료, 치과, 수시 종합건강검진	월곡종합 사회복지관 내
양천	양천구 목동 931	매월 넷째 일요일	한방진료, 이비인후과, 내과 등, 수시 건강검진	신목종합 사회복지관 내
서울	영등포 당산동 6가 1-2	매월 둘째, 넷째 일요일	한방진료, 수시 보건소 등 연계 종합검진	단독시설

응급 상황 시 도움 받을 곳

အရေးပေါ် အခြေအနေဖြစ်ချိန် အကူအညီတောင်းရမည့် နေရာ

밤에 갑자기 병원에 가야 한다면 어디에 도움을 요청해야 할까요? 바로 119에 전화하면 됩니다. 119는 24시간, 365일 언제든지 이용이 가능합니다. 그리고 이곳에서는 영어, 중국어, 일본어, 몽골어, 베트남어 등 5개 국어로 의료 상담 서비스를 받을 수 있습니다.

ညဘက် ရုတ်တရက် ဆေးရုံသွားရမယ်ဆိုရင် ဘယ်ကို အကူအညီတောင်းရမလဲ။ တန်းပြီး ၁၁၉ကို ဖုန်းဆက်ရပါတယ်။ ၁၁၉ကတော့ ၂၄နာရီ၊ ၃၆၅ရက် အချိန်မရွေး ခေါ်လို့ရပါတယ်။ နောက်ပြီး ဒီနေရာမှာတော့ အင်္ဂလိပ်၊ တရုတ်စကား၊ ဂျပန်စကား၊ မွန်ဂိုစကား၊ ဗီယက်နမ်စကား စတဲ့ ဘာသာစကား ၅မျိုးနဲ့ ကျန်းမာရေးဆိုင်ရာ ဆွေးနွေးမှုဆိုင်ရာ ဝန်ဆောင်မှုကို ရယူနိုင်ပါတယ်။

EPS-TOPIK 듣기 EPS-TOPIK အကြား စာမေးပွဲ

မေးခွန်း ၁ကနေ ၃ အထိကတော့ ပုံကိုကြည့်ပြီး အဖြေမှန်ရွေးရမှာဖြစ်ပါတယ်။ နားမထောင်ခင်မှာ မေးခွန်းကို အရင်ဆုံးဖတ်ပါ။

[1~3] 다음 그림을 보고 알맞은 대답을 고르십시오.
နားထောင်ပြီး မေးခွန်း နှစ်ခုလုံးကို ဖြေပါ။ နားမထောင်ခင်မှာ မေးခွန်းကို အရင်ဆုံးဖတ်ပါ။

Track 87

1.

이 사람은 어디에 가야 합니까? ဒီလူ ဘယ်နေရာသို့ သွားရမလဲ။

① ② ③ ④

2.

이 사람은 무엇을 합니까? ဒီလူ ဘာလုပ်နေတာလဲ။

① ② ③ ④

3.

이 사람은 무엇을 했습니까? ဒီလူ ဘာလုပ်ခဲ့လဲ။

① ② ③ ④

အကြောင်းအရာ တစ်ခုတည်းကို နားထောင်ပြီး မေးခွန်း နှစ်ခုကို ဖြေပါ။

[4~5] 하나의 이야기를 듣고 두 개의 질문에 대답하십시오.
အကြောင်းအရာ တစ်ခုတည်းကို နားထောင်ပြီး မေးခွန်း နှစ်ခုကို ဖြေပါ။

4. 여기는 어디입니까? ဒါ ဘယ်နေရာလဲ။

① 안과 ② 소아과
③ 정형외과 ④ 이비인후과

5. 남자는 무엇을 해야 합니까? ယောကျ်ားလေးက ဘာကို လုပ်ရမလဲ။

① 수술을 해야 합니다. ② 많이 걸어야 합니다.
③ 매일 약을 먹어야 합니다. ④ 집에서 찜질을 해야 합니다

듣기 대본 စာသား

1. ① 남: 내과에 가야 합니다. ကိုယ်တွင်းရောဂါကုဌာန/ဆေးဝါးကုသမှုဌာနကို သွားရမယ်။
   ② 남: 치과에 가야 합니다. သွားနှင့် ခံတွင်းဌာနကို သွားရမည်။
   ③ 남: 피부과에 가야 합니다. အရေပြားဌာနကို သွားရမည်။
   ④ 남: 산부인과에 가야 합니다. သွားဖွားမီးယပ် ဌာနကို သွားရမည်။
2. ① 여: 연고를 바릅니다. လိမ်းဆေးလိမ်းသည်။ ② 여: 약을 먹습니다. ဆေးသောက်သည်။
   ③ 여: 소독을 합니다. ပိုးသတ်သည်။ ④ 여: 파스를 붙입니다. ပလာစတာ ကပ်သည်။
3. ① 남: 깁스를 했습니다. ကျောက်ပတ်တီးစည်းသည်။ ② 남: 수술했습니다. ခွဲစိတ်ခဲ့သည်။
   ③ 남: 주사를 맞았습니다. ဆေးထိုးသည်။ ④ 남: 붕대를 감았습니다. ပတ်တီးစည်းခဲ့သည်။

4-5 여: 어떻게 오셨습니까? ဘာကိစ္စနဲ့လာတာလဲ။(ဘာအကူအညီပေးရမလဲ။)
남: 넘어져서 발목을 삐었어요. ချော်လဲပြီး ခြေထောက်ခေါက်သွားတယ်။
여: 어디 봅시다. 여기가 아픕니까? မှန်းစမ်း ကြည့်ရအောင်၊ ဘယ်နေရာက နာတာလဲ။
남: 아! 네. အာ့၊ ဟုတ်။
여: 발목에 파스를 붙이시고 많이 걷지 마세요.
ခြေကျင်းဝတ်မှာ ကပ်ဆေးပလာစတာ ကပ်ပြီး လမ်းအများကြီး မလျှောက်ပါနဲ့။
그리고 집에서 찜질을 하셔야 됩니다. နောက်ပြီး အိမ်မှာ ကြပ်ထုပ်ထိုးရပါမယ်။

정답 1. ② 2. ① 3. ③ 4. ③ 5. ④

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန် L-27

1. 대화를 듣고 질문에 알맞은 것을 고르십시오.
   စကားပြောများကို နားထောင်ပြီး မေးခွန်းနဲ့ ကိုက်ညီတာကို ရွေးပါ။

   여자는 대화 후에 무엇을 할 겁니까? မိန်းကလေးက စကားအပြီးမှာဘာကို လုပ်လိမ့်မလဲ။

   ① 집에 가서 쉽니다. ② 약을 먹고 계속 근무합니다.
   ③ 점심을 먹으러 집에 갑니다. ④ 병원에 가서 진찰을 받습니다.

확장 연습 듣기 대본 ထပ်ဆောင်း လေ့ကျင့်ရန် စာသား

남: 수지 씨, 근무 시간에 어디에 갔다 왔어요? ဆူဇီ၊ အလုပ်ချိန်မှာ ဘယ်သွားပြီး ပြန်လာတာလဲ။
여: 죄송해요, 반장님. 점심 먹고 속이 너무 안 좋아서 휴게실에서 좀 쉬었어요.
ဆောရီးပါ ဆရာ၊ နေ့လယ်စာ စားပြီး ရင်ထဲမကောင်းလို့ နားနေခန်းထဲမှာ နည်းနည်း နားနေတာပါ။
남: 많이 아프면 일찍 들어가서 약 먹고 좀 쉬도록 해요.
အရမ်း မကောင်းရင် စောစောပြန်ပြီး ဆေးသောက်ပြီး နည်းနည်း အနားယူလိုက်ပါ။
여: 네, 반장님. 그렇게 할게요. 감사합니다. ဟုတ်ကဲ့၊ ဆရာ၊ အဲသလိုလုပ်ပါ့မယ်။ ကျေးဇူးတင်ပါတယ်။

정답 1. ①

EPS-TOPIK 읽기 EPS-TOPIK အဖတ် စာမေးပွဲ

မေးခွန်း ၁နဲ့. ၂ကတော့ ပုံကို ကြည့်ပြီး အဖြေမှန်ရွေးရမှာ ဖြစ်ပါတယ်။ သင်ထားတာတွေကို အသုံးချပြီး ဖြေကြည့်ပါ။

[1~2] 다음 그림을 보고 알맞은 문장을 고르십시오.
အောက်ပါ ပုံကို ကြည့်ပြီး မှန်ကန်သော စာကြောင်းကို ရွေးပါ။

1.

① 안과에 가야 합니다.
② 치과에 가야 합니다.
③ 피부과에 가야 합니다.
④ 정형외과에 가야 합니다.

2.

① 수술하고 있습니다.
② 찜질을 하고 있습니다.
③ 연고를 바르고 있습니다.
④ 파스를 붙이고 있습니다.

မေးခွန်း ၃နဲ့ ၄ကတော့ သင့်တော်သော စာလုံးရွေးပေးရမှာ ဖြစ်ပါတယ်။ မေးခွန်း ၅ကတော့ စာပိုဒ်ကို ဖတ်ပြီး အဖြေမှန် ရွေးပေးရမှာဖြစ်ပါတယ်။ သင်ထားတာတွေကို အသုံးချပြီးဖြေကြည့်ပါ။

[3~4] 빈칸에 들어갈 가장 알맞은 것을 고르십시오. ကွက်လပ်ထဲ ဖြည့်ရန် အသင့်တော်ဆုံးကို ရွေးပါ။

3. 가: 목이 너무 아파요. လည်ချောင်း အရမ်း နာတယ်။
나: 목이 _____ 이비인후과에 가 보세요.
လည်ချောင်း နာရင် နား၊နာခေါင်း၊ လည်ချောင်းဌာန သွားကြည့်ပါ။

① 아파서 ② 아프고 ③ 아프면 ④ 아픈 후에

4. 집에서 요리를 했는데 손을 데었습니다. 그래서 연고를 바르고 밴드를 _____.
အိမ်မှာ ဟင်းချက်ပြီး လက် အပူလောင်ခဲ့တယ်။ ဒဲ့ကြောင့် လိမ်းဆေး လိမ်းပြီး ပလာစတာကို ကပ်ခဲ့တယ်။

① 붙였습니다 ② 먹었습니다
③ 찍었습니다 ④ 주물렀습니다

5. 다음 질문에 답하십시오. အောက်ပါ မေးခွန်းကို ဖြေပါ။

〈진료 시간〉 <ဆေးကုသချိန်/လူနာကြည့်ချိန်>
평일: 오전 10시~오후 6시 ကြားရက်- မနက် ၁၀နာရီ-ညနေ၆နာရီ
(점심 시간: 오후 1시~오후 2시) နေ့လည်စာစားချိ န်- မွန်းလွဲ ၁နာရီ- ၂နာရီ
토요일: 오전 10시~오후 1시 စနေ- မနက် ၁၀နာရီ-မွန်းလွဲ နာရီ။
일요일, 공휴일: 휴진 တနင်္ဂနွေ၊ ရုံးပိတ်ရက်-ပိတ်တယ်။

진료를 받을 수 있는 시간은 언제입니까? ဆေးကုသမှု ခံယူနိုင်တဲ့ အချိန်က ဘယ်တော့လဲ။

① 월요일 오후 7시 ② 목요일 오전 9시
③ 토요일 오전 11시 ④ 일요일 오후 12시

정답 1. ① 2. ② 3. ③ 4. ① 5. ③

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန်

1. 그림을 보고 알맞은 표현을 고르십시오.
အောက်ပါ ပုံကို ကြည့်ပြီး မှန်ကန်သော အသုံးကို ရွေးပါ။

① 방을 쓸고 있어요.
② 빨래를 개고 있어요.
③ 먼지를 털고 있어요.
④ 설거지를 하고 있어요.

2. 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်ထဲ ထည့်ရန် အသင့်တော်ဆုံးသော အရာကို ရွေးပါ။

저는 보통 퇴근하면 집에서 저녁 식사를 합니다. _____ 오늘은 시내에서 고향 친구를 만나서 함께 저녁을 먹을 겁니다.
ကျွန်တော်ကတော့ ပုံမှန် အလုပ်ကပြန်ရင် အိမ်မှာ ညနေစာကို စားပါတယ်။ ဒါပေမဲ့ ဒီနေ့တော့ မြို့ထဲမှာ မွေးရပ်မြေက သူငယ်ချင်းနဲ့ တွေ့ပြီး အတူတူ ညနေစာစားပါမယ်။

① 그리고　② 그래서　③ 그런데　④ 그러므로

3. 다음 안내문에 대한 설명으로 맞는 것은 무엇입니까?
အောက်ဖော်ပြပါ ကြေညာစာနဲ့ပတ်သက်တဲ့ ရှင်းပြမှုအနေနဲ့ မှန်တာက ဘယ်ဟာလဲ။

〈진료 시간〉 <ဆေးကုသချိန်>
* 평일 : 9:30~18:00 ကြားရက်: 9: 30 ~ 18: 00
점심시간 : 12:00~13:30 နေ့လယ်စာ စားချိန်: 12:00 ~ 13:30
* 토요일 : 9:30~12:00 စနေ: 9:30 ~ 12:00
* 일요일, 공휴일은 쉽니다 တနင်္ဂနွေနေ့နဲ့ အစိုးရရုံးပိတ်ရက်ကတော့ နားရက်ဖြစ်ပါတယ်။
한마음 정형외과 ဟန်မာအွမ်း အရိုးအထူးကုဌာန

① 토요일에는 오전에 가야 합니다.
② 공휴일에도 진료를 받을 수 있습니다.
③ 열두 시부터 한 시간 동안 점심시간입니다.
④ 아침 아홉 시부터 진료를 받을 수 있습니다.

정답 1. ④ 2. ③ 3. ①

28 통장을 만들려고 왔어요

ဘဏ်စာအုပ်လုပ်ဖို့ လာတာပါ။

학습 안내
သင်ရိုး အညွှန်း

- **သင်ခန်းစာ ရည်ရွယ်ချက်** ရည်ရွယ်ချက်များ ရှင်းပြခြင်း၊ တစ်ခုခုလုပ်ရန် အမျိုးမျိုးသောနည်းလမ်းများကို ဖော်ပြခြင်း၊
- **သဒ္ဒါ** –(으)려고, –(으)면 되다
- **ဝေါဟာရ** ဘဏ်၊ ဘဏ်လုပ်ငန်း/ATM
- **သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု** နိုင်ငံခြားသားအလုပ်သမားများအတွက်ဘဏ်ဝန်ဆောင်မှုဆိုင်ရာများ

대화 1 စကားပြော ၁

Track 88

ရီဟန်က ဘဏ်ကိုသွားခဲ့တယ်။ အရင်ဆုံး ရီဟန်နဲ့ ဘဏ်ဝန်ထမ်းတို့ရဲ့ အပြန်အလှန်စကားများက နှစ်ကြိမ် နားထောင်ပြီး လိုက်ဆိုပါ။

은행원 어떻게 오셨습니까? ဘာကိစ္စနဲ့ လာပါသလဲ၊(ဘာကူညီပေးရမလဲ။)

리 한 통장을 만들려고 왔어요.
ဘဏ်စာအုပ်လုပ်ဖို့ လာခဲ့တာပါ။

은행원 신분증을 가지고 오셨습니까?
သက်သေခံကတ်ပြား ယူလာပါသလား။

리 한 여권도 괜찮지요?
နိုင်ငံကူးလက်မှတ်ကော ရတယ်မဟုတ်လား။

은행원 그럼요. 여기 신청서를 쓰고 서명하세요.
ဒါပေါ့၊ ဒီမှာ လျှောက်လွှာ ရေးပြီး လက်မှတ်ထိုးပါ။

리 한 여기 다 썼어요. ဒီမှာ အားလုံး ရေးပြီးပြီ။

은행원 체크카드도 만들어 드릴까요?
ဘဏ်ကတ်ကော လုပ်ပေးလိုက်ရမလား။

리 한 네, 만들어 주세요. ဟုတ်ကဲ့၊ လုပ်ပေးပါ။

괜찮지요? ရတယ်မဟုတ်လား။
တစ်ဖက်သားရဲ့ သဘောတူမှုကို တောင်းခံတဲ့အခါ သုံးပါတယ်။
- 회식 장소가 회사 앞 한국 식당이에요. 괜찮지요?
  ကုမ္ပဏီ ညစာစားပွဲ နေရာက ကုမ္ပဏီရှေ့က ကိုရီး ယားစားသောက်ဆိုင်ပါ။ ဖြစ်တယ်မဟုတ်လား။
- 사과 주스가 없어서 파인애플 주스를 샀는데 괜찮지요?
  ပန်းသီးအချိုရည်မရှိလို့ နာနတ်သီးအချိုရည် ဝယ်လာတာ ရတယ်မဟုတ်လား။

그럼요 ဒါပေါ့
'물론이에요' နဲ့ လဲသုံးလို့ရတယ်။
- 가: 축구를 좋아해요?
  ဘောလုံးပွဲ ကြိုက်လား။
  나: 그럼요.
  ဒါပေါ့။

သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 리한 씨는 왜 은행에 갔어요? ရီဟန်က ဘာကြောင့် ဘဏ်ကို သွားခဲ့တာလဲ။
2. 리한 씨는 체크카드를 만들 거예요? ရီဟန်က ဘဏ်ကတ်ကို လုပ်မှာလား။

정답 1. 통장을 만들려고 은행에 갔어요. 2. 네, 체크카드를 만들 거예요.

어휘 1 ဝေါဟာရ ၁ 은행 ဘဏ်

ဘဏ်နဲ့ ပတ်သက်သော ဝေါဟာရလေးတွေရှာကြည့်ရအောင်။

창구
ကောင်တာ

통장
ဘဏ်စာအုပ်

신분증
သက်သေခံကတ်ပြား

계좌 번호
ဘဏ်အကောင့် နံပါတ်



주소
လိပ်စာ

서명
လက်မှတ်

비밀번호
လျှို့ဝှက်နံပါတ်

인터넷뱅킹
အင်တာနက် ဘဏ်ဝန်ဆောင်မှု



체크카드
ဘဏ်ကတ်

신용카드
ခရက်ဒစ်ကတ်

- **인터넷뱅킹**을 이용하면 편리해요.
  အင်တာနက်ဘဏ်ဝန်ဆောင်မှုစနစ်ကို သုံးရင် အဆင်ပြေချောမွေ့တယ်။
- 은행에 갈 때에는 **신분증**을 가지고 가세요.
  ဘဏ်သွားတဲ့အခါမှာတော့ မှတ်ပုံတင်ကို ယူသွားပါ။
- **비밀번호**는 잊어버리면 안 돼요.
  လျှို့ဝှက်နံပါတ်က မေ့သွားလို့ မရဘူး။

အပေါ်က ဝေါဟာရတွေကို မကြည့်ဘဲ မေးခွန်းလေးတွေ ဖြေကြည့်ရအောင်။

1. 그림에 맞는 표현을 〈보기〉에서 골라 넣으세요. ပုံနှင့် ကိုက်ညီသောအသုံးအနှုန်းကို ဥပမာထဲကရွေးပြီးထည့်ပါ။

보기

창구
신분증
체크카드
통장

정답 1) 창구 2) 통장 3) 체크카드 4) 신분증

문법 1 သဒ္ဒါ ၁ –(으)려고 G28-1

ဒီအသုံးကတော့ တစ်စုံတစ်ခုကို လုပ်ဆောင်လိုသော ရည်ရွယ်ချက်ကို ဖော်ပြတဲ့အခါမှာ သုံးတယ်။ ကြိယာနဲ့ ပဲတွဲတယ်။

자음 (ဗျည်း) → **–으려고**	모음 (သရ), 자음 (ဗျည်း) 'ㄹ' → **–려고**
먹다 → 먹**으려고** 읽다 → 읽**으려고**	사다 → 사**려고** 만들다 → 만들**려고**

· 가: 어떻게 오셨어요? ဘာကူညီပေးရမလဲ။
나: 한국어 수업을 **신청하려고** 왔어요. ကိုရီးယားဘာသာစကား သင်တန်း လျှောက်မလို့ လာတာပါ။
· 가: 모니카 씨, 빵을 왜 이렇게 많이 샀어요? မိုနီခ၊ ပေါင်မုန့်ကို ဘာလို့ ဒီလောက် အများကြီး ဝယ်ခဲ့တာလဲ။
나: 친구들하고 같이 **먹으려고** 많이 샀어요. သူငယ်ချင်းတွေနဲ့ အတူ စားမလို့ အများကြီး ဝယ်ခဲ့ပါတယ်။

비교해 보세요 နှိုင်းယှဉ်ကြည့်ပါ။

'–(으)려고' နှင့် '–(으)러'

'–(으)려고' နဲ့ '–(으)러' ကတော့ ရည်ရွယ်ချက်ကို ဖော်ပြတာချင်း တူပါတယ်။ ဒါပေမဲ့ '–(으)려고' က ကြိယာအားလုံးနဲ့ တွဲလို့ရပေမဲ့ '–(으)러' ကတော့ အနောက်မှာ '가다, 오다, 다니다' စတဲ့ ရွှေ့လျားမှုပြ ကြိယာတွေပဲ လာလို့ရပါတယ်။ နောက်ပြီး '–(으)려고' ရဲ့ အနောက်မှာ ညှိနှိုင်းဝါကျနဲ့ စေခိုင်းဝါကျ လာလို့ မရပါဘူး။ '–(으)러' ရဲ့ အနောက်မှာတော့ ဝါကျပုံစံ ကန့်သတ်ထားခြင်း မရှိပါဘူး။ '(으)려고' က ရွှေ့လျားမှုပြကြိယာတွေ အငြင်းပြကြိယာတွေနဲ့ တွဲလို့ရပေမဲ့ '(으)러' ကတော့ မရပါဘူး။

· 친구에게 **주려고** 선물을 샀어요.(O) 친구에게 주러 선물을 샀어요.(X)
· 밥 먹으려고 가세요.(X) 밥 **먹으러** 가세요.(O)
· 서울에 **가려고** 역에 갔어요.(O) 서울에 가러 역에 갔어요.(X)

'–(으)려고' ရဲ့ အသုံးကို နားလည်ရင် ဥပမာဝါကျတွေကို ပြီးအောင် ဖြည့်ကြည့်ရအောင်။

2. 대화를 읽고 맞는 대답을 고르세요. စကားပြောကို ဖတ်ပြီး အဖြေမှန်ကိုရွေးပါ။

1) 가: 왜 한국에 왔어요? ဘာကြောင့်ကိုရီးယားသို့ လာခဲ့တာလဲ။
나: _____.

① 한국어를 공부하고 왔어요 ② 한국어를 공부하려고 왔어요

2) 가: 뭘 이렇게 많이 샀어요? ဘာတွေ ဒီလောက် အများကြီး ဝယ်လာတာလဲ။
나: _____.

① 불고기를 만들면 고기하고 채소를 샀어요 ② 불고기를 만들려고 고기하고 채소를 샀어요

정답 1) ② 2) ②

대화 2 စကားပြော ၂

Track 89

မိုနီခါ ဘာကြောင့် ဘဏ်ကိုသွားတာလဲ။စကားပြောကို နှစ်ခေါက် နားထောင်ပြီးလိုက်ဆိုပါ။

저기요 တဆိတ်လောက်၊ ဟေး
မသိတဲ့လူကိုစကားစပြောတဲ့အခါ သုံးတယ်။
· 저기요, 이 근처에 은행이 있어요?
တဆိတ်လောက်၊
ဒီအနီးအနားမှာ ဘဏ်ရှိလား။
· 저기요, 잠깐만요.
이걸 놓고 가셨어요.
ဟေး တဆိတ်လောက်၊ ခဏလေး၊
ဒီဟာမေ့ကျန်နေခဲ့လို့။

모니카 저기요, 외국으로 송금을 하려고 하는데 어떻게 해야 돼요?
တဆိတ်လောက်၊ နိုင်ငံခြားသို့ ငွေလွှဲမလို့လေ၊ ဘယ်လိုလုပ်ရမလဲ။

은행원 통장이나 카드를 가지고 오셨습니까?
ဘဏ်စာအုပ်ပဲဖြစ်ဖြစ် ကတ် ယူလာပါသလား။

모니카 네, 여기 통장 있어요.
ဟုတ်ကဲ့၊ ဒီမှာ ဘဏ်စာအုပ်ရှိပါတယ်။

적게 နည်းနည်းပဲ။
· 저녁에는 적게 먹는 게 건강에 좋아요.
ညနေပိုင်းမှာတော့ နည်းနည်းပဲ စားတာ ကျန်းမာရေးအတွက် ကောင်းတယ်။
· 돈을 적게 벌면 아껴서 쓰면 돼요.
ငွေနည်းနည်းပဲရှာရင် ချွေတာသုံးရင်ရတယ်။

은행원 통장이 있으면 현금인출기를 이용하세요. 송금 수수료도 더 적게 나와요.
ဘဏ်စာအုပ်ရှိရင် ငွေထုတ်စက်ကို အသုံးပြုပါ။ ငွေလွှဲခလည်း နည်းနည်းပဲကျတယ်။

모니카 어떻게 하는지 잘 모르겠는데 도와주시겠어요?
ဘယ်လိုလုပ်ရတာလဲ ကောင်းကောင်းမသိဘူးဖြစ်နေတယ်၊ ကူညီပေးပါလား။

은행원 네, 여기에 통장을 넣고 송금 버튼을 누르시면 됩니다.
ဟုတ်ကဲ့၊ ဒီမှာ ဘဏ်စာအုပ်ကိုထည့်ပြီး ငွေလွှဲခလုတ်ကို နှိပ်လိုက်ရင် ရပါပြီ။

모니카 감사합니다. ကျေးဇူးတင်ပါတယ်။

သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 모니카 씨는 왜 은행에 갔어요? မိုနီခါက ဘာကြောင့် ဘဏ်ကိုသွားခဲ့တာလဲ။
2. 현금인출기를 이용하려면 무엇이 있어야 해요? ငွေထုတ်စက်(ATM)ကို သုံးချင်ရင် ဘာလုပ်ရမလဲ၊

정답 1. 외국으로 송금을 하려고 은행에 갔어요. 2. 통장이나 카드가 있어야 해요.

어휘 2 စကားပြော ၂ 은행 업무/현금인출기 ဘဏ် လုပ်ငန်း / ATM

ဘဏ်ကိစ္စနဲ့ ATM နဲ့ ပတ်သက်တဲ့ အသုံးအနှုန်းလေးတွေ ရှာကြည့်ရအောင်။

송금하다
ငွေလွှဲသည်။

입금하다
ငွေသွင်းသည်

현금인출기
(ATM)
ငွေသားထုတ်စက်



출금하다
ငွေထုတ်သည်။

계좌 이체
ဘဏ်စာရင်းအချင်းချင်း
ငွေလွှဲခြင်း

잔액 조회
ငွေလက်ကျန်စစ်သည်၊

통장 정리
ဘဏ်စာအုပ် up-date
လုပ်သည်၊

대출하다
ချေးငွေယူသည်

환전하다
နိုင်ငံခြားငွေလဲသည်။

- **현금인출기**에서 **통장 정리**를 할 수 있어요.
  ငွေသားထုတ်စက်မှာ ဘဏ်စာအုပ် စစ်ကြည့်လို့ရပါတယ်။
- **대출하려면** 은행에 직접 가야 해요.
  ချေးငွေယူချင်ရင် ဘဏ်သို့တိုက်ရိုက်သွားရမယ်။

အပေါ်ကဝေါဟာရတွေကို မကြည့်ဘဲ ဖြေကြည့်ပါ။

1. 그림에 맞는 표현을 〈보기〉에서 골라 넣으세요.
   ပုံနဲ့ ကိုက်ညီသောအသုံးအနှုန်းကို ဥပမာကနေ ရွေးပြီးထည့်ပါ။

1)

2)

3)



4)

보기 환전하다 입금하다 출금하다 송금하다

정답 1) 입금하다 2) 송금하다 3) 환전하다 4) 출금하다

문법 2 သဒ္ဒါ ၂ –(으)면 되다 G28-2

တစ်စုံတစ်ခုကို ပြုလုပ်လို့ ပြဿနာမရှိတဲ့ အကြောင်းကိုဖော်ပြတဲ့အခါသုံးသည်။

자음 (ဗျည်း) → **–으면 되다**	모음 (သရ), 자음 (ဗျည်း) 'ㄹ' → **–면 되다**
먹다 → 먹**으면 되다**	사다 → 사**면 되다** 살다 → 살**면 되다**

· 가: 고향으로 송금하고 싶은데 어떻게 해야 돼요? မွေးရပ်ဒေသသို့ ငွေလွှဲချင်လို့ ဘယ်လိုလုပ်ရမလဲ။
나: 여기 신청서를 **쓰시면 됩니다.** ဒီမှာလျှောက်လွှာရေးရင် ရပါပြီ။
· 가: 이 약은 어떻게 먹어요? ဒီ ဆေးက ဘယ်လိုသောက်ရတာလဲ။
나: 하루에 2번 **먹으면 돼요.** တစ်နေ့၂ကြိမ်သောက်ရင် ရပြီ။

'–(으)면 되다' နားလည်ပြီလား။ အမေးနှင့် ကိုက်ညီသောအဖြေကို ရွေးပြီးဆက်ပါ။

2. 다음을 연결해서 대화를 완성하세요. မေးခွန်းနှင့် ကိုက်ညီသောအဖြေကို ရွေးပြီးဆက်ပါ။

① 가: 은행이 어디에 있어요? ●	● ㉠ 나: 동생 것만 사면 돼요.
② 가: 가족 선물은 다 샀어요? ●	● ㉡ 나: 잠깐만요. 이것만 하면 돼요.
③ 가: 이 약은 어떻게 먹어요? ●	● ㉢ 나: 하루에 두 번 먹으면 돼요.
④ 가: 우리 이제 퇴근할까요? ●	● ㉣ 나: 이쪽으로 쭉 가면 돼요.

정답 ① ㉣ ② ㉠ ③ ㉢ ④ ㉡

ထပ်ဆောင်းလေ့လာခြင်း။ '–(으)면 되다' ကိုသုံးပြီးစာကြောင်းဖြည့်စွက်ပါ။

약을 먹다　　택시를 타다　　다음 역에서 내리다

1. 시장에 가려고 하면 _____.
2. 감기에 걸리면 _____.
3. 시간이 없으면 _____.

정답 1. 다음 역에서 내리면 돼요 2. 약을 먹으면 돼요 3. 택시를 타면 돼요

활동 အသုံးချသင်ခန်းစာများ

1. 은행에 가서 〈보기〉처럼 이야기해 보세요. ဘဏ်သွားပြီး ဥပမာလိုမျိုး ပြောကြည့်ပါ။

보기

입금하다 ငွေသွင်းသည်

신청서를 쓰다
လျှောက်လွှာရေးသည်။

가: 어떻게 오셨습니까? ဘာကူညီပေးရမလဲ။
나: 입금하려고 왔어요. ငွေသွင်းဖို့လာခဲ့တာပါ။
가: 신청서를 쓰시면 됩니다.
လျှောက်လွှာရေးလိုက်ရင် ရပါပြီ။

1)



출금하다 ငွေထုတ်သည်

현금인출기를 이용하다

ATM စက်ကို အသုံးပြုသည်။

2)

통장을 만들다 ဘဏ်စာအုပ်လုပ်သည်

신청서를 쓰고 신분증을 주다

လျှောက်လွှာရေးပြီး မှတ်ပုံတင် ပေးသည်။

3)

송금하다 ငွေလွှဲသည်

여기에 계좌번호를 쓰다

ဒီမှာ အကောင့်နံပါတ်ကို ရေးသည်။

4)

통장 정리를 하다 ဘဏ်စာရင်းစစ်သည်

여기에 통장을 넣다

ဒီနေရာမှာဘဏ်စာအုပ်ကို ထည့်သည်။

정답 1) 가: 어떻게 오셨습니까?
나: 출금하려고 왔어요.
가: 현금인출기를 이용하시면 됩니다.
2) 가: 어떻게 오셨습니까?
나: 통장을 만들려고 왔어요.
가: 신청서를 쓰고 신분증을 주시면 됩니다.
3) 가: 어떻게 오셨습니까?
나: 송금하려고 왔어요.
가: 여기에 계좌번호를 쓰시면 됩니다.
4) 가: 어떻게 오셨습니까?
나: 통장 정리를 하려고 왔어요.
가: 여기에 통장을 넣으시면 됩니다.

외국인 근로자 전용 금융 서비스

နိုင်ငံခြားသား အလုပ်သမား သီးသန့်သုံး ငွေကြေးဝန်ဆောင်မှု

은행에서 외국인 고객을 위한 맞춤서비스가 늘어가고 있습니다. 국내에서 직장 생활을 하면서 월급을 고향으로 송금하는 외국인 근로자들을 위해 송금 수수료를 할인해 주기도 하고 보통 하루 정도 걸리는 해외 송금을 10분으로 줄인 해외 송금 서비스를 제공하기도 합니다. 그리고 울산이나 거제 지역 등 외국인 근로자가 많이 사는 지역을 중심으로 외국인 전용 상담 창구를 설치한 은행도 있습니다. 또한 8개 외국어를 지원하는 현금인출기를 설치하고 24시간 온라인 ဘဏ်မှာ နိုင်ငံခြားသားဇည့်သည်များအတွက်ညှိနှိုင်းဝန်ဆောင်မှုကတိုးလို့လာပါသည်။ နိုင်ငံတွင်းမှာ အလုပ်သမားဘဝနဲ့ဖြတ်သန်းရင်း လစာကို မွေးရပ်ဒေသသို့ ငွေလွှဲသော နိုင်ငံခြားသားအလုပ်သမားများအတွက်ငွေလွှဲခကိုလည်းလျော့ပေးပြီး ပုံမှန် တစ်ရက်လောက် ကြာတဲ့ နိုင်ငံခြားငွေလွှဲဝန်ဆောင်မှုကို ၁၀မိနစ်အတွင်းရအောင် နိုင်ငံခြားငွေလွှဲ ဝန်ဆောင်မှုကိုပေးနေပါသည်။ နောက်ပြီး အူးဆန်၊ဂေါဂျယ်စတဲ့ နိုင်ငံခြားသား အလုပ်သမား များသော ဒေသကိုအဓိကထားပြီး နိုင်ငံခြားသားများ အတွက် သီးသန့်ဆွေးနွေးနိုင်သော ကောင်တာဖွင့်ပေးထားသော ဘဏ်လည်းရှိပါတယ်။ ပြီးတော့ ဘာသာစကား ၈မျိုးပါသော ATM စက်လည်း တပ်ဆင်ထားပြီး ၂၄နာရီ အွန်လိုင်း နိုင်ငံခြားငွေလွှဲခြင်းနှင့် နိုင်ငံခြား ဘာသာစကားနဲ့ ဆွေးနွေးနိုင်သော ဝန်ဆောင်မှုများလည်း လုပ်ဆောင်လျက်ရှိပါသည်။ ပြီးတော့ ကြားရက်မှာ ဘဏ်မသွားနိုင်သော နိုင်ငံခြားသားအလုပ်သမားများအတွက် တနင်္ဂနွေနေ့ဖွင့်ပေးသောဘဏ်များလည်း ရှိပါသည်။

EPS-TOPIK 듣기 EPS-TOPIK အကြား စာမေးပွဲ

မေးခွန်း ၁ကနေ ၃ကတော့ ပုံကိုကြည့်ပြီး အဖြေမှန်ရွေးရမှာဖြစ်ပါတယ်။ နားမထောင်ခင်မှာ မေးခွန်းကို အရင်ဆုံးဖတ်ပါ။

[1~3] 다음 그림을 보고 알맞은 대답을 고르십시오.
အောက်ပါ ပုံကို ကြည့်ပြီး အဖြေမှန်ကို ရွေးပါ။

Track 90

1.

이것은 무엇입니까? ဒီဟာဘာလဲ။

① ② ③ ④

2.

여기에서 무엇을 할 수 있습니까? ဒီမှာဘာလုပ်လို့ရလဲ။

① ② ③ ④

3.

이 사람은 무엇을 합니까? ဒီလူ ဘာကို လုပ်နေတာလဲ။

① ② ③ ④

မေးခွန်း ၄နဲ့ ၅ကတော့ အသင့်တော်ဆုံးအဖြေကိုရွေးရမှာဖြစ်ပါတယ်။ မဖြေခင်မှာ မေးခွန်းကို အရင်ဆုံးဖတ်ပါ။

[4~5] 하나의 이야기를 듣고 두 개의 질문에 대답하십시오.
အကြောင်းအရာ တစ်ခုကို နားထောင်ပြီး မေးခွန်း နှစ်ခုဖြေပါ။

4. 오늘은 무슨 요일입니까? ဒီနေ့ဘာနေ့လဲ။

① 월요일 ② 수요일
③ 토요일 ④ 일요일

5. 남자는 왜 은행에 갑니까? ယောကျ်ားလေးက ဘာကြောင့်ဘဏ်ကိုသွားတာလဲ။

① 환전하려고 ② 친구를 만나려고
③ 통장을 만들려고 ④ 고향에 돈을 보내려고

듣기 대본 စာသား

1. ① 여: 통장입니다. ဘဏ်စာအုပ်ဖြစ်ပါသည်။
   ② 여: 창구입니다. ဘဏ်ကောင်တာဖြစ်ပါသည်။
   ③ 여: 신용카드입니다. ခရက်ဒစ်ကတ်ဖြစ်ပါသည်။
   ④ 여: 현금인출기입니다. ငွေထုတ်စက်ဖြစ်ပါသည်။
2. ① 남: 환전할 수 있습니다. ငွေလဲလို့ရပါသည်။
   ② 남: 약을 살 수 있습니다. ဆေးကိုဝယ်လို့ရပါသည်။
   ③ 남: 편지를 보낼 수 있습니다. စာပို့လို့ရပါသည်။
   ④ 남: 수업을 들을 수 있습니다. အတန်းနားထောင်လို့ရပါသည်။
3. ① 여: 집을 청소합니다. အိမ်ကို သန့်ရှင်းရေးလုပ်သည်။
   ② 여: 식당에서 돈을 냅니다. စားသောက်ဆိုင်မှာပိုက်ဆံကို ပေးသည်။
   ③ 여: 은행에서 돈을 찾습니다. ဘဏ်မှာ ပိုက်ဆံထုတ်သည်။
   ④ 여: 이름과 주소를 씁니다. နာမည်နှင့်လိပ်စာကို ရေးသည်။

4-5. 여: 어디 가세요? ဘယ်သွားမလို့လဲ။

남: 은행에 가요. 고향에 송금하려고요. ဘဏ်ကို သွားမလို့၊ မွေးရပ်ဒေသကို ငွေလွှဲမလို့လေ။

여: 은행에요? 오늘은 일요일인데 고향으로 송금할 수 있어요?
ဘဏ်ကိုလား။ ဒီနေ့ တနင်္ဂနွေနေ့ကြီးကို မွေးရပ်ဒေသကို ငွေလွှဲလို့ရလား။

남: 네, 우리 동네 은행은 일하는 외국인들이 많아서 일요일에도 문을 열어요.
ဟုတ်ကဲ့၊ ငါတို့ ရပ်ကွက် ဘဏ်ကတော့ အလုပ်လုပ်နေတဲ့ နိုင်ငံခြားသား များတော့ တနင်္ဂနွေနေ့လည်း ဖွင့်တယ်။

정답 1. ④ 2. ① 3. ③ 4. ④ 5. ④

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန် L-28

1. 잘 듣고 이어지는 말로 알맞은 것을 고르십시오.
   သေချာနားထောင်ပြီးနောက်လာမယ့်စကားအနေနဲ့ ကိုက်ညီတာကို ရွေးပါ။
   ① 지금부터 조용히 하겠습니다.
   ② 시간이 없으니까 먼저 갈게요.
   ③ 그럼 다 마시고 들어가야겠네요.
   ④ 다음에는 좀 더 일찍 오겠습니다.

확장 연습 듣기 대본 ထပ်ဆောင်း လေ့ကျင့်ရန် စာသား

1. 남: 죄송합니다, 손님. 음식물을 가지고 공연장에 들어갈 수 없습니다.
   အားနာပါတယ်၊ ဧည့်သည်၊ အစားအသောက်တွေ ဇာတ်ရုံထဲကို သယ်လို့မရပါဘူး။

정답 1. ③

EPS-TOPIK 읽기 EPS-TOPIK အဖတ် စာမေးပွဲ

မေးခွန်း ၁နဲ့ ၂ကတော့ ပုံကို ကြည့်ပြီး အဖြေမှန်ရွေးရမှာဖြစ်ပါတယ်။ သင်ထားတာတွေ ကို အသုံးချပြီး ဖြေကြည့်ပါ။

[1~2] 다음 그림을 보고 맞는 문장을 고르십시오.
အောက်ပါ ပုံကိုကြည့်ပြီး မှန်တဲ့ စာကြောင်းကိုရွေးပါ။.

1.

① 통장입니다. ② 신분증입니다.
③ 신용카드입니다. ④ 휴대 전화입니다.

2.

① 은행에 갑니다. ② 서명을 합니다.
③ 돈을 찾습니다. ④ 통장 정리를 합니다.

မေးခွန်း ၃ကနေ ၅ကတော့ အဖြေမှန်ရွေးပြီး ကွက်လပ်ဖြည့်ရမှာဖြစ်ပါတယ်။

[3~5] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်ထဲ ဖြည့်ရန် အကိုက်ညီဆုံး စာလုံးကိုရွေးပါ။

3. 가: 몽골로 _____ 하려고 해요. မွန်ဂိုသို့ ငွေလွှဲမလို့ပါ။
나: 얼마나 보내실 거예요? ဘယ်လောက်ပို့မှာလဲ။

① 가입 ② 송금 ③ 조회 ④ 정리

4. 저는 월급을 받으면 _____에 가서 입금을 하고 고향으로 돈도 보냅니다.
ကျွန်တော်ကတော့ လစာထုတ်ရင် ဘဏ်သို့ သွားပြီး ငွေသွင်းပြီး မွေးရပ်မြေသို့ ငွေပို့ပါတယ်။

① 은행 ② 병원 ③ 우체국 ④ 도서관

5. 가: 한국 돈을 베트남 돈으로 바꾸고 싶어요.
ကိုရီးယား ငွေကို ဗီယက်နမ်ငွေနဲ့ လဲချင်တယ်။
나: _____을 하려면 회사 앞에 있는 은행에 가 보세요. 저도 거기에서 했는데 수수료가 별로 안 들었어요.
ငွေလဲချင်ရင် ကုမ္ပဏီရှေ့မှာ ရှိတဲ့ ဘဏ်ကို သွားကြည့်ပါ။ ကျွန်တော်လည်း အဲဒီမှာ လုပ်ခဲ့တာ ဝန်ဆောင်ခလည်း သိပ်မပေးရဘူး။

① 입금 ② 출금 ③ 환전 ④ 대출

정답 1. ② 2. ② 3. ② 4. ① 5. ③

확장 연습 ထပ်ဆောင်း လေ့ကျင့်ရန်

[1~3] 빈칸에 들어갈 가장 알맞은 것을 고르십시오.
ကွက်လပ်ထဲ ဖြည့်ရန် အသင့်တော်ဆုံးကို ရွေးပါ။

1. 택시는 편하지만 좀 비쌉니다. 그래서 저는 지하철이나 버스를 자주 이용합니다. 택시를 타는 것보다 지하철이나 버스를 이용하는 것이 돈이 덜 _____.
တက္သစီကတော့ သက်တောင့်သက်သာ ရှိပေမယ့် နည်းနည်း ဈေးကြီးတယ်။ ဒါကြောင့် ကျွန်တော်ကတော့ မြေအောက်ရထားပဲဖြစ်ဖြစ် ဘတ်စ်ကားကို အသုံးပြုပါတယ်။ တက္သစီ စီးတာထက်စာရင် မြေအောက်ရထား၊ ဘတ်စ်ကား စီးတာက ငွေကုန် သက်သာပါတယ်။

① 듭니다
② 탑니다
③ 걸립니다
④ 보입니다

2. 오늘 오후부터 내일 밤늦게까지 비가 내리겠습니다. 비가 _____ 모레부터는 맑은 날씨가 계속 되겠습니다.
ဒီနေ့ညနေကစပြီး မနက်ဖြန် ညမိုးချုပ်တဲ့ အချိန်အထိ မိုးရွာပါမယ်။ မိုးတိတ်ပြီးရင် သဘက်ခါကစပြီး ရာသီဥတု ဆက်တိုက် သာယာပါမယ်။

① 그치고 나면
② 마치고 나면
③ 그칠 때까지
④ 마칠 때까지

3. 맑은 하늘에서 _____ 소나기가 내렸습니다. 저는 우산이 없어서 옆 건물로 들어갔습니다.
ကြည်လင်သော ကောင်းကင်မှ ရုတ်တရက် မိုးပြေးက ရွာခဲ့တယ်။ ကျွန်တော်ကတော့ ထီးမရှိလို့ ဘေးကအဆောက်အဦးထဲ ဝင်နေခဲ့တယ်။

① 이따가
② 똑바로
③ 천천히
④ 갑자기

정답 1. ① 2. ① 3. ④

발음 အသံထွက် P-13

သေချာ နားထောင်ပြီး လိုက်ဆိုပါ။

ကိုရီးယားဘာသာစကားမှာ လျှာလိပ်သံက တစ်သံတည်း ရှိပါတယ်။ သရနှစ်ခုကြားမှာ 'ㄹ' ရှိရင် သူ့ကို [r]သံ ထွက်ပေးရပြီး စကားလုံးရဲ့ အသတ်နေရာမှာ 'ㄹ' ရှိရင် သူ့ကို [l]သံ ထွက်ပေးရပါတယ်။ ဒါပေမဲ့ 'ㄹ' အသတ်ရဲ့ အနောက်မှာ ဗျည်းမဲ့ဖြစ်နေရင်တော့ အဲဒီ 'ㄹ' ကို [l]လို့ အသံမထွက်ရပါဘူး။ နောက်က စကားလုံးရဲ့ ဗျည်းအဖြစ် အသံထွက်ပေးရမှာမို့ သူ့ကို [r]လို့ အသံထွက်ပေးရပါမယ်။

(1) 다리, 우리, 노래
(2) 달, 말, 쌀, 하늘
(3) 달이, 말에, 빨아서

29 필리핀으로 엽서를 보내고 싶은데요

ဖိလစ်ပိုင်သို့ ပို့စကတ်ပို့ချင်လို့ပါ။

학습 안내
သင်ရိုး အညွှန်း

- **သင်ခန်းစာ ရည်ရွယ်ချက်** စာပို့ခြင်း၊ တောင်းခံခြင်း။
- **သဒ္ဒါ** -(으)로, -(으)십시오
- **ဝေါဟာရ** စာ/ပါဆယ်/သယ်ယူပို့ဆောင်ရေး
- **သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု** အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့(EMS)

대화 1 စကားပြော ၁

Track 91

မိုနီခါက စာတိုက်သို့သွားခဲ့တယ်။ အရင်ဆုံး သူတို့ ပြောတာကို နှစ်ခေါက် နားထောင်ပါ။

우체국 직원 어떻게 오셨습니까?
ဘာအကူအညီပေးရမလဲ။

모니카 엽서를 보내고 싶은데요.
ပို့စကတ်ပို့ချင်လို့ပါ။

우체국 직원 어디로 보내실 겁니까?
ဘယ်ကို ပို့မှာလဲ။

모니카 필리핀으로 보낼 겁니다.
ဖိလစ်ပိုင်သို့ပို့မှာပါ။

우체국 직원 엽서를 여기에 올려놓으세요. 그런데 받는 사람의 우편번호가 없네요. 우편번호를 쓰세요.
ပို့စကတ်ကိုဒီမှာ တင်ထားပါ။ ဒါနဲ့ လက်ခံမယ့်သူရဲ့ စာတိုက်နံပါတ် မပါဘူးဖြစ်နေတယ်။ စာတိုက်နံပါတ်ရေးပါ။

어떻게 오셨습니까
ဘယ်လိုဘာကိစ္စ နဲ့ လာခဲ့ တာလဲ။

လာရင်းကိစ္စ မေးတဲ့ အခါမှာလည်းသုံးလို့ ရသလို၊ ဘာစီးပြီးဘယ်လိုလာခဲ့ လဲဆိုပြီးလည်း သုံးလို့ ရတယ်။

· 가: 어떻게 오셨습니까?
ဘာကိစ္စနဲ့ လာခဲ့တာလဲ။
나: 배가 아파서 왔어요.
ဗိုက်အောင့်လို့ လာတာပါ။
· 가: 여기까지 어떻게 오셨습니까?
ဒီနေရာအထိဘာနဲ့လာခဲ့ တာလဲ။
나: 지하철로 왔어요.
မြေအောက်ရထားနဲ့လာခဲ့တာလဲ။

-(으)ㄹ 겁니까/겁니다
'-(으)ㄹ 거예요.' နဲ့ အဓိပ္ပါယ် အတူတူပဲ။ အခန်း ၂၇ က '-ㅂ/습니까, -ㅂ/습니다' ရဲ့မဖြစ်သေးသောအနေအထား အတွက်အဖြေနေရာမှာ သုံးသော အသုံးဖြစ်တယ်။

· 우리 회사가 내년에는 더욱 발전할 겁니다.
ငါတို့ ကုမ္ပဏီက နောက်နှစ်မှာတော့ ပိုပြီး တိုးတက်လာမှာဖြစ်ပါတယ်။

သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 모니카 씨는 왜 우체국에 갔어요? မိုနီခါက ဘာကြောင့် စာတိုက်ကိုသွားခဲ့တာလဲ။
2. 모니카 씨는 엽서를 어디로 보낼 겁니까? မိုနီခါက ပို့စ်ကတ်ကို ဘယ်ကို ပို့မှာပါလဲ။

정답 1. 엽서를 보내려고 우체국에 갔어요.
2. 필리핀으로 보낼 겁니다.

어휘 1 ဝေါဟာရ ၁ 우편물 စာတိုက်မှပို့သောပစ္စည်း

စာတိုက်ကနေ စာပို့ခြင်းနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဝေါဟာရများကိုရှာကြည့်ရအောင်။

편지
စာ

편지 봉투
စာအိတ်



엽서
ပို့စကတ်

카드
ကတ်

편지를 쓰다
စာရေးသည်။



우표를 붙이다
တံဆိပ်ခေါင်း ကပ်သည်။

편지를 보내다
စာကို ပို့သည်။

- 외국에 있는 친구에게 **편지를 보냈어요.** နိုင်ငံခြားမှာရှိတဲ့ သူငယ်ချင်းဆီကို စာ ပို့ခဲ့တယ်။
- 친구가 나에게 크리스마스 **카드를 보냈습니다.** သူငယ်ချင်းက ငါ့ဆီကို ခရစ္စမတ်ကတ် ပို့ပေးခဲ့တယ်။

အပေါ်ကဝေါဟာရတွေကို မကြည့်ဘဲ ဖြေကြည့်ပါ။

1. 그림을 보고 알맞은 말을 연결하세요. ပုံကိုကြည့်ပြီး ကိုက်ညီသောစကားနဲ့ဆက်ပါ။

①

②

③

④

⑤

㉠ 이메일	㉡ 엽서	㉢ 우표	㉣ 카드	㉤ 편지

정답 ① ㉤ ② ㉣ ③ ㉡ ④ ㉢ ⑤ ㉠

문법 1 သဒ္ဒါ ၁ (으)로 G29-1

ဦးတည်ရာနေရာကိုညွှန်းတဲ့ သဒ္ဒါအနေနဲ့ သုံးတယ်။ နာမ်နဲ့ ပဲတွဲသုံးတယ်။

자음 (ဗျည်း) + **으로**	모음 (သရ), 자음 (ဗျည်း) 'ㄹ' + **로**
한국**으로**	달라**로** 서울**로**

· 가: 어디**로** 가세요? ဘယ်နေရာသို့ သွားမလို့လဲ။
  나: 달라**로** 갑니다. ဒလသို့ သွားမယ်။
· 내일 한국**으로** 갑니다. ကိုရီးယားသို့သွားမယ်။
· 오른쪽**으로** 돌아가세요. ညာဘက်သို့ ကွေ့သွားပါ။

비교해 보세요 နှိုင်းယှဉ်ကြည့်ပါ။

✓ '(으)로' သို့ နဲ့ '에' သို့

'(으)로' နဲ့ '에' ကတော့ လားရာကို ဖော်ပြတာချင်းတူပါတယ်။ '에' ကတော့ ဆိုက်ရောက်ရာကို ဖော်ပြတဲ့ '도착하다, 이르다, 다다르다' စတဲ့ စကားလုံးတွေနဲ့ တွဲသုံးပြီး '(으)로' ကတော့ ဦးတည်ရာနဲ့ တစ်ထောက်ဝင်ရာ နေရာတွေကို ဖော်ပြတဲ့အခါမှာ သုံးပါတယ်။

· 서울**에** 도착했다.(O) 서울로 도착했다.(X)
· 부산에 떠났다.(X) 부산**으로** 떠났다.(O)

'(으)로' ကို နားလည်သွားပြီလား၊ နောက်ပြီးသင့်တော်သောအဖြေကိုရွေးပြီးကွက်လပ်ဖြည့်ပါ။

2. 대화를 읽고 맞는 답을 고르세요. စကားပြောကို ဖတ်ပြီး အဖြေမှန်ကိုရွေးပါ။

1) 가: 주말에 뭐 했어요? ပိတ်ရက်မှာ ဘာလုပ်ခဲ့လဲ။
   나: _____.

① 부산으로 여행을 할 거예요 ② 부산으로 여행을 갔다 왔어요

2) 가: 편지를 보내려고 합니다. စာ ပို့မလို့ ပါ။
   나: _____?

① 어디로 보내실 거예요 ② 어디에서 보내실 거예요

정답 1) ② 2) ①

유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

좀 천천히 말씀해 주세요. နည်းနည်း နှေးနှေး ပြောပေးပါ။

가: 천오백 원이에요. ၁၅၀၀ ဝမ်ဖြစ်ပါတယ်။
나: 죄송하지만 **좀 천천히 말씀해 주세요.** အားနာပေမယ့် **နည်းနည်းနှေးနှေးလေး ပြောပေးပါ။**

대화 2 စကားပြော ၂

Track 92

ထူအန်းက စာတိုက်ကဝန်ထမ်းနဲ့ စကားပြောနေတယ်။ အရင်ဆုံး စကားပြောကို နှစ်ကြိမ် နားထောင်ပြီး လိုက်ဆိုပါ။

투 안 베트남으로 소포를 보내려고 하는데요.
ဗီယက်နမ်သို့ ပါဆယ် ပို့မလို့ပါ။

우체국 직원 상자를 저울에 올려놓으십시오.
ပါဆယ်ပုံးကို ချိန်ခွင်မှာ တင်ထားပါ။

투 안 호찌민까지 얼마나 걸릴까요?
ဟိုချီမင်းအထိ ဘယ်လောက်ကြာမလဲ။

우체국 직원 배편은 한두 달 정도 걸리고 항공편은 열흘에서 2주 정도 걸립니다.
သဘော်နဲ့ ၁လ ၂လ လောက်ကြာပြီး၊ လေကြောင်းလိုင်းနဲ့တော့ ၁၀ရက်ကနေ ၂ပတ်လောက်ကြာတယ်။

투 안 좀 급해서 그러는데 제일 빠른 걸로 해 주세요.
နည်းနည်း အရင်လိုလို့ အမြန်ဆုံးဟာနဲ့ပို့ပေးပါ။

우체국 직원 국제 특급이 제일 빠른데 국제 특급으로 보내시겠습니까?
အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့က အမြန်ဆုံးဆိုတော့ အပြည်ပြည်ဆိုင်ရာအမြန်ချောနဲ့ပို့မလား။

투 안 네, 그걸로 해 주세요.
ဟုတ်ကဲ့၊ အဲဒါနဲ့ ပို့ပေးပါ။

한두 တစ်( )နှစ်( )
· 일년에 한두 번 가족과 함께 여행을 합니다.
တစ်နှစ်မှာ တစ်ကြိမ်နှစ်ကြိမ် မိသားစုနဲ့အတူတူ ခရီးသွားတယ်။

얼마나 걸릴까요?
ဘယ်လောက်ကြာမလဲ။
နေရာတစ်ခုကို ရောက်ဖို့ ကြာတဲ့ အချိန်ကို မေးတဲ့အခါ သုံးပါတယ်။
· 미얀마에서 한국까지 비행기로 얼마나 걸릴까요?
မြန်မာကနေ ကိုရီးယားအထိ လေယာဉ်နဲ့ ဘယ်လောက် ကြာပါသလဲ။

정도 -လောက်
· 일주일 정도 병원에 다녀야 합니다.
တစ်ပတ်လောက် ဆေးရုံပြရမယ်။

သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 베트남 호찌민까지 항공편으로 얼마나 걸려요?
ဗီယက်နမ် ဟိုချီမင်းအထိ လေကြောင်းလမ်းနဲ့ ဘယ်လောက်ကြာလဲ။
2. 제일 빠른 우편은 뭐예요? အမြန်ဆုံး စာပို့လမ်းကြောင်းက ဘာလဲ။

정답 1. 열흘에서 2주 정도 걸려요. 2. 국제 특급이에요.

어휘 2 စကားပြော ၂ 소포/택배 ပါဆယ်၊ ပစ္စည်းပို့ဆောင်ရေး

ပါဆယ်၊ သယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်သော ဝေါဟာရများကို ရှာဖွေကြည့်ရအောင်။

저울에 올려놓다
ချိန်ခွင်မှာ တင်ထားသည်။

무게를 재다
အလေးချိန် ချိန်သည်။

소포를 보내다
ပါဆယ် ပို့သည်။

소포를 받다
ပါဆယ်ကို လက်ခံသည်။

- 소포를 **저울에 올려놓으세요.** ပါဆယ်ကို ချိန်ခွင်မှာ တင်ထားပါ။
- **소포를 받으면** 기분이 좋아요. ပါဆယ်ကို လက်ခံရရှိရင် စိတ်ပျော်တယ်။

일반 우편
ရိုးရိုး စာပို့နည်း

등기 우편
မှတ်ပုံတင်၍ ပို့ခြင်း

국제 특급(EMS)
အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့

택배
ပါဆယ် သယ်ယူပို့ဆောင်ခြင်း

- **국제 특급**으로 보내면 제일 빨라요. အပြည်ပြည်ဆိုင်ရာ အမြန်ချောနဲ့ပို့ရင် အမြန်ဆုံးပဲ။
- 요즘은 **택배**를 이용하는 사람들이 많아졌어요.
  အခုတလော ပါဆယ်၊ ပစ္စည်းပို့ဆောင်ခြင်း ဝန်ဆောင်မှုကို အသုံးပြုသူ များလာတယ်။

သင်ယူထားသောစကားလုံးများကိုအသုံးချပြီးကွက်လပ်ဖြည့်ရအောင်။

1. 그림에 맞는 표현을 〈보기〉에서 골라 넣으세요.
